www.burmeseclassic.com

# ၂၁ ရာစု လူမှုဝေါဟာရများ

မောင်ဆုရှင်

www.burmeseclassic.com

# မာတိကာ


– စာရေးသူ၏အမှာ

– စီစဉ်သူ၏ စကား

၁။ အကယ်ဒမီ (ACADEMY) ၁

၂။ အက်ဒမင် (ADMIN) ၆

၃။ အားခိုက်ဗ်စ် (ARCHIVES) ၁၂

၄။ ဘရင်းန် (BRAND) ၁၇

၅။ ကာလချာ (CULTURE) ၂၁

၆။ ကလီရှေး (CLICHE) ၂၆

၇။ ခရေးဇီး (CRAZY) ၃၁

၈။ ကဲယား (CARE) ၃၄

၉။ ကွန်ဆူးမားစ်(CONSUMERS) ၃၉

၁၀။ ကော်မာရှယ် (COMMERCIAL) ၄၃

၁၁။ ကလပ်စစ် (CLASSIC) ၄၇

၁၂။ ကွန်မျူးတားစ် (COMMUTERS) ၅၁

၁၃။ ကားလ်ချားဒ် (CULTURED) ၅၅

၁၄။ စင်ကျူရီ (CENTURY) ၅၉

၁၅။ ကွန်းရှင့် (CONSCIENCE) ၆၄

www.burmeseclassic.com

၁၆။ စီရီမိုနီ (CEREMONY) ၆၉
၁၇။ ကော်ရစ်ဒါ (CORRIDOR) ၇၄
၁၈။ ကော်ချ် ပိုတေးတိုး (COUCH POTATO) ၇၇
၁၉။ ဒဲဗျူး (DEBUT) ၈၁
၂၀။ ဒေါင်းဆိုက်ဇင်း (DOWNSIZING) နှင့်
ရီစထရပ်ချားရင်း (RESTRUCTURING) ၈၅
၂၁။ ဒရော့ပ်အောက် (DROP-OUT) ၉၀
၂၂။ ဒီဇိုင်း (DESIGN) ၉၅
၂၃။ အီဂို (EGO) ၁၀၀
၂၄။ အိတ်စပိုးရှား (EXPOSURE) ၁၀၅
၂၅။ ဖတ်စ် လိန်း (FAST LANE) ၁၀၉
၂၆။ ဖုတနုတ်စ် (FOOT NOTES) ၁၁၅
၂၇။ ဖတ်စ် ဖုဒ် (FAST FOOD) ၁၂၀
၂၈။ ဂလိုဗယ်လိုက်ဇေးရှင်း (GLOBALIZATION) ၁၂၄
၂၉။ ဂေါ့ဆစ် (GOSSIP) ၁၂၈
၃၀။ ဂျင်နရယ် နောလိတ် (GENERAL KNOWLEDGE) ၁၃၂
၃၁။ ဟိုက်ဒဝေး (HIDEAWAY) ၁၃၇
၃၂။ ဟယူးမား (HUMOUR) ၁၄၂
၃၃။ အိုင်ဒီးလ် (IDEAL) ၁၄၈
၃၄။ အင်းပက် (IMPACT) ၁၅၂
၃၅။ လိုက်ဖ် စတိုင် (LIFE STYLE) ၁၅၆
၃၆။ လိုက်တား ဗိန်း (LIGHTER VEIN) ၁၆၀
၃၇။ မန်းဒေး မုဒ် (MONDAY MOOD) ၁၆၇

www.burmeseclassic.com


| | |
|---|---|
| ၃၈။ မိုင်းဆက် (MINDSET) | ၁၇၃ |
| ၃၉။ မယ်မိုရီ (MEMORY) | ၁၇၇ |
| ၄၀။ နိုဗို ရစ်ရှီ (NOVEAU RICHE) | ၁၈၂ |
| ၄၁။ အော်ဂင်နိုက်ဇ် (ORGANIZE) | ၁၈၅ |
| ၄၂။ ဖိုးဗီးယား (PHOBIA) | ၁၉၀ |
| ၄၃။ ပါပါးရာဇီ (PAPARAZZI) | ၁၉၃ |
| ၄၄။ ကုတ် (QUOTE)– အန်ကုတ် (UNQUOTE) | ၁၉၈ |
| ၄၅။ ဆိုက် (SITE)နဲ့ ဝက်ဗ်ဆိုက် (WEBSITE) | ၂၀၄ |
| ၄၆။ စတေးတပ် ဆင်ဘိုးလ် (STATUS SYMBOLS) | ၂၀၈ |
| ၄၇။ ဆူဗာဘင် (SUBURBAN) | ၂၁၄ |
| ၄၈။ စပေ့ (SPACE) | ၂၁၉ |
| ၄၉။ တိုင်းမ် (TIME) | ၂၂၄ |
| ၅၀။ သီ ဘက်စ် ယီးယားစ် (THE BEST YEARS) | ၂၃၀ |
| ၅၁။ ယူဇာ ဖရင်းဒလီ (USER FRIENDLY) | ၂၃၄ |
| ၅၂။ အာဗင်န် (URBAN) | ၂၃၈ |
| ၅၃။ ဗီးရှင်း (VISION) | ၂၄၃ |
| ၅၄။ ဝပ်ကာဟိုးလစ် (WORKAHOLIC) | ၂၄၇ |
| ၅၅။ ယဒ်စတစ် (YARDSTICK) | ၂၅၃ |

www.burmeseclassic.com

# စာရေးသူ၏ အမှာ

စကားလုံး ဝေါဟာရတို့၏ နောက်၌ အနက်အဓိပ္ပာယ် ရှိသည်။ များသောအားဖြင့် အဓိပ္ပာယ်တစ်မျိုးတည်း မဟုတ်ပေ။ ခေတ်ကာလကို လိုက်၍ဖြစ်စေ၊ ဓလေ့သုံး (အီဒီယမ်) နှင့် ယှဉ်တွဲ၍ဖြစ်စေ အရိပ်အဆင် အမျိုးမျိုး ဖြစ်ပေါ်ရသည်။ အဓိပ္ပာယ် သက်ရောက်မှုနှင့်အတူ တွေးတော ခံစားမှုလည်း ကွဲပြားရပြန်ပါသည်။

ဤစာအုပ်ပါ ဝေါဟာရစာလုံးများသည် အလုပ်ကိစ္စ၊ နေ့စဉ်ကိစ္စ တို့၌ အင်္ဂလိပ်ဘာသာဖြင့် သုံးစွဲမှု တွင်ကျယ်နေသော ဝေါဟာရများ ဖြစ်ပါသည်။ တွင်ကျယ်မှုကို စာရေးသူ၏ ကိုယ်ပိုင်ခံစားမှုဖြင့် ရွေးချယ် ခြင်းဖြစ်၍ ကိုယ်တွေ့အကြောင်းများဖြင့် ယှဉ်တွဲဖော်ပြကာ ခံစားကြည့် ခြင်း ဖြစ်ပါသည်။

ထိုခံစားမှုများသည် ခေတ်ပြိုင်ကြေးမုံကို ဖော်ပြရာရောက်မည်ဟု စာရေးသူက ထင်မြင်မိပါသည်။ ကျွန်တော်တို့ ဖြတ်သန်းလျက်ရှိသော ခေတ်၏ လူမှုရေး အခြေအနေကို ထင်ဟပ်စေမည့် အကြောင်းများဟူ၍ မျှော်လင့်မိပါသည်။ ဤစာအုပ်သည် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင် စေရန် ရှင်းလင်းဖော်ပြသော အနက်ဖွင့် စာအုပ်မျိုး မဟုတ်ပါကြောင်း

www.burmeseclassic.com

ကြိုတင်ဝန်ခံပါသည်။ သို့ရာတွင် လူမှုရေး လေ့လာစစ်တမ်းထုတ်မှုအရာတွင် ယခုတိုင် အလေ့အလာ နည်းပါးသေးသော ကျွန်တော်တို့ စာပေနယ်အတွက် ခေတ်လူမှုရေးကို ဆင်ခြင်နိုင်ရန်နှင့် ခေတ်ပြိုင်အတွေး၊ ဘဝအမြင်အတွေးတို့ကို ဆွယ်ယူ၍ စိတ်ထားတွင် ပုံရိပ် ထင်နိုင်စေရန်ရည်ရွယ်ပါသည်။ ထို့ပြင် တရင်းတနှီး ပြောဆိုရာရောက်ရန် စကားပြောဟန်ဖြင့် တမင်ရေးသားထားပါသည်။

ဤဝေါဟာရစာလုံးများသည် ၂၁ ရာစု နှစ်ဦး၌လည်း တွင်ကျယ်နေဦးမည့် ဝေါဟာရများဖြစ်၍ ယင်းတို့၏အဓိပ္ပာယ်၊ ယင်းတို့၏ အတွေးနှင့် ယင်းဝေါဟာရတို့ တွင်ကျယ်စရာရှိသည့် အလားအလာကို ဆင်ခြင်နိုင်ရန် အထောက်အကူပြုလိမ့်မည်ဟု ထင်မြင်၍ စုစည်းတင်ဆက်ရပါသည်။

ဤဝေါဟာရ အတွေးအမြင် ဆောင်းပါးများကို ဖော်ပြပေးသော မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွက် ထုတ်ဝေသည့် ‘သတင်းလွှာ’ ဂျာနယ်နှင့်တကွ နှစ်ပေါင်းများစွာ ရေးသားခဲ့သော စာများကို စာအုပ်အဖြစ် ထုတ်ဝေရန် ကိုယ်တိုင်အားထုတ်နိုင်ခြင်းမရှိသော ကျွန်တော့်အတွက် စာအုပ်အဖြစ် ပို့ဆောင်ပေးသော SAME MEDIA HOUSE မှ စာပေချစ်မြတ်နိုးသော လူငယ်များဖြစ်ကြသည့် ကိုရဲထွတ်၊ ကိုသိန်းထွတ်တို့နှင့်တကွ ဤဆောင်းပါးများကို နှစ်သက်ပါကြောင်း အားပေးစကား ပြောကြားကြသည့် စာပေမိတ်ဆွေများအားလည်း ကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

မောင်ဆုရှင်

www.burmeseclassic.com

# စီစဉ်သူ၏ စကား

ယနေ့တွင် ကမ္ဘာ့ရွာ (Global Village) ဆိုသည်ကို တွင်တွင်ကျယ်ကျယ် သုံးနေကြသည်။ ပညာခေတ် (Information Technology, IT) အိုင်တီခေတ်ကြီးဟု ဆိုကြသည်။ ကျွန်တော်တို့သည် တော်ဖလာ၏ ပထမလှိုင်း (လယ်ယာ)၊ ဒုတိယလှိုင်း (စက်မှု)၊ တတိယလှိုင်း (နည်းပညာ) တို့တွင် မည်သည့်နေရာဆိုသည်ကတော့ ပညာရှင်တို့၏ အလုပ်သာဖြစ်သည်။

သို့သော် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသည့်နောက်တွင် ကာရာအိုကေ၊ အင်တာနက်၊ ကွန်ပျူတာ၊ ရက်(ပ်)၊ ဖတ်စ်ဖုဒ်၊ ဖုတနုတ်စ်၊ ဒီဇိုင်း စသည့် အသံဖလှယ် ဝေါဟာရများကို နေရာတိုင်းတွင် ထိတွေ့လှုပ်ရှားနေကြရသည်။

ဆရာ မောင်ဆုရှင်၏ "၂၁ ရာစု လူမှုဝေါဟာရများ" သည် ဝေါဟာရ ရှင်းလင်းချက်သက်သက်မဟုတ်။ ဝေါဟာရတို့၏နောက်မှ အသိနှင့် သဘောကိုပါ ဥဒါဟရဏ်များနှင့် ရှင်းပြထားခြင်းဖြစ်သည်။

www.burmeseclassic.com

ကမ္ဘာတွင် E-Mail, Internet, On Line, TV စသည်ဖြင့် တွင်ကျယ်နေသည့်တိုင် ကျွန်တော်တို့၏ အခြေအနေအရ စာအုပ်သည် သာလျှင် အကောင်းဆုံး မီဒီယာအဖြစ် ရှိနေသေးသည်ဟု ယုံကြည်သည့် အလျောက် Same Media House မှ စီစဉ်တင်ဆက်လိုက်ရခြင်းဖြစ် ပါသည်။

စုစည်းထုတ်ဝေခွင့်ပြုသော ဆရာမောင်ဆုရှင်အား ကျေးဇူးတင်ရှိ ပါသည်။

Same Media House

www.burmeseclassic.com

## Same Media House

မှ

### ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

| | | |
|---|---|---|
| ၁။ | ပန်းပုဆရာ | ပါရဂူ |
| ၂။ | မြေကမ္ဘာ ကြွေမှာစိုးသူများနှင့် ၂၁ ရာစုကမ္ဘာ | မောင်ဆုရှင် |
| ၃။ | တံလျှပ်ဘုံသား | ကောင်းသာ |
| ၄။ | ၂၁ ရာစု လူမှုဝေါဟာရများ (၂) | မောင်ဆုရှင် |
| ၅။ | မိုပီဒစ် | နတ်နွယ် |

အောက်ပါစာအုပ်များကိုလည်း စီစဉ်လျက်ရှိပါသည်။

| | | |
|---|---|---|
| ၁။ | ဂါလီဗာ၏ ခရီးစဉ် | မောင်ထင် |
| ၂။ | လမင်းကို ထရံပေါက်ကကြည့်ခြင်း | မြသန်းတင့် |
| ၃။ | ပုဂံရွှေပြည် | ဗန်းမော်တင်အောင် |
| ၄။ | သီဟသေနာပတိ | ပါရဂူ |
| ၅။ | ပီယဒဿီ | ပါရဂူ |
| ၆။ | စိန်ခေါ်ပွဲ | နတ်နွယ် |
| ၇။ | Innocent Erendira (G.G Marquez) | ကောင်းသာ |
| ၈။ | House of Sleeping Beauty (Yasunari Kawabata) | စန်းစန်းဦး |
| ၉။ | ဘာသာပြန် ကဗျာများ (တက်ဒ် ဟယူး၏၊ ဆီ(လ)ဗီယာ ပလာ့သ်) | ငြိမ်းဝေ၊ ဇေယျာလင်း |
| ၁၀။ | ပိုးအိမ်နှင့် ဂျပန်ဝတ္ထုတိုများ | စာရေးဆရာများ |
| ၁၁။ | The Castle (Franz Kafka) | နတ်နွယ် |
| ၁၂။ | Strait at the Gate (Andre Gide) | ကောင်းသာ |

# အကယ်ဒမီ (ACADEMY)

"အကယ်ဒမီ" ဆိုတဲ့ စကားကို ကျွန်တော်တို့အဖို့ ရုပ်ရှင်ထူးချွန်ဆုနဲ့ တွဲပြီးသာ သဘောပေါက်မိကြပါတယ်။ အမေရိကန် ဟိုလီဝုဒ်က ရုပ်ရှင်ထူးချွန်ဆုများကိုလည်း အကယ်ဒမီဆုလို့ သုံးနှုန်းကြတာပါပဲ။ ကျွန်တော်တို့ဆီမှာ အကယ်ဒမီဆိုရင် လူတိုင်းသိတာမို့ အမှုအရာကောင်းကောင်းနဲ့ သရုပ်ဆောင်တယ်လို့ ပြောချင်တဲ့အခါ "အကယ်ဒမီရှော့" (ACADEMY SHOT) လို့တောင် တကယ်ချီးကျူးလိုတာဖြစ်ဖြစ်၊ တမင်ရွဲ့ပြီး ပြောလိုတာဖြစ်ဖြစ် အရပ်ထဲမှာ သုံးတဲ့အလေ့ ရှိလာပါတယ်။

အမေရိကန် ရုပ်ရှင်ဆုများကိုတော့ "အကယ်ဒမီ" ဆိုတဲ့ အမည်နာမ အပြင် "အော်စကာဆု" လို့လဲ ခေါ်ကြပါတယ်။ ဒါလဲ တင်စားပြီး ခေါ်တဲ့ အမည်ဖြစ်ပါတယ်။ အော်စကာ (OCAR) ဆိုတဲ့ အမည်ဟာ လူတစ်ယောက်ရဲ့နာမည်ကို ယူထားတယ်လို့ ဆိုပါတယ်။ သူ့အမည်အပြည့်အစုံဟာ အော်စကာ ပီးယားစ် (OSCAR PIERCE) ဆိုသူဖြစ်ပြီးတော့ အမေရိကန်မှာ ဂျုံစိုက်ပျိုးတဲ့ သစ်သီးယာခင်းလုပ်တဲ့ ခြံရှင်တစ်ဦးရဲ့အမည်လို့ ဆိုပါတယ်။ သူနဲ့ ဘယ်လိုပတ်သက်သလဲဆိုရင် အမေရိကန် ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်တဲ့နေရာမှာ ပေးတဲ့ ရွှေစင်ရုပ်လို

www.burmeseclassic.com



လူပုံသဏ္ဍာန်ဟာ အဲဒီ အော်စကာ ပီးယားစ်နဲ့ ပုံပန်းချင်းတူတယ်လို့ ဆိုလိုပါတယ်တဲ့။ ဆုရသူများ ပိုက်ထားတဲ့ ရုပ်တုပုံကို ကြည့်ရင်လည်း ပခုံးတောင့်တောင့်၊ ဗလ ကောင်းကောင်း၊ ကြွက်သားသန်သန်မာမာနဲ့ ယာသမား၊ ခြံသမားပုံမျိုးနဲ့ တူနေပါတယ်။ ကျွန်တော်တို့ မြန်မာမှာတော့ ရုပ်တုက စည်းပုံဆောင်းထားတဲ့ အမျိုးသမီး ရွှေစင်ရုပ်ပါ။ သူရဿတီလို့ တင်စားသဘောပေါက်ရင်လဲ ပေါက်နိုင်ပါတယ်။ ဘာပြုလို့လဲဆိုရင် လူချစ်လူခင်များခြင်းနဲ့ ပညာအရာ ထွန်းပေါက် ပြည့်စုံခြင်းတို့ကို သူရဿတီမယ်တော်နဲ့ နှိုင်းကြလို့ ဖြစ်ပါတယ်။

မူလ "အကယ်ဒမီ" ဆိုတဲ့ စကားကတော့ ရှေးတုန်းက လက်တင်ဘာသာ၊ ဂရိဘာသာတို့မှာ အခြေပြုပါတယ်။ ဂရိလူမျိုး ဒဿနပညာရှင် ပလေတိုးက သူ့တပည့်များကို ဟောကြားပို့ချရာ ဥယျာဉ်ရဲ့ အမည်ဖြစ်ပါတယ်။ ဒီဥယျာဉ်ကို တည်ထောင်စိုက်ပျိုးသူဟာ အကာဒီးမိုးစ် (ACADEMOS) ဆိုသူ ဂရိလူမျိုးဖြစ်တယ်လို့လဲ အစဉ်အလာ လက်ခံထားကြပါတယ်။

အကယ်ဒမီမှာ ပညာရှင် ပလေတိုးက ပို့ချတယ်ဆိုတော့ ခုခေတ်မှာလို ကျောင်းတွေ၊ သိပ္ပံတွေ၊ တက္ကသိုလ်တွေ မရှိသေးတဲ့ အချိန်မှာ နှုတ်တိုက်ပို့ချရတာဟာ အတွေးအခေါ်ပညာတွေပဲ ဖြစ်ပါတယ်။ နောက်ပိုင်းကျတော့ ဝိဇ္ဇာရေး၊ သိပ္ပံရေး ဟောပြောပို့ချတဲ့ နေရာကို ဆိုလိုတဲ့ သဘောဖြစ်လာပါတယ်။ ဒါ့ထက် တစ်ဆင့်တက်တဲ့အခါ လူ့ယဉ်ကျေးမှု တိုးတက်ရေးကို ရည်စူးပျိုးထောင်ပေးတဲ့ နေရာအဖြစ် ကျယ်ဝန်းလာပါတယ်။

တစ်နည်းအားဖြင့်ဆိုရင်တော့ အကယ်ဒမီဟာ ပညာရှင်တို့ စုဝေးရာ၊ ပညာပဒေသာတို့ ပေါင်းဆုံရာအရပ်ရဲ့ သဘောကို ဆောင်ပါတယ်။ ဒီတော့ အကယ်ဒမီဆု ဆိုတာဟာ ပညာရှင်တို့က စိစစ်အကဲဖြတ်ပြီး

www.burmeseclassic.com



လက်ခံ အသိအမှတ်ပြုခြင်း ခံရတယ်ဆိုတဲ့ တရားကိုယ်သဘောကို ဆိုလိုရာ ရောက်ပါတယ်။

အကယ်ဒမီကို အကြောင်းပြုပြီး အကဲဒမစ် (ACADEMIC) ဆိုတဲ့ ပညာပိုင်းဆိုင်ရာ၊ အကဲဒမီးယား (ACADEMIA) ဆိုတဲ့ တက္ကသိုလ်လို ပညာရှင် အစုအဝေး၊ အကယ်ဒမစ်ရှင်း (ACADEMICIAN) ဆိုတဲ့ ပညာလိုက်စားသူ ပညာရှင်တို့အပြင် အကဲဒမစ် ယီးယား (ACADEMIC YEAR) ဆိုတဲ့ ပညာသင်နှစ်တို့အထိ ဒီဝေါဟာရကို ကြွယ်ဝစွာ ဆင့်ပွား တီထွင်သုံးနှုန်းလာကြပါတယ်။

ဂရိတို့ရဲ့ ရှေးခေတ်ကိုကျော်ပြီးတော့ ဒီနောက်ပိုင်းမှာ ပညာသိမ်း ရာ၊ ပို့ချရာ ဗိမာန်အစုအဝေးကို သုံးလာကြတာတွေဟာ "အကယ်ဒမီ" ဆိုတဲ့ နာမည်နဲ့ပဲ ဖြစ်ပါတယ်။ အိန္ဒိယမှာ ဆာဟိတယ အကယ်ဒမီ (SAHITIYA ACADEMY) ဆိုတဲ့ စာပေအနုပညာ အဖွဲ့အစည်းတစ်ခု ရှိပါတယ်။ ပြင်သစ်နိုင်ငံမှာလဲ အကယ်ဒမီဆိုတဲ့ စကားလုံးကို အသုံးများ တယ်လို့ ထင်ပါတယ်။ "ပြင်သစ် အကယ်ဒမီ"ရယ်လို့ ခရစ်နှစ် ၁၆၃၅ ခုနှစ်က အမတ်ကြီးနှင့် ဘုန်းတော်ကြီး ရစ်ရှလူးက တည်ထောင်ခဲ့ရာမှာ "ကျွန်ုပ်တို့၏ ဘာသာစကားကို တိကျသော ထုံးနည်းစည်းကမ်းများ ချမှတ်ပေးရန်၊ ဂရုတစိုက် လုံ့လပြု ပျိုးထောင်ရန်နှင့် ယင်းသို့ဖြင့် ဝိဇ္ဇာ ပညာနှင့် သိပ္ပံပညာများကို ပေါ်လွင်အောင် ဖော်ထုတ်နိုင်ရန်" လို့ ရည်ရွယ်ချက် ပြုလုပ်ထားပါတယ်။

ဗြိတိသျှတို့ရဲ့ တတိယမြောက် ဂျော့ဘုရင်လက်ထက် ခရစ်နှစ် ၁၇၆၈ ခုနှစ်မှာ တည်ထောင်တဲ့ တော်ဝင် အနုပညာ အကယ်ဒမီ (ROYAL ACADEMY OF ARTS) ဆိုရင်လဲ "အနုပညာ ကျောင်းတော် ကြီးတစ်ခု ဖွင့်လှစ်ရန်နှင့် သက်ရှိထင်ရှားသော အနုပညာ ပါရမီရှင်များ၏ လက်ရာကို နှစ်စဉ် ပြပွဲခင်းကျင်းရန်" ဆိုတဲ့ ရည်ရွယ်ချက် ပါပါတယ်။

www.burmeseclassic.com



အလားတူ ရည်ရွယ်ချက်များနဲ့ စပိန်၊ ဂျာမနီ၊ ဆွီဒင်၊ နော်ဝေ၊ ရုရှားတို့မှာ ခိုင်မာတည်တံ့တဲ့ အကယ်ဒမီများ ရှိကြပါသေးတယ်။ သူတို့ဟာ သမ္မာ ရင့်ပြီး ဩဇာတိက္ကမ ကြီးမားကြတာ တွေ့ရပါတယ်။ အကယ်ဒမီဘွဲ့ အမည်နဲ့ ဌာနများတို့ဟာ အမျိုးသား ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းရာ နေရာများဖြစ်တယ်လို့ဆိုရင် မမှားနိုင်ပါဘူး။

ရုပ်ရှင်အကယ်ဒမီများ အကြောင်းကို သုံးသပ်ကြည့်မိတဲ့အခါ ဟိုလီဝုဒ် ရုပ်ရှင်အကယ်ဒမီ (အော်စကာဆု) ကို စပြီး ချီးမြှင့်ခဲ့တာဆိုရင် ၇၃ နှစ် ကြာမြင့်ခဲ့ပြီး ၁၉၅၂ ခုနှစ်ကစပြီး ချီးမြှင့်တဲ့ မြန်မာ့ရုပ်ရှင် အကယ်ဒမီ (ထူးချွန်ဆုများ) ကတော့ ၄၇ နှစ်ခရီးအထိ လျှောက်လှမ်းနိုင် ခဲ့ပါပြီ။ အမျိုးသား ယဉ်ကျေးမှု အမွေအနှစ်တို့ ကြွယ်ဝ ပြည့်စုံစွာ ကိန်းအောင်းပါစေကြောင်း ဆန္ဒပြုသင့်ပါတယ်။

www.burmeseclassic.com

# အကယ်ဒမီ <ACADEMY>



# အက်ဒမင် (ADMIN)

ရုံးသူရုံးသားတွေ၊ ဝန်ထမ်းအဖွဲ့အစည်းအဝေးကလူတွေ ညှပ်ပြော ကြတဲ့ စကားလုံးတွေထဲမှာ "အက်ဒမင်" ဆိုတဲ့ အင်္ဂလိပ် စကားလုံးလဲ မပါရင် မပြီးသလောက်ပါဘဲ။ သူက အခရာလို့ ဆိုနိုင်တာကိုး။ "အက်ဒမင်" ဆိုတာကတော့ အဆင်ပြေအောင် အတိုချုံးပြီး အလွယ် ပြောကြတာဖြစ်လို့ စကားလုံး ဝေါဟာရ အပြည့်အဝအနေနဲ့ကတော့ "အက်ဒမင်းနစ်စထရေးရှင်း" (ADMINISTRATION) ဆိုတာ သိကြ ပြီးသား ဖြစ်မှာပါ။

မြန်မာလိုကတော့ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ ကြီးကြပ်မှုဆိုတဲ့ အဓိပ္ပာယ်များကို ရောလဲနဲ့ သုံးတတ်ကြပါတယ်။ အသုံးအများဆုံးကတော့ စီမံခန့်ခွဲရေးလို့ဆိုရင် မမှားဘူးထင်ပါတယ်။ စီမံခန့်ခွဲရေးဆိုတဲ့ စကားလုံး ကို ဒီအဓိပ္ပာယ်နဲ့ သုံးလာတာဟာ နှစ်ပေါင်း ၃၀ ကျော်လောက်ပဲ ရှိဦး မယ်လို့ မှတ်မိပါတယ်။ အင်္ဂလိပ်မှာ "အက်ဒမင်"လို့ သုံးသလို သူ့ကိုလဲ မြန်မာမှာ"စီမံ"ဆိုပြီး တိုတုတ်အောင် သုံးကြပါတယ်။ အခုခေတ် ရာထူး တာဝန်အမည်တွေမှာတောင် အဆင့်တူရင်တောင်(စီမံ)ရယ်လို့ ဒီစကား လုံးကို လက်သည်းကွင်းနဲ့ ထည့်ပေးပြီး တရားဝင် ခေါ်ဝေါ်သုံးနှုန်းနေ ပါတယ်။

www.burmeseclassic.com



အင်္ဂလိပ်ဘာသာ အသုံးအနှုန်းမှာ အက်ဒမင်းနစ်စထရေးရှင်းတို့၊ အက်ဒမင်းနစ်စတား (ADMINISTER) တို့မှာ စကားပရိယာယ်ကို လိုက်လို့ ဆိုလိုချင်တာတွေ ပေါ်လွင်အောင်လုပ်ကိုင် စီစဉ်ပေးတယ်၊ တရားမျှတမှုကို ဖြစ်စေတယ်၊ ဆေးအညွှန်းပေးတယ်၊ တရားဓမ္မ ချီးမြှင့် ဟောကြားတယ်၊ ကျမ်းသစ္စာမှုစေတယ်၊ ထောက်ပံ့ ကူညီတယ် ဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ အကြောင်းကိစ္စအလိုက် ယှဉ်ပြီး သုံးနှုန်းကြပါသေးတယ်။

ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်ကိစ္စနဲ့လိုက်ပြီး အလွတ်သဘော ပြောဆိုကြရာမှာတော့ ပြောတဲ့သူကိုလိုက်လို့ သူရည်ညွှန်းတဲ့လူ မခံသာစရာတွေလဲ ပါချင်ပါတတ်တယ်။ လေးစားသမှု၊ အားကိုးသမှု၊ ခနဲ့ညားသမှုတွေလဲ ပါတဲ့အခါ ပါတတ်ပါတယ်။ "ခုလို အဆင်ပြေသွားတာ စီမံပံ့ပိုးမှုကြောင့်ပေါ့" "စီမံဆိုတာ စံမီမှ ကောင်းတာဗျ"၊ "အက်ဒမင်က ညံ့လို့ပါဗျာ"၊ "အက်ဒမင်ဆိုတာ ဒီလိုပျော့ညံ့နေလို့ မဖြစ်ဘူးလေ"၊ "စီမံကတော့ စာနဲ့တင်ပြထားတယ် ပြောတာပဲ။ ထပ်လဲ မေးမကြည့်တော့ဘူး ထင်ပါရဲ့ဗျာ"၊ "သွားမလုပ်နဲ့ သူက အက်ဒမင်ကဗျ၊ သူဆွဲထားရင် ခံရမှာ" စတဲ့ လူတိုင်း ကြားဖူးမယ့်မှတ်ချက်တွေကို ကြားရဖူးပါတယ်။ ကိုယ့်ခံစားချက်နဲ့ကိုယ်ပါပဲ။ ပြောတဲ့လူကိုယ်တိုင် လုပ်ခွင့်ကိုင်ခွင့်ရှိတဲ့အခါမျိုးဆိုရင်တော့ ဘယ်လိုနေမလဲမသိဘူး။ သူလဲ ဒီအပြောမျိုး ခံရကောင်း ခံရမှာပါပဲ။ ဆရာ သခင်တင်ဦး ရေးတဲ့ "တင်းဝင် ခန္ဓာကိုယ်" ဆိုတာလိုပေါ့။ အတင်းအဖျင်း ပြောကြရာမှာ အမှန်နဲ့အမှား ရောယှက်နေစမြဲမို့ ဖြစ်ပါတယ်။

ဌာနဆိုင်ရာမဟုတ်ဘဲ အခုခေတ် ကုမ္ပဏီလို၊ ကော်ပိုရေးရှင်းလို ပုဂ္ဂလိက အဖွဲ့အစည်းမျိုးကျတော့ ရာထူးအဆင့်အတန်း အလွှာတွေ မများလှဘူး။ အမ်ဒီ (MD) လို့ ခေါ်ကြတဲ့ ဦးဆောင်ညွှန်ကြားရေးမှူးတွေ ဆိုရင် အဖွဲ့အစည်း များသလောက် များလာတယ်။ ကုမ္ပဏီ ဒါရိုက်တာ

www.burmeseclassic.com



ဆိုတာကိုတော့ ဌာနပိုင်းမှာလို ညွှန်ကြားရေးမှူးလို့ မသုံးတော့ဘူး။ "ဒါရိုက်တာ" ပဲ။ ပြီးတော့ "ဘော့စ်" (BOSS) ဆိုတာက ထိပ်ဆုံးဟုတ်ချင်မှလဲ ဟုတ်မယ်။ သူ့ကို တာဝန်ပေးထားတဲ့ ကုမ္ပဏီ အထက်လူကြီးပေါ့။

ပြီးတော့ မန်နေဂျာတို့၊ ဟက်ဒ် (HEAD) တို့၊ လက်ထောက် (ASSISTANT) တို့နဲ့ အလုပ်ဖြစ်အောင် အကောင်အထည်ဖော်တဲ့အခါ စည်းကမ်းကလနားရှိပေမယ့် ဌာနတွေမှာလို အဆင့်မများဘူး။ တစ်ဦးချင်း လုပ်ပိုင်ခွင့်တွေလဲ ရှိနေတတ်တယ်။ ဒါ့ကြောင့်မို့လဲ သူ့သဘောဆန္ဒနဲ့ သူ့အလိုအတိုင်း တစ်ဦးတည်းက လုပ်ခွင့်ရှိတာကြောင့် လက်အောက်ငယ်သားအဖို့မှာ "သူတိမ်းရင် ကိုယ်ပါရတဲ့" လိုက်လျောမှုကလေးတွေလဲ ရှိလာရပါတယ်။ ကောင်းတာရော၊ ဆိုးတာရောပေါ့။

အမှန်ကတော့ "အက်ဒမင်"ရဲ့ အလုပ်ဟာ အလုပ်တစ်ခုကို စနစ်တကျ မှန်ကန်စွာ ပြီးမြောက်ဖို့ပါပဲ။ မှန်ရမယ်၊ မြန်ရမယ်ပေါ့။ အက်ဖီရှင်စီ (EFFICIENCY) ဆိုတဲ့ အလုပ်တွင်ကျယ်မှုစွမ်းရည်ရှိရမယ်ပေါ့။ ကြိုးနီစနစ် နည်းရမယ်ဆိုတာလဲ မှန်တယ်။ ဩဂုတ်လအတွင်း မနေ့တစ်နေ့ကမှ လွတ်လပ်ရေးသက်တမ်း နှစ် (၅၀) ပြည့်သွားတဲ့ အိန္ဒိယနိုင်ငံကြီးမှာဆိုရင် အင်္ဂလိပ်ပေးခဲ့တဲ့ ကြိုးနီစနစ် အမွေဆိုးကြောင့် ဌာနဆိုင်ရာ အလုပ်ကိစ္စတစ်ခု ပြီးမြောက်ဖို့ကို စာရွက်စာတမ်းတစ်ခုဟာ ရုံးစားပွဲပေါင်း ၉၀ ကျော်ကို ဖြတ်သန်းပြီးမှ ဆုံးဖြတ်ချက်ရတတ်တယ်လို့ အမေရိကန် တိုင်းမဂ္ဂဇင်းက အမနာပ ရေးဖူးပါတယ်။ အမှန်ကတော့ စာရွက်ပေါ်မှာ သိရှိကြောင်း လက်မှတ်တိုကလေးတွေ အဆင့်ဆင့်ထိုးပြီး ဘာဆက်လုပ်သင့်ကြောင်း အကြံပြုချက်၊ ထင်မြင်ချက်၊ သဘောထား မပေးဘဲ ဝတ်ကျေတန်းကျေလုပ်မှုကြိုက်တဲ့၊ လုပ်ရတာကိုလဲ ကြိုက်နေတဲ့ အလေ့အထတွေဟာ အလုပ်မြန်မြန်ပြီးမှုရဲ့ အဆီးအတားတွေပါပဲ။

www.burmeseclassic.com



ကျွန်တော်တို့ဆီမှာတော့ မြန်မာ့ခရီးသွားနှစ်အစမှာ ဒီလိုစာရွက်စာတမ်း ဖြည့်စွက် စိစစ်ခွင့်ပြုပေးတဲ့ အချိန်ကြာမှုမျိုး မဖြစ်အောင် ပြုပြင်ပေးလိုက်တာ ရန်ကုန် နိုင်ငံတကာလေဆိပ် အဝင်မှာ သိသိသာသာ အဆင်ပြေသွားကြောင်း သတိထားမိရပါတယ်။ စိတ်ချမ်းသာစရာပါပဲ။

ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကို အားထားနေရတဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံတောင်မှ မနေ့တစ်နေ့ကအထိမှာတော့ လေယာဉ်ပျံ ဆိုက်လို့ လူဝင်မှုစားပွဲကို ပတ်စပို့အစစ်ခံဖို့ ဖြတ်သန်းရတဲ့ ခရီးသည်တွေ ခြေညောင်းအောင် တန်းစီခဲ့ရပါတယ်။ အခုတော့ "အံ့ဖွယ်ထိုင်းနိုင်ငံနှစ်" (AMAZING THAILAND YEAR) လုပ်တဲ့အခါ ပြည်ဝင်စစ်ဆေးချက် ကြန့်ကြာမှုတွေ မဖြစ်အောင် ပြင်မယ်လို့ သတင်းတစ်ပုဒ်မှာ ဖတ်လိုက်ရပါတယ်။

အက်ဒမင်ရဲ့ အလုပ်တွင်ကျယ်မှုအကြောင်းပြောလို့ တစ်ခါတုန်းက ကိုလံဗီယာ တက္ကသိုလ်မှာ ဒီဘာသာရပ်ကို လာသင်တဲ့ မြန်မာကျောင်းသားနှစ်ဦး ဒီကိစ္စကိုပဲ အသေးစိတ် ငြင်းခုန်နေကြတာကို ဘေးက ကြားရတာ မှတ်မိနေပါတယ်။ တစ်ဦးက "ကဲ ... ဒါဖြင့် အက်ဒမင်ဆိုတာ ဘာလဲဗျာ" လို့မေးတော့ တစ်ယောက်က "အလုပ်တွေပြီးဖို့ပဲလေ" (TO GET THINGS DONE) လို့ ဒေါနဲ့မောနဲ့ ပြန်ဖြေပါတယ်။ ဒီအဖြေ အမှန်ဆုံးဖြစ်သင့်ပါတယ်။

ဒါပေမဲ့ "အက်ဒမင်" စီမံမှုမှာလဲ အဆင့်အမျိုးမျိုး ရှိနိုင်တာဖြစ်တဲ့အတွက် အလုပ်ကြမ်း ဂိုဏ်းခေါင်းဆောင်လို လုပ်မလား၊ သက်တော်ရှည်စာရေးကြီးလိုလုပ်မလား၊ အော်တတ် ငေါက်တတ်ရင် ပြီးရောလား၊ ဖိုင်တွဲဖွင့်ပြီး တစ်ရွက်ပြီးတစ်ရွက် လှန်နေမလား၊ "ရေလောင်း" ပေးမယ့်လူကို အချိန်ဆွဲပြီး စောင့်မလားဆိုတာတွေကတော့ စီမံခန့်ခွဲရေး ပို့ချမှုသင်တန်းတွေမှာ နှိုးဆော်သတိပေးချက်တွေ ပါမှာပါ။

www.burmeseclassic.com



ကျွန်တော်ကတော့ ရင်းနှီးတဲ့ (စီမံ) ညွှန်ကြားရေးမှူး မိတ်ဆွေ တစ်ဦးကို ကိစ္စတစ်ခုနဲ့ပတ်သက်ပြီး မေးကြည့်ရာက သူပြန်ပြောလိုက်တဲ့ နောက်ဆုံးစကားလေး တစ်ကြောင်းကို သွားသတိရတယ်။ "ကျွန်တော်က တစ်နေ့တစ်နေ့ ကျွန်တော့်ဆီရောက်သမျှ ကေ့စ် (CASE) တွေဆိုရင် အကြွေးမထားဘူး၊ မိုးချုပ်ရင် ချုပ်ပါစေ၊ အားလုံး ဖတ်မှတ်ကြည့်ပြီး ဆိုင်ရာဆိုင်ရာ အမြန်လုပ်ကြဖို့ခွဲပေးလိုက်တာပဲ" လို့ ဆိုပါတယ်။ သူ့ကို အထင်ကြီးသွားမိပါတယ်။

www.burmeseclassic.com



# အားခိုက်ဗ်စ် (ARCHIVES)

အားခိုက်ဗ်စ်ဆိုတာ မော်ကွန်းတိုက်ကို ခေါ်ဝေါ်တဲ့ ဝေါဟာရဖြစ်ပါတယ်။ မော်ကွန်းမှတ်တမ်းများကိုလဲ ဆိုလိုပါတယ်။ မြန်မာ အသုံးအနှုန်းဖြစ်တဲ့ မော်ကွန်းမှာဆိုရင် မော်ကွန်းထိုး၊ မော်ကွန်းဝင်၊ မော်ကွန်းတိုင် ဆိုတဲ့ ဝေါဟာရများလဲ ရှိပါတယ်။ 'မော်ကွန်း' ကတော့ 'နောင်ကာလကြာရှည်စွာ အမှတ်တရဖြစ်စေရန် မှတ်တမ်းတင် ရေးဖွဲ့ခဲ့သည့် စာ'၊ 'ကာလကြာရှည် တည်တံ့အောင် ထိန်းသိမ်းထားသော မှတ်တမ်း' ရယ်လို့ အဓိပ္ပာယ်ဖွင့်ပါတယ်။ 'မော်ကွန်းထိန်း' ကို စာရင်းအင်း မှတ်တမ်းများ စီမံထိန်းသိမ်းရသူလို့ ဆိုပြီးတော့ 'မော်ကွန်းဝင်' ကတော့ နိုင်ငံ့အရေးတွေမှာ ထူးခြားစွာ ဆောင်ရွက်ခဲ့မှုအတွက် မှတ်တမ်းတင်ခံရသူ မှတ်တမ်းဝင်ရယ်လို့ ဆိုလိုပါတယ်။

ကျွန်တော်တို့ ပြောချင်တာကတော့ မော်ကွန်းထိုး ဆိုတဲ့ အလေ့အထနဲ့ မော်ကွန်းထိန်းတဲ့ အလေ့အထ ဖြစ်ပါတယ်။ မော်ကွန်း အလေ့အထဟာ ကျွန်တော်တို့ဆီမှာ ထွန်းကားလက်စ ရှိခဲ့ပါတယ်။ ကုန်းဘောင်ခေတ်မှာ စာဆိုတဲ့ ပုဂ္ဂိုလ်များဟာ 'မော်ကွန်း' ဆိုတဲ့ လေးလုံးစပ်ကဗျာအဖွဲ့အနွဲ့များကို ရေးခဲ့ကြပါတယ်။ နောင်အစဉ်အလာ ဥဒါန်းတွင်ဖို့

www.burmeseclassic.com



ဖြစ်ပါတယ်။ မော်ကွန်းထိုးတယ်ဆိုတဲ့ အသုံးအနှုန်း မပေါ်ခင် 'အမှုကွန်း' တင်တယ်ဆိုတဲ့ အသုံးအနှုန်းက ပုဂံခေတ်လောက်က စပြီး တွင်ကျယ်ခဲ့တယ်လို့ မြန်မာစာပေသမိုင်းမှာ တွေ့ရပါတယ်။

ခေတ်သစ်ပိုင်းရောက်တော့ မော်ကွန်းတိုက်ဆိုတဲ့ အသုံးအနှုန်းဟာ တပ်မတော် မော်ကွန်းတိုက်က စခဲ့တယ်လို့ မှတ်မိပါတယ်။ အမျိုးသား မော်ကွန်းမှတ်တမ်းများ ဦးစီးဌာနကတော့ ဖွဲ့စည်းတာ ဆယ်စုနှစ်ကျော်ရုံပဲ ရှိမယ်လို့ ထင်ပါတယ်။

မော်ကွန်း မှတ်တမ်းထားတဲ့ အလေ့ဟာ ကျွန်တော်တို့ဆီမှာ ထွန်းထွန်းကားကား မဟုတ်ခဲ့ပေမယ့် စာကြည့်တိုက် (ယခင်အခေါ် ပိဋကတ်တိုက်) များဟာ မော်ကွန်းလုပ်ငန်းကို လုပ်ခဲ့တယ်လို့ ဆိုချင်ပါတယ်။ ဘာပြုလို့လဲဆိုရင် ထိန်းသိမ်းသင့်တဲ့ စာအုပ်၊ စာတမ်း၊ ပေစာ၊ ပုရပိုက်တို့ကို ထိန်းသိမ်းသိုမှီးထားခဲ့လို့ ဖြစ်ပါတယ်။ စာကြည့်တိုက်များ အရှည်မတည်တဲ့အခါ အစုအဝေးနဲ့ရှိတဲ့ အဖိုးတန် မော်ကွန်းမှတ်တမ်းများလဲ ပျောက်ပျက်ကုန်ရပါတယ်။

ကျွန်တော်တို့လို အပူပိုင်းဒေသနိုင်ငံတွေမှာ ထိန်းသိမ်းစောင့်ရှောက်အပ်တဲ့ မော်ကွန်းမှတ်တမ်းများ ပျောက်ပျက်ရခြင်းဟာ ရာသီဥတုကြောင့်လဲ ပါတယ်။ ပိုး၊ ခြ၊ ပလွက်တို့ နှိပ်စက်တာလဲ ပါပါတယ်။ မီးဘေး စတဲ့ သဘာဝ ဘေးအန္တရာယ်တွေနဲ့လဲ မကင်းခဲ့ပါဘူး။ စစ်မက်ဘေးဒဏ်သင့်တာလဲရှိရဲ့။ ပါတော်မူစအချိန်မှာ မန္တလေးနန်းတော်ထဲက ပေ၊ ပုရပိုက်တွေကို အင်္ဂလိပ်တပ်များက စုပုံမီးရှို့ခဲ့တာတွေ၊ အင်္ဂလိပ်အပြေးမှာ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်က စာအုပ်စာတမ်းတွေ ယူငင်ဖျက်ဆီးကြတာမျိုးတွေလဲ ပါပါတယ်။ ဒါတွေကို သတိရတော့ ဆရာမင်းသုဝဏ်ရဲ့ "ပျဉ်းမငုတ်တို" ကဗျာထဲက "စစ်မက်လည်းကြုံ၊ ခြအုံလည်းဖြစ်၊ ဓားထစ်လည်းခံ" ဆိုတဲ့ အဖွဲ့အနွဲ့ကို သွားသတိရပါတယ်။

www.burmeseclassic.com



ဒါနဲ့ ပတ်သက်လို့ နိုင်ငံတကာ စာပဒေသာ စာစောင်တစ်ခုမှာ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက နာဇီ စစ်ဗိုလ်ချုပ်ကြီးတစ်ဦးဟာ ဂျာမနီနိုင်ငံက ဟိုက်ဒယ်လဗတ်မြို့ကို တိုက်ခိုက်သိမ်းယူဖို့ တာဝန်ကြုံခဲ့ပေမယ့် ရှေးဟောင်းတက္ကသိုလ်နဲ့ စာပေရတနာ၊ အနုပညာလက်ရာများ ရှိတဲ့အတွက် အဲဒီမြို့ကို မဖျက်ဆီးစေဘဲ ရှောင်လွှဲခဲ့တာကို မှတ်တမ်းတင်ထားတာလဲ သွားသတိရပါတယ်။

မော်ကွန်းမှတ်တမ်းများကို အလေးထား ထိန်းသိမ်းတတ်ဖို့ဟာ မြင့်မြင့်တွေးရင် အမျိုးသားရေးတာဝန်လို့ ဆိုရပါလိမ့်မယ်။ ဒီအလေ့အထ ထွန်းကားဖို့ကို တစ်ဦးချင်း၊ တစ်အိမ်ထောင်ချင်းက စရပါလိမ့်မယ်။ တစ်ခါတလေ မိသားစုမှာ ငယ်ငယ်က ရိုက်ထားတဲ့ ဓာတ်ပုံတွေကိုတောင် အသိမ်းအဆည်းကောင်းလေ့ မရှိတတ်ကြပါဘူး။ အိမ်မှာ ဝယ်ထားတဲ့ ကျမ်းစာအုပ်တွေ၊ စွယ်စုံကျမ်းတွေလဲ ဖုန်တက်၊ ခြကိုက်နဲ့ သိမ်းသိမ်းဆည်းဆည်း မရှိတတ်ကြတာကို တွေ့ရပါတယ်။ မိဘများလက်ထက် တစ်ခေတ်တစ်ခါက စာအုပ်ကောင်းတွေဆိုရင် တတိတိပျောက်ပျက်ကုန်တာများပါတယ်။ တချို့များကျတော့ ငယ်ငယ်တုန်းက ကျောင်းသားဘဝမှာသုံးတဲ့ ဖတ်စာအုပ်ကလေးတွေ၊ မိတ်ဆွေများရဲ့ ပေးစာတွေ၊ ကိုယ်ပိုင်ဒိုင်ယာရီ မှတ်စုကလေးတွေကို တခုတ်တရ သိမ်းထားတတ်ကြတယ်။ ဒါဟာ အမျိုးသားရေးလို့ မဆိုနိုင်ပေမယ့် ကိုယ့်ဘဝရဲ့ မှတ်တိုင်များဖြစ်လို့ မိသားစုရဲ့ မော်ကွန်းများပါပဲ။

အဖွဲ့အစည်းများ၊ ဌာနများမှာဆိုရင်လဲ မှတ်တမ်းမှတ်ရာများထဲက နှစ်ရှည်ကြာတဲ့ မှတ်တမ်းတွေ၊ ဖိုင်တွေကို အကြောင်းရှိရင် ရှာမတွေ့ဖြစ်တတ်ပါတယ်။ နှောင်းလူအတွက် ခက်တာပေါ့။ ဖိုင်တွဲတဲ့ အလေ့အထ၊ မှတ်သားသိမ်းဆည်းထားတဲ့ အလေ့အထ၊ ထိန်းသိမ်း ပြုပြင်တဲ့ အလေ့အထများ နည်းပါးလို့ဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ကွန်ပျူတာ

www.burmeseclassic.com



ခေတ်၊ မိုက်ခရိုဖလင်ခေတ်မှာတော့ စက်က နေရာကျဉ်းကျဉ်းနဲ့ လူ့ကိုယ်စား သိမ်းဆည်းပေးမှာ ဖြစ်ပေမယ့် ထည့်သွင်း ထားသိုပုံ စနစ်မကျရင်၊ ပြန်လည်ထုတ်ယူ သုံးစွဲဖို့လုပ်ငန်း ရီထရီးဗယ် (RETRIEVAL) မလုပ်တတ်ရင် ကုန်ရကျိုးနပ်မှာ မဟုတ်ပါဘူး။

ဒီကိစ္စဟာ စာကြည့်တိုက်၊ မော်ကွန်းတိုက်များနဲ့သာ စပ်ဆိုင်တာ မဟုတ်ပါဘူး။ ပုဂ္ဂလိကအမွေ၊ အမျိုးသားအမွေကို ထိန်းသိမ်းတဲ့ အနေနဲ့ လူတိုင်းမှာ ဒီ အားခိုက်ဗ်စ် အလေ့အထ မွေးမြူကျင့်သုံး အပ်တယ်လို့ ထင်မိပါတယ်။

www.burmeseclassic.com



www.burmeseclassic.com

# ဘရင်းန် (BRAND)

ဘရင်းန်ဆိုတာ အမှတ်တံဆိပ်ကို ဆိုလိုပါတယ်။ ယေဘုယျအားဖြင့်တော့ ကုန်အမှတ်တံဆိပ်ပေါ့။ ဈေးကွက် စီးပွားရေးစနစ်မှာ ကုန်အမှတ်တံဆိပ်ဟာ အရေးကြီးပါတယ်။ ဆင့်ပွားတဲ့ တခြားအဓိပ္ပာယ် တစ်ခုကတော့ တံဆိပ်တပ်ပေးခြင်း ဖြစ်ပါတယ်။ သူက ဘယ်သူပဲ၊ ဘယ်လိုလူစားပဲ စသည်ဖြင့် လူတစ်ယောက်ကို အုပ်စုသင်းပင်းခွဲပြီး ဖော်ပြခြင်းကိုလဲ ဘရင်းန်လုပ်တယ်လို့ ဆိုပါတယ်။ ကိုယ့်သဘောနဲ့ကိုယ် မှတ်ချက်ပြုတဲ့သဘောအထိ အဓိပ္ပာယ်ဆိုက်ရောက်နိုင်ပါတယ်။

နာမည်ရပြီးတဲ့ ကုန်ပစ္စည်းဆိုရင် Brand Name လို့ သုံးကြပါတယ်။ နာမည်တွင်ပြီးသား၊ လူကြိုက်များပြီးသား၊ နာမည်ကောင်းထွက်ပြီးသား ဆိုတဲ့ အဓိပ္ပာယ်တွေ သက်ရောက်ပါတယ်။ ကုန်ပစ္စည်းအကြောင်းကိုပြောတော့ စားသုံးသူကိစ္စလဲ ပါလာပါတယ်။ ကွန်ဆူးမား (Consumer) ဆိုတဲ့ စားသုံးသူရဲ့သဘောကို သတင်းလွှာအမှတ် (၂၉) (၁–၄–၉၇) မှာ ကျွန်တော်တို့ တွေးတောမိတဲ့ ထင်မြင်ချက်ကို ရေးခဲ့ပါတယ်။ ဒီခေတ်ဟာ စားသုံးသူခေတ်ဖြစ်တဲ့အတွက် သူတို့အားပေးမှု၊ သူတို့ကြိုက်မှု၊ သူတို့စားသုံးလို့ အဆင်ပြေမှုဆိုတဲ့ လိုအပ်ချက်တွေ ရှိလာပါတယ်။

www.burmeseclassic.com



ဒီတော့ သူတို့ကြိုက်တဲ့ ကုန်အမှတ်တံဆိပ် (ဘရင်းန်) ဟာ အရောင်းသွက်တော့တာပေါ့။ နာမည်ရပြီဆိုရင် တစ်ယောက်စကား တစ်ယောက်နားနဲ့ အားပေးတဲ့လူတွေ ဆတိုးနှုန်းနဲ့ ပွားတော့တာပေါ့။ ဒီအခါမှာ ဘရင်းန်အတုတွေလဲ ပေါ်လာတော့တာပါပဲ။ သုံးစွဲတဲ့ပစ္စည်း၊ စားသုံးတဲ့ပစ္စည်း၊ ဆေးဝါး စတာအထိပဲ တံဆိပ်အတုတွေနဲ့ ထွက်လာလေ့ ရှိတတ်ပါတယ်။ လူသုံးပစ္စည်းတွေမှာဆိုရင် ဟိုတုန်းက ဘီအိုအေစီ လက်ဆွဲအိတ်၊ အားကစားလွယ်အိတ်တို့အထိ ဆင်တူယိုးမှားတောင် လုပ်ပြီး ရောင်းကြပါတယ်။ စားသုံးတဲ့ပစ္စည်းတွေမှာလဲ ထို့အတူ တုပပြီး ဝယ်ယူသူ မျက်စိလည်အောင် လုပ်ကြပါတယ်။ ဆေးဝါးမှာဆိုရင်လဲ တံဆိပ်တူ အတုအပလုပ်ပြီး လူသုံးများတဲ့ ဆေးတွေကို လုပ်ရောင်းခဲ့ကြ ပါတယ်။

ဒီကိစ္စတွေအားလုံးမှာ ကုန်အမှတ်တံဆိပ်က အဓိက တုပပြီးတော့ အရည်အသွေးကျတော့လဲ အင်မတန် နိမ့်ကျပါတယ်။ တချို့များ အန္တရာယ်ဖြစ်တဲ့အထိပါပဲ။ ဒါပေမဲ့ ကိုယ့်ဘက်က ပစ္စည်းလဲ မှန်တယ်၊ အရည်အသွေးလဲ မှန်တယ်ဆိုရင် ကုန်အမှတ်တံဆိပ်ကို ကြော်ငြာအားရှိ တာပေါ့။ ပြောအားလဲ ရှိတာပေါ့။ အရင် ဒီဆူဇာ ဆေးတိုက်က ထုတ်ရောင်းတဲ့ဆေးများဆိုရင် အရည်အသွေးမီပြီး အာနိသင်ရှိတဲ့အတွက် “ဆေးဝယ်ရင် ဒီဆူဇာမှာ စိတ်ချရတယ်” ဆိုပြီး ကြော်ငြာက နောက်က လိုက်တာနဲ့ အတော်ဖြစ်သွားပါတယ်။ ဒီကြော်ငြာစာတန်းတိုကလေးကို ကွယ်လွန်သူ ဆရာ“သိန်းဖေမြင့်”က စိတ်ကူးထုတ် တီထွင်ပေးတယ်လို့ သိရပါတယ်။

အခုလို လူသိများပြီးသားမဟုတ်ဘဲ လူမသုံးသေးတဲ့၊ အလေ့အထ မရှိသေးတဲ့ပစ္စည်းမျိုးကို ကြော်ငြာတဲ့အခါမှာလဲ “နာမည်ကောင်းတော့ ရောင်းရတွင်” ဆိုတာလိုပဲ လူကြိုက်များလာတတ်ပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၄၀ လောက်က ပင်လယ်ငါးဆိုရင် စားကျင့်မရှိသေးတဲ့ မြန်မာ

www.burmeseclassic.com



လူမျိုးများအတွက် ပင်လယ်ငါး စားချင်အောင် ဆွယ်ပေးတဲ့နေရာမှာ ထိရောက်တယ်လို့ ဆိုရမှာကတော့ "ခေတ်မီသူတိုင်း ပင်လယ်ငါး စားသည်" ဆိုတဲ့ ကြော်ငြာစာတန်းကလေး ဖြစ်ပါတယ်။ ဒီကြော်ငြာ ကိုလဲ ဆရာ "သိန်းဖေမြင့်" ကပဲ မုတ္တမ ပင်လယ်ငါးဖမ်းကုမ္ပဏီအတွက် ရေးပေးတာလို့ သိရပါတယ်။

ဘရင်းန်ဆိုတဲ့ အမှတ်တံဆိပ်ကို လူသိများအောင်လို့ ဟိုတုန်းက ပစ္စည်းရောင်းတဲ့ ကုမ္ပဏီကြီးတွေက ဆေးကြော်ငြာ ပါတဲ့ စာစောင် ကလေးတွေ ထုတ်ကြပါတယ်။ အဲဒီအထဲမှာ ဖတ်ချင်အောင် ဝတ္ထုတို ကလေးတွေပါထည့်ပြီး ပုံနှိပ်ပါတယ်။ ခုနပြောတဲ့ ဒီဆူဇာဆိုရင် "သက်စောင့်" ဆိုတဲ့ မဂ္ဂဇင်း၊ ရန်ကုန်မှာ တခြားကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ "ဝပ်ဆင်" ကုမ္ပဏီကဆိုရင် "ကောဇာသစ်" မဂ္ဂဇင်းဆိုပြီး ထုတ်ဝေပါ တယ်။ ဈေးဝယ်သူတွေကို အခမဲ့ ဝေငှရင်းနဲ့ ဝတ္ထုဖတ်တဲ့သူတွေ တိုးပွား လာတယ်။ ကလောင်သွေးပြီး စာရေးဆရာဖြစ်မယ့်သူတွေလဲ ဒီအထဲမှာ ပါပါတယ်။ အေဝမ်းရုပ်ရှင်ရဲ့ အဆက်အနွယ်ဖြစ်တဲ့ ဆူးလေစေတီတော် အနီးက မြန်မာအဆွေကုမ္ပဏီဆိုရင် ဒီသဘောနဲ့ "ဒဂုန်မဂ္ဂဇင်း"ကို စပြီး ထုတ်ခဲ့တယ်လို့ မှတ်မိပါတယ်။ ဒီလိုလုပ်တော့ ကိုယ့်ပစ္စည်းနဲ့ ကိုယ့်လုပ်ငန်းကို လူသိများပြီး စိတ်က ရင်းနှီးလာတာပေါ့။ (အဲဒီတုန်းက အခုလို ကံစမ်းမဲတို့၊ လျှော့ဈေးတို့လည်း ရှိသင့်သလောက် ရှိပါတယ်။) ကျွန်တော် သတင်းလွှာအမှတ် (၁၁၁)(၁၇-၁၁-၉၈) မှာ ရေးတဲ့ ပရိုဖိုင်း (Profile) ကိစ္စလိုမျိုးပေါ့။ နိုင်ငံခြားမှာဆိုရင် တချို့လုပ်ငန်း၊ ကုမ္ပဏီများ ဒီနည်းနဲ့ လူသိများအောင် လုပ်ရင်းက အရှိန်သတ်လို့မရတော့ဘဲ ခုတိုင် စာအုပ်စာစောင်တွေ ဆက်ထုတ်နေကြတာရှိပါတယ်။ Pear's Encyclo-paedia လို့ တစ်နှစ်တစ်ခါ ထုတ်နေတဲ့ အင်္ဂလိပ်လုံးချင်း စွယ်စုံကျမ်းကလေးဟာ Pear's ဆိုတဲ့ ဆပ်ပြာကုမ္ပဏီက စပါတယ်။ "ဂင်းနက် ကမ္ဘာ့စံချိန်များစာအုပ်" (Guiness Book of World

Same Media House

www.burmeseclassic.com



Records) ဆိုရင် နှစ်ခြားပြီး အကြိမ်ကြိမ်ထုတ်ရတဲ့ ကမ္ဘာကျော်စာအုပ် ဖြစ်နေပါပြီ။ ဂင်းနက်ဘီယာကုမ္ပဏီက သူ့ဘရင်းန်ကိုစပြီး ကြော်ငြာရာက စာပေပိုးဝင်သွားတယ်လို့ ဆိုရမယ် ထင်ပါတယ်။

ကုန်ပစ္စည်းကို အမှတ်တံဆိပ်နဲ့ ကြော်ငြာရာမှာ စားသုံးသူရဲ့ ပျော့ကွက်ကို အမျိုးမျိုးနှိုက်ကြပါတယ်။ ယောဂီသွေးဆေး ကြော်ငြာတုန်းက "မအိုသေးတဲ့သူ အပျိုကလေးနဲ့တူ" ဆိုပြီး ရုပ်ရှင်မင်းသမီးခင်မြရင်နဲ့ ကြော်ငြာခဲ့သလို ရုပ်ရှင်ခေတ်မှာတော့ လှုပ်ရှားသရုပ်ဆောင်တဲ့ မင်းသား၊ မင်းသမီးတွေ စုံပါတယ်။ ဘရင်းန်တွေရော၊ ကြော်ငြာသရုပ်ဆောင်တွေရော ငုပ်ချီပေါ်ချီပေါ့။ ကြာတော့ မိုဒယ်တွေပါ ကြော်ငြာကိစ္စမှာ ဝင်လာပါတယ်။

လူသုံးပစ္စည်းကို ကြော်ငြာကပ်သလို လူကို ဘရင်းန်တပ်တဲ့ကိစ္စမှာတော့ ကောင်းတာကနည်းပြီး ဆိုးတာက များတတ်ပါတယ်။ ဒါပေမဲ့ လူဆိုတာ ကိုယ်ကြိုက်တဲ့ပုံစံ အနေအထားနဲ့ အများကိုလဲ ထိပါးခြင်း မရှိအောင် အနေအထိုင် ကြိုးစားသင့်ပါတယ်။ အဲဒီမှာ သဒ္ဓါတရားနဲ့ လုပ်ကိုင်ရင်းနဲ့ မလိုတမာ ပြောဆိုချက်များရှိလို့ တည်တည်တံ့တံ့ လမ်းမှန်ရပ်နိုင်ရင်လဲ ဘရင်းန်ကိစ္စကို ဂရုစိုက်စရာ မရှိဘူးလို့ ထင်ပါတယ်။

စကားစပ်မိရင်းနဲ့ မြန်မာ့သနပ်ခါး အလှကုန်ကို ကမ္ဘာသိအောင် "နတ်ရေကန်" ဆိုတဲ့ ဘရင်းန်နဲ့ ဖြန့်ချိတဲ့ မိတ်ဆွေကြီး တက္ကသိုလ်တင်မောင်ထွေးတို့ရဲ့ နတ်ရေကန်မဂ္ဂဇင်းနဲ့ စီးပွားရေး ထူထောင်မှုတာဝန်သာမက လူမှုဖွံ့ဖြိုးရေး တာဝန်ကိုပါ တစ်ဖက်တစ်လမ်းက ကျေပွန်အောင် လုပ်ဆောင်နေတဲ့ မိတ်ဆွေကြီး မြရိပ်ညို ဇေကမ္ဘာ ဦးခင်ရွှေရဲ့ "မြရိပ်ညို" ဟိုတယ် ဘရင်းန်မဂ္ဂဇင်းတို့လဲ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ကြပါစေလို့ ဆုတောင်းမိပါတယ်။

# ကာလချာ (CULTURE)

မြန်မာသံနဲ့ ရွတ်ဖတ်ရင် 'ကာလချာ'ကို ခပ်သွက်သွက်ဆိုမှ မူရင်း အသံထွက်နဲ့ နီးစပ်မယ်လို့ တွေးမိပါတယ်။ ခေတ်အလိုက် အသုံး တွင်ကျယ်နေတဲ့ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန် စတဲ့ ဝေါဟာရတွေရဲ့ အသံ ထွက်မှန်ကိုတော့ စာနဲ့ရေးပြရမှာ မလွယ်ပါဘူး။ ရေးပြဖို့ကလဲ ကိုယ်က တိတိပပသိဦးမှ။ သိထားတယ်ဆိုရင်လဲ ကိုယ့်လူမျိုးရဲ့နှုတ်၊ အာ၊ လျှာတို့နဲ့ ရွတ်ဖတ်ရင် ဆီလျော်ပါမှ အဆင်ပြေနိုင်ပါတယ်။

ဘာပြုလို့လဲဆိုရင် "မြန်မာ" ဆိုတဲ့ အမည်ကိုတောင်မှ ကျွန်တော် တို့ တိုင်းပြည်ကို အလည်လာတဲ့ နိုင်ငံခြားသားတွေက "မြန်းမာ"ဆိုတဲ့ အသံထွက်မျိုးနဲ့ အသံထွက်ကြလို့ဖြစ်ပါတယ်။ ရန်ကုန်ကို အင်္ဂလိပ် စာလုံးပေါင်းနဲ့ "ရန်ဂွန်း" လို့ ရွတ်ဆို ပြောကြတာကို ကိုယ်ကပါ သူ့နောက်ပါသွားတော့ ကာလချာကိစ္စမှာ အရှုံးပေါ်သွားတာပေါ့။

အသံထွက်မှန်ရဖို့ဆိုရင်တော့ ဖိုနက်တစ်ဆိုတဲ့ အသံထွက်စနစ်နဲ့ ရေးတာ အမှန်ဆုံးပဲလို့ ပြောကြပါတယ်။ ဒါပေမဲ့ ဖိုနက်တစ်(PHONET-ICS)ဆိုတဲ့ သဒ္ဒဗေဒကလဲ ကျွန်တော့အဖို့တော့ ဘာသာစကားတစ်ခုကို လေ့လာရသလို ခက်ခဲမယ် ထင်ရတယ်။ လ၊ သ၊ ရှ၊ ကြွ အစရှိတဲ့ စကား

www.burmeseclassic.com



သံတွေအတွက် သင်္ကေတတွေကို ကျွမ်းကျင်ရပါလိမ့်မယ်။ မနေ့တစ်နေ့ ကတောင် "ကမ္ဘာမကြေ ..." အစချီတဲ့ မြန်မာအမျိုးသားသီချင်းကို ဖိုနက်တစ် အသံထွက်နဲ့ ရေးပြီး အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေမယ့် စာအုပ်ထဲထည့်ဖို့ မြန်မာစာအဖွဲ့ဝင် ဆရာဦးမြင့်ကြည် (တက္ကသိုလ် မြတ်စိုး) ကို အကူအညီတောင်းရပါသေးတယ်။ ဒါကြောင့် ဘာသာစကား အသံထွက်မှုဟာ ပညာရှိတို့ရဲ့ကိစ္စလို့ ဆိုချင်ပါတယ်။

"ကာလချာ" ကတော့ ယဉ်ကျေးမှုလို့ ယေဘုယျ သဘောပေါက် ကြရပါတယ်။ ကာလချာမှာ သူ့ကိစ္စ၊ ကိုယ့်ကိစ္စ ဒွေးရောယှက်တင် ရှိတတ်ကြတာမို့ စကားလုံးအသံထွက် ရွတ်ဆိုမှုကိစ္စမှာလိုပဲ ပြောစရာ တွေ ရှိစမြဲဖြစ်ပါတယ်။

ကာလချာဆိုတိုင်းလဲ ယဉ်ကျေးဖွယ်ရာကိစ္စသက်သက်လို့ မဆိုနိုင် ပါဘူး။ အမေရိကန် ကာလချာ၊ အနောက်တိုင်း ကာလချာတို့ဆိုရင် ကျွန်တော်တို့ရေမြေ ဓလေ့စရိုက်အစဉ်အလာနဲ့ ဖီလာဖြစ်တာက ဖြစ်ပြီး လုံးလုံးလက်မခံနိုင်တာတွေရှိတာ အမှန်ပါပဲ။ ဒါ့ကြောင့် ကာလချာဟာ ယဉ်ကျေးမှုလို့ အလွယ်သုံးရပေမယ့် လူမျိုးအလိုက်၊ တိုင်းပြည်အလိုက် အများစု လက်ခံကျင့်သုံးကြတဲ့ ဓလေ့စရိုက်လို့ဆိုရင် ရကောင်းပါတယ်။

တီထွင်သုံးစွဲမှုတစ်ခုမှာ ကာလချာကို ပျိုးထောင်မှုလို့လဲ သုံးတာ မှတ်မိပါတယ်။ ကိုယ့်လူ့အဖွဲ့အစည်းနဲ့ကိုယ် လေ့ကျင့် ပျိုးထောင်တဲ့ လုပ်ရပ်တွေပေါ့။ အကျင့်ပါနေတဲ့ အများစုရဲ့ လုပ်ရပ်တွေပေါ့။ မပတ်သက်တဲ့ အပြင်လူက လက်ခံချင်မှ လက်ခံနိုင်မှာပါ။

"ယဉ်ကျေးမှု" ဆိုတဲ့ မြန်မာစကားနဲ့ပဲ သုံးရတဲ့ အင်္ဂလိပ်စာလုံး တစ်လုံးကတော့ စီဗီလိုက်ဇေးရှင်း (CIVILIZATION) ဖြစ်ပါတယ်။ ရောမ၊ ခေါမယဉ်ကျေးမှုတို့လို ထွန်းကားတဲ့ခေတ်ကြီးမျိုးကို ရည်ညွှန်း

www.burmeseclassic.com



ပါတယ်။ သူတို့မှာလဲ အကောင်းအဆိုး နှစ်ထွေရောနေတဲ့ လူ့သမိုင်းထဲက ကဏ္ဍကြီးများပါပဲ။

အခုခေတ်မှာတော့ ကမ္ဘာကြီး မြေကြော ရေကြော ရှုံ့လာတဲ့ အတွက် စီဗီလိုက်ဇေးရှင်းထက် ကာလချာကို ပိုပြီးဂရုပြုရမယ့် သဘော ရှိလာပါတယ်။ ဘာပြုလို့လဲဆိုရင် ကာလချာတွေ နယ်ပယ်ကူးပြောင်း ဖြတ်ကျော်တာ လွယ်ကူမြန်ဆန်လွန်းလို့ ဖြစ်ပါတယ်။ ဒီလို မြန်ဆန် အောင် လုပ်ပေးတဲ့ ကိရိယာများကတော့ အိတ်ဆောင် ရေဒီယိုတို့၊ လက်ကိုင်တယ်လီဖုန်းတို့၊ ဗီဒီယိုတို့၊ ဂြိုလ်တုစလောင်းတို့ ဖြစ်ပါလိမ့်မယ်။ ခြုံပြီးပြောရရင် လူထုဆက်သွယ်ရေးစနစ်များဖြစ်ပါတယ်။ သူတို့ကြောင့် အသိပညာ ဗဟုသုတ သတင်းကောင်းများ အလွယ်ရနိုင်သလို လွဲမှား သော သတင်းများ၊ အတုမယူအပ်သော စရိုက်ဓလေ့များလဲ ဆွဲဆောင်မှု အာရုံအမျိုးမျိုးဖြင့် ပါလာတတ်ပါတယ်။ ဒီအတတ်ပညာများကို စေစား နိုင်သူတို့ကတော့ တတ်နိုင်တဲ့၊ အင်အားကြီးမားတဲ့ အဖွဲ့အစည်းကြီးများ ဖြစ်ပါတယ်။ ဒါ့ကြောင့် မာယာကျော့ကွင်းမှာ မငြိတွယ်ရအောင် ရိုးရာ အတွေး၊ ရိုးရာဓလေ့စရိုက်များကို ခိုင်ဖြိုးအောင်လုပ်ပြီး ကာကွယ် စောင့်ရှောက်ရပါလိမ့်မယ်။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ ပန်း ဆိုတဲ့ အမျိုးသားရေးနယ်ပယ် ကဏ္ဍကြီးတွေမှာ ခံကတုတ်တွေ ခိုင်မာပြီးသား ဖြစ်ရပါလိမ့်မယ်။ ဒီနယ်ပယ်ကြီးတွေဖြစ်တဲ့ လူမှုရေးလောကမှာ စိတ်ချ ရရင် စီးပွားရေး၊ နိုင်ငံရေးတို့မှာပါ စိတ်ချရဖို့အကြောင်းများနိုင်တာကို သတိပြုသင့်ပါတယ်။

ဒီလိုဆိုတော့ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ဇာတိ သွေး ဇာတိမာန်တို့ ထက်သန်စွဲမြဲအောင် ပြုလုပ်ခြင်းဟာ အကြောင်း ကောင်းများဖြစ်သလို ရိုးရာသဘင်၊ အငြိမ့်၊ အဆို၊ အတီး၊ အကများ ပြန်လည်ဖော်ထုတ် တွင်ကျယ်စေခြင်းဟာ အမျိုးသားရေး ခံကတုတ်များ တည်ဆောက်ခြင်းဖြစ်ပါလိမ့်မယ်။

www.burmeseclassic.com



အင်္ဂလိပ်ပညာရှင်တစ်ဦးက "လူတစ်ယောက်မှာ ကျောင်းပညာတွေ တတ်ပြီးမှ အားလုံးမေ့သွားတယ်ဆိုရင်တောင် ကာလချာတော့ ကျန်ရစ်လိမ့်မယ်" လို့ ဆိုဖူးပါတယ်။ သူပြောတာက ဖွယ်ရာယဉ်ကျေးမှု ဖြစ်ပါတယ်။ ခုခေတ်ကာလမှာတော့ ကာလချာကို လက်နက် လက်ရုံး လုပ်ပြီး ဩဇာထူထောင်လိုတဲ့ အသိုင်းအဝိုင်းအုပ်စုများ ပေါ်ထွက်လာတာကို တွေ့နေရပါတယ်။ လာမယ့် ၂၁ ရာစုနှစ်မှာတော့ ပထဝီနယ်မြေ ကျူးကျော်စိုးမိုးမှုထက် ကာလချာ စိုးမိုးကျူးကျော်မှုကို အင်တိုက်အားတိုက် လုပ်လာကြမယ့် အုပ်စုအချို့ရဲ့ လက္ခဏာများကိုလဲ သိသာမြင်သာနေပြီ ဖြစ်ပါတယ်။

"ကာလချာ" ဟာ သိပ္ပံဝေါဟာရအသုံးအနှုန်းမှာတော့ မွေးမြူခြင်း အဓိပ္ပာယ်ဆောင်ပါတယ်။ ပိုးမွေးမြူခြင်းပေါ့။ ရောဂါပိုးများ လက်သယ်ကိုရှာဖို့လုပ်ခြင်းပေါ့။ ရောဂါပိုးဖြစ်တဲ့ အဏုဇီဝရုပ်များကို တိုက်ဖျက်နိုင်ဖို့နဲ့ ကျန်းမာရေး ထောက်ကူနိုင်ဖို့ ခေတ်မီနည်းလမ်း ဖြစ်ပါတယ်။ လူမှုရေးမှာ သုံးနှုန်းရတဲ့ ကာလချာမှာလဲ အန္တရာယ်ပိုးတွေ ပါနိုင်တာမို့ ကိုယ်ခံရိုးရာ ယဉ်ကျေးမှု ပဋိဇီဝများနဲ့ တိုက်ဖျက်ဖို့ သတိရှိနေရမှာပါ။ အထူးသဖြင့် မျိုးဆက်သစ်များအတွက် ကူညီဝိုင်းဝန်းပေးကြဖို့ ဖြစ်ပါတယ်။

ဒါကြောင့်မို့ 'ကာလချာ'ကို ကိုယ့်လူမှုအဖွဲ့အစည်းမှာ 'ဗာလချာ' မဖြစ်အောင် ထိန်းသိမ်းကြပါစို့ရဲ့။

www.burmeseclassic.com



www.burmeseclassic.com

# ကလီရှေး (CLICHE)

'ကလီရှေး'လို့ အသံထွက်တဲ့ ပြင်သစ်ဝေါဟာရဟာ အင်္ဂလိပ်ဘာသာစကားထဲမှာ တွင်ကျယ်နေပါတယ်။ ဒီပြင်သစ်ဝေါဟာရကို ၁၈၉၂ ခုနှစ်မှာ အင်္ဂလိပ်တို့ကစပြီး သုံးခဲ့ကြတယ်လို့ အထောက်အထားအမှတ်အသားရှိပါတယ်။ အင်္ဂလိပ်စကား ဝေါဟာရမှာတော့ ဟတ်ကနေး (HACKNEY) ဆိုတဲ့ စကားတစ်လုံးဟာ ကလီရှေးနဲ့ အဓိပ္ပာယ်တူပါတယ်။ နောက်ဝေါဟာရတစ်လုံးကတော့ ထရိုက် (TRITE) ဆိုတဲ့ အသုံးအနှုန်းပါပဲ။

'ကလီရှေး' နဲ့တကွ 'ဟက်ကနေး' တို့၊ 'ထရိုက်' တို့ရဲ့ အဓိပ္ပာယ်ကတော့ သုံးရိုးစွဲရိုး၊ ပြောရိုးဆိုရိုးဖြစ်လို့ 'မွဲပြာပုဆိုး' ဖြစ်နေတဲ့ ဝေါဟာရနဲ့ အသုံးအနှုန်း ဟန်ပန်တွေကို ဆိုလိုပါတယ်။ ဖန်တစ်ရာတေနေတယ်၊ ဆီသည် လက်သုတ်ဖတ်ဖြစ်နေတယ်လို့ မြန်မာအသုံးအနှုန်း တင်စားမှုနဲ့ တစ်ထပ်တည်း ဖြစ်ပါတယ်။ ဆီသည် လက်သုတ်ကို ကြည့်လိုက်ရင် တစ်ခါ ဆီကိုချင်တွယ်ပြီး တစ်ခါလက်ကိုသုတ်ရတဲ့အတွက် မည်းညစ်ညစ် ထူထိုင်းထိုင်းဖြစ်နေပါတယ်။ ဆီသည်ကိုတွေ့ဖို့ခက်တဲ့ ခုချိန်မှာ လူအထိုင်များတဲ့ လက်ဖက်ရည်ဆိုင်က စားပွဲမှာ တွေ့ရတဲ့ လက်သုတ်ပဝါလေးကို မြင်ယောင်ကြည့်နိုင်ပါတယ်။

www.burmeseclassic.com



ဖန်တစ်ရာတေနေတဲ့ အသုံးအနှုန်းများဟာ သုံးလွန်းစွဲလွန်းလို့ ရည်ရွယ်ရင်း အဓိပ္ပာယ်တွေတောင် မထိရောက်တော့ပါဘူး။ ကျေနပ်အောင် ပြောတယ်ဆိုရင် "စကားမို့ဆို၊ ပျားသို့ချို" ဆိုသလိုပါပဲ။ ဝါစာသိလိဋ္ဌဖြစ်အောင် ပြောကြတာပါ။ ကျွန်တော်တို့ အရှေ့တိုင်းသားတွေမှာ အရှေ့ဖျားမှာရှိတဲ့ ဂျပန်နိုင်ငံကအစ အရှေ့အလယ်ပိုင်းနိုင်ငံများအထိ ဖွယ်ရာမှုကို အလေးပေးကြပါတယ်။ တင်စားပြီးတော့လဲ အလွန်အကျူး ပြောကြတာရှိပါတယ်။ အင်္ဂလိပ်ဘာသာမှာတော့ အီဒီယံ (IDIOM) လို့ခေါ်တဲ့ အသုံးအနှုန်းတွေဟာ အသုံးများလွန်းတော့ ရိုးအီပြီးသွားကြရပါတယ်။ (အီဒီယံကို သီးသန့်အဓိပ္ပာယ်ထွက်သော အသုံးအနှုန်းများလို့ ဆရာတက်တိုးက အနက်ဖွင့်ပါတယ်။)

စစ်ကြိုခေတ်က ဆရာဒဂုန်တာရာရဲ့ "မေ" ဝတ္ထုမှာ "လေနုအေးသည် တန္တဲ့နွဲ့နှော့နေဆဲကို"ဆိုတဲ့ အသုံးအနှုန်းဟာ စစ်ပြီးခေတ် ဝတ္ထုတွေမှာ သဘောကျလို့ ဝိုင်းပြီးသုံးကြရေးကြတော့ "လေနုအေး" ဟာ ကလီရှေးဘဝ ရောက်သွားရပါတယ်။ ဆရာ ဗန်းမော်တင်အောင်ရဲ့ "ဘုန်းမောင်တစ်ယောက်ထဲရယ်" ဝတ္ထုမှာ 'တော့၊ ကာ၊ ဘဲ၊ ရယ်၊ နဲ့' ဆိုတဲ့စကားဆက်တွေကို ဝါကျတွေမှာ သုံးထားတာ အားကျပြီး လိုက်သုံးကြတော့ စာဟန်လဲမကျ၊ စကားပြောလဲမဟုတ်တဲ့ ပုံစံမျိုး ပေါ်ထွန်းခဲ့ပါတယ်။

ခပ်စောစောပိုင်း မြန်မာစာ အသုံးအနှုန်းများမှာ "ရှိသတတ်၊ ဖြစ်ချေသည်တမုံ့၊ ပြောလိုက်ပါဘိ၊ ဖြစ်သည်ဟူလို၊ ပြောစေခလို"စတဲ့ ဝါကျအဆုံးပိုင်းတွေကို အခုမသုံးကြတော့တာဟာ ကလီရှေးဖြစ်သွားကြလို့လား၊ ခေတ်သစ် ရေးဟန်နဲ့ အံမဝင်လို့လားဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။ ဒါတောင် "မဟုတ်ပါချေ၊ မဖြစ်ပါချေ၊ မဟုတ်ပါလား" ဆိုတဲ့ အသုံးအနှုန်းမျိုးကို ပြန်သုံးလာတာ တွေ့ရပါတယ်။ တစ်ကွက်

www.burmeseclassic.com



တလေ ဆိုရင်တော့ ဖတ်လို့အကောင်းသား၊ သုံးပုံက နေရာမကျ၊ ခဏ ခဏလဲ ထည့်ရေးနေပြန်တယ်ဆိုရင် ကလီရှေး ဖြစ်သွားတော့မှာပေါ့။

မကြာသေးခင်တုန်းကဆိုရင် စကားပြောတဲ့အခါ၊ စာရေးတဲ့အခါ တွေမှာ "ရပ်တည်ချက်" တို့၊ "အနေအထား" တို့၊ "အပိုင်း" တို့ဆိုတဲ့ ဟန်ပန်တွေကို များများသုံးခဲ့ကြပါတယ်။ ဒါနဲ့ပတ်သက်လို့ ရယ်စရာ တစ်ခုတောင် ပြောကြသေးတယ်။ လူတစ်ယောက်က သူ့လက်အောက် တပည့်ကိုခေါ်ပြီးတော့ သူ့အင်္ကျီကိုလျှော်ပြီး မီးပူတိုက်ဖို့ပေးတယ်တဲ့။ သူက သူ့တပည့်ကို "ဒီအင်္ကျီမှာ မင်းလုပ်ရမှာက နှစ်ပိုင်းရှိတယ်။ တစ်ပိုင်းက လျှော်ဖွပ်ဖို့၊ ကျန်တဲ့တစ်ပိုင်းက မီးပူတိုက်ဖို့ပဲ" လို့ပြောလိုက် တယ်။ တပည့်ဖြစ်သူကလဲ ဆရာမှာတဲ့အတိုင်း အင်္ကျီတစ်ပိုင်းကို ဆုတ်ဖြဲ ပြီးလျှော်တယ်။ ကျန်တဲ့တစ်ပိုင်းကို မီးပူတိုက်ပြီး နှစ်ပိုင်းစလုံး ပြန်ယူလာ တယ်လို့ ဆိုပါတယ်။ တကယ်တော့ ဟုတ်ဟန် မတူပါဘူး။ မလိုဘဲနဲ့ အသုံးလေ့ကြတာကို သရော်တဲ့ပြက်လုံးပေါ့။

"ကလီရှေး" ဖြစ်အောင် မွဲပြာပုဆိုးလုပ်ကြရာမှာ အရေးအသား ပုံစံမှာလဲ ဖြစ်တတ်တာကို ဆရာကြီးဖေဖေ့ မကွယ်လွန်မီက ပြောဖူးတာ မှတ်မိနေပါတယ်။ ကိုလိုနီခေတ်က ဒဂုန်မဂ္ဂဇင်းမှာ ဝတ္ထုရေးလေ့ရှိတဲ့ စာရေးဆရာတစ်ဦးဟာ သူရေးတဲ့ ဝတ္ထုတိုင်းလိုလိုမှာ "သေနတ်သံ ဒိုင်းခနဲ တစ်ချက်ကြားလိုက်ရ၏" ဆိုတဲ့ စာကြောင်းမျိုးနဲ့ ဇာတ်လမ်း စလေ့ရှိတာကို ဖတ်ရတဲ့အကြောင်းဖြစ်ပါတယ်။ မြင်ပါများတော့ငယ်၊ နမ်းပါများတော့ ပြယ်သွားတယ်လေ။ မထိရောက်တော့ဘူးပေါ့။

မကြာခဏ ဖတ်ရပြီး ကျွန်တော်တို့စိတ်ထဲမှာ ငြီးသွားတာကတော့ "လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်" ဆိုတဲ့ အသုံးအနှုန်းဖြစ်ပါတယ်။ အချစ်မေတ္တာကို ရင်ခေါင်းထဲက အသည်းနှလုံးနဲ့ တင်စားပြီးတော့ "ရင်ထဲမှာ ... ရင်ထဲမှာ ...' လို့ မကြာခဏ ဖွဲ့ကြတာတွေ၊ "ရင်ခုန်သံ"

www.burmeseclassic.com



လို့တင်စားတာတွေဟာ များလွန်းသလား၊ ဆီသည်လက်သုတ်ဖြစ်ပလား လို့ တွေးချင်စရာဖြစ်ပါတယ်။

ပြောဆိုခြင်း၊ ရေးသားခြင်းကိစ္စတွေဟာ သဘောပေါက်အောင် ဆက်သွယ်ခြင်းအမှုများ ဖြစ်ကြပေမယ့် အဓိပ္ပာယ်ထင်လင်းဖို့၊ နားရှင်းဖို့၊ နားမငြီး၊ မျက်စိမငြီးဖို့ လိုအပ်ချက်များ အမြဲရှိနေရမှာပေါ့။ ဒါ့ကြောင့် နိုင်ငံတကာ တက္ကသိုလ်တွေမှာ ဖတ်ပျော်တဲ့ စာရေးနည်း (READABLE WRITING) ဆိုပြီး စာပေဘာသာရပ်တစ်ခု သီးခြားပို့ချကြတာကို သတိပြုမိပါတယ်။

www.burmeseclassic.com



www.burmeseclassic.com

# ခရေးဇီး (CRAZY)

ခရေးဇီးဆိုတဲ့ ဝေါဟာရကို ဘာသာပြန်ကြည့်ဖို့ ကျွန်တော် စဉ်းစားကြည့်ပါတယ်။ အရူးထခြင်းလို့ ဆိုရမလား၊ အကြိုက်လွန်ခြင်းလို့ ဆိုရမလား၊ အရူးအမူးဖြစ်ခြင်းလို့ ဆိုရမလား၊ သို့လော သို့လော တွေးမိပါတယ်။ ဒါပေမဲ့ ကျွန်တော်စိတ်ကူးမိတဲ့ ဝေါဟာရတွေ အားလုံးဟာ သုံးနှုန်းရမယ့် အကြောင်းကိစ္စကိုလိုက်လို့ အံဝင်တာချည်းပဲလို့ ထင်ရပါတယ်။

ရုတ်တရက် ခေါင်းထဲဝင်လာတဲ့ အသုံးအနှုန်းတစ်ခုက စပိခရေးဇီး (Speed Crazy) ဆိုတာပါပဲ။ လမ်းပေါ်မှာသွားရင်း မကြာခဏတွေ့တဲ့ အဖြစ်အပျက်ပါ။ မော်တော်ကားကို မြန်မြန်မောင်းရမှ ကျေနပ်တဲ့သူတွေ၊ အမြန်မောင်းရတာကိုမှ စတိုင်ကျတယ်၊ ဇာတ်လိုက်နဲ့တူတယ်လို့ထင်တဲ့ ယာဉ်မောင်းတွေ ဖြစ်ပါတယ်။ ခရီးတွင်ချင်လို့၊ အလျင်စလိုရှိလို့ အမြန်မောင်းတဲ့လူတွေ ပါနိုင်သလို တစ်လမ်းလုံး သူ့ကားတစ်စင်းအတွက်သာ သီးခြားခွင့်ပြုထားတယ်လို့ ထင်ရအောင် ယာဉ်ကြောတွေကို ကသောကမြော ကျော်တက်၊ မလွတ်တလွတ်ဖြတ်မောင်း၊ မဟားဒယားလုပ်

www.burmeseclassic.com



သွားတဲ့ ယာဉ်နဲ့ ဆိုင်ကယ်တွေကို မြင်ကြရပါလိမ့်မယ်။ ယာဉ်ထိန်းရဲနဲ့ မတွေ့ရင်တော့ သူအစွမ်းပြသွားတာကိုသာ ရင်သပ်ရှုမော မြင်လိုက်ရမှာ ဖြစ်ပါတယ်။ မြင်ရင်းနဲ့ "ရိုင်းလိုက်တာ" လို့ စိတ်ထဲက ခံစားရမှာပါပဲ။ သူ ခရေးဇီးဖြစ်တာက အသက်နဲ့တော်တော်နီးပါတယ်။ သူ့အသက်ရော၊ လူများအသက်ရောပေါ့။

အဲဒီလူလို မဟုတ်ဘဲနဲ့ သူ့ဘာသာသူ ခရေးဇီးဖြစ်တဲ့ကိစ္စမျိုးလဲ ရှိပါတယ်။ "ဒီလူက ငါ့ကို ခရေးဇီးဖြစ်နေပြီ"လို့ မိန်းကလေး အချင်းချင်း ဖွင့်ဟကြရင်း ကြွားချင်ဝါချင်တာ။ ဒါပေမဲ့ သူ့ဘာသာ အရူးအမူး ချစ်နေတာ၊ ချစ်ဖို့ကြိုးစားနေတာဖြစ်လို့ သာမန်အားဖြင့် အပြစ်ကင်းပါ တယ်။ ဒါပေမဲ့ မယုတ်မလွန် မဟုတ်ဘဲ ခရေးဇီးဖြစ်တဲ့ကိစ္စမျိုးမှာ ကာယိန္ဒြေပျက်အောင် လုပ်မိတဲ့အထိ ဖြစ်နိုင်မယ့် အန္တရာယ်လဲ ရှိတာကို သတိထားရပါလိမ့်မယ်။

တစ်ခါတလေတော့ ခေတ်အလိုက် ပေါ်ပင်အရူးထကြတာ၊ အလေ့ အထ များကြတာတွေကိုလဲ ခရေးဇီးလို့ သုံးတတ်ကြပါတယ်။ လွန်ခဲ့တဲ့ နှစ် ၃၀ လောက်က ကိုယ်ပေါ်မှာ ကြိမ်ကွင်းစွပ်ပြီး ကိုယ်ကို ယိမ်းကာ လှုပ်ကာနဲ့ ခါးလယ်မှာ ကြိမ်ကွင်းလျှောမကျဘဲ လည်ပတ်နေအောင် လှုပ်ရှားပေးတဲ့ ကစားနည်းမျိုးကို တိုင်းတစ်ပါး အလေ့အထ ဝင်လာပြီး လုပ်ကြတယ်။ မြန်မာသတင်းစာတွေက ဖင်လိန်ကွင်းအကလို့ခေါ်ပြီး အင်္ဂလိပ်လိုတော့ ဟူးလားဟု(ပ်) (Hula Hoop) လို့ ခေါ်ကြပါတယ်။

နောက်တစ်ခါ ပလတ်စတစ်အပြား ခပ်ခိုးခိုးကို လေထဲမှာဝဲလည် ပြီး လေဟုန်စီး ရောက်လာဖို့ ပစ်ကစားကြတဲ့ နည်းတစ်နည်းလည်း တော်တော်လေး တွင်ကျယ်ခဲ့တယ်။ အဲဒီချပ်ပြားကို ဖရစ္စဗီ (Frisbbe) လို့ ခေါ်ပါတယ်။

www.burmeseclassic.com



နောက်တစ်မျိုးကတော့ ချက်နိုင်ငံက ပညာရှင်တစ်ဦး ထွင်တဲ့ အံစာတုံးလို အတုံးမှာ အကန့်ကလေးတွေ ပုံစံအနေအထား တူညီအောင် ရွှေ့လှည့်နိုင်တဲ့ ရသေ့စိတ်ဖြေ ကစားနည်းလဲ တွင်ကျယ်ခဲ့ပါတယ်။ တစ်ယောက်တည်းလုပ်ရတော့ အခု ကွန်ပျူတာ အကြီး၊ အသေးမျိုးစုံနဲ့ ထိုင်ရမထ ငြိမ်သက်နေကြသလိုပေါ့။ ဂျပန်နိုင်ငံမှာတော့ ပါချင်းကိုး (Pachinko) ဆိုတဲ့ ဂေါ်လီလုံးကလေးတွေကို ကျင်းထဲဝင်အောင် ခလုတ် နှိပ်ရတဲ့ မတ်တတ်ရပ် ကစားနည်းဟာ ငွေလဲရ၊ ရှုံးလဲ ရှုံးတတ်တော့ ဖဲသမားတွေ မဲလိုက်သလို ခရေးဇီးဖြစ်ရပြန်ရော။

ဒါတွေကတော့ ကစားနည်းနဲ့ ပတ်သက်တဲ့ သာဓကတွေပါ။ ဆင်ယင်ထုံးဖွဲ့မှုမှာဆိုရင် ရုပ်ရှင်မင်းသား၊ မင်းသမီးတွေရဲ့ အဆင်အပြင် အဝတ်အစားကိုကြိုက်ပြီး တုပကြတာ၊ အနောက်တိုင်းရုပ်ရှင်ပေါ်စက ဗလင်တီနို (Valentino) ရဲ့ ဘိုကေမှာ နားသယ်ကြီးကြီးပုံက စတာပါပဲ။ မနေ့တစ်နေ့ကဆိုရင် စံရွှေမြင့်ကာတွန်းထဲက ဆံပင်ပုံနဲ့ မျက်နှာပေးမျိုး ရအောင် အလုပြင်ကြတဲ့ အမျိုးသမီးတွေ တွေ့ရပါတယ်။ ဒွေးဆံပင်ကို တုတဲ့ လူငယ်တွေလဲ များပါတယ်။ ဒါလဲ ခရေးဇီးဖြစ်ပြီး တုပကြတာပါ။

ခုတလောတော့ စည်သူလွင်ရဲ့ ဆံပင်ဆေးဆိုး အလယ်ခွဲ ဘေးချ ပုံစံမျိုးကို လူငယ်တွေ ခရေးဇီးဖြစ်ကြလွန်းလို့ မြို့တစ်မြို့မှာ ဆံပင်ညှပ် ဆံသဆိုင်တွေ သိပ်ပြီးအလုပ်ဖြစ်နေကြတယ်လို့ မကြာခင်က ဂျာနယ် တစ်စောင်မှာ ဖတ်လိုက်ပါတယ်။ ရုပ်ရှင်မင်းသားကြီး ခင်မောင်ရင်ရဲ့ ဘိုကေ အလယ်ခွဲပုံကိုလဲ တစ်ချိန်က လိုက်တုခဲ့ကြတာကိုတော့ ခေတ်ကာလက မေ့သလောက် ရှိပါပြီ။

ပြောဟန်ဆိုဟန်တို့မှာ ရုပ်ရှင်ဒါရိုက်တာ မင်းသားကြီး ကိုမြတ် လေး စကားပြောတာတို့၊ တက္ကသိုလ်မျိုးချစ်ရဲ့ ဆိုဟန်ပြောဟန်တို့အပြင်

www.burmeseclassic.com



တွံတေးသိန်းတန်ရဲ့ အဆိုပိုင်ပုံမျိုးကိုပါ သူ့ခေတ်နဲ့သူ လူငယ်တွေ ခရေးဇီး ဖြစ်ကြပါတယ်။ အဲဒီဟန်ပန်မျိုးကို ပြန်လည်ဆန်းသစ်ရင်လဲ လူကြိုက်များကြတာ တွေ့ရပါတယ်။

ခရေးဇီးဖြစ်ခြင်းဟာ ဖက်ရှင်တို့၊ အနေအထိုင်တို့မှာ တုပကြသလို အများကောင်းကျိုးဆောင်တာတို့၊ မျိုးချစ်စိတ်ရှိတာတို့၊ အားကစား ထူးချွန်မှုတို့ကိုလဲ နှစ်သက်အားကျ တုပကြတာလဲ တွေ့ရပါတယ်။ ဒါကြောင့် ခရေးဇီးဖြစ်တိုင်း အပြစ်ဖြစ်တာမဟုတ်ဘဲ တုပသင့်တဲ့ လူမှု ဓလေ့နဲ့ သဘောထားများလဲ ရှိတဲ့အတွက် အကျိုးသင့် အကြောင်းသင့် "ခရေးဇီး" ဖြစ်ကြရင် ကောင်းပါလိမ့်မယ်။

# ကဲယား (CARE)

အသံထွက် အမှန်ကတော့ 'ကဲ' ဆိုပြီး အသံရှည်ဆွဲရတဲ့ အသံထွက် ဖြစ်ပါတယ်။ ဒါပေမယ့် 'ကဲယား' လို့ဆိုမှ သာမန်သဘောပေါက်ဖို့ လွယ်စရာရှိပါတယ်။ ဒီစာလုံးဟာ ဟုပ်(Hope) တို့၊ ထရု(သ်) (Truth) တို့၊ လပ်ဗ် (Love) တို့လိုပဲ အနှစ်သာရသဘောဆောင်တဲ့ စကားလုံး ဖြစ်ပါတယ်။ 'ကဲယား' သို့မဟုတ် 'ကဲ' ဟာ အသုံးတွင်တဲ့ ဝေါဟာရလို့ပဲ ဆိုနိုင်ပါတယ်။

ဒီစာလုံးရဲ့ ဆိုလိုတဲ့ အနက်ကို လူသိတာ များပါတယ်။ ပြုစုစောင့်ရှောက်ခြင်း၊ ဂရုစိုက်ခြင်း၊ သတိမူခြင်းဆိုတဲ့ မူလ အဓိပ္ပာယ်တွေ ရှိတာမို့ တရားကိုယ်သဘောဆောင်တယ်၊ အက်ဗ်စထရက် (Abstract) ဖြစ်တယ်လို့လဲ ပြောလို့ရပါတယ်။

ကမ္ဘာပေါ်မှာ 'ကဲယား' ဆိုတဲ့ အင်္ဂလိပ်စာလုံးကို အတိုကောက်ပြုပြီး ကူညီစောင့်ရှောက်တဲ့ အဖွဲ့အစည်းတွေလည်း ရှိပါသေးတယ်။ CARE ဆိုတဲ့ အက္ခရာ လေးလုံးရဲ့ ဝေါဟာရတွေကို တစ်လုံးချင်း အဓိပ္ပာယ်နဲ့ ပြန်တွဲထားတာပေါ့။ ဒီလှုပ်ရှားမှုဟာ လူ့အခြေခံစိတ်ထား တစ်ရပ်ကို ပေါ်လွင်စေတာပါပဲ။ ပြုစု၊ စောင့်ရှောက်၊ ရိုင်းပင်း၊ ကူညီ၊ စောင်မ၊ ကာကွယ်ဆိုတဲ့ အပြုအမူတွေနဲ့ ဆက်စပ်သွားပါတယ်။ ဒါပေမဲ့

www.burmeseclassic.com



ဒီကိစ္စတင်ပဲ သုံးသလားဆိုတော့ မဟုတ်ပါဘူး။ "ဂရုမစိုက်ပါဘူး" (Don't care) ဆိုတဲ့ ငြင်းပယ်တဲ့သဘော၊ မူလအဓိပ္ပာယ်ကို ဆန့်ကျင် 'ဘူးခံ' ပြီး သုံးကြတာလဲ ခေတ်စားနေတာတော့ ကမောက်ကမနိုင် လှတယ်။ ပြောရရင် အိုင်ရွန်းနီး (Irony) ဖြစ်တယ်ပေါ့။

ပြီးတော့လဲ အသုံးတွင်ကျယ်တဲ့ 'ကဲယား' ပါတဲ့ စကားတစ်လုံး ကတော့ 'ကြောင့်ကျဖို့ မလိုသော' (Carefree) ဆိုတဲ့ အသုံးအနှုန်း ဖြစ်ပါတယ်။ 'ဒုန့် ကဲယား' လိုပဲ၊ 'ကဲယားဖရီး' လို့ ဆိုခြင်းပါ။ ဒီစကားလုံး ကတော့ သူများကိုရော ကိုယ့်ကိုယ်ကိုရော ကူညီစောင့်မတဲ့သဘော မဟုတ်ဘဲနဲ့ ဖာသာလဝါ အေးအေးနေချင်တဲ့ စိတ်ထားကို ဖော်ပြတာပါ။ လူတစ်ယောက်မှာ ပူပင်စရာတွေရှိတယ်၊ သိုင်းဝိုင်းစရာတွေ ရှိတယ်၊ ဆောင်ရွက်ပေးစရာတွေ ရှိတယ်ဆိုတဲ့ အခြေအနေမျိုးမှာ ဒီတာဝန်၊ ဒီဝတ္တရားတွေက ခေတ္တခဏပဲဖြစ်ဖြစ် ရုန်းထွက်ချင်တဲ့ သဘောကို ဖော်ပြတာပါ။ ဒါမှမဟုတ် ဒီသဘောကို တင်စားတာပါ။ ဘယ်သူမှတော့ ကြောင့်ကျမှု ကင်းနိုင်တယ်ရယ်လို့ မရှိပါဘူး။ ဒါပေမဲ့ အခြားသူများနဲ့ နှိုင်းယှဉ်ရင် ပြုဖွယ်၊ ဆောင်ဖွယ် နောက်ကြောင်းမအေးတဲ့ ကိစ္စမျိုး နည်းတာ၊ ဗာဟီရနည်းတာ၊ ကြောင့်ကျငြိမ်းတာကို ဆိုလိုပြီး ပြောဆို ရေးသားတာလို့လဲ ပြောနိုင်ပါတယ်။

ဒီကိစ္စမျိုးမှာ ကွယ်လွန်သူ ကျွန်တော်တို့ မိတ်ဆွေ ဆရာဦးကြီး မောင် (ငွေဥဒေါင်း) က သူ လူလတ်ပိုင်းအရွယ်က ကျွန်တော်တို့ အလုပ် ခွင်တစ်ခုထဲမှာ လုပ်ကြရင်းနဲ့ စကားစမြည် ပြောကြဆိုကြရာမှာ 'ကျုပ်အဖို့ကတော့ အပ္ပကိစ္စောပဲ' လို့ ပါဠိစကားနဲ့ သုံးပြီး ပြောလေ့ရှိပါ တယ်။ ဒါတောင် အသက်ကြီးလာတော့ ဆရာဟာ တောင်ကြီးမြို့မှာ အခြေစိုက်ရင်းက ရန်ကုန်စာပေမိတ်ဆွေတွေနဲ့ တွေ့ချင်လို့ မကြာခဏ ဆင်းလာရတာ၊ 'ဗုဒ္ဓစာပန်းချီ' လို့ သူ့စာအုပ်တွေ ပြန်ထုတ်ဖို့ ရန်ကုန်ကို လွှဲအပ်စီစဉ်ရတာ၊ ရှမ်းပြည်နယ်က ဆောင်းအအေးဒဏ်ကို ရာသီအလိုက်

ရှောင်ချင်ရတာ၊ အမရပူရ တောင်သမန်အင်းဘေးက ဆရာတော် ကိုပညာတို့ရဲ့ ကျောင်းသင်္ခမ်းရိပ်မှာခိုပြီး ရူတင်သဘော ကျင့်ချင်ရတာ တွေ ရှိလာပါတယ်။

အမှန်ကတော့ ကြောင့်ကျကင်းတဲ့အဖြစ်မျိုး၊ ကိစ္စငြိမ်းတဲ့အဖြစ် မျိုးကို လူတိုင်းတောင့်တကြတယ်၊ အားကျကြတယ်ဆိုတာ သိနိုင်ပါ တယ်။ ဒီအခြေအနေမျိုးကို ခဏတဖြုတ်ဖြစ်ဖြစ် ခံစားနိုင်ဖို့ ခရီးထွက် ကြတာ၊ အပန်းဖြေထွက်ကြတာတွေ ရှိပါတယ်။ ဒါပေမဲ့ ခုခေတ်လို အပြိုင်အဆိုင် ကြိုးစားရတဲ့ခေတ်မှာ အဲဒီလို ခဏတဖြုတ် ရယူတဲ့ အချိန် မှာတောင်မှ နောက်ကြောင်းက မအေးချင်ပါဘူး။ မအေးနိုင်တဲ့အထဲမှာ အငြိမ်းစားတဲ့ အရွယ်မှာတောင် မငြိမ်းနိုင်တဲ့ ဘဝရုန်းကန်မှု လူမှုကိစ္စတွေ ရှိကြပါတယ်။

ဒီလိုအခြေအနေမှာ ဗုဒ္ဓဘာသာတွေအဖို့ တရားစခန်းဝင်တဲ့အလုပ် မျိုးဟာ ကုသိုလ်ပါရမီ ပြုရာရောက်တဲ့အပြင် စိတ်အနေ လေ့ကျင့်မှုနဲ့ အတူ ကြောင့်ကျငြိမ်းရေးကို ဖန်တီးလေ့ကျင့်ရာရောက်တာမို့ လိုလား နှစ်သက်စရာ ဖြစ်ပါတယ်။ အနောက်တိုင်းမှာဆိုရင် ဖြစ်ပျက်တရားကို ရှုမှတ်ဆင်ခြင်တဲ့ အလေ့အထ မပွားများလှတဲ့အတွက် အိန္ဒိယ ယောဂီ ကျင့်စဉ်မျိုးရော၊ ဗုဒ္ဓဘာသာ ဝိပဿနာ အားထုတ်မှုမျိုးကိုရော အထူး တလည် လေ့ကျင့် လိုက်စားလာကြတာကိုလဲ သတိပြုမိရပါတယ်။

ဒီလိုစိတ်ထားနိုင်အောင် အနောက်တိုင်း စိတ်ကုနည်းနဲ့ စိတ်ဖြေ လျှော့နည်းမျိုးစုံကို ငွေကုန်ကြေးကျခံပြီး လေ့ကျင့် နည်းခံကြရတာ တွေလဲ ရှိပါတယ်။ ကျွန်တော်တို့ မိတ်ဆွေကြီး ဦးလှမြိုင် (ကိုဆောင်း) ဆိုရင် တစ်နှစ်မှာ ရက် ၂၀ လောက် တရားစခန်းဝင်ရင်း ဆောက်တည်မှု ကိုရှာတာ တွေ့ရပါတယ်။ ကြောင့်ကျငြိမ်းတယ်လို့လဲ ဆိုပါတယ်။ ဒါဟာ 'ကဲယားဖရီး'ဆိုတဲ့ ကြောင့်ကျငြိမ်းခြင်းနဲ့ ယှဉ်ပြီးဆိုရတာပါ။ တကယ် ဆိုရင် 'ကဲယား' ဆိုတဲ့ ပြုစု၊ စောင့်ရှောက်၊ ကူညီမှုတွေကို စိတ်ရော

www.burmeseclassic.com



ကိုယ်ပါ ပြုနိုင်သူဆိုရင်လဲ ခံယူရတဲ့သူ စိတ်ချမ်းသာနိုင်သလို၊ ဆောင်ရွက်ပေးတဲ့သူလဲ စိတ်ချမ်းသာမှုဖြစ်နိုင်ပါတယ်။ 'ကဲယား' ဆိုတဲ့ စကားလုံးဟာ စိတ်အခြေအနေကို တိုက်ရိုက်အခြေမခံပေမယ့် ဆက်နွယ်တတ်ရင် လူတစ်ယောက် စိတ်အခြေရဲ့ အကောင်းအဆိုးကို ဖန်တီးနိုင်တယ်လို့ ဆိုချင်ပါတယ်။

'ကဲယား' အသုံးအနှုန်းထဲမှာ 'သတိထား'၊ 'ဂရုစိုက်' လို့ ပြောလိုတဲ့ (Be careful) ဆိုတဲ့ စကားနဲ့၊ 'ဂရုမမူတတ်ခြင်း' (Carelessness) ဆိုတဲ့ စကားတွေကတော့ နေ့စဉ်သုံးနေကျပါ။ အခုအခါ သတင်းထဲမှာတွေ့ရတဲ့ ကလေးပြုစု စောင့်ရှောက်ရေးဆိုတဲ့ ချိုင်းကဲယား (Child care)၊ မိခင်ပြုစုစောင့်ရှောက်ရေးဆိုတဲ့ မာတားနဲ ကဲယား (Maternal care)၊ ကျန်းမာရေး စောင့်ရှောက်ရေးဆိုတဲ့ ဟဲ့လ်တ်ကဲယား (Health care)၊ အရေးကြီး စောင့်ရှောက်မှုဖြစ်တဲ့ အင်တင်းဆစ် ကဲယား (Intensive care)၊ နေ့အခါ ကလေးသူငယ် ထိန်းသိမ်းစောင့်ရှောက်မှု အစီအစဉ်ဖြစ်တဲ့ (Day care) တို့ဟာ ကမ္ဘာနဲ့အဝန်း တွင်ကျယ်တဲ့ အသုံးအနှုန်း၊ စနစ်တကျလုပ်ဖို့ လိုအပ်တဲ့လုပ်ငန်းကဏ္ဍတွေ ဖြစ်တာကိုလဲ ဂရုပြုသင့်ကြပါတယ်။

'ကဲယား' ဆိုတဲ့ စကားလေးတစ်လုံးဟာ လက်ခံအသုံးပြုသူကို လိုက်လို့ တရားကိုယ်သဘောပါတဲ့အပြင် လောကကြီးမှာ ဆောင်အပ်တဲ့၊ နှလုံးသွင်းအပ်တဲ့ ဝေါဟာရလေးအဖြစ်နဲ့ စွဲမြဲကျင့်ကြံသင့်ပါတယ်လို့ ဆိုချင်ပါတယ်။

www.burmeseclassic.com

# ကွန်ရှူးမားစ် (CONSUMERS)

ဈေးကွက်စီးပွားရေး စနစ်ကြောင့် လူမှုရေး ခေတ်တစ်ခေတ် ပေါ်ထွန်းလာပါတယ်။ အဲဒါက တခြားမဟုတ်ပါဘူး။ စားသုံးသူခေတ်လို့ ဆိုရပါလိမ့်မယ်။

လူတွေဟာ အများစုအနေနဲ့ စားသုံးသူဖြစ်ခဲ့တာ ကြာပါပြီ။ အဲဒီလို မဖြစ်ခင်တုန်းကတော့ စိုက်ပျိုးသူ၊ ကုန်ထုတ်သူ၊ ဝန်ဆောင်သူရယ်လို့ ပေါ့။ စိုက်ပျိုးသူဘဝက ပထမဆုံး စပါတယ်။ စိုက်ပျိုးရင်း မွေးမြူရေးလဲ လုပ်ရတာပေါ့။ ကိုယ်စားဖို့ ကိုယ်စိုက်၊ ကိုယ်စားဖို့ ကိုယ်မွေးရယ်လို့ သူများကို အပူမရှာပါဘူး။ အပူရှာစရာ လုပ်ငန်းတွေလဲ မရှိခဲ့ပါဘူး။

၁၉ ရာစုမှာ စက်မှုခေတ်ကြီး ပေါ်ထွန်းလာတော့ လူအများဟာ ကုန်ထုတ်သူဘဝကို တစ်စထက်တစ်စ ရောက်ကြရပါတယ်။ ကုန်ထုတ်တဲ့နေရာမှာ အခစားအလုပ်သမားတွေ ဖြစ်လာကြတယ်။ လုပ်ခ၊ အလုပ်ချိန်၊ နားနေခွင့်၊ အငြိမ်းစားယူချိန်တို့ကိုပါ တစ်ဆက်တည်း သတ်မှတ်လာကြရပါတယ်။

ခုအခါမှာတော့ "ဟိုင်းတက်" (Hi-Tech) ဆိုတဲ့ အဆင့်မြင့်နည်းပညာနဲ့ ကုန်ထုတ်မှုမှာပါ သုံးလာတာလဲတစ်ကြောင်း၊ စီးပွား

www.burmeseclassic.com



ကုန်သွယ်မှု ကျယ်ပြန့်လာလို့ လူနေမှု အဆင့်အတန်း မြင့်လာတာလဲ တစ်ကြောင်းတို့ကြောင့် ဝန်ဆောင်မှုဘက်ကို လုပ်အားတွေ ပြောင်းရွှေ့ နေကြပြန်ပြီ။ လာမယ့် ၂၁ ရာစုနှစ်ဟာ ဝန်ဆောင်မှု ရာစုနှစ်ဖြစ်လိမ့်မယ် လို့တောင် လူမှုသိပ္ပံဆရာတွေက ဟောကိန်းထုတ်ထားကြပါတယ်။

ခရီးသွားကြမယ်၊ စားသောက်ကြမယ်၊ ပညာအမျိုးမျိုးရှာကြမယ်၊ အားကစားနဲ့ ကျန်းမာမှု လိုက်စားကြမယ်၊ အချိန်ပို အချိန်အားတွေရှာကြ မယ်ဆိုတဲ့ ဦးတည်ချက်တွေ ထားနိုင်လာကြတာမို့ ဧည့်ကြိုလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ပို့ဆောင်မှုလုပ်ငန်း၊ ပညာပေးမှုလုပ်ငန်းနဲ့ ဖြေဖျော်မှုလုပ်ငန်းတွေကို အချိုးအစား ပမာဏ ကျယ်ပြန့်ပြီး လာနေ တာကို တွေ့ရပါတယ်။

ဒါပေမဲ့ လူတွေရဲ့ ပဓာနလိုအပ်ချက်ဖြစ်တဲ့ စားမှု၊ ဝတ်မှု၊ နေမှုကိစ္စ တွေက ဘယ်ခေတ်မှာမဆို ရှိခဲ့တာဆိုတော့ လူဟာ အခြေခံအားဖြင့် စားသုံးသူပါပဲ။ ကိုယ်တိုင် စိုက်ပျိုးမွေးမြူ ထုတ်လုပ်တဲ့ကဏ္ဍမှာ အများစု က တိုက်ရိုက်မပါဝင်ရပေမယ့် သူများလုပ်အားကို အကြောင်းပြုတဲ့ ကိစ္စတွေကို အပြန်အလှန် အားထား အသုံးပြုနေကြရတာ၊ စားသုံးနေ ကြရတာ နေ့စဉ်ကိစ္စဖြစ်ပါတယ်။ စားသုံးတဲ့သူတိုင်းဟာ စားရုံတင် မဟုတ်ဘဲ သုံးလဲသုံးဖို့ လိုအပ်ပါတယ်။ စားကြ၊ သုံးကြတဲ့နေရာမှာ လိုအပ်သလောက်တင် မဟုတ်ကြပါဘူး။ ကြိုက်ရင်ကြိုက်သလို၊ တတ်နိုင် ရင် တတ်နိုင်သလို ကျေနပ်မှုရှာကြတဲ့အပြင် ကျေနပ်မှုဆိုတာကလဲ ပုထုဇဉ်တို့ဘာဝ အကန့်အသတ် ရှိနိုင်ခဲပါတယ်။ ချမ်းသာ ကြွယ်ဝပြီး ဖြစ်နေတဲ့ နိုင်ငံတွေမှာ အဆင်ပြေမှုဖြစ်တဲ့ မော်တော်ကား၊ ရုပ်မြင် သံကြား၊ တယ်လီဖုန်း စတာတွေ၊ စည်းစိမ်ခံမှုဖြစ်တဲ့ ပွဲလမ်း၊ ဖက်ရှင်၊ အဖိုးတန် အစားအသောက်၊ အဝတ်အထည် စတာတွေကို ပခုံးချင်းယှဉ် ပြီး သူ့ထက်ငါကောင်း အပြိုင်အဆိုင်သုံးစွဲ ဂုဏ်ပြိုင်ကြတဲ့အတွက် သူတို့ လူမှုရေးကို လေ့လာတဲ့ ပညာရှင်တစ်ဦးက “ဂုဏ်သရေ အဆင့်အတန်း

www.burmeseclassic.com



ရှာသူများ” (Status Seekers) ရယ်လို့ စာအုပ်တစ်အုပ် ရေးပြီး အသေးစိတ် သုံးဖြုန်းမှုတွေ ဖွင့်ချခဲ့တာကို မှတ်မိပါတယ်။

သူတို့လို သုံးနိုင်၊ ဖြုန်းနိုင် မဟုတ်ကြဘဲ လိုအပ်ချက်ကို ဝန်နဲ့အား မျှပြီး သုံးရတဲ့ စားသုံးသူအများစုရဲ့ဘက်က ရပ်တည်ပြီး ကြည့်သင့်တာ တွေလဲ ရှိနေပါတယ်။ အဲဒီစားသုံးသူတွေမှာ သုံးစွဲရတဲ့ ငွေကြေးနဲ့အညီ ထိုက်သင့်တဲ့ အရည်အသွေးတွေ ရသင့်ပါတယ်။ ဒါမှ သုံးစွဲရကျိုးနပ်မယ့် ကိစ္စဖြစ်မှာပါ။ ဒီလို အခွင့်အရေး၊ အခွင့်အလမ်းရှိသင့်တဲ့အကြောင်းကို စက်မှုနိုင်ငံတွေမှာတော့ ကျင့်ဝတ်ကျင့်ထုံးတွေ၊ စည်းကမ်း ဥပဒေတွေ၊ ကြပ်မတ်မှုတွေ အနည်းနဲ့အများ ရှိတာကို ကြားရပါတယ်။

စားသုံးသူဘက်က ရပ်တည်ဆောင်ရွက်ပေးတဲ့ အသင်းအပင်းတွေ၊ အသိပေး တိုင်ကြားရမယ့် တာဝန်ခံဌာနတွေအကြောင်း တစ်ခါတလေ ဖတ်ရပါတယ်။ ကျွန်တော်တို့ဆီမှာလဲ လူသုံးပစ္စည်းမျိုးစုံ ပြည်တွင်းပြည်ပ က ထုတ်လုပ်တာကို သုံးစွဲလာနိုင်ပြီဆိုတော့ ဒီလိုအစီအမံမျိုး ပေါ်ပေါက် လာသင့်တယ်လို့ ဆိုရပါလိမ့်မယ်။ အထူးသဖြင့် စားသုံးသူ ဝယ်ယူရရှိတဲ့ ကုန်ပစ္စည်းက စရမှာ ထင်ပါတယ်။

မြန်မာမဂ္ဂဇင်းတစ်စောင်မှာ ရန်ကုန်မြို့ထဲက သူဝယ်ခဲ့တဲ့ စားစရာ ပစ္စည်းဘူးတစ်ခုထဲမှာ မလတ်ဆတ်တော့တဲ့ စားစရာ တွေ့ရတယ်လို့ စားသုံးသူတစ်ဦးက ရေးသားတင်ပြထားတာ ဖတ်လိုက်ရတယ်။ လူသိ အောင် ပြောတာပေါ့။ ဒါမျိုးမဖြစ်စေချင်ဘူးပေါ့။

စကားစပ်လို့ ပြောရရင် စားသုံးသူဆိုတာကို ကွန်ဇူးမား (Consumer) လို့ ခေါ်ဆိုတာဟာ နားမစိမ်းကြတော့တဲ့ ဘာသာခြားစကားလို့ ထင်မိတယ်။ စားသုံးသူရဲ့ အခွင့်အရေး ရှိအပ်ကြောင်းကို ကွန်ဇူးမားစ် ရိုက် (Consumer's Right) ရယ်လို့ သုံးနှုန်းလာကြပါတယ်။ ဒီအခွင့်

www.burmeseclassic.com



အရေးမှာတော့ ကိုယ်ပေးတဲ့ငွေကြေးတန်ဖိုးထက် ပိုလိုချင်လို့တော့ မဖြစ်နိုင်ပါဘူး။ တန်ရာတန်ကြေး ဖြစ်ရမယ်၊ ကြော်ငြာတဲ့အတိုင်း အမှန်အကန်ဖြစ်ရမယ်၊ ပစ္စည်းမှန်ရမယ်၊ အန္တရာယ် မဖြစ်စေသင့်ဘူး၊ လှည့်ပတ်ဖြားယောင်းပြီး စွံအောင်ထုတ်တဲ့နည်း မဖြစ်စေရဘူး ဆိုတာတွေဟာ ယေဘုယျ လိုအပ်ချက်တွေပါပဲ။

မတ်လ ၁ ရက်နေ့တုန်းက ဆင်ဟွာသတင်းဌာနရဲ့ သတင်းတစ်ပုဒ်မှာ စားသုံးသူတွေကို အကာအကွယ်ပြုဖို့ စည်းကမ်းနည်းလမ်းသစ်တွေကို ထုတ်ပြန်တော့မယ်လို့ တရုတ်နေ့စဉ်သတင်းစာကြီးက ရေးသားလိုက်တာကို ဖတ်ရပါတယ်။ မတ်လ တစ်လလုံး စားသုံးသူတွေသိအောင် ပညာပေးဦးမယ်တဲ့။

ခုတလော ဖတ်ရတဲ့ သတင်းတွေမှာ တရုတ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ရုရှား စတဲ့နိုင်ငံတွေမှာ စားနိုင်သောက်နိုင်တဲ့အပိုင်းက အလျှံပယ်စားသုံးလာကြတာ အဆင်အခြင် အတိုင်းအတာမရှိ၊ နိုင်ငံရပ်ခြားပစ္စည်းတွေကို ဈေးကြီးပေးပြီး ဂုဏ်တုဂုဏ်ပြိုင်လုပ်ကြတာ၊ သုံးရင်းစွဲရင်းနဲ့ ငွေနောက်ကို လိုက်ကြတာ၊ အပျော်အပျက်တွေ များလာတာအပြင် ကိုယ့်စရိုက်၊ ကိုယ့်ဘာသာ ရိုးရာလူမှုတန်ဖိုးများ ရွှေ့လျော လျော့ရဲလာတာ စတဲ့ သတိချပ်စရာတွေလဲ ပါပါတယ်။

သာမန် လူတန်းစေ့ စားသုံးကြသူအများစု အနေနဲ့ကတော့ ရောင်းဝယ်ဖောက်ကားမှုကိစ္စမှာ ထုတ်လုပ်သူ၊ ရောင်းချသူနဲ့ ဝန်ဆောင်သူတွေဆီက ထိုက်တန်မှန်ကန်တဲ့ ပစ္စည်းနဲ့ လုပ်အားတန်ဖိုးကိုရအောင် သိုင်းဝိုင်းကြရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com



# ကော်မာရှယ် (COMMERCIAL)

ကော်မာရှယ် ဆိုတဲ့စကားကို ကိုလိုနီခေတ်ကတည်းက သုံးခဲ့ကြပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရလာတော့ ကူးသန်း ရောင်းဝယ်ရေး ဆိုတဲ့ ဝေါဟာရနဲ့ လဲလှယ်ပြီး သုံးကြပါတယ်။ ကွန်းမာ့စ် (Commerce) ဆိုတာဟာ ကော်မာရှယ်ရဲ့ မူရင်းစကား ဖြစ်ပါတယ်။

ဒီဝေါဟာရနဲ့ မနီးယိုးစွဲ အနက်ရှိတဲ့ စကားတွေကတော့ ထရိတ် (Trade)၊ မားကက်တင်း (Marketing)၊ ဘီးဆီးနက် (Business) ဆိုတာတွေ ဖြစ်ပါတယ်။

ကော်မာရှယ်ဆိုတဲ့ စကားလုံးကို တွဲသုံးခဲ့တဲ့ မြန်မာ အသုံးအစွဲတွေလဲ ရှိခဲ့ပါတယ်။ "ကော်မာရှယ်ကောလိပ်" ဆိုတဲ့ အသုံးအနှုန်းပါ။ ဟိုတုန်းက လက်ရေးတို၊ လက်နှိပ်စက်၊ စာရင်းကိုင်ပညာတွေကို သင်ပေးတဲ့ ကျောင်းတွေကို ခေါ်ဝေါ်တာပါပဲ။ အခုလို နိုင်ငံခြား ဘာသာစကား သင်တန်းတွေ၊ ကွန်ပျူတာသင်တန်းတွေ မပေါ်ခင်တုန်းက တွင်ကျယ်ခဲ့တဲ့ ကျောင်းတွေပေါ့။

ခေတ်ပေါ် အသုံးအစွဲမှာတော့ "ကော်မာရှယ်" ဟာ တစ်နည်းတစ်ဖုံ နယ်ပယ်ကျယ်ပြန့်လာတယ်လို့ ဆိုရပါလိမ့်မယ်။ အခုခေတ်ပေါ် ရုပ်မြင်သံကြား အစီအစဉ်များကို ကြည့်ရတာ ထုတ်လွှင့်တဲ့ဌာနတွေက

www.burmeseclassic.com



စရိတ်ကျေအောင်လို့ ကြော်ငြာတွေ ထည့်ပြသကြတယ်။ ကြော်ငြာကိုလဲ လူကြိုက်များပြီး လူအများကြည့်အောင်ဆိုပြီး ဇာတ်လမ်းလို စိတ်ဝင်စားစရာ အစီအစဉ်မျိုးမှာ ကြားညှပ်ပြီး ထည့်ပေးကြရတယ်။ ကြော်ငြာထည့်သူတွေကလဲ လွှင့်ထုတ်မယ့်အချိန်နဲ့ အစီအစဉ်ကိုလိုက်ပြီး လူကြည့်များမယ့် အချိန်ကိုလုပြီး ထည့်ကြတယ်။ ဒီအခါမှာ ရုပ်မြင်သံကြားပရိသတ်အဖို့ ကြည့်ကောင်းတုန်း ကြော်ငြာဝင်တော့ ဆံ့တင့်ငံ့ ဖြစ်ရပါတယ်။

အင်္ဂလိပ် အစီအစဉ်တွေမှာဆိုရင် "ကျွန်တော်တို့ အစီအစဉ်ကို အားပေးကူညီတဲ့ဌာနက ပြောစရာလေးရှိပါတယ်" (Here is a word from our sponsor) ဆိုပြီး ကြော်ငြာပေါ်လာတော့တယ်။ ဟိုတုန်းက ဒီလိုကြေညာပေမယ့် အခုတော့ ဘွားခနဲ ကြော်ငြာပေါ်လာတော့တာပဲ။ ဒီအခါမှာ ကြည့်တဲ့လူက "အို ... ကြော်ငြာလာပြန်ပြီ" (Oh, Commercial) ဆိုပြီး အာမေဋိတ် ပြုပါတော့တယ်။

အခုတော့ ကော်မာရှယ်တွေဟာ နေရာတကာမှာ ဖြစ်နေပါပြီ။ ညှော့ခံပွဲမှာ ဖိတ်ကြားပြီး ကံစမ်းမဲဖောက်တာ၊ သီချင်းဆိုတာ၊ အဝတ်အစားအလှပြတာ၊ ကုန်ပစ္စည်း မေတ္တာလက်ဆောင်ပေးတာတွေ အားလုံးဟာ ကော်မာရှယ်ကိစ္စဖြစ်ပါတယ်။ ဒါပေမဲ့ ပရိုမိုးရှင်း (Promotion) လို့လဲ အခုခေါ်ကြတယ်။ Sale Promotion ဆိုတဲ့ အရောင်းတိုးမြှင့်ခြင်းကို "တိုးမြှင့်ခြင်း" လို့ အဖျားဆွတ်ပြီး "ပရိုမိုးရှင်း" လို့ ခေါ်တာပေါ့။

ဒီလိုနဲ့ မီးခြစ်ဘူးကလေးတွေမှာ စီးကရက်အမည်တွေ ပုံနှိပ်ဖော်ပြကြတယ်။ ဘောပင်တွေမှာ ပစ္စည်းအမည်ပါတယ်။ ဆေးလိပ်ပြာခွက်တွေမှာ ဓာတ်ပုံဖလင် အမျိုးအစား နာမည်တွေ ပါလာတယ်။ ဒိုင်ယာရီစာအုပ်၊ ကက်ဦးထုပ်မှာလဲ မကျန်ဘူးပေါ့။

အခုတော့ ခုလို ကုန်အမှတ်တံဆိပ်ပါတဲ့ ပစ္စည်းတွေ များပြားလာလို့ သူနဲ့ သက်ဆိုင်တဲ့ မူရင်းကုမ္ပဏီကပဲ ထုတ်လုပ် ဖြန့်ချိတော့တယ်။

www.burmeseclassic.com



ဟိုတုန်းကဆိုရင် ဒီလို တံဆိပ်ကလေးပါတာကိုပဲ ဂုဏ်ရှိတယ်လို့ ထင်ကြတဲ့ စားသုံးသူတွေအတွက် ပစ္စည်းအတု ထုတ်လုပ်ပြီး ကြော်ငြာပေးကြတဲ့ ပြည်တွင်း ထုတ်လုပ်သူတွေလဲ ရှိခဲ့ပါတယ်။ ပုံစံပြောရရင် ဘီအိုစီ လေကြောင်းကုမ္ပဏီနဲ့ ထိုင်းလေကြောင်းကုမ္ပဏီတို့ရဲ့ သားရေတု လက်ဆွဲအိတ်၊ အာဒီဒါးစ် (Addidas) နဲ့ ပူးမား (Puma) အားကစား ကုမ္ပဏီများရဲ့ သားရေချိုင်းညှပ်အိတ် စတာတွေ ဖြစ်ပါတယ်။ စွပ်ကျယ် အင်္ကျီပေါ်မှာ အိုဗာတင်းတို့၊ ကိုကာကိုလာတို့ တံဆိပ်ရိုက်ပြီး ရောင်းတဲ့သူများကတော့ သူ့ပစ္စည်းတွင်ကျယ်ရေးကိုဦးစားပေးပြီး ကုမ္ပဏီကိုပါ အခမဲ့ ကြော်ငြာပေးတော့တယ်။ ဈေးကြီးကြီးပေးပြီး ဝယ်မသုံးနိုင်တဲ့သူတွေ အတွက် ဈေးပေါပေါနဲ့ ရတာကိုတော့ ကျေးဇူးတင်ရမယ် ထင်ပါတယ်။

ကော်မာရှယ် နယ်ပယ်ချဲ့လာတဲ့ အချိန်မှာတော့ ဘောလုံးပွဲ၊ တင်းနစ်ပွဲ၊ ဂေါက်သီးရိုက်ပွဲကြည့်ရင်း လူအများ မြင်သာတဲ့ နေရာတွေမှာ စာလုံးကြီးတွေ၊ အရုပ်တွေ ချိတ်ဆွဲပြီး အခကြေးငွေနဲ့ ကြော်ငြာကြတဲ့ အထိ တွင်ကျယ်နေပါပြီ။

ဒါတင်လားဆိုတော့ မဟုတ်သေးဘူး။ အားကစားပြိုင်ပွဲများမှာ စီးပွားရေး လုပ်ငန်းရှင်များက ကြီးမှူးပြီး ကျင်းပပေးတဲ့ သူတို့နာမည်နဲ့ ပြိုင်ပွဲများ ဖြစ်ပါတယ်။ အောင်မြင် ထူးချွန်သူတွေကိုပါ ဆုများ ချီးမြှင့်တယ်ဆိုတော့ ကော်မာရှယ်သမားတွေဟာ လူမှုရေးကို တစ်နည်း တစ်လမ်း အထောက်အကူပြုလာတယ် ဆိုရမှာပေါ့။

ကော်မာရှယ်သမားတွေရဲ့ လူမှုရေး ထောက်ကူမှုတွေဟာ ဈေးကွက်စီးပွားရေးစနစ်အောက်မှာ လိုလားအပ်တဲ့ကိစ္စ ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ဒီနည်းများဟာ ဈေးကွက်စီးပွားရေးစနစ်ရဲ့ စည်းရုံးရေးနည်းများဖြစ်လို့ စားသုံးသူများက အသိအမြင် စိတ်ထားနဲ့ ယှဉ်ပြီး လက်ခံအားပေးသင့်တယ်လို့ ဆိုချင်ပါတယ်။

www.burmeseclassic.com

ကော်မာရှယ်(COMMERCIAL)



www.burmeseclassic.com



# ကလပ်စစ် (CLASSIC)

"ကလပ်စစ်" ဆိုတဲ့ ဝေါဟာရကို ဂန္ထဝင်မြောက်ခြင်းလို့ ကျွန်တော်တို့ လက်ခံပြောဆိုစ ပြုလာကြပါတယ်။ စာပေဗိမာန်က "ဂန္ထဝင်စာပေနှီးနှောဖလှယ်ပွဲ" ရယ်လို့ စာတမ်းဖတ်ပွဲတစ်ခု ကျင်းပခဲ့ပါတယ်။ ရှေးဟောင်းစာပေတွေပေါ့။ ခိုင်မြဲတဲ့ စာပေတွေပေါ့။ တန်းဝင်တဲ့ စာပေလက်ရာတွေပေါ့။

ဒီအသုံးအနှုန်းနဲ့ ပတ်သက်လို့ စာစောင်တစ်ခုမှာ "ကလပ်စစ်" ဆိုတာ ဟောင်းနွမ်းခြင်းမဟုတ်၊ ကြာရှည်ခံခြင်းလို့ ဆရာ တက်တိုးက မှတ်ချက်ပြုကြောင်း ရေးထားတာကို ဖတ်လိုက်ရပါတယ်။

မနေ့တစ်နေ့က မိဘမေတ္တာ လူမှုရေးအဖွဲ့ရဲ့ စာပေဆုပေးပွဲမှာ ဆရာ တက္ကသိုလ်ဘုန်းနိုင်က ဂန္ထဝင်မြောက်တဲ့ စာပေအကြောင်းကို ပြောနေတော့ ကျွန်တော့်ဘေးက ထိုင်နေတဲ့ ဆရာ ပါရဂူက "ဂန္ထဝင်ဆိုတာ မူရင်းက စာအုပ်ဗျ၊ အဲဒီအဓိပ္ပာယ်ကို ဆွဲယူသုံးနှုန်းလာကြတာ" လို့ ပြောပါတယ်။

အင်္ဂလိပ်ဘာသာ အသုံးအနှုန်းမှာလဲ ထိုနည်းနှင်နှင်ပါပဲ။ အနုပညာစာပေလှုပ်ရှားမှုတို့ကို အကြောင်းပြုပြီး သုံးနှုန်းရာက ဒီစကားဟာ

www.burmeseclassic.com



ခေတ်ဟောင်းဆိုတဲ့ အဓိပ္ပာယ်လဲ ရနိုင်တယ်။ "စံပြုလောက်စရာ" ဆိုတဲ့ အသုံးအနှုန်းလဲ ဖြစ်နိုင်ပါတယ်။ အခုဆိုရင် စာအုပ်ထဲမှာ "ကလပ်စစ်ပဲ" ဆိုပြီး သုံးနှုန်းလာကြတာတောင် ရှိတာကို ကြားဖူးပါတယ်။ "စံပါပဲ" ဆိုတဲ့ အဓိပ္ပာယ်ပါ။ ဒါပေမဲ့ မူရင်းအသုံးအနှုန်းမှာတော့ နှိမ့်ချတဲ့သဘော မပါပါဘူး။

ကျွန်တော်တို့ စာပေနဲ့အနုပညာ အသုံးအနှုန်းမှာတော့ ကလပ်စစ် ဖြစ်တယ်၊ ဂန္ထဝင်မြောက်တယ်ဆိုရင် လက်ရာကောင်း၊ လက်ရာမွန် ဖြစ်တယ်၊ စံပြုလောက်တယ်၊ လူ့သဘော၊ လူ့မနောတို့နဲ့ အပ်စပ်တယ် ဆိုတဲ့ အဓိပ္ပာယ်အထိ ယူလို့ရတဲ့သဘောလို့ ဆိုရပါလိမ့်မယ်။

တစ်ခါတုန်းက ၁၉၄၈ ခုနှစ်လောက်ကပေါ့။ ကုလသမဂ္ဂ လက်အောက်ခံ ယူနက်စကို (UNESCO) ဆိုတဲ့ ကမ္ဘာ့ကုလသမဂ္ဂ ပညာ၊ သိပ္ပံနဲ့ ယဉ်ကျေးမှုအဖွဲ့ကြီးက မြန်မာစာပေဆိုင်ရာ မြန်မာ ကလပ်စစ် စာအုပ်စာရင်း ရှိလားလို့ လှမ်းတောင်းတယ်နဲ့တူပါတယ်။ အဲဒီ အချိန်တုန်းက ထင်ရှားတဲ့ မြန်မာပညာရှင်ကြီးများက စာအုပ်ပေါင်း ၁၅၀ လောက်ကို ပြုစုပြီး အင်္ဂလိပ်ဘာသာနဲ့ ရေးသားပြုစုထားတဲ့ စာရင်း တစ်စောင် မိတ္တူတစ်ခုကို တွေ့ဖူးပါတယ်။ စကားပြေ လက်ရာလဲ ပါတယ်။ အထူးသဖြင့် ရှေးဟောင်း ပျို့၊ ကဗျာ၊ လင်္ကာတွေ များပါတယ်။ အနန္တသူရိယ၊ လက်ဝဲသုန္ဒရ၊ ပဒေသရာဇာ၊ ဦးကြင်ဥ၊ ဦးပုညတို့ရဲ့ လက်ရာတွေပါ။

အလားတူပဲ ကမ္ဘာ့စာပေမှာ ဂန္ထဝင်မြောက်တဲ့ စာအုပ်ပေါင်း ၃၀၀ လောက်ကို ယူနက်စကိုအဖွဲ့ကပဲ စာရင်းပြုစုထားတာ ဖတ်ရပါတယ်။ အဲဒီအထဲမှာ ပလေတို၊ ဆိုကရေးတီး၊ အိုမာခေယမ်၊ ဒစ်ကင်းစ်၊ ဒူးမားစ်၊ ကာလီဒါသ၊ တဂိုး စတဲ့ နာမည်များစွာ တွေ့ရပါတယ်။

www.burmeseclassic.com



စာပေအနုပညာ လှုပ်ရှားမှု ခေတ်ကာလနဲ့ ဂိုဏ်းများခွဲတဲ့နေရာမှာတော့ ဂန္ထဝင်သစ် (Neo-classicism) ဆိုတဲ့ အသုံးအနှုန်း တစ်ခုကိုလဲ တွေ့ရပါတယ်။

စာပေကိစ္စအနေနဲ့ ပြောရရင် ခေတ်သစ်ဂန္ထဝင်လက်ရာလို့ ဆိုရမယ့် (Modern classic) တွေလဲ ရှိလာပါတယ်။ ၂၀ ရာစုအတွင်းမှာ ပေါ်ထွန်းပြီး ခိုင်မြဲတဲ့ လက်ရာတွေ ဖြစ်ပါတယ်။ မြန်မာစာပေမှာဆိုရင် ခေတ်သစ်ဂန္ထဝင်လက်ရာတွေထဲမှာ ဆရာကြီး ရွှေဥဒေါင်း၊ ဆရာကြီး မဟာဆွေ၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ဆရာ ပီမိုးနင်း စသူတို့ရဲ့ လက်ရာတွေကို ရွေးထုတ်နိုင်စရာ ရှိပါတယ်။

ဂန္ထဝင်လို့ သတ်မှတ်တဲ့နေရာမှာ စံသတ်မှတ်ချက်အမျိုးမျိုး ရှိတတ်ပြီး အငြင်းပွားနိုင်တဲ့ ကိစ္စတွေလဲ ရှိကြစမြဲပါပဲ။ ဘာပြုလို့လဲဆိုရင် အနုပညာကို ပေတံ၊ ကိုက်တံတို့နဲ့ တိုင်းတာလို့ မရကောင်းလို့ ဖြစ်ပါတယ်။ ပြီးတော့ စိစစ်ဆွေးနွေး ဝေဖန်လက်ခံသူတို့ရဲ့အကြိုက်၊ အစွဲအလမ်းနဲ့ခံယူချက်တွေလဲ တစ်ဦးနဲ့တစ်ဦး ကွာတတ်သလောက် ကွာကြလို့ ဖြစ်ပါတယ်။

တကယ်တော့ ဂန္ထဝင်မြောက်မှု အနုပညာ လက်ရာတစ်ခုကို ခေတ်ပြိုင်တွေက ဆုံးဖြတ်တာထက် နှောင်းခေတ်ပုဂ္ဂိုလ်များက ဆုံးဖြတ်တာဟာ အမှန်နဲ့ အနီးဆုံးဖြစ်စရာရှိတယ်လို့ ဆိုရပါလိမ့်မယ်။ ကျွန်တော်တို့ တာဝန်ကတော့ လူ့စရိုက်သဘောကို မျှတအောင် သိမ်မွေ့စွာ ပြုပြင်နိုင်မယ့် ဂန္ထဝင်လက်ရာတွေကို အားပေးဖို့၊ ဖွံ့ဖြိုးစေဖို့နဲ့ နောက်ထပ် ဂန္ထဝင်လက်ရာရှင်များ မြန်မာစာပေနဲ့ အနုပညာလောကမှာ ပေါ်ထွန်းဖို့ အခြေအနေတွေကို တတ်အားသမျှ ဝိုင်းဝန်းအားပေးကြဖို့ ဖြစ်ပါတယ်။

www.burmeseclassic.com



www.burmeseclassic.com



# ကွန်မျူးတားစ် (COMMUTERS)

ရုံးဆင်း၊ ရုံးတက်အချိန်များ၌ ဘတ်စကားပေါ်တွင် အပြည့်စီးနင်းသွားသူများ၊ ကားနောက်ပိုင်းမှ အဆင်ပြေသလို ခို၍ တွယ်စီးသွားသူများကို တွေ့ရစဉ် "ကွန်မျူးတားစ်" ဟူသော ခေတ်ပေါ် အင်္ဂလိပ်ဘာသာ အသုံးအနှုန်းကို သတိရပါသည်။ ခေတ်ကာလ အသုံးအနှုန်းအားဖြင့် ထိုဝေါဟာရကို မြို့တွင်းမြို့ပြင် "အလုပ်သွား အလုပ်ပြန်" ပြုသူများဟူ၍ အဓိပ္ပာယ်ရပါသည်။

ကွန်မျူးတားထရိန်း (Commuter Train) ဆိုသည်မှာ မြို့ပတ်ရထား၊ လော်ကယ်ရထားကဲ့သို့ နေ့စဉ် တစ်နေရာမှ တစ်နေရာသို့ ကူသယ် ခေါက်သယ်ပြုသော ရထားများကို ဆိုလိုပါသည်။

ကျွန်တော်တို့ ငယ်ငယ်က ကြားဖူးသော အသုံးအနှုန်းများ (Fension Commute) လုပ်သည်။ အငြိမ်းစားဝန်ထမ်းများ လစာ လုံးခနဲ ရရှိစေရန် မိမိရရှိမည့် ရှေ့အဖို့ လစာများထဲမှ အချို့အဝက်ကို ရောင်းချခြင်း ဖြစ်သည်။ လွယ်လွယ်နှင့်ကား ရောင်း၍မရ။ အသက် ၅၀ ကျော် ၆၀ အရွယ်တွင် ရှေ့အဖို့ အသက်ရှင်နေရဖွယ် သက်တမ်းကို ဆေးစစ်ခံ မှတ်တမ်းတင်၍ နေရမည့်နှစ်ကာလအတွက် ရရှိမည့်လစာမှ တစ်ဝက်ကို

www.burmeseclassic.com



ဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်ဖြင့် တစ်လုံးတစ်ခဲတည်း ထုတ်ယူနိုင်ခြင်းဖြစ်သည်။

မူရင်း "ကွန်မျူ" (Commute) ၏ အဓိပ္ပာယ်မှာ လဲလှယ်ခြင်း၊ အစားထိုးခြင်း ဟူ၍ ရသည်။ ဆင့်ပွားသုံးနှုန်းကြရာ၌ သံကို ကြေးအဖြစ် ဓာတ်ပြောင်းလဲခြင်း၊ ပေးဆပ်ပုံစနစ် ပြောင်းလဲခြင်း၊ ပြစ်မှုတစ်ခုမှ တစ်ခုသို့ သက်သာအောင် ပြောင်းလဲစီရင် ချမှတ်ခြင်းတို့ဖြစ်သည်။ မြို့တွင်း မြို့ပြင်နှင့် တစ်နေရာမှတစ်နေရာသို့ ပုံမှန်သွားလာခြင်း အဓိပ္ပာယ်မှာကား အမေရိကန်တို့ တီထွင်သုံးစွဲသော ဆင့်ပွားအဓိပ္ပာယ်ဟု ယူဆရပါသည်။

ထိုဝေါဟာရကို အသုံးတွင်ကျယ်လာရသည့် အကြောင်းမှာ မြို့ပြ ထွန်းကားလာခြင်းနှင့် စက်ရုံ၊ အလုပ်ရုံ၊ ဌာနကြီးများ ဖွင့်လှစ်လုပ်ကိုင်လာခြင်းတို့ကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့် အလုပ်ခွင်နှင့်နေအိမ်တို့ ဝေးကွာလာခြင်းကြောင့် ဖြစ်သည်။ ခေတ်သစ် လူနေမှု၏ လက္ခဏာဖြစ်သည်။

ကွန်မျူးတားစ်တို့ များပြားလာသောအခါ လူအများ အလွယ်တကူ ကူးလူး ခေါက်ပြန်နိုင်သော၊ အများပြည်သူ သွားလာနိုင်သော စနစ် အမျိုးမျိုး (Mass Public Transit) တို့ကို တီထွင်လာရသည်။ ဘတ်စကားနှင့် မလုံလောက်။ ကူးတို့သင်္ဘောဖြင့် မလုံလောက်။ မီးရထား၊ လျှပ်စစ်ရထား၊ မိုးပျံရထားမှသည် ရဟတ်ယာဉ်အထိ နည်းလမ်းတီထွင် သုံးစွဲလာရသည်။

ဤသို့ဖြင့် မနက်စောစော အိပ်ရာမှ ထရသည်။ ကားမှတ်တိုင်သို့ စောစောရောက်ရသည်။ ဘူတာစဉ်တွင် ရထားပြောင်း၍ စီးရသည်။ ဖယ်ရီ (Ferry) ကားရပ်မည့် မှတ်တိုင်မှာ အချိန်မီ သွားစောင့်ရသည်။ လူကျပ်သော ယာဉ်ပေါ်တွင် ခေါင်းကိုမော့၍ အသက်ရှုပေါက်ရရန် ရပ်ပြီး နေရာယူရသည်။ လပေးလက်မှတ် ဝယ်ရသည်။ လက်မှတ်သိမ်းသူ

Same Media House

www.burmeseclassic.com



နှင့်စကားအချေအတင် ဖြစ်ရသည်။ မတော်တဆ အထိအခိုက် တစ်စုံတစ်ခုဖြစ်လျှင် ချွေးနံ့၊ ပေါင်ဒါနံ့ ရှူရသူအချင်းချင်း ကြမ္မာတူဖြစ်ကြလေသည်။ နိုင်ငံများစွာတို့၌ အတွေ့အကြုံမျိုးနှင်နှင်သာဖြစ်သည်။

အိမ်နီးချင်းနှင့် ကားကြုံစီးရသည်မှာ စရိတ်မျှပေး အစီအစဉ်တစ်မျိုးဖြစ်၍ ဘတ်စကား၊ ရထားတို့ထက် စရိတ်ကြီးသည်။ Car Pool လုပ်၍ စီးသည်ဟု ခေါ်သည်။

ကိုယ်ပိုင်ကားနှင့် မြို့တွင်းသို့ အဝင်အထွက်ပြုသူကိုလည်း မြို့ကြီးပြကြီးတို့၌ အားကျစရာ မရှိလှ။ ခရီးကျပ်ချိန် (Rush Hour) တွင် ယာဉ်ထိန်းမီးပွိုင့်၌ ယာဉ်တန်းကြီး တရွေ့ရွေ့ထဲတွင် ဗေဒါမျောသည့်နှုန်းဖြင့် မျောပါရတတ်သည်။ သူတို့လည်း ကွန်မျူးတားစ်ခေါ် ခေတ်မြို့ပြလူသားပင် မဟုတ်ပါလား။

ကွန်မျူးတားစ် လူတန်းစား ပပျောက်၍ အဆင်ပြေရေးမှာ ၂၁ ရာစုအတွင်းသို့ရောက်လျှင် ဖြစ်နိုင်စရာရှိသည်ဟုလည်း မည်သည့် လူမှုရေးသိပ္ပံဆရာတို့ကမှ မျှော်မှန်း တွက်ချက်ထားခြင်း မရှိချေ။ ထို့ကြောင့် အသက်ရှင်လှုပ်ရှား တက်ကြွသော အရွယ်၌ တစ်နေ့တာ၏ ငါးပုံပုံလျှင် တစ်ပုံမျှကို လမ်းခရီးပေါ်၌ ကွန်မျူးတားစ်တို့ ကျင်လည်ကြရပေဦးမည်။

www.burmeseclassic.com

# ကွန်မြူးတားစ်<COMMUTERS>



# ကားလ်ချားဒ် (CULTURED)

"သင်ထားတဲ့စာတွေအားလုံး မေ့သွားရင်တောင်မှ ဦးနှောက်ထဲမှာ ကာလချာ (Culture) တော့ ကျန်ရစ်လိမ့်မယ်" လို့ အနောက်တိုင်း ပညာရှင်တစ်ဦးက ပြောတာကို မှတ်မိနေပါတယ်။ အဲဒီလို ကိုယ့်သဏ္ဍာန်မှာ စိတ်ထားရော၊ အမူအရာရော စွဲဝင်နေတာကို ကားလ်ချားဒ် လို့ ခေါ်တယ်လို့ နားလည်ရပါတယ်။

မြန်မာလို ဖွယ်ရာယဉ်ကျေးခြင်းလို့ ပြောရမယ် ထင်ပါတယ်။ ဒီကိစ္စဟာ ညစာစားပွဲမှာ ဇွန်းနဲ့ခက်ရင်း ဘယ်လိုကိုင်ရမယ်၊ နက်ကတိုင် လည်စီးကို ဘယ်လိုစီးရမယ်၊ အင်္ဂလိပ်ဘာသာနဲ့ နှုတ်ဆက်ရင် ဘယ်လို ဆက်ရမယ် ဆိုတာမျိုးနဲ့ တိုက်ရိုက်မဆိုင်ပါဘူး။ ဆက်နွှယ်နေတဲ့အပိုင်း တော့ ရှိပါတယ်။ ဒါပေမဲ့ အခုတောင်မှ နိုင်ငံတကာနဲ့ ထိတွေ့ဆက်ဆံပြီး အလုပ်လုပ်ကြရတဲ့နေရာမှာ သူ့ဓလေ့၊ ကိုယ့်ဓလေ့ ကွဲပြားလို့ တစ်ဦးနဲ့ တစ်ဦး ကသိကအောင့်မဖြစ်ရအောင် နားလည်ဖို့ လိုလာတဲ့ အခြေအနေ တချို့လဲ ရှိလာပါတယ်။

www.burmeseclassic.com



ယေဘုယျ နားလည်မိတာကတော့ ပြောဆိုရာမှာဖြစ်စေ၊ ဆက်ဆံလုပ်ကိုင်ရာမှာဖြစ်စေ၊ တွေးတော ကြံစည်ရာမှာဖြစ်စေ ဖွယ်ရာခြင်း၊ စာနာခြင်း၊ တစ်ဖက်သားရဲ့ ဓလေ့စရိုက်ကိုသိခြင်း၊ အပြစိတ်ထားခြင်း၊ အပျက်စိတ်ကို ပယ်ရှားခြင်းတို့ပဲလို့ ကာလချာကို အနက်ဖွင့်သင့်တယ် ထင်ပါတယ်။ ခြုံပြီးပြောရင် "လူယဉ်ကျေး" အဖြစ်ဟာ ဒီသဘောနဲ့ အံဝင်စရာဖြစ်ပါတယ်။ ဒါပေမဲ့ ဂျင်းတဲလ်မင်း (Ggetleman) ဆိုတဲ့ မြန်မာလို အစဉ်အလာ ဝေါဟာရပြုထားတဲ့ အဖြစ်အနေမျိုးဟာလဲ စားနိုင်သောက်နိုင်၊ လူတောတိုးနိုင်၊ တွင်ကျယ်သူတို့လောကမှာ ဝင်ဆံ့နိုင်တာဟာ အဓိကဖြစ်နိုင်လို့ "လူယဉ်ကျေး" ဖြစ်ချင်မှ ဖြစ်မှာပါ။ အမူအရာက ယဉ်ကျေးပြီး စိတ်နေက စဉ်းလဲရင်လဲ လူယဉ်ကျေး မဖြစ်နိုင်ပါဘူး။

ယဉ်ကျေးခြင်းဆိုတဲ့ကိစ္စမှာ အင်္ဂလိပ်ဘာသာနဲ့ စီဗီလိုက်ဇေးရှင်း (Civilization) ကိုလဲ ယဉ်ကျေးခြင်းလို့ သုံးခဲ့ပါတယ်။ ဒီလိုနဲ့ ရောမယဉ်ကျေးမှု၊ ခေါမယဉ်ကျေးမှု စသည်ဖြင့် သုံးနှုန်းခဲ့ပါတယ်။ ကာလချာ (Culture) ကို သုံးဖို့ ဝေါဟာရရှာပြန်တော့ ယဉ်ကျေး ဖွယ်ရာမှုနဲ့ ပတ်သက်နေတဲ့သဘောရှိလို့ ယဉ်ကျေးခြင်းလို့ပဲ ပြန်ခဲ့ကြပါတယ်။ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်ကတော့ "ပျိုးထောင်မှု"လို့ ဝေါဟာရပြုခဲ့တာလဲ ရှိပါတယ်။ ဒါပေမဲ့ ဒီဝေါဟာရဟာ အသုံးမတွင်လှတဲ့အပြင် (ဘာသာရပ် ပို့ချတဲ့နေရာမှာ အဆင်ပြေချင်ပြေမယ်) အများအတွက် ရေးတဲ့နေရာမှာတော့ သဘောမပေါက်ပြန်ပါဘူး။ "ပျိုးထောင်မှု" လို့ သုံးရခြင်းမှာလဲ အဓိပ္ပာယ်ရှိပြန်ပါတယ်။ ဘာပြုလို့လဲဆိုရင် လူအများပါဝင်တဲ့ လူမျိုး၊ ဒေသတစ်ခုခုရဲ့ လုပ်ရင်းကိုင်ရင်း လက်ခံလာတဲ့ အလေ့အထများကို ခေါ်ဆိုခြင်းကြောင့် ဖြစ်ပါတယ်။ ပြီးတော့ သိပ္ပံပညာမှာ ဓာတ်ခွဲခန်းလုပ်ငန်းအနေနဲ့ အဏုဇီဝပိုးများ မွေးတယ်၊ မှိုနှများ မွေးတယ် ဆိုတာကိုလဲ ကာလချာလို့ သုံးကြတာ ဖြစ်ပါတယ်။ ရှင်သန်အောင် ပျိုးထောင်ရခြင်းပါပဲ။ ပြုစုပျိုးထောင်ခြင်းပေါ့။ မွေးမြူခြင်းပေါ့။

www.burmeseclassic.com



ပြုစုပျိုးထောင်လို့ ကြီးပြင်းတိုင်း၊ ပွားများတိုင်း၊ ရှင်သန်တိုင်းလဲ အများလက်ခံနိုင်အောင် ကောင်းတယ်လို့ဆိုလို့ ရချင်မှ ရတတ်ပါတယ်။ ဘာပြုလို့လဲဆိုရင် သူ့ယဉ်ကျေးမှုနဲ့ ကိုယ့်ယဉ်ကျေးမှုနဲ့ မတူတာတွေ၊ လက်မခံနိုင်တာတွေ ရှိလို့ဖြစ်ပါတယ်။ အင်္ဂလိပ်စကားပုံမှာ "တစ်ဦးရဲ့ အစာဟာ အခြားတစ်ဦးအတွက် အဆိပ်ဖြစ်တတ်တယ်" ဆိုတာလိုပါပဲ။

ပြီးတော့ အလေ့အထ၊ အမူအရာတွေ မတူလွန်းတဲ့၊ မနီးစပ်လွန်းတဲ့ ကိစ္စတွေမှာ တဖူး (Taboo) ဆိုတဲ့ အသုံးအနှုန်းလဲ ရှိပါတယ်။ သမုဒ္ဒရာကျွန်းစုထဲက ပိုလီနီရှန်းလူမျိုးတို့ရဲ့ ဘာသာဝေါဟာရ ဖြစ်ပါတယ်။ မလုပ်ရဘူး၊ ဖမ်းစားတတ်တယ်၊ နတ်မကြိုက်ဘူးဆိုတဲ့ အဓိပ္ပာယ်မျိုးပေါ့။ တဖူးဟာ မြန်မာလို ဆောင်ခလေ့၊ ရှောင်ခလေ့နဲ့ မတူဘူးလား လို့ တစ်နေ့က မနုဿဗေဒပညာရှင် ဦးကျော်ဝင်း (မနုဿကျော်ဝင်း) နဲ့ တွေ့လို့ စကားစပ်မိရင်း မေးကြည့်တော့ မတူဘူးလို့ ပြောပါတယ်။ "တဖူး" ကို မြန်မာမှုပြုထားတာလဲ မရှိဘူး။ "တဖူးခလေ့များ" လို့ပဲ သုံးတယ်လို့ ပြောပါတယ်။ တစ်နည်းအားဖြင့် မလုပ်ရဘူးလို့ လူမှုရေး အရ တားမြစ်ချက်တစ်မျိုးပေါ့။ အင်္ဂလိပ် ပင်လယ်ရေကြောင်းသွား ကပ္ပတိန်ကွတ် ဆိုတဲ့လူက ဒီအသုံးအနှုန်းရလာပြီး ခရစ်နှစ် ၁၇၇၇ ခုနှစ် လောက်ကစပြီး သုံးစွဲလာလိုက်တာ နေ့စဉ်အသုံးအနှုန်းမှာ မလုပ်ရဘူး၊ မလုပ်ကောင်းဘူးလို့ ပြောကြတဲ့နေရာမှာ တဖူးရယ်လို့ အင်္ဂလိပ်လို သုံးနှုန်းကြတာကိုတောင် တွေ့ရပါတယ်။

"ကာလချားဒ်" ဖြစ်တာကတော့ "တဖူး" အလေ့တွေကို ဆိုင်ရာ အသိုက်အဝန်းမှာ ဝင်ဆံ့ရင်း ရှောင်နိုင်တာလဲ ပါပေမပေါ့။ ကျွန်တော် ကတော့ "တဖူး" ဆိုတဲ့အသံကြားရရင် ဦးတိုးရဲ့ ရာမရကန်လာ "တဖူးရိုင်း" (တစ်ပိုင်းရူး) ဆိုတဲ့ စကားလိမ်ကို သွားသတိရမိပါတယ်။

www.burmeseclassic.com



"ကာလချား" ကစပြီး "တဖူး" အထိ ဆက်နွှယ်တဲ့ ကိုယ်၊ နှုတ်၊ နှလုံး ယဉ်ကျေးဖွယ်ရာမှုအကြောင်းကို ပြောတဲ့နေရာမှာ "ယဉ်ကျေးမှု" လို့ ကျွန်တော်တို့ဆက်ပြီး သုံးနှုန်းနေတဲ့ ကာလချာကို အင်္ဂလိပ်အဘိဓာန် တစ်ခုထဲမှာ အဓိပ္ပာယ် ခြောက်မျိုးနဲ့ပြထားပါတယ်။ ခရစ်နှစ် ၁၅ ရာစု လောက်ကစပြီး အင်္ဂလိပ်၊ ပြင်သစ်တို့ရဲ့ သမိုင်းအလယ်ခေတ်က ပင်ရင်း စခဲ့တယ်လို့ ဆိုပါတယ်။ အနက်အဓိပ္ပာယ် အရိပ်အဆင်တွေကတော့ အလေ့အထပြုခြင်း၊ ပညာသင်ကြားရေးနည်းနဲ့ ဉာဏ်အား၊ စာရိတ္တအား ဖွံ့ဖြိုးစေခြင်း၊ ကျွမ်းကျင်စွာ လေ့ကျင့် ပြုပြင်ခြင်း၊ ရသ ခံစားမှု ဉာဏ်အလင်းပွင့်ခြင်း၊ လူတို့၏ ဖြန့်ဖြူးဖွယ် အသိပညာ၊ အလေ့အထ ယုံကြည်မှုစရိုက် အစုအဝေးဖြစ်ခြင်း၊ အစာအာဟာရပေး၍ ရှင်သန် အောင် မွေးမြူခြင်း စတဲ့သဘောတွေကို ဆိုလိုပါတယ်။

ကျွန်တော်တို့ ပြောချင်တာကတော့ ခေတ်သစ်လူမှုစရိုက် အရှုပ် အထွေးတွေ ပေါ်ပေါက်ထွန်းကားလာချိန်မှာ လက်ခံသင့်တဲ့ ရိုးရာအပြုအမူ၊ အပြောအဆို၊ အမူအရာကောင်းတွေကို ထိန်းသိမ်း ပျိုးထောင်ပြီး ကာလချားဒ်ဖြစ်ဖို့ လိုအပ်တယ်လို့ ဆိုချင်တာပါ။

# စင်ကျူရီ (CENTURY)

စင်ကျူရီဆိုတဲ့ အသုံးဟာ အနှစ်တစ်ရာကို ဆိုလိုပါတယ်။ ဒီဝေါဟာရကို စိတ်ဝင်စားမိတာကတော့ ရာစုနှစ်တစ်ခု ကုန်ဆုံးတော့မှာမို့ ဖြစ်ပါတယ်။ ကုန်ဆုံးတော့မယ့် ရာစုနှစ်ဟာ သိကြတဲ့အတိုင်း ၂၀ ရာစု ဖြစ်ပါတယ်။ တွင်တီးယက် စင်ကျူရီ (Twentieth Century) ပေါ့။ ဒီရာစုနှစ် အစတုန်းကတော့ တွင်တီးယက် စင်ကျူရီဖော့စ်ဆိုတဲ့ ရုပ်ရှင်ကုမ္ပဏီကြီးတစ်ခုကို စပြီးတည်ထောင်ခဲ့ပါတယ်။ ၂၁ ရာစုနှစ်ထဲကို နောက်နှစ်နှစ်ကြာလို့ ဝင်သွားခဲ့ရင် သူ့နာမည်ဟာ ခေတ်နောက်ကျနေပြီလို့ တစ်နည်းဆိုနိုင်ပါတယ်။

တွင်တီးယက် စင်ကျူရီ ဆိုတဲ့ ၂၀ ရာစုဟာ ကမ္ဘာ့သမိုင်းမှာ ကြီးကြီးမားမား မှတ်တိုင်တွေကို စိုက်ထူခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။ ရုတ်တရက်ပြောရရင် ကမ္ဘာစစ်ပွဲကြီးနှစ်ခု ဖြစ်ပွားပြီး လူပေါင်းများစွာ သေဆုံးခဲ့ကြတာ၊ အဏုမြူစွမ်းအင်နဲ့ အဏုမြူ အဖျက်လက်နက်တွေ ပေါ်လာတာ၊ ပဋိဇီဝဆေးတွေ၊ ဂျက်လေယာဉ်အင်ဂျင်စက်တွေ၊ လူတိုင်းသုံး ကွန်ပျူတာတွေ စသည်ဖြင့်ပေါ့။ ပြီးတော့ လပေါ်ကို လူရောက်တာ၊ ဂြိုလ်တုများ တင်လွှတ်ပြီး စကြဝဠာကို စူးစမ်းနိုင်တာ၊ ဂြိုလ်တုနဲ့စခန်းထောက် ဆက်သွယ်ရေးတွေ ပြုလုပ်နိုင်တာ၊ ကိုယ်ခန္ဓာ အစိတ်အပိုင်း

www.burmeseclassic.com



အစားထိုး ကုသနိုင်တာ၊ ထရန်စစ္စတာဆိုတဲ့ တစ်ပိုင်းလျှပ်ကူး မီးသီးကို တီထွင်နိုင်တာ၊ လေယာဉ်ပျံနဲ့ မိုးမျှော်တိုက်ကြီးတွေ ပေါ်လာတာအထိ ဖြစ်ပါတယ်။ ဒီရာစုနှစ်အတွင်းမှာ လူသုံး တီထွင်မှုတွေ အများဆုံးပေါ်ခဲ့တဲ့အတွက် လူတွေရဲ့ စားဝတ်နေမှုတွေမှာ ပြောင်းလဲခြင်းများစွာ ဖြစ်ခဲ့ပါတယ်။

အနှစ်တစ်ရာကို မျိုးဆက်နဲ့ပြောရရင် လူ့မျိုးဆက် လေးဆက်တော့ ကောင်းကောင်းဆက်မိတယ်လို့ ယူဆရပါတယ်။

ဒီအနှစ် ၁၀၀ အတွင်းမှာ ပြောင်းလဲတိုးတက်မှုနဲ့ ဆုတ်ယုတ်ပျက်ပြားမှုတွေ အဖုံဖုံရှိခဲ့ပေမယ့် လူ့စရိုက်၊ လူ့စိတ်ထားများ ပြောင်းလဲသွားတယ်လို့တော့ ပြောစရာရှိမယ် မထင်ပါဘူး။ စိတ်ပညာမှာ ဆစ်ဂမွန်ဖရွိုက်တို့လို အငုပ်စိတ်ကိုရှာတဲ့ ပုဂ္ဂိုလ်များရဲ့ ပို့ချဖြန့်ဖြူးချက်များဟာ အနောက်တိုင်းမှာ တွင်ကျယ်ပါတယ်။ အိုင်းစတိုင်းတို့လို ရူပဗေဒ သဘောကို ထူးထူးခြားခြား ဖော်ထုတ်ခဲ့တဲ့သူများလည်း ရှိပါတယ်။ ခေတ်စနစ်နဲ့ ပတ်ဝန်းကျင်ကို မကျေနပ်တဲ့ အင်းဂရိး ယန်းမင်း (Angry young men) များလဲ အထူးသဖြင့် အနောက်နိုင်ငံတွေမှာ ပေါ်ခဲ့ပါတယ်။ စိတ်ဆာနေတဲ့ လူငယ်တွေပေါ့။

ပြီးတော့ ဂျာမနီက ဟစ်တလာတို့၊ ကမ္ဘောဒီးယားက ပိုလပေါ့တို့လို လူဆိုးကြီးများ ပေါ်ထွက်ခဲ့သလို အိန္ဒိယက ဂန္ဒီတို့လို၊ အိုင်ယာလန်က ဘားနဒ်ရှောလို၊ အင်္ဂလန်က ဘာထရန်ရပ်ဆဲလ်တို့လို၊ ရုရှားက လီနင်တို့လို၊ တရုတ်ပြည်က မော်စီတုန်းတို့လို လူတွေရဲ့ အတွေးအမြင်စိတ်ကူးကို နယ်ပယ်အကြောင်းအရာအမျိုးမျိုးမှာ သက်ရောက်လွှမ်းမိုးနိုင်ခဲ့တဲ့ ပုဂ္ဂိုလ်ကျော်များလဲ ရှိခဲ့ပါတယ်။ အသေးစိတ် စာရင်းတင်ရရင်တော့ အမည်နာမတွေဟာ မကုန်နိုင်ပါဘူး။

ဒီစင်ကျူရီ ရာစုနှစ်ထဲမှာ အများပြည်သူ အရေးအရာအနေနဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး ပေါ်ခဲ့ပါတယ်။ အရင်ရာစုနှစ်များမှာ ကျွန်ဖြစ်

www.burmeseclassic.com



ခဲ့တဲ့ နိုင်ငံအများအပြားလဲ လွတ်လပ်ခဲ့ပါတယ်။ ဘုံဝါဒစနစ်ကြီးတစ်ခု ထူထောင်တဲ့ နိုင်ငံအတော်များများလဲ ပြိုလဲခဲ့ပါတယ်။ ပစ္စည်းမဲ့ ဘုံဝါဒ သမားတို့က အရင်းရှင်လို့ခေါ်တဲ့သူများ ကျင့်သုံးကြတဲ့စနစ်မှာ ဈေးကွက် စီးပွားရေးဆိုတဲ့ အသွင်တစ်မျိုးနဲ့ ထင်ရှားလာပါတယ်။ လူကို အသား အရောင်နဲ့ ခွဲခြားဆက်ဆံတဲ့ စနစ်များဟာ ဖျော့တော့မှေးမှိန်သွားသလို ဒီမိုကရေစီဆိုတဲ့ လူမှုစနစ်သဘောဟာလဲ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို အဓိပ္ပာယ်ဖွင့်ဆို ကျင့်သုံးပုံချင်း မတူဘဲ ဖြစ်နေတာကို ကမ္ဘာပေါ်မှာ ကြုံနေကြတာကို သတိထားမိစရာ ဖြစ်ပါတယ်။ ပြီးတော့ နေချင့်စဖွယ် ဇီဝမျိုးစုံနဲ့ ကြွယ်ဝပြီး သက်ရှိသက်မဲ့ သဟဇာတရှိတဲ့ ကမ္ဘာကြီးမှာ လူ့ပတ်ဝန်းကျင် အခြေအနေများ ရွေ့လျောပျက်ပြားနေတဲ့အတွက် လူတို့နေစရာ "ကမ္ဘာတစ်ခုတည်းသာ ရှိတယ်" ဆိုတဲ့ ဆောင်ပုဒ်မျိုးနဲ့ နှိုးဆော်စည်းရုံးနေကြရပါတယ်။ "ကမ္ဘာဟာ ရွာဖြစ်တယ်" (Global village) ဆိုတဲ့ အသုံးအနှုန်းလဲ ကျယ်ပြန့်လာပါတယ်။ ဒီစိတ်ဓာတ်နဲ့ အညီ ကျင့်သုံးကြဖို့ပဲ တော်တော်ကြိုးစားကြရဦးမှာပါ။

ကျွန်တော်တို့ ၂၀ ရာစုရဲ့ ထူးခြားမှုကို သိသာအောင် ခရစ်နှစ် အစက ရေတွက်ခဲ့တဲ့ အခြားရာစုနှစ်များနဲ့လဲ နှိုင်းယှဉ်ပြီး ကြည့်လို့ ရပါသေးတယ်။

ယေရှုခရစ်တော် ဖွားမြင်ခြင်းဟာ (၁) ရာစုနှစ်ရဲ့ အလိုအလျောက် ထူးခြားချက်ပေါ့။ ခရစ်မပေါ်မီ ဘီစီ (Before Christ) လို့ နောက်ဆုတ် ရေတွက်တဲ့ ရာစုတွေထဲမှာ ၅ ရာစုနှစ်မှာ အနောက်တိုင်း ရှေးဦးပညာရှင် များဖြစ်တဲ့ ဆိုကရေးတီးတို့၊ ပလေတိုးတို့ ပေါ်ထွက်ခဲ့ပါတယ်။ ၁၅ ရာစု နှစ်ကျတော့ ယဉ်ကျေးမှုအရပ်ရပ် ပြန်လည်ဆန်းသစ်တဲ့ ရီနေဆန်ခေတ် မှာ ထူးခြားတာတွေကတော့ ဥရောပမှာ ပုံနှိပ်စက် ပေါ်လာတယ်။ သတင်းဖြန့်နိုင်မှုမှာ ရှေးကထက် အဆ ၁၀၀၀ တိုးပြီး ကျယ်ပြန့်ပြီး စရိတ် သက်သာတယ်။ ကိုပါနီကပ် ဆိုတဲ့ သိပ္ပံပညာရှင်က ကမ္ဘာနဲ့ဂြိုလ်များဟာ

www.burmeseclassic.com



နေကို ဗဟိုပြု လှည့်ပတ်ရတယ်ဆိုတဲ့ စကြဝဠာ ဖွဲ့စည်းပုံကို သက်သေထူပါတယ်။ ပေါ်တူဂီက ကိုလံဗတ်ဆိုတဲ့ ပုဂ္ဂိုလ်က ပင်လယ်ခရီးနဲ့ ကမ္ဘာသစ်လို့ သူတို့ခေါ်တဲ့ အမေရိကတိုက်ကို တွေ့တယ်။

ရာစုနှစ်တိုင်းလိုမှာ ထူးခြားတဲ့ဖြစ်ရပ်တွေ အနည်းနဲ့အများ ရှိတာပေါ့။ ရာစုနှစ်တွေ ဆယ်ခုပေါင်းလိုက်ပြန်တော့ ထောင်စုနှစ်ဆိုတာ ဖြစ်လာတယ်။ လူ့သက်တမ်း အတိုင်းအဆနဲ့ဆိုတော့ ထောင်စုနှစ်ဟာ လက်လှမ်းမမီစရာဖြစ်လို့ အသုံးတော့ နည်းပါတယ်။ မီလင်နီယံ (Millennium) လို့ သုံးကြပါတယ်။ ခေတ်ကောင်းချိန်ဆိုတဲ့ သဘောပဲ ရှိတယ်။ တိုက်တိုက်ဆိုင်ဆိုင် ၂၀ ရာစုကုန်တဲ့အချိန်ဟာ နောက်ထပ် မီလင်နီယံတစ်ခုရဲ့အစဖြစ်နေလို့ "ထောင်စုနှစ်" ကုန်ဆုံးချိန်နဲ့ စတင်ချိန်မို့ ကာလယုဂ်ကြီးများ ပြောင်းလဲတတ်တဲ့ သဘောကို လူသားတို့ရဲ့ အာရုံမှာ ထူးထူးခြားခြား သဘောပေါက်စရာဖြစ်မယ်လို့ မိတ်ဆွေတစ်ဦးက ပြောဖူးပါတယ်။

"စင်ကျူရီ" အကြောင်း ပြောရင်းနဲ့ "စင်ကျူးရီးယန်း" (Centurion) ဆိုတဲ့ အသုံးအနှုန်းလဲ ရှိပါတယ်။ ဟိုတုန်းက ရောမစစ်တပ်မှာ တပ်သား ၁၀၀ ကို အုပ်ချုပ်ရတဲ့ ဗိုလ်ဖြစ်ပါတယ်။ အခုခေတ်မှာတော့ တေးဂီတအဖွဲ့ နာမည်တစ်ခုလည်း ကြားဖူးလိုက်မိပါတယ်။

ကျွန်တော်တို့ ရာစုနှစ်ကို အမည်အမျိုးမျိုးပေးကြရာမှာ အရင်းရှင် ရာစုနှစ်၊ အီလက်ထရွန်နစ် ရာစုနှစ်၊ ကမ္ဘာရွာရာစုနှစ်၊ ဈေးကွက်ရာစုနှစ် လို့ ပြောကြတဲ့အပြင် လူ့ပတ်ဝန်းကျင် သဘာဝရေး ရာစုနှစ်လို့လဲ ဆိုထိုက်မယ် ထင်ပါတယ်။ ၂၁ ရာစုနှစ်ဟာ အကောင်း ရာစုနှစ်ဖြစ်မယ်လို့ မှန်းဆရပါတယ်။

www.burmeseclassic.com



www.burmeseclassic.com

# ကွန်းရှင့် (CONSCIENCE)

"ကွန်းရှင့်"လို့ ယေဘုယျအသံထွက်တဲ့ ဝေါဟာရကို "ကွန်းရှပ်" (Conscious) လို့ အသံထွက်ပြီး သုံးစွဲပြောဆိုတာမျိုးကို ကြားမိဖူးပါတယ်။ ဆိုလိုချင်တဲ့အဓိပ္ပာယ်ကတော့ သိသာပါတယ်။ သက်ရောက်တဲ့ အဓိပ္ပာယ်က လွဲချော်နေတယ်လို့ ပြောရမယ်ထင်တယ်။ "ဒီကိစ္စမှာ ကျွန်တော် ကွန်းရှပ် ကလီးယား မဖြစ်ဘူး" လို့ ပြောသူဟာ "ကွန်းရှင့် ကလီးယား မဖြစ်ဘူး" လို့ ဆိုရမှာပါ။

"ကွန်းရှင့်"လို့ သုံးရင် စိတ်မလုံဘူး၊ လိပ်ပြာမသန့်ဘူးလို့ ဆိုလိုရာရောက်ပါတယ်။ "ကွန်းရှပ်" ကျတော့ အသိရှိနေတာ၊ သတိရှိနေတာ၊ နားလည်ထားပြီးသားဖြစ်တာဆိုတဲ့ အခြေအနေမျိုးကို ဆိုလိုပါတယ်။ ဆိုလိုချင်တာကို ပြောသူက ရိပ်ဖမ်းသံဖမ်းနဲ့ အလွယ်ပြောလိုက်တာ ဖြစ်မှာပါ။ စကားလုံး ဝေါဟာရတို့ရဲ့ မူလရည်ရွယ်ချက်က အဓိပ္ပာယ်သက်ရောက်အောင် သုံးဖို့ဖြစ်ပါတယ်။ ရောက်ဆဲခေတ်ကာလအလိုက် အများနားလည်အောင်ပေါ့။ ဆိုလိုချင်တာကို အနက်အဓိပ္ပာယ်တိကျလေ ကောင်းလေပေါ့။ "အများညီလျှင် ဤကို ကျွဲဖတ်တယ်" ဆိုတာမျိုးပါပဲ။

www.burmeseclassic.com



ခုကိစ္စကတော့ အများညီတာမဟုတ်ဘဲ ကိုယ်တစ်ယောက်တည်း လွဲနေတာပါ။

ကျွန်တော်တို့မှာ များသောအားဖြင့် အင်္ဂလိပ်ဘာသာစကားကို ခြေခြေမြစ်မြစ် မသင်ခဲ့ရသော နာမ်ပုဒ်၊ ကြိယာပုဒ်၊ နာမဝိသေသနပုဒ် တို့ကို ခွဲခြားမနေနိုင်တော့ဘဲ မူရင်းတည်ပုဒ် စကားလုံးကိုပဲ နှုတ်တွေ့သလို သုံးမိကြပါတယ်။ ကိုယ့်ဘာသာစကားမဟုတ်တဲ့အတွက် အပြစ်ဆိုဖို့တော့ မသင့်ပါဘူး။ သူသိတာ၊ ကိုယ်သိတာ ဖလှယ်ပြီး သုံးကြရင်းနဲ့ အလုပ်ဖြစ်နိုင်တာတွေ ကြုံဖူးပါတယ်။ စနစ်တကျ လေ့လာသင်ယူခွင့် မရတဲ့ ကိစ္စမျိုးမှာ ဆိုချင်တာပါ။ ဒါပေမဲ့ အင်္ဂလိပ်ဘာသာစကားက တွင်ကျယ်လာတော့ အမှားအမှန်၊ တိကျ၊ မတိကျ၊ ဆီလျော်၊ မဆီလျော် တွေကို "မှားတတ်သော အမှားများ"၊ "ထိရောက်သော စကားလုံးများ"၊ "အံဝင်ခွင်ကျ အသုံးအနှုန်းများ" စသည်ဖြင့် လမ်းညွှန်နည်းပြလုပ်ဖို့ လိုအပ်ချက်တွေ၊ စာအုပ်ပြုစုဖို့ အခွင့်အလမ်းတွေလဲ ရှိလာပါတော့တယ်။ ဒါမျိုးဟာ ဘယ်ဘာသာစကားမှာမဆို ရှိပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ တွေးချင်၊ ရေးချင်တာက "ကွန်းရှင့်" အကြောင်း ဖြစ်ပါတယ်။ ဒီစာလုံးကလေးကို ငယ်ငယ်ကတော့ "ကွန်ဆိုင်းယင့်" လို့ ကိုယ့်ဖာသာ အသံထွက်မိပါတယ်။ အမှန်ကတော့ ကွန်းရှင့်လို့ ဖြစ်ပါတယ်။ ဒီဝေါဟာရကို မြန်မာလို ဘာသာပြန်ရင် "လိပ်ပြာ"ဆိုတဲ့ အသုံးအနှုန်းက စကားအရာအနေနဲ့ ထိရောက်မယ်လို့ ထင်ပါတယ်။ အကွက်ဆိုက်သလို သုံးမယ်ဆိုရင်ပေါ့။ လိပ်ပြာမသန့်ဘူး၊ လိပ်ပြာမလုံဘူးဆိုတဲ့ အပြောမျိုး၊ အရေးမျိုးဟာ "ကွန်းရှင့်" ရှိတဲ့ သဘောပါ။ လူတကာလိုက်နာအပ်တဲ့ ကျင့်ဝတ်ကျင့်ထုံးများနဲ့ ညှိပြီး ဆိုရာရောက်ပါတယ်။

www.burmeseclassic.com



ကွန်းရှင့်ဟာ စိတ်လိပ်ပြာပါပဲ။ အမှားအမှန် အသိတရားပါပဲ။ Dictates of Conscience ဆိုတာ အသိတရားရဲ့ စေစားရာရယ်လို့ ဖြစ်ပါတယ်။ နီးနွယ်တဲ့ အသုံးနဲ့ဆိုရင်တော့ "မှန်တယ်လို့ထင်ရာ" ဆိုတာနဲ့ တစ်သဘောတည်း ဖြစ်ပါလိမ့်မယ်။

ကွန်းရှင့်ဟာ လူတစ်ဦးချင်းရဲ့ စိတ်ထားပေါ်မှာ မူတည်ပြီး ငါလုပ်မိတယ်ဆိုပြီး ကျေနပ်ရတာ၊ ဂုဏ်ယူရတာ၊ အမှားကို အကြောင်းအားလျော်စွာ လုပ်မိပြန်တယ်ဆိုရင် နောင်တရတာ၊ စိတ်ငယ်ရတာတွေလဲ ရှိပါတယ်။ တမြေ့မြေ့ ဖြစ်ပေါ်တဲ့ ခံစားမှုမျိုးကို ပေးတယ်လို့ ဆိုချင်ပါတယ်။ ဂျပန်ပြည်ပေါ်ကို အဏုမြူဗုံး ကြဲချခဲ့တဲ့ လေသူရဲတစ်ဦးဟာ သူ ဒီလောက်ကြီးမားတဲ့ ပြစ်မှုကြီးကို လုပ်မိပါလားဆိုပြီး အဖြစ်မှန်ကို သိသွားတော့ စိတ်ရောဂါရသွားတယ်လို့ ဖတ်ရဖူးပါတယ်။ ဟစ်တလာတို့လို ဒုတိယကမ္ဘာစစ်အတွင်းမှာ လူပေါင်းများစွာကို မျိုးပြုတ်အောင် ကြိုးစားခဲ့တဲ့သူမျိုးကတော့ နောင်တ တစ်ဖန် ရပုံမပေါ်ခဲ့ပါဘူး။ သူလုပ်တာကို သူလိပ်ပြာလုံတယ်ပေါ့။

ကွန်းရှင့်ဟာ ကိုယ်ကျင့်သိက္ခာနဲ့ တိုက်ရိုက်စပ်ဆိုင်ပါတယ်။ ကိုယ်ကျင့်တရားကို တိုင်းတာနိုင်တဲ့ ပေတံတစ်ခုပါပဲ။

တစ်ခါက မြန်မာနိုင်ငံရဲ့ ကုလသမဂ္ဂဆိုင်ရာ ကိုယ်စားလှယ်အဖြစ်ကနေ အထွေထွေအတွင်းရေးမှူးချုပ်အထိ တာဝန်ယူရတဲ့ ကွယ်လွန်သူ ဦးသန့်အကြောင်း နိုင်ငံခြားသား စာရေးဆရာက စာအုပ်တစ်အုပ်ရေးထားပါတယ်။ စာမူကို ဖတ်ကြည့်ခိုင်းပြီး လိုသလိုပြင်ပါလို့ အပ်နှံဖူးပါတယ်တဲ့။ ဒီတော့ အတ္ထုပ္ပတ္တိရှင်က သူ့အကြောင်းကို သူပြင်ချင်ရင် ပြင်ရေးပေးလို့ ဘယ်ကောင်းမလဲလို့ ပြန်ပြောပါတယ်တဲ့။ ဒီအခါ စာရေးဆရာက ဒါကို

www.burmeseclassic.com



ဘယ်သူမှသိမှာ မဟုတ်ပါဘူးလို့ပြောတော့ ကာယကံရှင်က "ဘယ်သူမှ မသိပေမယ့် ကျွန်တော်သိတယ်လေ" လို့ ပြန်ပြောခြင်းကို စာအုပ်နိဒါန်းမှာ ရေးထားပါတယ်။

ကွန်းရှင့်ဆိုတဲ့ စိတ်လိပ်ပြာဟာ နေရာအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးတို့မှာ ထင်ရှားတတ်တာလဲ ရှိပါတယ်။ "သေသော်မှတည့် ဩော်ကောင်း၏" လို့ဆိုတဲ့ စာအချိုးဟာ မျိုးချစ်စိတ် ကွန်းရှင့်နဲ့ ဖွဲ့တာပဲ။ "ရဲသော်မသေ သေသော်ငရဲမလား" ဆိုတာဟာ သူရသတ္တိရဲ့ ကွန်းရှင့်နဲ့ ဖွဲ့တာပဲ။ "စိတ်ကြမ်းမာန်လျှော့ ငါကန်တော့၏" ဆိုတာဟာ နိဝါတ ကွန်းရှင့်နဲ့ ဖွဲ့တာပဲ စသည်ဖြင့် ယူနိုင်ပါတယ်။

www.burmeseclassic.com



www.burmeseclassic.com

# စီရီမိုနီ (CEREMONY)

ကျွန်တော်တို့ မိတ်ဆွေရင်း တစ်ယောက်က ပြောဖူးပါတယ်။ ဟိုတုန်းက ပြုလုပ်ကြတဲ့ စာပေအခမ်းအနားတစ်ခုနဲ့ ပတ်သက်လို့ အစီအစဉ်တွေကို ဆွဲကြတော့ ဘယ်သူ့ကို ဘာတာဝန်ပေးမလဲလို့ အပြန်အလှန် ဆွေးနွေးကြရာမှာ "ဒါကတော့ သဘင်မြောက်အောင် လုပ်ရတာဗျ" လို့ သူက ပြောလိုက်ပါတယ်။ သူ့အသုံးအနှုန်းကို ကျွန်တော်ကြိုက်သွားမိပါတယ်။

"သဘင်မြောက်တယ်" လို့ သူဆိုတာဟာ အခမ်းအနား ထမြောက်ခြင်း၊ စနစ်တကျဖြစ်ခြင်း ဆိုတဲ့ သဘောမျှသာ မဟုတ်ပါဘူး။ အနှစ်သာရပိုင်းထက် တင့်တယ်မှုအပိုင်းကိုပါ အလေးထားရတယ်လို့ ယူဆမိပါတယ်။ တင့်တယ်မှုဆိုတဲ့ကိစ္စဟာ အပေါ်ယံပဲလို့ ယူဆစရာ ရှိပေမယ့် လောကီလူ့ကိစ္စမှာ လိုအပ်ပါတယ်။ သဘင်ဟာ 'သဘာယ' ဆိုတဲ့ ပါဠိက သက်ရောက်တဲ့ စကားဖြစ်ပြီး အစုအဝေး၊ အခမ်းအနား၊ ဖွင့်လှစ်ခြင်း အခမ်းအနား၊ ဂုဏ်ပြုပွဲ၊ ဧည့်ခံပွဲ အခမ်းအနား စသည်ဖြင့် လူမျိုးတိုင်း၊ ဘာသာတိုင်းမှာ ရှိကြပါတယ်။ ဘာသာအယူနဲ့ ပတ်သက်ရင်တော့

www.burmeseclassic.com



လေးနက်တည်ကြည်မှု၊ အရိုအသေထားမှုကိစ္စတို့ကိုပါ ပေါ်လွင်ထင်ရှား စေရပါတယ်။ တစ်ခါတစ်ရံမှာတော့ လူမှုရေးနဲ့ ဘာသာရေးတို့ ရောယှက်ပြီး အစဉ်အလာ ကျင်းပကြတဲ့ ဓလေ့ထုံးစံများလဲ ယဉ်ကျေးမှုဓလေ့တိုင်းမှာ ရှိကြပါတယ်။ အဲဒါကျတော့ လေးစားသမှု၊ ကိုင်းရှိုင်းသမှုပါ ပါလာပါတယ်။

သဘင်တို့၊ အခမ်းအနားတို့မှာ ပြောနေကျစကား၊ ရွတ်နေကျ အသုံးအနှုန်းများလဲ ရှိစမြဲပါ။ ဒါကြောင့် ဒါတွေမှာ ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်တဲ့လူကို အခမ်းအနားမှူးလို့ ခေါ်လာကြပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ Master of Ceremony ကို MC လို့ အတိုကောက် ခေါ်ကြသလို EMCEE လို့ လေးလေးပင်ပင် စာလုံးပေါင်း အသံထွက်နဲ့ ခေါ်တာလဲ ရှိပါတယ်။ EMCEED လို့ ကြိယာအနေနဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ပုံစံနဲ့လဲ သုံးလာကြတယ်။ ရွှေ့လျောတဲ့ စကားပျက်ဖြစ်ပေမယ့် စားလုံးပေါင်းရတာ တိုသွားတာကို သတိပြုနိုင်ပါတယ်။

အင်္ဂလိပ်စကားမှာ အချို့ရာထူးကြီးများကို Ceremonial Post လို့ခေါ်ပါတယ်။ အဆောင်အယောင် ရာထူးပဲလို့ဆိုတာပါ။ တစ်တိုင်းပြည်နဲ့ တစ်တိုင်းပြည်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ တန်းတူရည်တူ ဆက်ဆံကြတဲ့အခါမှာ အဆောင်အယောင် အခမ်းအနားကလဲ ရှိရစမြဲပဲလေ။

Ceremony ဟာ သံတမန် ဆက်ဆံရေးမှာ အရေးကြီးပါတယ်။ အခမ်းအနား ထမြောက်စေခြင်းအပြင် ဝါစဉ်တို့၊ အသုံးအနှုန်းတို့ပါ သူ့ဘာသာသူ ရှိကြပါတယ်။ သံတမန်လောကမှာ သံတမန်ဆက်ဆံရေး ထုံးနည်းလို့ ခေါ်ရမှာပေါ့။ အဲဒါကို ပရိုတိုကော (Protocol) လို့ တစ်နည်း ခေါ်ပြန်တယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ သွားရင်း နိုင်ငံခေါင်းဆောင် အချင်းချင်းဖြစ်ရင် အမြောက်ဘယ်နှချက် ပစ်ဖောက် အလေးပြုရမယ်၊ ကြိုဆိုသူက ဘယ်အဆင့်ရှိရမယ်၊ ကိုယ်ရံတော်တပ်ကို စစ်ဆေးပြီး အလေးပြု

www.burmeseclassic.com



ခြင်းခံရမယ်၊ ညှော်သည်နဲ့ အိမ်ရှင်နိုင်ငံရဲ့ အမျိုးသားသီချင်းကို တစ်လှည့်စီ တီးမှုတ်သီဆိုရမယ်၊ ဆိုင်ရာ နိုင်ငံတော်အလံများကို လွှင့်ထူရမယ် အစရှိတာတွေ စုံလို့ပေါ့။

ဒါတွေနဲ့ ဆက်နွယ်ပြီး နိုင်ငံတော်အဆင့် ဖိတ်ကြားဧည့်ခံတဲ့အခါ ဘယ်လိုအဝတ်အစားဖြစ်ရမယ်၊ မလာနိုင်ရင် ဘယ်လိုအကြောင်းပြန်ရမယ်၊ ဖိတ်ကြားလျက်နဲ့ အကြောင်းထူးခြား မရှိဘဲ မတက်ရောက်ရင် ဘယ်လိုအဓိပ္ပာယ် သက်ရောက်နိုင်တယ် စသည်ဖြင့်ပေါ့။

ဒီလိုပဲ သံတမန်ထုံးအတိုင်း စာနဲ့ရေးသား ဆက်သွယ်တဲ့အခါမှာ နိဒါန်းချီရတာ၊ နိဂုံးချုပ်ရေးသားရတာတွေဟာ ပုံစံကျ ဖြစ်ရပါတယ်။ ရာထူးအဆင့်ကိုလိုက်လို့ ဘယ်လိုဂုဏ်ပြု ခေါ်ဝေါ် ရေးသားရမယ် ဆိုတာလဲ ပရိုတိုကောနဲ့ ဆိုင်ပါတယ်။ ပရိုတိုကော လုပ်ရိုးလုပ်စဉ်ကို မထေမဲ့မြင်ပြုလို့ စစ်မက်အထိဖြစ်ရတဲ့အခါများလဲ ကမ္ဘာ့သမိုင်းမှာ သာဓကတွေ များစွာရှိခဲ့ပါတယ်။

အခမ်းအနား သဘင်မြောက်မှုကို အဆာကျယ်ကျယ်နဲ့ လိုက်နာခဲ့တဲ့သူတွေဟာ အင်္ဂလန်နဲ့ ဥရောပက ဘုရင်စနစ်များဖြစ်ပါတယ်။ အာရှမှာလဲ ဘုရင်စနစ်များ ထွန်းကားဆဲနိုင်ငံတွေမှာ ဒီသဘောကို ဂုဏ်ပြုပြီး ကျင့်သုံးကြတုန်းပါ။ ဒါပေမဲ့ ခေတ်ကာလတွေ ပြောင်းလဲလာပြီး အချိန်တိုတိုနဲ့ အလုပ်တွင်အောင် လုပ်ရတဲ့အခါ တချို့သော လုပ်ထုံးလုပ်နည်းများ တိမ်ကောလာခဲ့ပါတယ်။ အင်္ဂလန်မှာ သံအမတ် ခန့်အပ်လွှာပေးတဲ့အခါ အာဏာကုန်လွှဲအပ်ခံရတဲ့ သံအမတ်ဖြစ်သူဟာ မြင်းက,တဲ့ ရထားနဲ့ နန်းတော်ကို ဝင်ရတာ တွေ့ဖူးပါတယ်။ အခုတော့ မမြင်မိတော့ပါဘူး။

သဘင် အခမ်းအနားမြောက်အောင် 'စီရီမိုနီ' လုပ်ကြရာမှာ ဘာသာရေးဆိုင်ရာတို့မှာ ပြုမြဲဝတ်တွေ ရှိကြပါတယ်။ ဒါတင်မဟုတ်

www.burmeseclassic.com



သေးပါဘူး။ ပညာရေးပိုင်းမှာ တက္ကသိုလ်ဘွဲ့တွေ အပ်နှင်းတဲ့အခါမျိုး မှာလဲ အစဉ်အလာလုပ်ထုံးကိုသုံးကြပြီး အစဉ်အလာအဝတ်တွေ ဝတ်ဆင်ကြပါတယ်။

အခုခေတ်လို ကမ္ဘာနဲ့အဝန်း အဆက်အဆံ ပြုကြတဲ့ကိစ္စများ ထူထပ်လာတာအပြင် ညှိနှိုင်းသဘောတူမှုတွေ များများလုပ်ကြရာမှာတောင် ပုံမှန်လုပ်ငန်းအဆင့်တွေအတိုင်း အစည်းအဝေး ကျင်းပခြင်း၊ သဘောတူချက် ပြုလုပ်ခြင်း၊ အတည်ပြုခြင်း၊ အကောင်အထည်ဖော်ခြင်း စသည်တို့ကို လုပ်ငန်းအဆင့်လိုက် လုပ်ကြရပါတယ်။

လူမှုဆက်ဆံရေး နယ်ပယ်တွေမှာဆိုရင် ဒီသဘော ရှိတဲ့အခါ ရှေးဆန်ပြီး မြို့ပြယဉ်ကျေးမှုနဲ့ဝေးလံတဲ့ လူမျိုးစုစနစ်တွေမှာ အစဉ်အလာ လက်ခံထားတဲ့ ကျင့်ထုံးတွေကို မလိုက်နာမိရင်၊ မသိလို့လုပ်ရင်တောင်မှ အလျော်ပေးရခြင်း၊ လက်စားချေခံရခြင်းတို့အထိ ရှိကြပါတယ်။ ရိုက်တ်စ် (Rites) တို့၊ ရစ်ကျူးအယ် (Ritual) တို့ကတော့ လူမှုရေးတို့၊ ဘာသာရေးတို့မှာ အစဉ်အလာဝတ်များကို ဆိုလိုပါတယ်။

ထုံးတမ်းဓလေ့ကို ကွန်ဗင်းရှင်း (Convention) လို့လဲ ဆိုကြပါတယ်။ ပြုရိုးပြုစဉ်ကို ဆိုလိုပါတယ်။ အလိုက်သင့်ကိစ္စဆိုရင်လဲ ရလောက်ပါတယ်။ ပြုရိုးပြုစဉ် အဆာကျယ်တာကို မလိုက်နာဘဲ တော်ရုံလျော်ရုံ အဆင်ပြေသလိုလုပ်တတ်တာ၊ ဓိဇာမချဲ့တတ်တာကို အန်ကွန်ဗင်းရှင်းနဲလ် (Unconventional) လို့ သုံးကြပါတယ်။

အဲဒီလို အဆာမကျယ်ချင်တဲ့ လူတွေဟာ ထူးခြားတဲ့ပုဂ္ဂိုလ်များ၊ လူထူးလူဆန်းများ၊ အကြောင်းကိစ္စတစ်ခုတည်းကိုသာ အာရုံစွဲမြဲနေသူများနဲ့ အချို့အနုပညာသည်များလဲ ပါဝင်ပါတယ်။ တချို့ကတော့ ရှိပြီးသား လူ့အဖွဲ့အစည်းရဲ့ သဘောသကန်တွေကို မနှစ်သက်လို့ လုပ်ကြတာပါ။ တချို့ကတော့ လိုက်နာနိုင်စွမ်း မရှိလို့ 'စပျစ်သီး ချဉ်တယ်'

www.burmeseclassic.com



ဆိုတာမျိုး လုပ်ကြတာပါ။ နောက်တချို့ကတော့ လမ်းခွဲထွက်ပြီး ကိုယ်ပိုင်ဟန် ထူထောင်ကြတာပါ။ အဆိုးဆုံးကတော့ ဟန်ပန်ဆောင်ပြီး လူအထင်ကြီးအောင် လုပ်ကြတာမျိုး ဖြစ်ပါတယ်။ အဲဒီလို အမျိုးအစားတွေထဲမှာ ဗိုဟီးမီးယန်း (Bohemian) ဆိုတဲ့ ဂျာမန်နယ်တစ်နယ်က လူများဟာ အစောဆုံးဖြစ်မလားမသိဘူး။ ခေတ်ပေါ် တေးဂီတဂိုဏ်းတွေထဲက တချို့လဲ ဒီလိုလမ်းခွဲထွက်ရင်း အောင်မြင်သွားကြပါတယ်။ မအောင်မြင်တဲ့ ကျဆုံးသူလဲရှိတာအမှန်ပါပဲ။ ဒီဘက်ခေတ်ပိုင်းမှာ ဆံပင်ကို အရောင်စုံဆိုးလို့၊ ဦးခေါင်းကို ကွက်ကျားရိတ်လို့၊ စစ်မက်တိုက်ရတာမဟုတ်ဘဲ ပုံပန်းမကျတဲ့ စစ်ဝတ်စစ်စားကိုဝတ်လို့ လူတောထဲ တိုးတဲ့ အနောက်နိုင်ငံက လူငယ်လူလတ်တွေဟာလဲ ‘စီရီမိုနီ’ ကို ဆန့်ကျင်ခြားနားဖို့ အားထုတ်ကြတာပဲ ဖြစ်ပါတယ်။ တကယ်တော့ လူအများစုဟာ စီရီမိုနီကို ကြိုက်ကြပါတယ်။ ဝင်ဆံ့ဖို့နဲ့ သဘင်မြောက်ဖို့ ကြိုးစားကြရတာပါပဲ။

# ကော်ရစ်ဒါ (CORRIDOR)

ဒီစကားလုံးကို စဉ်းစားမိတော့ 'ကော်ရစ်မင်သေ့' ဆိုတဲ့ ထိုးကွင်း အတတ်အကြောင်းကို အသံထွက် နီးစပ်တာနဲ့ ဘာမဆိုင် ညာမဆိုင် သွားသတိရတယ်။ ကျောင်းသားကျောင်းသူလောကမှာတော့ ကော်ရစ်ဒါ ဆိုတာ မြန်မာ အသုံးအနှုန်းလိုတောင်ဖြစ်ပြီး နားလည်နေကြပါပြီ။ "ကော်ရစ်ဒါ" ကို စင်္ကြံလို့ခေါ်တဲ့ မြန်မာအသုံးအနှုန်းဟာ သုတိ သာယာပြီး လှတယ်လို့ ထင်ပါတယ်။ 'စင်္ကြံလျှောက်' တယ်လို့ သုံးနှုန်း ကြတယ်။ စင်္ကြံဟာ ကော်ရစ်ဒါလို့ ဆက်စပ်ပြီး လွယ်လွယ် မတွေးမိ တတ်ပါဘူး။

ကုလသမဂ္ဂမှာ တာဝန်ထမ်းခဲ့တဲ့ သံအမတ်ဟောင်းတစ်ဦးက ပြောဖူးပါတယ်။ ကုလသမဂ္ဂ အစည်းအဝေးတွေမှာ ချမှတ်တဲ့ အရေးကြီး ဆုံးဖြတ်ချက်အများစုဟာ စည်းဝေးခန်းထဲမှာ ညှိနှိုင်းကြတာ မဟုတ်ဘူး၊ အားလပ်ချိန် အပြင်စင်္ကြံမှာ မဲဆွယ်ကြ၊ လက်တို့ကြ၊ စည်းရုံးကြ၊ ဆွယ်တရားဟောကြ၊ အပေးအယူလုပ်ကြတာက အဆုံးအဖြတ်ရဖို့ အဓိကပဲလို့ သူက ဆိုပါတယ်။ ဒီမိတ်ဆွေကလဲ စင်္ကြံလို့ မပြောဘူး။ ကော်ရစ်ဒါလို့သာ လွယ်လွယ်သုံးသွားပါတယ်။

www.burmeseclassic.com



တက္ကသိုလ်တို့၊ ကော်လိပ်တို့မှာ စာသင်ခန်းတို့၊ နားနေခန်းတို့ကို အသွားအလာပြုကြတဲ့ စင်္ကြံ ဟာ လူငယ်လူရွယ်တို့အဖို့ ကိစ္စမျိုးစုံအတွက် အဆင်ပြေတဲ့ နေရာကလေးများလို့ဆိုရင် မမှားပါဘူး။ လူငယ်လူရွယ် ဘဝမှာ တွေ့ချင်တဲ့လူကို ယောင်ပေပေ စောင့်ရတဲ့နေရာ၊ ပေးချင်တဲ့ စာကို မရဲတရဲ ပေးရတဲ့နေရာ၊ မမျှော်လင့်ဘဲ ရုတ်တရက် ဘွားခနဲ တွေ့ရတဲ့နေရာ၊ အမှတ်မထင် စတင်ဆုံစည်းကြတဲ့နေရာအဖြစ်နဲ့ မှတ်လောက်သားလောက် ပုဂ္ဂိုလ်ရေးကိစ္စလေးများရဲ့ အစပြုရာဌာနလို့လဲ ဆိုစရာ ဖြစ်ပါတယ်။

ပြီးတော့ စင်္ကြံဟာ မဆုံချင်တဲ့လူရဲ့ လာလမ်းဖြစ်နေတတ်လို့ တမင် ရှောင်ထွက်ရတဲ့နေရာ၊ ကိုယ့်ဘာသာ စိတ်လှုပ်ရှားပြီး လူရှေ့သူရှေ့ အရှက်ကွဲရဖူးတဲ့နေရာလို့လဲ ဆိုရမှာ ဖြစ်ပါတယ်။ စင်္ကြံ ဟာ ငယ်ရွယ် သူတွေ ဟန်ပန်လုပ် ခေတ်ခုတ်ကြတဲ့နေရာအဖြစ်နဲ့လဲ မကြာခဏ ကြုံရတာကို သိကြမှာပါ။

ဒီလိုစင်္ကြံ မျိုးတင်မကပါဘူး။ 'လေစင်္ကြံ' လို့ အင်္ဂလိပ်လို တင်စားပြီး သုံးတာကိုလဲ သတိထားမိပါတယ်။ အဲယားကော်ရစ်ဒါ (Air Corridor) ပေါ့။ အရှေ့နဲ့အနောက် ဂျာမနီနှစ်နိုင်ငံ ဖြစ်နေတုန်းက ဘာလင်မြို့ကိုလဲ အရှေ့ အနောက် ပိုင်းထားတော့ အရှေ့နယ်ထဲမှာရှိတဲ့ ဘာလင်ကို သွားချင်ရင် လေကြောင်းနဲ့သွားရတာက အဆင်ပြေတယ်။ ဒါပေမဲ့ အနောက်က လေယာဉ်များဟာ သတ်မှတ်ထားတဲ့ လေကြောင်းစင်္ကြံ ကပဲ ဘာလင်ကို ချဉ်းကပ်ရတယ်။ တခြားလမ်းကလာရင် အရှေ့ဘာလင် ရဲ့ လေပိုင်နက်ကို ကျူးကျော်ရာ ရောက်ပါတယ်။ ဒါကြောင့် လေစင်္ကြံ ဟာလဲ ကာလဒေသကိုလိုက်လို့ အရေးကြီးပါတယ်။

ကော်ရစ်ဒါကို သုံးကြတဲ့အထဲမှာ စင်္ကြံ လို့မခေါ်ဘဲ "မင်းပါးစိုးခွင်" လို့ ဆိုရမယ့် ပဒေသရာဇ် အသုံးအနှုန်းတစ်ခုလဲ ရှိပါသေးတယ်။ အဲဒါက

www.burmeseclassic.com



တော့ Corridors of Power (ကော်ရစ်ဒါးစ် အော့ဖ် ပါဝါ) ဆိုတဲ့ အသုံးအနှုန်းပါ။ အာဏာစက်ရှိရာ၊ အခွင့်အာဏာရှိရာကို ဆိုလိုပါတယ်။ စင်္ကြံလို နေရာသတ်မှတ်ထားတာလဲ မရှိဘူး။ စင်္ကြံလို ဖြောင့်ဖြူးချင်မှလဲ ဖြောင့်ဖြူးလိမ့်မယ်။ ဟန်ရေးပြဖို့ထက် ရှိ့ကျိုးဖို့က အကြောင်းများနိုင်တယ်။ ဒီစကားဟာ နန်းတော်တို့၊ လွှတ်တော်တို့၊ ရုံးဌာနတို့နဲ့ယှဉ်ပြီး အဝင်အထွက်ပြုခြင်းကိစ္စနဲ့ ယှက်နွှယ်ပြီးတော့ အင်္ဂလိပ်ဘာသာမှာ သုံးခဲ့တယ်လို့ ထင်စရာ ရှိပါတယ်။

ခုတိုင်အောင်လဲ ကွန်ဂရက်လွှတ်တော်တို့လို အဖွဲ့အစည်းမှာ စင်္ကြံတစ်လျှောက် အခွင့်အာဏာကိစ္စ၊ ဥပဒေပြုခြင်း၊ ဖျက်ပယ်ခြင်း၊ ရုပ်သိမ်းခြင်း၊ ခွင့်ပြုခြင်းတို့နဲ့ယှဉ်လို့ ရုံးစုရုံးစု ပြောဆိုညှိနှိုင်းကြတဲ့နေရာဟာ ကော်ရစ်ဒါပါပဲ။ အဲဒီလို ချဉ်းကပ်ဆွေးနွေးခြင်းကို "လော်ဘီ" (Lobby) လို့ ခေါ်ကြပါတယ်။ "လော်ဘီ" ဟာ မဲဆွယ်ခြင်း၊ သိမ်းသွင်းခြင်းဆိုတဲ့ အဓိပ္ပာယ်များကို ဆောင်ပါတယ်။ မူရင်းအဓိပ္ပာယ်ကတော့ အတွင်းခန်းများထဲကို မဝင်ခင် အကြိုထောက်ရာ ခန်းပြင်ဆောင်လဲ ဖြစ်ပါတယ်။ ဝေါဟာရစာအုပ်ထဲမှာတော့ "လေခိုခန်း" လို့ ဆိုတယ်။ တကယ်တော့ ခပ်ရှင်းရှင်းပြောရရင် အာချောင်တဲ့၊ လေဖောတဲ့နေရာပါပဲ။ စင်္ကြံဆိုတာ ခရီးခုလတ်ပဲလေ။

ဒီခရီးခုလတ်မှာ အာရုံမပျံ့လွင့်လိုတဲ့သူများဟာ စင်္ကြံလျှောက်ရင်းက ရှုမှတ်လေ့ကျင့်ပြီး တရားသဘောနဲ့ စိတ်ကို ဆောက်တည်နိုင်ကြတာလဲ အားကျနည်းယူစရာ ဖြစ်ပါတယ်။

# ကောက်ချ် ပိုတေးတိုး
# (COUCH POTATO)

အခုခေတ်မှာ ကိုယ်လက်လှုပ်ရှားမှုကို ကိုယ်နဲ့တန်သလောက် ဖြစ်အောင် မှန်မှန်လုပ်ပြီးနေမှ ကျန်းမာရေးနဲ့ ညီညွတ်တယ်ဆိုတဲ့ အဆိုကို သိပ္ပံပညာပိုင်းက ပြောနေကြပါတယ်။ မလှုပ်မရှားနေခြင်းရဲ့ အပြစ်တွေကို မြင်လာကြပါတယ်။ ဒါကြောင့်မို့ စည်းစိမ်နဲ့နေနိုင်တဲ့ လူကလဲ လမ်းပေါ်မှာ ရှုရှုအပြေးလေ့ကျင့်လို့၊ အသက်အရွယ်ထောက်တဲ့လူကလဲ မနက်စောစော လမ်းလျှောက်လို့၊ လူရွယ်လူလတ်တွေကလဲ ထရက်ဆု (Track Suit) ဆိုတဲ့ ပြေးခုန်ပစ်ဝတ်စုံဝတ်ပြီး အားတဲ့အချိန်ကလေးတွေမှာ ကစားကွင်း သွားရင်သွား၊ မသွားရင် လွင်ပြင်ကွက်လပ်ရှိရာကိုသွားလို့ စသည်ဖြင့် လူတစ်ယောက်ချင်းမှာ ကျန်းမာရေး ဗဟုသုတရှိရင် ရှိသလို လှုပ်ရှားမှုတွေ လုပ်လာကြပါတယ်။

ဒီလိုမလုပ်ဘဲ လှုပ်ရှားဖို့ အချိန်ယူရင် ရနိုင်လျက်သားနဲ့ ငြိမ်သက်နေတဲ့သူတွေကို အင်္ဂလိပ်ဘာသာနဲ့ "ကောက်ချ် ပိုတေးတိုး" လို့ တင်စားပြီး ကျန်းမာရေး လှုံ့ဆော်ချက် ဆောင်းပါးတွေမှာ ရေးကြတာကို တွေ့ရပါတယ်။ အဓိပ္ပာယ်ကတော့ "ထိုင်ခုံပေါ်မှာ ချထားတဲ့ အာလူးကြီး"ပေါ့။

www.burmeseclassic.com



မလှုပ်မရှား၊ မရွေ့မရှား ဖြစ်နေတဲ့ အဖြစ်ပေါ့။ ကျွန်တော်တို့ ဘာသာ စကားမှာ အာလူးဟာ အရာမဝင်လှတော့ ကိုယ့်အတွေးနဲ့မြင်သာအောင် ပြောရရင် 'ကျောက်ချနေတယ်'၊ 'ကြမ်းပြင်နဲ့ တင်ပါးနဲ့ မခွာတော့ဘူး'၊ 'ကျောက်ရုပ်ကြီးလို မလှုပ်မယှက် ငြိမ်နေတယ်' လို့ ပြောရမလား မသိ ပါဘူး။

ရူပဗေဒဘာသာမှာ အင်နားရှား (Inertia) လို့ အသံထွက်တဲ့ စကားလုံးတစ်လုံးလဲ ရှိပါတယ်။ အဲဒါကတော့ မလှုပ်မရှား ငြိမ်သက်ခြင်း ကို တစ်မျိုးသောရှုထောင့်က ဆိုခြင်းဖြစ်ပါတယ်။ အရာဝတ္ထုတစ်ခုရဲ့ နေမြဲအခြေအနေပါ။ ငြိမ်သက်နေတဲ့ အခြေအနေမှာ ရုပ်ဝတ္ထုပစ္စည်းရဲ့ သက်ရောက်တဲ့အား ဖြစ်ပါတယ်။ သူ့ကို တစ်စုံတစ်ခုသောအင်အားနဲ့ သက်ရောက်စေခြင်း မပြုရင် Velocity အလျင်တစ်မျိုးရှိတာကို ဆိုလို ပါတယ်။ တင်စားပြီးပြောတဲ့အနေနဲ့ဆိုရင်တော့ အေးအေးလူလူ နားနေ တယ်ဆိုတဲ့ အဓိပ္ပာယ်လဲ ရှိပါတယ်။ အင်နားရှားအကြောင်းကို တင်စားပြီး စာတွေ၊ ကဗျာတွေလဲ ဖွဲ့ကြတယ်။ ဖွဲ့လောက်အောင်လဲ ငြိမ်သက်နေ ခြင်းမှာ တည်ငြိမ်ခြင်း၊ အာရုံဝင်စားခြင်း၊ တွေးတောကြံဆခြင်းဆိုတဲ့ သဘောတွေရှိလို့ ဖြစ်ပါတယ်။

ငြိမ်သက်ခြင်းနဲ့ ဆန့်ကျင်ဘက်ဟာ လှုပ်ရှားခြင်း ဖြစ်ပါတယ်။ ပြုမူခြင်းလို့လဲ ဆိုနိုင်ပါတယ်။ ပြုမူတဲ့အခါမှာ အားစိုက်ရတဲ့သဘော ရှိသလို အကျိုးပြီးနိုင်တဲ့သဘောလဲရှိတာမို့ အက်ရှင် (Action) ခေါ်တဲ့ လှုပ်ရှားမှု ဆိုတာဟာ လိုလားအပ်တဲ့ သဘောရယ်လို့ ယေဘုယျ ယူရ မှာပါ။

သိပ္ပံသဘောနဲ့ပြောရင် ပြုမူခြင်း၊ လှုပ်ရှားခြင်းတို့မှာ နားနေခြင်း၊ အပန်းဖြေခြင်း၊ ဖြေလျှော့ခြင်း သဘောများလဲ တွဲလျက်ရှိရမှာ ဖြစ်ပါ

www.burmeseclassic.com



တယ်။ ကျွန်တော်တို့ပြောတဲ့ ချထားတဲ့ အာလူးကြီးကတော့ လုပ်သင့် လုပ်ထိုက်တာကို မလုပ်တဲ့ သဘောနဲ့ပြောတာ ဖြစ်ပါတယ်။ ပြီးတော့ ဒီလိုလုပ်တာဟာလဲ မိမိကောင်းကျိုးအတွက်ကို ဆိုလိုပါတယ်။

ဆက်ပြီးတွေးရရင် မိမိကောင်းကျိုးအတွက် မလုပ်တဲ့လူဟာ သူများကောင်းကျိုးအတွက် လုပ်တဲ့လူ ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ပျင်းရိဖင့်နွဲ့တဲ့လူသာဖြစ်ပါလိမ့်မယ်။ ပျင်းရိဖင့်နွဲ့ခြင်းရဲ့ အပြစ်များကို နီတိကျမ်းတွေမှာ အမျိုးမျိုးဖွဲ့ဆိုကြပါတယ်။ ဆုံးမစာအများစုမှာ မပျင်းရိဖို့ဆိုတဲ့ အချက်ဟာ ပါလေ့ပါထရှိပါတယ်။ ချမ်းမြေ့ဆရာတော် ရှင်ဇနကာဘိဝံသက "လုံ့လနဲ့ဖွဲ မလျှော့ဘဲ၊ အမြဲတင်းတင်းထား၊ လောကီလောကုတ် ဒီအတိုင်းလုပ်၊ မုချအောင်တရား" လို့ မိန့်မှာတာရှိသလို "စိတ်ကိုလဲပြင်၊ ရုပ်လဲပြင်၊ ပြင်ဆင်တိုင်းရ၊ ပြုတိုင်းလှ ..." ရယ်လို့ လောကီလောကုတ် အကျိုးကျေးဇူးတွေ ညွှန်းဆိုတာလဲ ရှိပါတယ်။ မျက်မှောက်လောကကြီးပွားကြောင်းတရား (၄) ပါးတို့မှာ ဥဋ္ဌာနသမ္ပဒါ ဆိုတဲ့အချက်ဟာ ထကြွလုံ့လ ဝီရိယနဲ့ ပြည့်စုံမှုဖြစ်ပါတယ်။ ဒါ့ကြောင့် လူတစ်ဦးချင်းအဖို့ အရာရာမှာ အောင်မြင်ချောမောဖို့ဆိုရင် "ခုံပေါ်မှာ ချထားတဲ့အာလူးကြီး" မဖြစ်ဖို့က စရပါလိမ့်မယ်။

www.burmeseclassic.com

# ကောက်ချ်ပိုတေးတိုး
# ( COUCH POTATO )



www.burmeseclassic.com

## ဒဲဗျူး (DEBUT)

'ဒဲဗျူး' သည် ဟို 'ဗျူး' နှင့် မစပ်ဆိုင်ပါ။ ခုတလော တွေ့ဆုံမေးမြန်းခြင်း (အင်တာဗျူး) ကို စာနယ်ဇင်းတို့၌ အတိုကောက်အားဖြင့် "ဗျူးသည်" လို့ သုံးနှုန်းနေကြပါတယ်။ ဒီအသုံးအနှုန်းဟာ အဘိဓာန်ဝင်မယ့်စကားတော့ ဖြစ်နိုင်စရာမရှိလို့ ဆိုရပါမယ်။ ဒါပေမဲ့ အသုံးများလာတော့ ဆိုလိုရင်းကို စာဖတ်ပရိသတ် အတော်များများက သဘောပေါက်နေကြပါပြီ။

ကျွန်တော်တို့စကားမှာ ဒီလိုမွေးစားတဲ့စကားလုံးတွေ ရှိပါတယ်။ ဒါတွေကတော့ မဂ္ဂဇင်း၊ ဂျာနယ်၊ မော်တော်ကား၊ တီဗီ၊ တယ်လီဖုန်း၊ ကက်ဆက်၊ ဗီဒီယို စတာတွေ ဖြစ်ပါတယ်။ နောက်ထပ်လဲ အာလထရာဆောင်း၊ ဖောင်ဒေးရှင်း၊ အီးစီဂျီ၊ အင်ဂျီယိုဂရမ်၊ ပတ်စပို့၊ ဟိုင်းဝေး၊ ဟိုင်းတက် စတာတွေလဲ အသုံးများပြီး မွေးစားစကားလုံးတွေ ဖြစ်လာဖို့ အလားအလာတွေ ရှိနေပါတယ်။ အထူးသဖြင့်တော့ သိပ္ပံစက်မှု တိုးတက်လာတာနဲ့အမျှ သိပ္ပံစက်မှုဝေါဟာရတွေကို ဘာသာပြန်မနေတော့ဘဲ သူ့အတိုင်းသုံးတဲ့ အဆင်ပြေမှုကိုလဲ နှစ်သက် လက်ခံလာကြရမယ့် သဘောဖြစ်ဖို့ များပါတယ်။

www.burmeseclassic.com



ကျွန်တော်ပြောမယ့် "ဒဲဗျူး" ကတော့ ပြင်သစ်စကားကလာပြီး အင်္ဂလိပ် အသုံးအနှုန်းဖြစ်နေတဲ့ ဝေါဟာရပါ။ ဘယ်လောက် တွင်ကျယ်သလဲဆိုရင် ဒီဆောင်းပါးကို ရေးနေတဲ့ တစ်ရက်တည်းမှာပဲ အင်္ဂလိပ်ဆောင်းပါးနဲ့ သတင်းစာတွေထဲမှာ ဒီစကားကို သုံးလုံးလောက် ဖတ်မိလိုက်ပါတယ်။

အရပ်ထဲမှာ အင်္ဂလိပ်လို ညှပ်ပြောကြရာမှာတော့ အသုံးနည်းပါသေးတယ်။ ကျွန်တော်ကတော့ ဒီစကားလုံးလေး သုတိသာယာဖြစ်တယ်လို့ ထင်မိတယ်။ မြန်မာလို ဆိုလိုချက်ကတော့ ပွဲဦးထွက်တယ်ဆိုတဲ့ စကားလုံးနဲ့ အနီးစပ်ဆုံးဖြစ်ဖို့များတယ်။ ဆင့်ပွားပြီး တွေးမယ်ဆိုရင် အရာဝင်စပြုတယ်၊ ငှက်စာဆော်တယ်၊ နေရာတော်ခင်းတယ်ဆိုတဲ့ အရိပ်အဆင်များအထိ ရောက်နိုင်မယ်လို့ တွေးမိပါတယ်။ သုံးစွဲပုံ နေရာဌာနကိုလိုက်လို့ပေါ့။

သူတို့အသုံးအနှုန်းမှာတော့ ပထမဆုံး လူရှေ့သူရှေ့ထွက်တာ၊ ပထမဦးဆုံးလက်ရာစာအုပ်၊ ပထမဆုံးသီချင်း၊ ပထမဆုံး သရုပ်ဆောင်မှုစတဲ့ကိစ္စတွေမှာ သုံးကြပါတယ်။ 'ဒဲဗျူး'ဆိုတဲ့ အသုံးအနှုန်းမှာ ဒဲဗျူးတန်း (Debutante) ဆိုလို့ရှိရင် အနောက်နိုင်ငံမှာ ကြေးရတတ်တွေက သူတို့သမီးကလေး အရွယ်ရောက်ပြီဟော့ဆိုရင် ကိုယ့်မိတ်ဆွေအသိုင်းအဝိုင်းမှာ "ကိုယ့်သမီး အပျိုဖြစ်ပြီ"လို့ ကြေညာတဲ့သဘောနဲ့ အခမ်းအနား ပြုလုပ်ကြရာမှာ အကြောင်းပြုခံရတဲ့ သမီးပျိုကို "ဒဲဗျူတန်း" လို့ ခေါ်ဝေါ်ပါတယ်။ ဒီကိစ္စဟာ သူတို့ဆီမှာ ရှေးရှေးက လူ့အဖွဲ့အစည်းရဲ့ ဓလေ့ထုံးစံအကြွင်းအကျန်ပဲ ဖြစ်လိမ့်မယ်လို့ ထင်ရပါတယ်။

အခုတော့ အခြားလူမှုကိစ္စတွေမှာလဲ 'ဒဲဗျူး'ကို သုံးကြတာ ပွဲဦးထွက်ခြင်း၊ တာထွက်ခြင်း၊ အသစ်ဖြန့်ချိခြင်းဆိုတဲ့ သဘောတွေအထိ

www.burmeseclassic.com



ချဲ့ထွင်နားလည်ရပါတယ်။ ကျွန်တော်တို့ဆက်စပ်ပြီး တွေးကြည့်ချင်တာ ကတော့ ပွဲဦးထွက်ကောင်းဖို့၊ တာထွက်ကောင်းဖို့ဆိုတဲ့ တရားကိုယ် သဘောကို ဖြစ်ပါတယ်။ မြန်မာစကားမှာ "အစကောင်းမှ အနှောင်း သေချာ" ဆိုတဲ့ အသုံးအနှုန်းရှိပါတယ်။ အလုပ်တစ်ခုခုကို လုပ်ကြတဲ့ အခါ စနစ်တကျ ကြိုတင်ပြင်ဆင်မှု လိုအပ်တဲ့ကိစ္စကို အမှုမဲ့ အမှတ်မဲ့ ဖြစ်တတ်ကြပါတယ်။ စီးပွားရေးလုပ်ငန်းများ ထူထောင်တဲ့အခါ ပိုပြီး တော့တောင် ခုခေတ်မှာ အရေးထားလာကြရပါသေးတယ်။ စိတ်ကူးနဲ့ ဆန္ဒစောရုံနဲ့ မဖြစ်ပါဘူး။

တာထွက်ကောင်းဖို့ဆိုတာမှာလဲ လက်ငင်းလက်တွေ့မှာ တာတို အပြေးသမားများအတွက် အရေးကြီးသလို ကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ချိမှု မှာ စားသုံးသူ လက်ခံနှစ်သက်ပြီး အကျိုးရှိတယ်လို့ အထင်အမြင်ရသွားဖို့ အရေးကြီးပါတယ်။ အရှိန်ရသွားရင်တော့ အကျိုးခံစားပေတော့လို့ ဆိုရ မှာပါပဲ။ ဒီတော့ တာထွက်ကောင်းခြင်းဟာ ပန်းဝင်ကောင်းဖို့ကိစ္စမှာ ပထမဆုံး လိုအပ်ချက် ဖြစ်ရမှာပါ။

ကျွန်တော်တို့ မျက်စိအောက်မှာ ပျက်သွားတဲ့ ကုမ္ပဏီတွေ၊ ပြုတ်သွားတဲ့ မဂ္ဂဇင်းတွေ၊ တိမ်မြုပ်သွားတဲ့ အနုပညာသည်တွေ၊ ဝါးအစည်းပြေသလို ပြေသွားတဲ့ အသင်းအဖွဲ့တွေ၊ ဘဝပျက်သွားတဲ့ လူတော်တွေကို တစ်ခါတစ်ရံ တွေ့ရတတ်ပါတယ်။ ဒါတွေဟာ ကံကြမ္မာ ကြောင့်၊ ပတ်ဝန်းကျင် အခြေအနေကြောင့်၊ ပံ့ပိုးမှု အသိုင်းအဝိုင်း အားနည်းတာကြောင့်လို့ ပြောရပေမယ့် အစကောင်းအောင် မလုပ်နိုင် ခဲ့တဲ့ အားနည်းချက်များလဲရှိတာကြောင့်လို့ ဆိုသင့်ပါတယ်။

ဒီကိစ္စမှာ ခေတ်မီ စီးပွားကုန်သွယ်လောကမှာ ပြုလုပ်ကြတဲ့ ပြန်လည်သုံးသပ်ခြင်း၊ ရှေ့ရေးကို မျှော်ခေါ်တွက်ဆခြင်း၊ သုတေသန

www.burmeseclassic.com



ပြုခြင်း၊ ခေတ်မီအောင် လေ့ကျင့်ခြင်း၊ ယှဉ်ပြိုင်နိုင်အောင် နည်းလမ်းရှာခြင်းဆိုတဲ့ လုပ်ငန်းများဟာ အတုခိုးစရာတွေ ဖြစ်ပါတယ်။

ဒါကြောင့် ဒဲဗျူးဆိုတဲ့ ဝေါဟာရကလေးတစ်လုံးကို ဆက်စပ်တွေးယူ အသုံးချနိုင်ရင် ဘဝသင်ခန်းစာကလေးတစ်ခုပါပဲလို့ ပြောချင်မိပါတယ်။

www.burmeseclassic.com

# ဒေါင်းဆိုက်ဇင်း (DOWNSIZING) နှင့် ရီစထရပ်ချားရင်း (RESTRUCTURING)

စီးပွားကုန်သွယ်လုပ်ငန်းများမှာ အချိန်ကာလအလျောက် ပေါ်ပေါက်ဖြစ်တဲ့ အသုံးအနှုန်းတွေ ရှိကြပါတယ်။ 'ဒေါင်းဆိုက်ဇင်း' နဲ့ 'ရီစထရပ်ချားရင်း' ဆိုတဲ့ ဝေါဟာရနှစ်လုံးကတော့ ခုတလော စီးပွားကုန်သွယ်မှုနဲ့ စီမံခန့်ခွဲရေးလောကမှာ အသုံးတွင်ကျယ်နေတဲ့ စကားနှစ်လုံး ဖြစ်ပါတယ်။ စကားလုံး ဝေါဟာရဖြစ်ပေမယ့် အရင်းအမြစ်မှာ အသစ်အဆန်း ဖြစ်တယ်လို့တော့ မဆိုနိုင်ပါဘူး။ ပထမစာလုံးက ဆိုက် (Size) ဆိုတဲ့ အရွယ်အစားကို အခြေပြုတာပါ။ ဒုတိယ စာလုံးကတော့ စထရပ်ချာ ဆိုတဲ့ ဖွဲ့စည်းတည်ဆောက်ပုံကို အခြေပြုတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ 'ဒေါင်းဆိုက်ဇင်း' ဟာ အရွယ်အစားနဲ့ ဆိုင်တယ်။ တိုက်ရိုက်ပြောရင် အရွယ်အစားကို ချုံ့ပစ်တယ်လို့ ဆိုလိုပါတယ်။ ဘာကို အရွယ်ချုံ့ပစ်သလဲဆိုရင် လုပ်ငန်းတစ်ခုရဲ့ အရွယ်ပမာဏကို ချုံ့ပစ်တာပါ။ အရွယ်သေးအောင်လုပ်တယ်။ လှုပ်ရှားလုပ်ကိုင်လို့လွယ်အောင် လုပ်တဲ့ သဘောဖြစ်လို့ အဆိုးထက် အကောင်းကို ရည်စူးပါတယ်။

www.burmeseclassic.com



ကိုယ်အလေးချိန် များနေတဲ့သူများ ဝိတ်လျှော့သလိုပေါ့။ ပေါ့ပေါ့ပါးပါးနဲ့ သွက်သွက်လက်လက်ဖြစ်အောင် မလိုအပ်တဲ့အပိုင်းတွေကို လျှော့ရပါတယ်။ ကုမ္ပဏီလုပ်ငန်း အဖွဲ့အစည်းများမှာဆိုရင်လဲ ဝန်ထမ်းတွေများပြီး အလုပ်မတွင်တာမျိုး၊ လူများလို့ ပွဲမစည်တာမျိုးကို လုပ်ငန်းအကျိုးအမြတ် ပေါ်ထွက်ရေးအတွက် လိုအပ်သလို ပြုပြင် ပြောင်းလဲပစ်ရပါတယ်။ ကိုယ်ခန္ဓာ အချိုးအဆစ် ပြေပြစ်လိုသူများမှာ ပါးစုံ့ထွက်နေတာကို ပြေအောင်၊ ခါးတုတ်နေတာကို သွယ်လျအောင်၊ ဝမ်းဗိုက်ရွှဲနေတာကို ချပ်ရပ်အောင်၊ တင်၊ ရင်၊ သလုံးသားတို့ကို အလိုက်သင့်ပြေအောင် လုပ်ရသလို သဘောနဲ့လဲ ဆင်ပါတယ်။ လိုတိုးပိုလျှော့ သဘောတွေလဲ ပါတယ်ပေါ့။

စီးပွားကုန်သွယ်မှုလုပ်ငန်းများမှာတော့ လူတစ်ဦးချင်းရဲ့ ကိစ္စထက် ပိုအရေးကြီးပါတယ်။ လုပ်ငန်းချင်း အပြိုင်အဆိုင် လုပ်ရတဲ့အပြင် မိမိလုပ်ငန်းမှာ တာဝန်ထမ်းဆောင်နေကြတဲ့သူများ၊ အစုရှယ်ယာဝင်များရဲ့ အကျိုးအမြတ် မယုတ်လျော့ရေးကိုကြည့်ပြီး အလုပ်တွင်အောင် ပြင်ဆင်စီမံကြတာပဲ ဖြစ်ပါတယ်။ ခုအခါမှာ စီးပွားရေးလုပ်ငန်းများအကြောင်း ဆောင်းပါးတွေကို ဖတ်လိုက်ရင် 'ဒေါင်းဆိုက်ဇင်း' ဟာ မကြာခဏ တွေ့ရတတ်တဲ့ စကားလုံးပါပဲ။

အခုခေတ်မှာ 'ဒေါင်းဆိုက်ဇင်း' လုပ်ရခြင်းဟာ လူ့လုပ်အားအပြင် စက်လုပ်အားတွေ၊ ခေတ်မီကိရိယာတွေကို အသုံးပြုနိုင်တဲ့ ပံ့ပိုးမှုကြောင့်လဲ ပါပါတယ်။ အိတ်ဆောင် တယ်လီဖုန်းတွေ၊ မိတ္တူပွားစက်တွေ၊ ကွန်ပျူတာတွေ၊ လူခေါ်စက်တွေက လူ့လုပ်အားကို အစားထိုးနိုင်တော့ တချို့ကိစ္စတွေမှာ လူကို အစားထိုးကြပြန်တာပေါ့။ စက်က မညောင်းညာဘူး၊ အပျင်းမထူဘူး၊ ဇာဟီရ မရှုပ်ဘူးလို့ တွေးနိုင်ပါတယ်။ စက်က

www.burmeseclassic.com



လူနေရာတွေကို တိုးဝင်တာဟာ စက်မှုနိုင်ငံများမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ လောက်မှာ အကြီးအကျယ်ပါပဲ။ လူလုပ်သားက အရွယ်ကလေး ရှိသေးရင် အခြားကျွမ်းကျင်မှုကို လေ့ကျင့်ပြီးမှ အလုပ်ခွင်သစ်ကို ရှာရပြန်တာပေါ့။

အဲဒီ ဒေါင်းဆိုက်ဇင်းကို ဟိုတုန်းကတော့ ရီထရင့်ချ်မင့် (Retrenchment) 'လူလျှော့တယ်' လို့ သုံးကြမှာပေါ့။ အခုတော့ လူလျှော့တာ မဟုတ်ဘူး။ အရွယ်ကျုံ့အောင် ချုံ့တာလို့ သုံးလာကြပါတယ်။ လူတင်မဟုတ်ဘူး၊ လုပ်ငန်းပိုင်းကိုပါ ချုံ့တာ၊ ပြောင်းတာ ရှိနိုင်ပါတယ်။

ဒီလိုပဲ 'ရီစထရပ်ချားရင်း' ဟာ အခုခေတ် လုပ်ငန်းစီမံခန့်ခွဲရေးမှာ သုံးကြတဲ့ အလေ့အထတစ်ခုဖြစ်ပါတယ်။ လုပ်ပုံကတော့ ဒေါင်းဆိုက်ဇင်းနဲ့ ခပ်ဆင်ဆင် ဖြစ်ပါလိမ့်မယ်။ ဌာနတွေကို ပြန်ဖွဲ့စည်းတယ်။ လုပ်ငန်းတာဝန်အဆင့်တွေကို မလိုအပ်တာ မထားဘဲ အထက်နဲ့အောက် အလွှာချုံ့တာမျိုးလို ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ ပြောင်းလဲတယ်ပေါ့။ ခုနကိစ္စမှာလိုပဲ သွက်လက်ထက်မြက်အောင် လုပ်ကြတာပါ။ အဆင့်တွေ မများဖို့၊ လိုအပ်တဲ့ လုပ်ငန်းပိုင်တွေ အသစ်ထွင်ဖို့လို့ ယူဆမိပါတယ်။

တစ်နည်းပြောရရင် ဒေါင်းဆိုက်ဇင်းဟာ လုပ်ငန်းကို ဘေးတိုက် (Horizental) ပြုပြင် ဖွဲ့စည်းတာ၊ ရီစထရပ်ချားရင်းဟာ ဒေါင်လိုက် (Vertical) ဖွဲ့စည်းပြုပြင်တာလို့ သဘောပေါက်ရင် ရမလား မသိပါဘူး။ ဒီနှစ်မျိုးကို ပေါင်းပြီး လိုသလို ပြုပြင်ဖွဲ့စည်းတဲ့ လုပ်ငန်းမျိုးလို့ ထင်ရတဲ့ အသုံးအနှုန်းတစ်ခုလဲ ရှိပါသေးတယ်။ ဒါကတော့ ရီအင်ဂျင်းနီးယားရင်း (Reengineering) ပေါ့။ လုပ်ငန်းတစ်ခုကို အသစ်ပြုပြင် ဖွဲ့စည်းတယ်လို့ ဆိုလိုရိပ်ရှိတာကို နားလည်မိပါတယ်။

www.burmeseclassic.com



ဒီပြုပြင်မှုတွေဟာ ခေတ်သစ်လုပ်ငန်းများမှာ ယှဉ်ပြိုင်နိုင်အောင်၊ တိုးတက်ဖွံ့ဖြိုးအောင်၊ အကျိုးကျေးဇူး ပိုထွက်အောင် လုပ်ကြတာမို့ ကောင်းတဲ့ ရည်စူးချက်ရှိတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လုပ်သား တစ်ဦးချင်းကိစ္စမှာတော့ ပြောင်းလဲလာတဲ့ အခြေအနေနဲ့ ကိုယ်နဲ့ လိုက်လျောညီအောင်၊ အလိုက်သင့် အသုံးတည့်အောင် လုပ်ရလိမ့်မယ် ဆိုတဲ့ သင်ခန်းစာကို ပေးနေပါတယ်။

www.burmeseclassic.com

# ဒေါင်းဆိုက်ဇင်း <DOWNSIZING> နှင့် ရီစထရပ်ချားရင်း <RESTRUCTURING>



www.burmeseclassic.com

# ဒရော့ပ်အောက် (DROP-OUT)

"ဒရော့ပ်အောက်" ရယ်လို့ တင်စားခေါ်ဆိုခြင်းခံရတဲ့သူတွေဟာ လူ့အဖွဲ့အစည်းတိုင်းမှာ ရှိပါတယ်။ ခေတ်ကာလတိုင်းမှာလဲ တွေ့ရတတ်ပါတယ်။ တစ်ခါတစ်ရံမှာတော့ အဲဒီလူမျိုးတွေကို ခေတ်တစ်ခေတ်က ဖန်တီးမွေးထုတ်ပေးရာလဲရောက်ပါတယ်။ အခါများစွာတို့မှာတော့ မိမိတို့ တစ်ဦးချင်းရဲ့ အစွမ်းအစ၊ ကိုယ်ရည်ကိုယ်သွေးအပေါ် မူတည်ပြီး အဲဒီလို ဖြစ်ရတယ်လို့ ထင်ပါတယ်။

"ဒရော့ပ်အောက်" ဆိုပြီး တင်စားသုံးနှုန်းမှုဟာ အမေရိကန်တို့ရဲ့ တီထွင်သုံးစွဲမှုလို့ ဆိုရမှာဖြစ်ပါတယ်။ အမေရိကန်ရယ်လို့ တိုင်းပြည်သစ်ထူထောင်ပြီး အင်္ဂလိပ်လက်အောက်က ရုန်းထွက်ခဲ့ရတဲ့ သူတို့နိုင်ငံမှာ အင်္ဂလန်နဲ့ဥရောပတို့က လူဖြူမျိုးနွယ်တို့အဖို့ အချင်းချင်း ဆက်သွယ်ပြီး အဆင်ပြေနိုင်မယ့် အခြားဘာသာစကားမရှိတဲ့အတွက် အများစုသုံးစွဲတဲ့ အင်္ဂလိပ်စကားကိုပဲ လက်ခံ သုံးစွဲခဲ့ရပါတယ်။ သူတို့ဟာ လက်ငင်း လက်တွေ့အကျိုးကို ရှေ့တန်းတင်တတ်တဲ့သူတွေဖြစ်ပြီး ဌာနေ အင်္ဂလိပ်တို့လောက် အစွဲအလမ်းထားသူတွေ မဟုတ်ကြလို့ အချို့ အင်္ဂလိပ်စာလုံးပေါင်းကို ရှင်းအောင်ပြင်တယ်။ ဗန်းစကားအသစ်တွေကိုလဲ ရေမြေ

www.burmeseclassic.com



နောက်ခံသစ်တို့နဲ့ တီထွင်သုံးစွဲခဲ့ကြပါတယ်။ ဒရော့ပ်အောက် ဝေါဟာရကို ၁၉၃၀ ပြည့်ဝန်းကျင်က အင်္ဂလိပ်ဘာသာမှာ စတင်သုံးစွဲခဲ့တယ်ဆိုတဲ့ အမှတ်အသားရှိပါတယ်။

ဒရော့ပ်အောက်ကို မူရင်းသုံးစွဲတဲ့ အဓိပ္ပာယ်ဟာ အတန်းမအောင်ဘဲ ကျောင်းထွက်ပြီးသွားခဲ့ရတဲ့သူတွေကို ဆိုလိုတာပါ။ နောက်ပိုင်းမှာ အဲဒီအသုံးအနှုန်းက သိသာပေါ်လွင်စွာ အသုံးရလွယ်တဲ့အခါ ကျောင်းပညာရေးကိစ္စတွေမှာသာမကဘဲ လူမှုရေးကိစ္စတွေမှာပါ အသုံးတွင်ကျယ်လာခဲ့ပါတယ်။

လူမှုရေးမှာတော့ ဆိုရှယ်ဒရော့ပ်အောက် (Social Drop-out) လို့ သုံးနှုန်းကြပါတယ်။ မျက်မှောက်လူ့အဖွဲ့အစည်းရဲ့ ဓလေ့စရိုက်တို့ကို မလိုက်နာလိုတဲ့၊ မလိုလားတဲ့သူတွေကို တင်စား သုံးနှုန်းပါတယ်။ တစ်နည်းအားဖြင့်တော့ သူတို့ဟာ မအောင်မြင်သူတွေ၊ ထော်လော်ကန့်လန့်ပြုသူတွေရယ်လို့လဲ အဓိပ္ပာယ် အရိပ်အဆင်ရှိပါတယ်။

လမ်းခွဲထွက်သူတွေဆိုတော့ လက်ရှိတွင်ကျယ်နေတဲ့ လူ့အဖွဲ့အစည်း အက်စတာဗလစ်မင့် (Establishment) မှာ ဝင်ရောက်ဖို့ အခွင့်အလမ်း မသာရုံသာမကဘဲ အဲဒီအခြေအနေကို နှစ်သက် လက်ခံလိုခြင်းမရှိတဲ့ သဘောတွေကို တွေ့ရပါတယ်။ ၁၉၆၀ ပြည့်ဝန်းကျင်မှာ အမေရိကန်လူငယ်များဟာ အလုပ်အကိုင်ရဖို့ အခွင့်အလမ်း နည်းပါးပြီး ကြံရာမရ ဖြစ်နေကြစဉ်မှာ ဗီယက်နမ်စစ်ပွဲကို စစ်မှုထမ်းဖို့ ထောင်နဲ့ သောင်းနဲ့ချီပြီး တွန်းပို့တာကို ခံကြရပါတယ်။ သူတို့ဟာ တစ်တိုင်းတစ်ပြည်မှာ သွားရောက်အမှုထမ်းရပြီး နှစ်သက် ယုံစားတဲ့အလုပ်ကို မလုပ်ကြရဘဲ စစ်ပွဲမှာ ကျဆုံးသူက ကျဆုံးပြီး အချို့က မူးယစ်ဆေး စွဲလာခဲ့ကြပါတယ်။ တိုင်းပြည်ကို ပြန်ရောက်တဲ့အခါမှာလဲ ရာဇဝတ်မှုအမျိုးမျိုးကို ကျူးလွန်မိကြတဲ့သူတွေ ရှိပါတယ်။

www.burmeseclassic.com



ဗြိတိသျှ (အင်္ဂလိပ်) တို့က အဲဒီလူမျိုးတွေကို အောက်ဆိုက်ဒါးစ် (Outsiders) ဆိုပြီး သုံးနှုန်းဖွယ်ရှိပါတယ်။ (ဆရာထင်လင်းက ပြင်သစ်စာရေးဆရာ အဲလ်ဗတ်ကေမူးရဲ့ OUTSIDER ဝတ္ထုကို "စည်းအပြင်ကလူ"ဆိုတဲ့ ခေါင်းစဉ်နဲ့ ဘာသာပြန်ဖူးပါတယ်။) ဒရော့ပ်အောက် တစ်မျိုးလို့ ခေါ်ဆိုနိုင်တဲ့ စည်းအပြင်ကလူ ဖြစ်ရတာဟာ အတွေ့အကြုံ နုနယ်တဲ့ လူငယ်တွေအတွက် ဂုဏ်ရည်တစ်မျိုးရယ်လို့ ခံယူဖွယ် ဖြစ်ပါတယ်။ စာရေးဆရာ လင်းယုန်နီရဲ့ အသုံးအနှုန်းနဲ့ ဆိုရရင်တော့ "အယောင်ဆောင် သူရဲကောင်း"ဆိုတဲ့ ဝေါဟာရကို သတိရစရာ ဖြစ်ပါတယ်။

ဒါပေမဲ့ စာပေအနုပညာ၊ တေးဂီတ၊ ရုပ်ရှင်တို့မှာ အစဉ်အလာကနေ လမ်းခွဲထွက်သူအချို့ဖြစ်တဲ့ ဒရော့ပ်အောက်တွေရဲ့ တီထွင်ကြိုးပမ်းမှုကို တွေ့ရပါတယ်။ သူတို့မျိုးဆက်က သူတို့ အနုပညာတွေကို လက်ခံကြတာလဲ ရှိတယ်။ အဲဒီနည်းနဲ့ စာအုပ်ရေးရာမှာ Anti-Book ရယ်လို့ ပေါ်ခဲ့ပါတယ်။ ရုပ်ရှင်မှာ Anti-Hero ဆိုပြီး အစဉ်အလာ ဇာတ်လိုက်နဲ့မတူတဲ့ အရုပ်သူ၊ အရုပ်သား အိမ်နီးနားချင်းမှာ တွေ့ရမြင်ရတဲ့ မျက်နှာမျိုးကို ဇာတ်ကောင်အဖြစ် အသုံးပြုလာကြပါတယ်။

ပေါ့ပ် တေးဂီတနဲ့ ဘီးတဲလ် အစရှိတဲ့ အနုပညာရှင်တို့ရဲ့ တစ်ဘာသာလမ်းခွဲပြီး ဖန်တီးတဲ့ အနုပညာတွေရဲ့ အောင်မြင်မှုကိုလဲ အသိအမှတ်ပြုစရာပါပဲ။ ၁၉၆၉ ခုနှစ်က အမေရိကန် နယူးယောက်ပြည်နယ်မှာ ကျင်းပခဲ့တဲ့ ဝုဒ်စတော့ တေးဂီတပွဲတော် (Woodstock Music Festival) ဟာ သာဓကတစ်ခုပါပဲ။ သူတို့ရဲ့ အနုပညာ ဖန်တီးမှုတွေထဲက အချို့ဟာ ရိုးရာအခြေခံ မခိုင်လုံလို့ တိမ်မြုပ်သွားရတယ်။ အချို့က စည်းလွတ်ဝါးလွတ်ဖြစ်ပြီး လူမှု အကျင့်စရိုက်တို့ကိုပါ ကျူးကျော် ဖောက်ဖျက်ကြတဲ့အတွက် တာရှည်မတည်မြဲကြတာလဲ တွေ့ရပါတယ်။ အရွယ်ရလာလို့ အတွေ့အကြုံ ရင့်ကျက်လာတဲ့အခါ

www.burmeseclassic.com



လူ့အဖွဲ့အစည်းရဲ့ ပုံမှန်လုပ်ငန်းတွေမှာ ပါဝင်ရောယှက်မိပြီး အဲဒီ လှုပ်ရှားမှုမှာ မပါဝင်ကြတော့ပြန်ပါဘူး။

ဒရော့ပ်အောက်ဖြစ်ရခြင်းရဲ့ အကြောင်းရင်းခံ အမျိုးမျိုးထဲမှာ လက်ရှိ လူ့အဖွဲ့အစည်းကို ဆန့်ကျင်ရရင်ပြီးရောဆိုတဲ့ သဘောမျိုးနဲ့ လှုပ်ရှားခဲ့သူတို့ဟာ ရေရှည်ခံစရာအကြောင်း မရှိနိုင်ပါဘူး။ အဲဒီ အရေအတွက်တွေ များပြားပါရင်လဲ တိုးတက်ဖွံ့ဖြိုးမှုမှာ အဟန့်အတား ဖြစ်နိုင်ပါတယ်။

အဲဒီလို လူမျိုးအားလုံးကို ဆိုင်ရာလူ့အဖွဲ့အစည်းက စာနာစိတ်၊ မေတ္တာတို့နဲ့ ပြုပြင်တွဲခေါ်ပေးရတာကလဲ လူမှုဝန်ထမ်းလုပ်ငန်း နယ်ပယ်ကြီးတစ်ခုပါပဲ။ အနီးဆုံး သာဓကကတော့ အခုနှစ် ဇွန်လ ၁ ရက်နေ့ ပီကင်းကလာတဲ့ သတင်းတစ်ပုဒ်မှာ တရုတ်လူငယ်ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း အဖွဲ့ကနေ ကျောင်းထွက်ခဲ့ရတဲ့ ဒရော့ပ်အောက် ကျောင်းသားတွေကို စာသင်ခန်းကို ပြန်ဝင်ပြီး စာမေးပွဲအောင်မြင် ပေါက်ရောက်ရေးအတွက် မျှော်လင့်ချက် စီမံကိန်း (Project Hope) ဆိုပြီး မှတ်ပုံတင်ထားကြောင်း ဖတ်လိုက်ရပါတယ်။ ဇွန်လ ၆ ရက်နေ့ ဝါရှင်တန်ကလာတဲ့ သတင်းတစ်ပုဒ်ကတော့ အမေရိကန် စီးပွားရေးဟာ ဆယ်နှစ်တာကာလအတွင်း အလွန်ခိုင်မာနေခဲ့ပေမယ့် လူပေါင်းများစွာတို့ဟာ အလုပ်အကိုင်ရှာမရဘဲ "ဒရော့ပ်အောက်" ဖြစ်နေရတဲ့သူတွေ များလှတယ်လို့ ရေးသားထားခြင်းပါပဲ။

လူ့အဖွဲ့အစည်းတိုင်းမှာ "ဒရော့ပ်အောက်" တို့ အရေအတွက်နည်းပါးအောင် မိဘပြည်သူတို့က ကြိုးစားကြရပါလိမ့်မယ်။

www.burmeseclassic.com

# ဒရော့ပ်အောက် (DROP-OUT)



www.burmeseclassic.com

# ဒီဇိုင်း (DESIGN)

သမီးငယ်က သူ့ဖခင်ကို "အဖေက ဒီဇိုင်းအသစ် ထွင်နေပြီ ထင်တယ်" လို့ အိမ်မှာပြောတယ်လို့ ဆိုပါတယ်။ ရွယ်တူသူငယ်ချင်း ပေါင်းဖော်သင်းဖက်တွေနဲ့လဲ "ဒီဇိုင်း" ဆိုတဲ့စကားကို ရေလဲနဲ့ သုံးကြပါတယ်။ အချင်းချင်းသာ နားလည်တဲ့ ဗန်းစကားပေါ့။ ဒါပေမဲ့ အင်္ဂလိပ်စကားက ယူထားတဲ့စကားလုံးကို အနက်အကျယ်ဖွင့်ပြီး ကိုယ့်သဘောနဲ့ကိုယ် ပေါ်ပင်သုံးကြတာဖြစ်ပါတယ်။ ဗန်းစကားတို့ရဲ့ထုံးစံ ကြာရှည်ခိုင်မြဲစရာတော့ မရှိပါဘူး။

နိုင်ငံတကာက စွယ်စုံနှစ်ချုပ် (နှစ်အလိုက် စာရင်းချုပ် ဖော်ပြတာဖြစ်တဲ့) တွေမှာ တစ်နှစ်အတွင်း ပေါ်ပင်ဖြစ်တဲ့ စကားလုံးတွေကို စာရင်းချုပ်ပြီး ဖော်ပြပေးကြပါတယ်။ တချို့လဲ တစ်နှစ် နှစ်နှစ်ပဲခံပြီး ပျောက်သွားတယ်။ တချို့ကျတော့ ခိုင်မြဲနေကြပါသေးတယ်။ အခုလို ဗန်းစကားတွေကို တမင်စုဆောင်းပြီး ဖော်ပြတာဟာ သူတို့ဆီက စာနယ်ဇင်းတွေ၊ ဝတ္ထုတွေမှာ ဖတ်ပြီးနားလည်ဖို့ဖြစ်မယ် ထင်ပါတယ်။ သူတို့ရဲ့ ကွက်တို၊ အခန်းဆက် ကာတွန်းတွေထဲက တချို့စာလုံးတွေဟာ အသိရခက်တာကို ကိုယ်တွေ့ကြုံရပါတယ်။ ဒါ့ကြောင့်လဲ ဗန်းစကားအဘိဓာန် (Dictio-nary of Slangs) ဆိုပြီး ထုတ်ကြတာပါ။

www.burmeseclassic.com



“ဒီဇိုင်း”ကတော့ ဗမာအသံထွက်နဲ့နီးပြီး ခေါ်ရဆိုရတာလွယ်လို့လဲ နှုတ်ကျိုးသွားကြသလား မသိပါဘူး။ ဒါပေမဲ့ ဒီဇိုင်းဟာ အမှုအရာ၊ ပုံပန်း တွေကို သူတို့ ဆိုလိုကြတာဖြစ်တော့ ကိုယ့်စကားကို ဖျက်သလိုဖြစ်ကြ ပါတယ်။ အိမ်သုံး၊ လက်ဖက်ရည်ဆိုင်သုံးကနေ အရပ်သုံးဖြစ်လာတာကို တော့ အားမပေးသင့်ဘူးပေါ့။ ဒါပေမဲ့ ဘာသာစကား ဝေါဟာရတို့မှာ ခိုင်မြဲနိုင်တဲ့ အရည်အချင်းရှိမှ ခိုင်မြဲတာပါ။ ပွဲဝင်ရမယ်ပေါ့။ အဓိပ္ပာယ် တိကျရမယ်ပေါ့။ ရင်းမြစ်အခြေခံ ကောင်းရမယ်ပေါ့။ ပါဠိစကားက လာတဲ့ သုခ၊ ဒုက္ခ၊ သင်္ခါရ၊ သစ္စာ၊ အရိယာ စတဲ့စကားတွေဟာ ပွဲဝင်တယ်၊ အဓိပ္ပာယ် တိကျတယ်လို့ ဆိုရမှာပါ။

“ဒီဇိုင်း” နဲ့ ပတ်သက်လို့ ကျွန်တော်တို့ ကြားဖူးတာက “မြန်မာ့ ရိုးရာဒီဇိုင်း ဦးအေးမြင့်” သုံးတဲ့နာမည် ဖြစ်ပါတယ်။ အခုလို “ဒီဇိုင်း” စကားအသုံး ပုံပျက်မသွားခင်က သုံးခဲ့တာပါ။ ဟိုတုန်းက ကာဌေးရဲ့၊ ဝင်းဝင်းရဲ့ ပြဇာတ်တွေမှာ “ဘိတ်ကြည်” ဆိုပြီး ဆွဲကားတွေမှာရေးတဲ့ လက်ရာမှာ ဒီဇိုင်းလို့ မပါဘူး ထင်ပါတယ်။ ဆရာကြီးလဲ အခုရှိရင် အသက်ကြီးလှရော့မယ်။

ဥပဒေတစ်ခုမှာ “မူပိုင်နဲ့ ဒီဇိုင်းဥပဒေ” ဆိုပြီး ထုတ်ပြန်ထားတာ ရှိပါတယ်။ Patent and Design Act လို့ ခေါ်ပါတယ်။ အဲဒီဥပဒေ စတင်ကာစတုန်းက ဒီဇိုင်းဟာ ပန်းချီသဘောနဲ့ဆွဲထားတဲ့ အမှတ်တံဆိပ်၊ ဘလောက်လုပ်ဖို့ ပုံလောက်သာ သဘောပေါက်ကြပါတယ်။ အခုတော့ စာအုပ်အဖုံးတွေမှာနဲ့ မဂ္ဂဇင်းတွေမှာတောင် ဒီဇိုင်းရေးဆွဲတဲ့၊ လုပ်ကိုင် စီစဉ်တဲ့လူကို ဖော်ပြလာကြပါတယ်။ သက်မွေးမှုလုပ်ငန်းအနေနဲ့ တွင်ကျယ်လာတာကို ဝမ်းသာစရာ ဖြစ်ပါတယ်။

ပြီးတော့ ကွန်ပျူတာ ပေါ်ပင်ဖြစ်လာခြင်းဟာလဲ ဒီဇိုင်းဆိုတဲ့ ဝေါဟာရ တွင်ကျယ်ဖို့အကြောင်း ဖြစ်လာပါတယ်။ ဂရပ်ဖစ်ဒီဇိုင်း

www.burmeseclassic.com



(Graphic Design) ဆိုပြီး ကွန်ပျူတာက လုပ်ပေးနိုင်တဲ့ အစွမ်းအစ တစ်ရပ်ကို လူသိများလာပါတယ်။ ကွန်ပျူတာဒီဇိုင်းဆိုပြီး ဟိုတုန်းက ပန်းချီဆရာရဲ့ အလုပ်ကို လုပ်ပေးနိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေလဲ ပေါ်လာပါပြီ။ ပင်ရင်းစိတ်ကူးကတော့ အနုပညာ ဖန်တီးမှုကိုပဲ အခြေခံ ရတာ ဖြစ်ပါတယ်။

ပန်းချီတို့၊ ဒီဇိုင်းတို့ ထုတ်လုပ်မှုမှာ နည်းလမ်းတွေ ပြောင်းလာလိုက် တာဟာ ခုနပြောတဲ့ မူပိုင်နဲ့ ဒီဇိုင်းဥပဒေတောင် ခြုံငုံကျယ်ပြန့်တဲ့ ခေါင်းစဉ်ကြီးတစ်ခုအောက်ကို ရောက်သွားပါတယ်။ အဲဒါကတော့ "ဉာဏ်ရည်နဲ့ ထုတ်လုပ်ရတဲ့ ပစ္စည်း" (Intellectual Property) များ ဆိုတဲ့အထဲမှာ အကြုံးဝင်ပါတယ်။ နယ်ပယ်တွေ ကျယ်ပြန့်ပြီး အသုံး အနှုန်းတွေကို ခြုံပြီး ခေါ်တွင်လာကြရာမှာ စာအုပ်စာပေတွေကို "ဖတ်စရာပစ္စည်းများ" (Reading Materials) လို့ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ယူနက်စကိုအဖွဲ့က သုံးစွဲတဲ့သဘောအတိုင်းပေါ့။ ဒါနဲ့ထပ်တူပဲ စာနယ် ဇင်းများကို ရေဒီယို၊ ရုပ်မြင်သံကြားတို့နဲ့ပေါင်းပြီး မီဒီယာ (Media)လို့ ခေါ်ကြပါတယ်။ လူထုဆက်သွယ်ရေးနည်းလမ်းများ (Mass Communication Media) ပါ။ အဖျားဆွတ်ပြီး "မီဒီယာ"လို့ပဲ တိုအောင် ခေါ်ကြပါတယ်။

"ဒီဇိုင်း"ဆိုတဲ့စကားကို ဒီဇိုင်းလို့ပဲ လွယ်လွယ်သုံးစွဲရခြင်းဟာ မွေးစားယူတဲ့ ဝေါဟာရတစ်ခုပါပဲ။ ဒီလိုလုပ်ရတဲ့ အကြောင်းဟာလဲ ကိုယ့်ဘာသာ ဝေါဟာရရဲ့ အားနည်းချက်လဲရှိလို့၊ လူ့လုပ်ငန်းဆောင်တာ များ ကျယ်ပြန့်လာလို့၊ ပြီးတော့ နိုင်ငံတကာ ကူးလူးဆက်ဆံမှုတွေလဲ မြန်လို့ဆိုတဲ့အကြောင်းတွေ ရှိမယ်လို့ တွေးမိပါတယ်။ ဟိုတုန်းက မြန်မာ လိုနားလည်တဲ့ ဒီဇိုင်းကတော့ ပုံကြမ်း၊ မူရင်းပုံစံ၊ မူပုံ စတဲ့အဓိပ္ပာယ်များ ပေါက်ပါတယ်။ ဒီဝေါဟာရများဟာ လက်ရှိလုပ်ငန်းတွေနဲ့ ယှဉ်လိုက်ရင်

www.burmeseclassic.com



ဆိုလိုရိပ်ကို မသိဘဲဖြစ်နေတာ တွေ့ရပါတယ်။ ပြီးတော့ အသုံးတွင်ကျယ်မှုမှာလဲ အားနည်းပြီး ဘောင်ကျဉ်းနေတဲ့သဘောကို တွေ့ရပါတယ်။

"ဒီဇိုင်း" ဟာ စီစဉ်ဖန်တီးခြင်း၊ ကြိုတင်ပြုလုပ်ခြင်းဆိုတဲ့ အခြားအဓိပ္ပာယ်များလဲ ဆင့်ပွားပြီး သက်ရောက်ပါတယ်။ အင်္ဂလိပ်စကား အသုံးအနှုန်းမှာ "မတော်တဆဖြစ်တာမဟုတ်ဘူး၊ တမင်ပြုလုပ် ဖန်တီးချက်ဖြစ်တယ်" ဆိုပြီး ပြောချင်တဲ့နေရာမှာ "Not by accident, by design" ဆိုပြီး သုံးတယ်လို့ မှတ်သားမိပါတယ်။

ပြီးတော့ အဝတ်အစား ပုံစံသစ်တွေ ခေတ်စားလာတော့ ဖက်ရှင်အဝတ်အထည်များကို တီထွင်သူများဟာလဲ ဒီဇိုင်းသမား၊ ဒီဇိုင်းပညာရှင်တွေရဲ့ အသိုင်းအဝိုင်းမှာ ခေတ်ကာလအလျောက် ဒီဇိုင်းနား (Designer) တွေအဖြစ် ပေါ်ပေါက်ဖြစ်လာပါတယ်။ ဒီတော့ မြန်မာတို့နားမှာ ဒီဇိုင်းဆိုတဲ့အသံတွေ အကြားအပြု များလာရတာလဲ မဆန်းတော့ပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် "ဒီဇိုင်း"ကို အပြောင်အပြက် ပြောကြတာမျိုးကလွဲရင် ဒီဝေါဟာရဟာ ကိုယ့်ဘာသာ အသုံးအနှုန်းအဖြစ်နဲ့ ကျန်ရစ်တော့မယ့် စကားလုံးဖြစ်တယ်လို့ ဆိုရတော့မယ်အခြေမှာ ရှိပါတယ်။ ဘာသာစကားကြွယ်ဝမှုမှာ ဒီနည်းနဲ့လဲ အမြတ်ထုတ်ယူရင် ရတယ်လို့ဆိုရင် မှားမယ်မထင်ပါဘူး။

www.burmeseclassic.com



# အီဂို (ECO)

"မင်းက အီဂိုကြီးလိုက်တာကွာ" လို့ ရင်းနှီးသူ အချင်းချင်း ပြောမိကြပါတယ်။ "အီဂို" ဟာ စိတ်ပညာ ဝေါဟာရပါ။ ဒါပေမဲ့ နေ့စဉ် အသုံးအနှုန်းမှာလဲ ထည့်ပြီးသုံးတတ်ကြပါတယ်။ အီဂိုရဲ့ တိုက်ရိုက် အဓိပ္ပာယ်ကတော့ "ငါ" လို့ ဆိုလိုတာပေါ့။ ဒါပေမဲ့ တွေးကြံခံစား တတ်တဲ့ လူတစ်ဦးချင်းကို ဆိုလိုတယ်လို့ သိရပါတယ်။ တစ်ဦးချင်းဖြစ်လို့ တွေးပုံ၊ ကြံပုံ၊ သဘောထားပုံတွေ အခြားလူတစ်ဦးနဲ့မတူဘဲ ကွဲပြား ခြားနားနိုင်တဲ့ သဘောကို နားလည်ရပါတယ်။

ပါဠိလိုကတော့ "အတ္တ" ဖြစ်ပါတယ်။ လူတစ်ဦးချင်းရဲ့ ပတ်ဝန်း ကျင်နဲ့ထိတွေ့ပြီး စိတ်မှာ ပြင်းပြတောင့်တခြင်း၊ လျော့ပေါ့လက်ခံခြင်း၊ အသင့်အတင့် နှလုံးသွင်းရခြင်း စသည်တို့ဟာလဲ "အီဂို" သဘောမှာ ဝန်းရံနေတယ်လို့ ထင်ပါတယ်။ လူအများစုမှာ ကိုယ့်ကိစ္စ ကိုယ်အရေး ပါနေတတ်ကြတာလဲ အီဂိုရဲ့ လက္ခဏာ ထင်ရှားမှုပါပဲ။ မြန်မာတို့ အသုံး အနှုန်းမှာ "မိမိကိုယ်သာ အားထားရာ" (အတ္တာဟိ အတ္တနော နာထော) ဆိုတဲ့ အဆိုအမိန့်တွေ၊ "မိမိကိုယ်နှင့်တူသော ချစ်သူမရှိ" (အတ္တာသမံ ပေမံ နတ္ထိ) ဆိုတဲ့ အညွှန်းစကားတွေဟာ သတ္တဝါတို့ရဲ့ စိတ်သဏ္ဍာန်မှာ "အီဂို" ရှိနေခြင်း၊ "အတ္တ"ရှိနေခြင်းကို သက်သေထူရာ ရောက်ပါတယ်။

www.burmeseclassic.com



အနောက်တိုင်း စိတ်ပညာမှာ "အီဂို" ဆိုတဲ့ အသုံးအနှုန်းနဲ့ ဖွင့်ဆိုချက်ကိုတော့ ဩစကြီးယန်းလူမျိုး စိတ်ပညာရှင် ဆစ်ဂမွန်ဖရွိုက် (၁၈၅၆–၁၉၃၉)က ဖွင့်ဆိုခဲ့တာပါ။ ဖရွိုက်က ပြောတာကတော့ အီဂိုဟာ ဥပစိရုပ်ရဲ့ အစိတ်အပိုင်းပဲ။ ပြင်ပ ဒိဋ္ဌိဓမ္မ အတွေ့အကြုံများနဲ့မျှတအောင် ရင်ဆိုင်ရတဲ့ စိတ်ပဲ။ အီဂိုရဲ့ လက်တင်ဘာသာ မူရင်း အဓိပ္ပာယ်ဟာ "ငါ" ဆိုတဲ့ အနက်ဖြစ်ပါတယ်။ ပုထုဇဉ်လူသားတစ်ဦးအနေနဲ့ ခန္ဓာကိုယ်ရဲ့ ဇီဝကမ္မ တောင်းဆိုချက်များကို အလိုမလိုက်ဘဲ အလိုက်သင့် ရှင်သန်ရခြင်းပဲလို့ ဆိုလိုပါတယ်။ အီဂိုနဲ့ ဆက်စပ်နေတာက အစ် (ID) လို့ စိတ်ပညာမှာ ခေါ်တဲ့ မသိစိတ်အလွှာမှာရှိတဲ့ အာရုံခံစားချင်တဲ့စိတ်ဖြစ်ပါတယ်။ လူသတ္တဝါရဲ့ ပင်ကိုစိတ်ရိုင်းပေါ့။ အဲဒါကို ဘာနဲ့ဖြေသလဲ ဆိုတော့ "ဆူပါအီဂို" (Super Ego) လို့ခေါ်တဲ့ အကျိုးသင့်၊ အကြောင်းသင့် တွေးခေါ်ပြီး လုပ်ကိုင်တဲ့ ဥပစိရုပ် အစိတ်အပိုင်းနဲ့ ညှိရပါတယ်။ ဒီစေ့ဆော်မှုနှစ်ရပ် မျှတဖို့ အီဂိုက လုပ်ပေးရတယ်လို့ ဆိုပါတယ်။

ပြီးတော့ လူရဲ့ ဥပစိရုပ်ကို လွှမ်းမိုးတဲ့ လီဗီဒို (Libido) ဆိုတာလဲ "အီဂို" နဲ့ ယှဉ်တယ်။ ကာမ၊ တဏှာစိတ်ကို အရင်းခံတဲ့ ပင်ကိုစိတ်တစ်မျိုး ဖြစ်ပါတယ်။ အာရုံလှုံ့ဆော်တဲ့ စိတ်ပေါ့။

ဒီတော့ "အီဂို" လို့ ခေါ်တဲ့ သာမန်စိတ်ထားမှာမှ ခြံရံပြီးတော့ စိုးရိမ်ခြင်း၊ ရှုပ်ထွေးခြင်း၊ ဒွိဟဖြစ်ခြင်း၊ စိတ်ကျခြင်း၊ အားမာန်သွင်းခြင်း၊ ကသိကအောက်ဖြစ်ရခြင်း၊ စိတ်ငယ်ခြင်း၊ ဖုံးဖိခြင်း၊ မယုံသင်္ကာဖြစ်ခြင်း၊ အကြောက်လွန်ခြင်း၊ သူတစ်ပါးထိခိုက်နစ်နာစေလိုခြင်း၊ ခွင့်လွှတ်ခြင်း၊ လျစ်လျူရှုခြင်း၊ ဥပါဒါန်စွဲခြင်းဆိုတဲ့ မရေတွက်နိုင်စရာ စရိုက်လက္ခဏာများ အများအပြားပေါ်ပေါက်ရတယ်။ လူတစ်ဦးချင်းကို ပတ်ဝန်းကျင်ကရော၊ ဇီဇကပါ ပုံသွင်းပေးတာ ဖြစ်ပါတယ်။

www.burmeseclassic.com



တစ်နည်းတွေးရပြန်ရင် အီဂိုတွေ ထိုးထိုးထောင်ထောင် မရှိပြန် ရင်လဲ လောကကြီးဟာ ပျင်းစရာဖြစ်နေမှာပေါ့။ လူမှုရေးတွေလဲ အတော် ရှင်းလင်းသွားမှာပေါ့။ ပေါင်းစည်းညီညွတ်ခြင်းတို့လဲ လွယ်ကူမှာပေါ့။ ဒါပေမဲ့ စာတွေ၊ ကဗျာတွေမှာလဲ အရသာမစုံဘဲ ပေါ့ပျက်ပျက် ဖြစ်နိုင်တာပေါ့။ ကုန်ကုန်ပြောရရင် ကမ္ဘာ့ရာဇဝင်သမိုင်းတွေ၊ လူပုဂ္ဂိုလ် အတ္ထုပ္ပတ္တိတွေလဲ တစ်မျိုးတစ်မည် မော်ကွန်းထိုးခဲ့စရာ ဖြစ်တော့မှာ အမှန်ပါပဲ။

ဓမ္မစကြာသုတ်မှာ "မချစ်မနှစ်လိုအပ်သော သတ္တဝါ သင်္ခါရတို့နှင့် အတူတကွ ပေါင်းယှဉ်ရခြင်းသည် ဆင်းရဲ၏။ ချစ်နှစ်လိုအပ်သောသတ္တဝါ သင်္ခါရတို့နှင့် ကွေကွင်းကင်းကွာ ရှဲခွာဖယ်ကြဉ် မပေါင်းယှဉ်ရခြင်း သည်လည်း ဆင်းရဲ၏" လို့ ဟောကြားထားတာဟာလဲ တစ်ဦးချင်း အတ္တရဲ့ အလုပ်လုပ်ပုံတစ်ရပ်ကို သတိမူစရာ ဖြစ်ပါတယ်။

ကျွန်တော်တို့ "အီဂို" အကြောင်း ရေးရင်းနဲ့ "အီစကို" ဆိုတဲ့ ဗန်းစကားနဲ့ တူချင်သလိုလို နောက်တီးနောက်တောက် တွေးမိပါတယ်။ "ဤဖေကိုယ်" ဆိုတာကတော့လဲ ယေဘုယျအားဖြင့် ဒီအဓိပ္ပာယ်ပါပဲ။

အတ္တစွဲရှိတာဟာ လူ့သဘာဝမို့ လူပေါ်ကတည်းက ဖြစ်တည်စိတ် တစ်မျိုးပါ။ တကယ်တော့ ငါ၊ ငါ၊ ငါ၊ စသည်ဖြင့် ဝင့်ဝါစွာ ခံယူချက်ပါပဲ။ ဗုဒ္ဓဘာသာမှာ ငါစွဲဖြုတ်ဖို့ကို သက္ကာယဒိဋ္ဌိအဖြစ် ဆုံးမလေ့ရှိပါတယ်။ အခုခေတ်မှာ "ငါ"လို့ သုံးကြတာ ရင်းနှီးကျွမ်းဝင်မှု ရှိရင်လဲရှိမှ၊ တမင် မောက်မာတဲ့သဘောနဲ့ဆိုရင်လဲဆိုမှ ဒီလိုသုံးကြတဲ့ အလေ့ဖြစ်နေပါပြီ။ ပုဂံခေတ်တုန်းကတော့ "ငါ" ဟာ နာမ်စားအဖြစ် သုံးရိုးစွဲရိုးဖြစ်ပါတယ်။ ဥပမာ– ပုဂံခေတ် သင်္ဃသူသမီးရဲ့ အာမနာကျောင်း ကျောက်စာမှာ "ငါလည်း ရမ္မက်ကြီးသော၊ မရောင့်ရဲတတ်သော၊ အမျက်ကြီးသော၊

www.burmeseclassic.com



သူတစ်ထူးကို ညှင်းဆဲတတ်သော၊ ပညာမရှိသော၊ မိုက်သော၊ ဝန်တိုသော၊ အပေးအကမ်း မရှိသော၊ သစ္စာမရှိသော၊ ပျက်တတ်သော၊ မေ့လျော့သော၊ အောက်မေ့တသ ကင်းသော မဖြစ်မူ၍” လို့ ဆုတောင်းထားတာ တွေ့ရပါတယ်။

ဒီဆုတောင်းမျိုးအတိုင်း ရှောင်ကြဉ် အောင်မြင်ဖို့ ၂၀ ရာစု ကုန်တော့မယ့် ခုလိုအချိန်မှာလဲ မှန်ကန်နေမြဲဖြစ်တာ တွေ့ရပါတယ်။ “အီဂို” ကို ထိန်းသိမ်း စောင့်ရှောက်နိုင်ဖို့ အတွေးလေး တစ်ခုပါ။

www.burmeseclassic.com

# အီဂို (EGO)



# အိတ်စပိုရှား (EXPOSURE)

ဒီစကားလုံးကို ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ဓာတ်ပုံဆရာတွေ သုံးရိုးသုံးစဉ်များ သုံးကြပါတယ်။ လူမှုရေးသိပ္ပံဆရာတွေလဲ သူတို့ ဘာသာရပ်မှာ သုံးနှုန်းကြပါတယ်။ ဓာတ်ပုံဆရာ သုံးတာကတော့ ရိုက်တဲ့ ပုံကို အလင်းပေးတဲ့အကြောင်းပေါ့။ ဘာပြုလို့လဲဆိုရင် အိတ်စပို့စ် (Expose) လုပ်တယ်ဆိုတာ ထုတ်ပြခြင်း၊ မြင်သာအောင်ပြုခြင်းဆိုတဲ့ အဓိပ္ပာယ်တွေ ထွက်ပါတယ်။ အကွယ်အကာမဲ့ခြင်း၊ ထိတွေ့စေခြင်း၊ နီးစပ်စေခြင်း၊ မြင်သာစေခြင်း၊ ဖွင့်ဟဖော်ထုတ်ခြင်း ဆိုတဲ့ ဆင့်ပွား အဓိပ္ပာယ်တွေလဲ ထွက်ပါတယ်။

ဘာသာစကားတစ်ခုခုကို သင်ကြတဲ့နေရာမှာ ရိုးရိုးသင်တန်းမျိုး တက်နေတာထက် ဒီဘာသာစကားမျိုးပြောတဲ့လူတွေအကြားမှာ နေထိုင် ပြောဆိုခွင့်ရခြင်းဟာ အပြောအဆို သွက်လက်ဖို့အကြောင်း ပိုရှိတယ်လို့ ပြောကြပါတယ်။ အဲဒီလို နေထိုင်ပြောဆိုခြင်းဆိုတဲ့ ထိတွေ့ရောနှောမှုကို 'အိတ်စပိုရှာ' ရတယ်လို့ သုံးကြပါတယ်။

တုပ်ကွေးတို့လို၊ ကူးစက်ရောဂါတို့လို ဖြစ်ပွားနေတဲ့နေရာကို ကြိုတင်အကာအကွယ်မရှိ သွားရတဲ့ကိစ္စမျိုးဆိုရင် 'အိတ်စပိုရှာ' ရတဲ့

www.burmeseclassic.com



အတွက် ကူးစက်နိုင်ပါတယ်။ ရာသီဥတုဒဏ်ကို အကွယ်အကာမရှိလို့ အအေးပတ်တာ၊ အပူရှပ်တာမျိုးလဲ အိတ်စပို့စ် (Expose) ဖြစ်ပါတယ်။ ကျန်းမာရေးသိပ္ပံပညာရှင်တွေရဲ့ အဆိုအရ နေရောင်ကို ကြာကြာခံရရင် အရေပြားကင်ဆာရောဂါတို့၊ မျက်စိကို တိမ်သလ္လာဖုံးတာတို့ အဖြစ်များတယ်လို့ ဆိုပါတယ်။ အဲဒီလို နေရောင်ခံခြင်း၊ သင့်ခြင်းဟာလဲ 'အိတ်စပိုရှာ' ရခြင်း ဖြစ်ပါတယ်။

ပြီးတော့ ခုခေတ်မွေးလာတဲ့ ကလေးတွေမှာ စကားတွေ၊ အမူအရာတွေ တက်လှတယ်လို့ အများအားဖြင့် အပြောအဆို ရှိကြပါတယ်။ ဖြစ်နိုင်တဲ့ အကြောင်းတစ်ခုကတော့ ကျွန်တော်တို့နဲ့ ကျွန်တော်တို့ထက်ကြီးတဲ့ လူကြီးများ ငယ်ငယ်ကလို မဟုတ်ဘဲ အိမ်မှာ သတင်းစာနဲ့၊ ရေဒီယိုနဲ့၊ ကက်ဆက်နဲ့၊ ရုပ်မြင်သံကြားစက်နဲ့၊ ဗီဒီယိုပြစက်နဲ့ အသံရော၊ အရုပ်ပါ ကြားရ မြင်ရပြီး အဲဒီအထဲက အပြောအဆို အမူအရာတွေနဲ့ ရင်းနှီးခွင့်ရလို့ဆိုတဲ့အကြောင်းက အဓိကဖြစ်လိမ့်မယ်လို့ သဘောပေါက်ရပါတယ်။ ဒီလို အခွင့်အရေးမျိုးမရတဲ့ ကလေးတွေတောင်မှ အိမ်ရှေ့လမ်းထောင့်နဲ့ဈေးနားက အသံချဲ့စက်ရဲ့ အသံတွေကို ရှောင်လို့မရပါဘူး။ ဖတ်ရှုနိုင်တဲ့ စာအုပ်စာတမ်းနဲ့ ရုပ်ပြကာတွန်းဆိုတာကလဲ ဟိုတုန်းကထက် ပေါများပါတယ်။ ဒါ့ကြောင့် ကလေးများသာမကဘဲ လူကြီးများအဖို့ပါ ပြောပုံဆိုပုံကအစ ဝတ်ပုံစားပုံတို့မှာ တောနဲ့မြို့ ကွာဟချက်တွေနည်းပါးလာပါတယ်။ ဒါ့ပြင်လဲ ရုပ်ရှင် အနုပညာသည်တွေဆိုရင် လူသိသူသိများပြီး ကျေးလက်ကအစ လူကြိုက်များတဲ့ ခေတ်သစ် ဖုတ် ဟီးရိုး (Folk hero) တွေ ဖြစ်လာပါတယ်။

ကိုရွှေဘတို့၊ ကိုကျော်ဟိန်းတို့သာမက အမိတာဘချန်းတို့၊ မီသွန်းတို့၊ အာနိုးတို့၊ ကလင့် အိစဝုဒ်တို့၊ ပရက်စလီတို့အထိ ကိုယ့်အာရုံထဲကို ဝင်လာတဲ့အပြင် ဒိုင်ယာနာမင်းသမီးပါ ကမ္ဘာသိရှာသိ ဖြစ်လာပါတယ်။

www.burmeseclassic.com



ကမ္ဘာဟာ ရွာဖြစ်လာပြီလို့ဆိုတာ မမှားဘူးပေါ့။ ဒီစကားကို ပြောတဲ့ ကနေဒါနိုင်ငံသား ပါမောက္ခရဲ့ ဂလိုဘဲလ် ဗီးလိဂျ် (Global Village) ဆိုတဲ့ ဝေါဟာရတောင် ကမ္ဘာ့လူထုဆက်သွယ်ရေးစနစ်တွေရဲ့ ကျေးဇူးကြောင့် အသုံးအနှုန်း ပျံ့နှံ့သွားခဲ့ပါတယ်။ လွန်ခဲ့တဲ့ အနှစ် သုံးလေးဆယ်ကဆိုရင် ဒီလိုပျံ့နှံ့ဖို့ မလွယ်ပါဘူး။ လမ်းသရဲတို့၊ ဘီးတဲလ်တို့၊ စပိုက်စ်ဂဲလ်တို့ဆို လူသိမြန်ခဲ့ပါတယ်။ သူတို့ ဒီကို ရောက်လာတာ ကျွန်တော်တို့ အိတ်စပိုရှာ ရခြင်းပါပဲ။

ဒီလို အိတ်စပိုရှာမျိုးဟာ အန္တရာယ်ရှိနိုင်ပါတယ်။ အထူးသဖြင့် ယဉ်ကျေးမှုနဲ့ ပတ်သက်လို့ပေါ့။ ကိုယ်ပိုင်ဓလေ့စရိုက် အတွေးအခေါ် ယဉ်ကျေးမှု မခိုင်မာတဲ့သူများမှာ အိတ်စပိုရှာကြောင့် သူများလွှမ်းမိုးတာကို ခံရနိုင်ပါတယ်။ ကမ္ဘာနဲ့အဝန်းမှာ ခံသင့်သလောက်လဲ ခံနေကြရပါပြီ။

အိတ်စပိုရှာဟာ ပြင်သစ်ဘာသာစကား မူရင်းဖြစ်ပါတယ်။ ပြင်သစ်လိုသုံးတဲ့ နာမ်အဖြစ် အိတ်စပိုဇေး (Exporse) ဆိုတဲ့ ဝေါဟာရ တစ်လုံးလဲ ရှိပါတယ်။ အချက်အလက်များကို လူသိရှင်ကြား ဖော်ထုတ်တာပေါ့။ မကောင်းတဲ့အချက်များ၊ ဖုံးကွယ်ထားတဲ့ အချက်များကို ဖွင့်ချတာပေါ့။ စာပေမှာ အိတ်စပိုဇေးဆိုတဲ့ ဝေါဟာရနဲ့ ကဏ္ဍတစ်ခု ပွင့်လာပြီး ဖွင့်အန်ဖော်ထုတ်ချက်တွေကို စာအုပ်ရေးကြပါတယ်။ သူတို့ လူ့အဖွဲ့အစည်းအကြောင်း၊ လူသိထင်ရှားတဲ့ လူတွေအကြောင်းမှာ အတင်းအဖျင်း သဘောမျိုးလဲ ပါတဲ့အချက်တွေကို လူမသိတာကို သိအောင် ဖော်ထုတ် ရေးသားကြတာ ဖြစ်ပါတယ်။ အထူးသဖြင့်တော့ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ အကြောင်းတွေ ဖြစ်ပါတယ်။ ဟုတ်တာလဲပါရဲ့။ လုပ်ကြံတယ်လို့ ပြောချင်ရင်လဲ ပြောနိုင်တဲ့အချက်တွေ ပါနိုင်ပါတယ်။ မှန်ကန်

www.burmeseclassic.com



ပြီး ရည်ရွယ်ချက်လဲ ကောင်းမယ်ဆိုရင် အိတ်စပိုဖေး စာပေတွေဟာ အကျိုးပြုနိုင်စရာ ရှိပါတယ်။

ဓာတ်ပုံရိုက်ရာမှာတော့ အိတ်စပိုရှာ များသွားရင် ပုံဝါးပြီး ပုံကောင်း မထွက်တော့ပါဘူး။ ဖလင်ကို ပြုပြင်ထားမှပဲ ပုံရိပ်သဲကွဲအောင် ထိန်းနိုင် ပါလိမ့်မယ်။ ထို့အတူပဲ မလိုအပ်တဲ့ကိစ္စမှာ အိတ်စပိုရှာ များသွားရင် ကိစ္စကြီးငယ်ကိုလိုက်လို့ အကျိုးထက် အပြစ်ဖြစ်နိုင်ပါတယ်။

# ဖတ်စ်လိန်း (FAST LANE)

ကျွန်တော်တို့ ဖတ်စ်ဖုဒ် (Fast food) ရယ်လို့ လွယ်လွယ်ကူကူ အဆာပြေစားနိုင်တဲ့ သွားရည်စာမျိုးရင်းဝင် အစာတွေအကြောင်းကို ယခင်က ရေးဖူးပါတယ်။ သူနဲ့ အသံထွက် စပုံချင်းတူတဲ့ ဖတ်စ်လိန်း အကြောင်းကိုလည်း သိသင့်တယ်၊ အတွေးမျှင် ဆန့်သင့်တယ်ထင်လို့ ဆက်ရေးချင်ပါတယ်။

အဝေးပြေးလမ်းမကြီးတွေပေါ်မှာ ယာဉ်သွားစရာ လမ်းကြောသုံးခု ထားလေ့ရှိရာ အလယ်ယာဉ်ကြောက ပုံမှန်သွားတဲ့ ယာဉ်တွေအတွက်၊ ညာဘက်ယာဉ်ကြောက အနှေးယာဉ်နဲ့ အများပြည်သူ စီးနင်းတဲ့ ဘတ်စ်ကားလို ယာဉ်တွေအတွက်၊ လက်ဝဲဘက်ယာဉ်ကြောကတော့ အလျင်စလို အကြောင်းရှိသလို ကျော်တက်ပြီး အမြန်မောင်းရတဲ့ ယာဉ်ကြောဖြစ်ပါတယ်။ အဲဒီယာဉ်ကြောမျိုးမှာ မောင်းသလို ဘဝခရီးကို နှင်ရတဲ့ အခြေအနေမျိုးကို အင်္ဂလိပ်ဘာသာမှာ တင်စားပြီး "အမြန်ယာဉ်ကြောထဲက ဘဝ" (Life in the fast lane) ရယ်လို့ သုံးနှုန်းလေ့ရှိတာကို သတိထားမိပါတယ်။

www.burmeseclassic.com



တစ်နည်းပြောရရင်တော့ ကသောကမျော အသက်ရှင်ရခြင်း၊ အပြေးအလွှား လုပ်ကိုင်ရခြင်းဆိုတဲ့ ဘဝအမော သဘောကို ဆိုလိုတာပါ။ ဒီစကားလုံးများနဲ့ ပရိယာယ်တူတဲ့ (ဆင်းနိုးနင်း – Synonim) အသုံး အနှုန်းတွေလဲ မြန်မာစကားမှာ တော်တော်များများ ရှိပါတယ်။ ကမန်း ကတမ်း၊ အမောတကော၊ ကတိုက်ကရိုက်၊ ကသုတ်ကရက် စသည်တို့ ကနေ သေပြေးရှင်ပြေးအထိ ဖြစ်ပါတယ်။

ဒီလို အနေအထိုင်မျိုးမှာ ကိုယ့်ဘဝလုပ်ငန်းကိုယ်က ဒီသဘောနဲ့ လုပ်ကိုင်ရှင်သန်ရတာရှိသလို၊ နေ့ချင်းညချင်း အဆင်ပြေ တိုးတက်ချင်လို့ သူများကို တမင်ဖြတ်ကျော်ရတာမျိုးလဲ ရှိပါတယ်။ အင်္ဂလိပ်ဘာသာ တင်စားမှုမှာဆိုရင် သူများနဲ့နှုန်းချင်းမတူဘဲ တက်တက်ကြွကြွ လုပ်ကိုင် ရတဲ့ အဖြစ်မျိုးကိုဆိုပါတယ်။ ဒီလိုလုပ်တော့ သူများထက် ခရီးတွင်တယ်၊ အောင်မြင်တယ်ဆိုတဲ့ အကျိုးဆက်တွေကို ရနိုင်တဲ့အကြောင်းလဲ ရှိတာပေါ့။

ဒါပေမဲ့ လမ်းပေါ်မှာ ယာဉ်တွေပြေးကြသလို ကိုယ့်ရှေ့ကလူ နှေးလွန်းလို့ အမြန်ကြောကို ဝင်ရတာ၊ ဟွန်းမတီးဘဲ အချက်မပြဘဲ ရုတ်တရက် စိတ်ကူးရပြီး ကျော်တက်တာ၊ ငါတကောကောပြီး အစွမ်းပြ သွားတာ၊ အမြန်ယာဉ်ကြောမှာပိတ်ပြီး မောင်းတာ၊ မူးယစ်သောက်စားပြီး ယာဉ်ကြောသုံးခုစလုံးကို မြွေလိမ်မြွေကောက် ထောင့်တန်း ကူးချည် ဖြတ်ချည် မောင်းသွားတာ ဆိုတာမျိုးတွေနဲ့ ကြုံရတတ်ပါတယ်။ ဒီလို ကြုံရတဲ့အခါ မေတ္တာ၊ ကရုဏာ မပွားနိုင်တာ၊ မုဒိတာ၊ ဥပေက္ခာ မထားနိုင် တာတွေ ဖြစ်ရတတ်ပါတယ်။ ဒီတော့ လမ်းပေါ်မှာ ခရီးသွားရတာကို ဘဝနဲ့ယှဉ်လို့ အကောင်းဆုံးပဲလို့ ပြောရမယ်ထင်ပါတယ်။ လမ်းဟာ ဘဝ ဆန်တယ်ပေါ့။ ဘဝဆန်တဲ့လမ်းပေါ့။ ဆရာဇော်ဂျီကတော့ မြစ်ကြောင်းမှာ မျောပါတဲ့ ဗေဒါပင်နဲ့နှိုင်းလို့ အတွေးအခေါ်တွေထည့်ပြီး ဗေဒါလမ်း

www.burmeseclassic.com



ကဗျာရှည်ကြီး ဖွဲ့ခဲ့ပါတယ်။ တင်နီဆန်း (Alfred Tenny-son)(၁၈၅၀ –၁၈၉၂) ဆိုတဲ့ အင်္ဂလိပ်တော်ဝင် စာဆိုကြီးကတော့ စမ်းချောင်းကလေးနဲ့ ဘဝကို နှိုင်းထားပါတယ်။ အသွားအပြန်မရှိဘဲ တစ်ဖက်တည်းကို စီးဆင်းရတဲ့အဖြစ်ကို မြည်တမ်းထားတာ ဖြစ်ပါတယ်။

ဘဝဟာ ခရီးလမ်းဖြစ်တဲ့အတွက် ခရီးမျိုးစုံနဲ့ ယှဉ်နှိုင်းပြကြတာပါ။ စက်မှုခေတ်ထွန်းကားတဲ့ကာလမှာ အမြန်မောင်းယာဉ်ကြောနဲ့ နှိုင်းကြတာလဲ ဖွဲ့ဆိုခြင်းတစ်မျိုးလို့ ဆိုသင့်ပါတယ်။ သူ့ထက်စောပြီး လျင်မြန်စွာ ဘဝကိုကျင်လည်ခြင်း (Living fast) ဆိုတဲ့ အသုံးအနှုန်းလဲ ရှိပါသေးတယ်။ ဘဝကို မဆင်မခြင် ကြိုက်သလိုနေထိုင်တာကို ဆိုလိုတာပါပဲ။ "အသက် ဉာဏ်စောင့်" သဘောကို မယူနိုင်တဲ့ စရိုက်မျိုးကို ရည်ညွှန်းပါတယ်။

ဒီတော့ ဖတ်စ် (Fast) ဆိုတဲ့ ဝေါဟာရလေးဟာ စားသုတ်သုတ်၊ သွားသုတ်သုတ်လုပ်ရတဲ့ ခေတ်နဲ့တော့ အင်မတန် အံကိုက်နေပါတယ်။ တစ်ဖက်က တွေးပြန်ရင်လဲ အမြန်ယာဉ်ကြောမှာ ခရီးနှင်ကြတဲ့သူတွေဟာ ကိုယ့်သဘောနဲ့ကိုယ်ဖြစ်ကြရတာမဟုတ်ဘဲ အကြောင်းဆိုက်သလို ဒီလမ်းကြောမှာ မျောပါနေကြရခြင်းတွေ ရှိပါတယ်။ တိုးဝှေ့သွားလာနေကြတဲ့ လူအုပ်ကြားမှာ အလိုက်သင့် ညပ်ပါရတတ်သလိုပါပဲ။ အကြောင်းတွေကလဲ စုံနိုင်တယ်လေ။ အောင်မြင်တဲ့လူတွေကိုကြည့်ပြီး သူများလို တက်လှမ်းလိုခြင်း (Ambition) ရှိတာကြောင့်၊ တိုင်းပြည်နိုင်ငံအတွက် လုပ်သင့်လုပ်ထိုက်တာကြောင့်၊ အားနာပါးနာ စေတနာ့ဝန်ထမ်းအလုပ်တွေ များတာကြောင့်၊ အတူတကွ လုပ်ဖော်ကိုင်ဖက်တွေ လက်မညီတာကြောင့်၊ အလုပ်သံယောဇဉ်နဲ့ အသိုင်းအဝိုင်း သံယောဇဉ်က ရှန်းမထွက်သာတာကြောင့်၊ မိမိကိုယ်၌က စိတ်ဝင်စား ပျော်ပိုက်တာကြောင့် စတဲ့

www.burmeseclassic.com



“ကြောင့်” ပေါင်း များစွာတို့ကိုလဲ တစ်ဦးချင်းကို လိုက်လို့ မြင်သာနိုင်ပါတယ်။

အမြန်ယာဉ်ကြောမှာ မလွှဲမရှောင်သာတဲ့ ကာယိက ဒုက္ခ စေတသိက ဒုက္ခတွေလဲ ရှိပါတယ်။ အအိပ်အစားမမှန်ခြင်း၊ အနေအနား မရှိခြင်း၊ သောကဖိစီးခြင်း စတဲ့အကြောင်းတွေကြောင့် “အိုးတော်လုပ်၊ ဖုတ်ရင်းက မကျက်” တာတွေနဲ့ ကြုံရတတ်ပါသေးတယ်။ ဒါပေမဲ့ လူတိုင်းတော့ မဟုတ်ပါဘူး။ နိုင်နင်းအောင် စီမံခန့်ခွဲတတ်ရင်လဲ အဆင်ပြေနိုင်ပါတယ်။ စက်မှုခေတ် အမြန်ယာဉ်ကြောမှာတော့ တတ်နိုင်ရင် တတ်နိုင်သလို အလုပ်တွင်ဖို့၊ ပြေပြစ်ဖို့ ဆက်သွယ်ရေးတွေ၊ စစ်ဆေးမှုတွေ၊ သုံးသပ်မှုတွေ ရှိလာနေပါတယ်။ ဒီတော့ “ရောင်ကို မီးထွန်းပြီး” လုပ်စရာ မလိုပါဘူးပေါ့။ “ဖယောင်းတိုင်ကို အရင်းရော၊ အဖျားရော မီးညှိထွန်းစရာ” (burning candles at both ends) မလိုဘူးပေါ့။

ခုလို စုစည်းဆောင်ရွက်မှု မပြုနိုင်ဘဲ လိုအပ်သလို လုပ်ရပြန်တဲ့ အခါများမှာတော့ ကလောင်နာမည် “အို–ဟင်နရီ” လို့ အမည်ခံထားတဲ့ စာရေးဆရာကြီး ဝီလျံဆစ်ဒနီပေါ်တာ (၁၈၆၂–၁၉၁၀) ရဲ့ ဝတ္ထုတို တစ်ခုထဲမှာ အလုပ်အလွန်များတဲ့ ပွဲစားသူဌေးကြီးတစ်ယောက်ဟာ သူ မနေ့တစ်နေ့က လက်ထပ်ထားခဲ့တဲ့ သူ့အတွင်းရေးမှူး အမျိုးသမီးလေးကို နောက်တစ်ကြိမ် လက်ထပ်ခွင့် ပြန်တောင်းနေမိသလို အဖြစ်မျိုးနဲ့လဲ ကြုံရတတ်ပါတယ်။ ဒီဝတ္ထုကို အကြိမ်ကြိမ် မြန်မာဘာသာ ပြန်ကြတော့ မဂ္ဂဇင်းတစ်စောင်မှာ မကြာခင်က ဖတ်လိုက်ရပါသေးတယ်။

စဉ်းစားစရာကတော့ ခေတ်လူသားတို့ဟာ အမြန်ယာဉ်ကြောထဲကို စည်းကမ်းတကျ ဝင်နိုင်ဖို့ လိုတာရှိသလို မလိုတာလဲ ရှိနိုင်ပါတယ်။ ကျွန်တော်တို့ ကိုယ့်ကိုယ်ကို ပြန်သုံးသပ်ကြည့်တဲ့အခါ ဘယ်တုန်းက

www.burmeseclassic.com



အမြန်ယာဉ်ကြောထဲကို ရောက်သွားမှန်းမသိဘဲ ပုံမှန်အမြန်ယာဉ်ကြောနဲ့ အနှေးယာဉ်ကြောကိုပြောင်းဖို့ လူအုပ်ထဲမှာညပ်ပြီး မဆင်းနိုင်သေးတဲ့ အဖြစ်ပါ။ ဒီတော့လဲ အချက်ပြမီးသာ ပြထားပြီး အမြန်ယာဉ်ကြောက မထွက်နိုင်သေးတဲ့အတွက် စိတ်မောရပြန်တယ်။

www.burmeseclassic.com



www.burmeseclassic.com

# ဖုတနုတ်စ် (FOOT NOTES)

ဖုတနုတ်စ်ဟာ များသောအားဖြင့် ကျမ်းစာအုပ်ပြုစုသူများနဲ့ ဆိုင်ပါတယ်။ အဲဒီကျမ်းမျိုးကို လေ့လာ ဖတ်ရှုသူများနဲ့လဲ ဆိုင်ပါတယ်။ အဓိပ္ပာယ်ကတော့ "အောက်ခြေမှတ်စုများ" လို့ ဆိုလိုပါတယ်။ စာအုပ်ထဲမှာ သက်ဆိုင်ရာ စာမျက်နှာမှာပါတဲ့ အချက်အလက်များအပေါ် ရည်ညွှန်းပြောဆိုတဲ့ မှတ်စုကလေးတွေပါပဲ။ ဒီမှတ်စုကလေးတွေဟာ စာအုပ်ပါအကြောင်းရပ်ကို ပံ့ပိုးပေးတဲ့အပြင် အဆက်အစပ် ကွင်းဆက်များကိုလဲ ချိတ်ဆက်ပေးပါတယ်။ သူ့ကို စာကိုယ်ထဲမှာထည့်ရင် ကျမ်းလေးနေမှာဖြစ်လို့ အကြောင်းကိစ္စကိုလိုက်ပြီး အောက်ခြေမှတ်စု ဖြစ်ရတာပါ။

စာအုပ်စာတမ်းမှာ အောက်ခြေမှတ်စုထားပြီး ဖော်ပြတဲ့ အလေ့မရှိခင်တုန်းက ကြားပေါက် မှတ်ချက်ပေးချင်တဲ့ကိစ္စမျိုး လိုအပ်ရင် "ဤကား စကားချပ်" လို့ ရေးလေ့ရှိတာကို တွေ့ဖူးပါတယ်။ စာသားကိုတော့ လက်သည်းကွင်းနဲ့ ကန့်ထားပေးပါတယ်။ ပုံနှိပ်စာလုံးမှာ လက်သည်းကွင်းပြပြီး စာသားထည့်တာကို In parenthesis လို့ သုံးပါ

www.burmeseclassic.com



တယ်။ "အောက်ခြေမှတ်စု" သုံးတဲ့အလေ့ကိုရော၊ "လက်သည်းကွင်း" အလေ့ကိုရော တိုက်ရိုက်အဓိပ္ပာယ်နဲ့မဟုတ်ဘဲ လောကနဲ့ယှဉ်ပြီး တင်စားသုံးနှုန်းကြတာတွေ ရှိပါသေးတယ်။

ဥပမာအားဖြင့် "သမိုင်း၏ အောက်ခြေမှတ်စုများ" (Footnotes of history) လို့ သုံးတာရှိပါတယ်။ သမိုင်းမှာ တခုံတညား ရေးထိုးရလောက်အောင် ကြီးကျယ်တဲ့ အကြောင်းအရာမဟုတ်ဘူးလို့ တင်စားပြီး ပြောတာပေါ့။ မိမိကိုယ်တိုင် အရေးပါသူဖြစ်ပါလျက်နဲ့ပြောရင် ဒီစကားဟာ နှိမ့်ချမှုသဘောပါတာပေါ့။ သူတစ်ပါးက မှတ်ချက်ပေးရင် အရေးမပါဘူးလို့ အကဲဖြတ်တဲ့သဘော ဖြစ်မှာပေါ့။ တချို့ကတော့ ခေတ်သမိုင်းမှာ "အောက်ခြေမှတ်စု ဖြစ်ရရင် တော်ပါပြီ" လို့တောင် မျှော်လင့်ချက်နဲ့ ပြောတာလဲ ရှိပါတယ်။

ဒါနဲ့ဆက်ပြီးပြောရရင် အောက်ခြေမှတ်စုကလေးများဟာ ပွဲမဝင်နိုင်ဘူးလို့ ထင်ရပေမယ့် နိုင်ငံ့အရေး၊ လူ့အရေးတို့မှာ အရေးပါတဲ့အခန်းက ပါလေ့ရှိတာကို သတိပြုသင့်ပါတယ်။ ဖုတနုတ်စ်ပဲလို့ တင်စားနိုင်တဲ့သူများဟာ အညတြများ ဖြစ်ကြပါတယ်။ ဒီအညတြများကို ကျေးဇူးတင် ဂုဏ်ပြုတဲ့ အထိမ်းအမှတ်များကို နိုင်ငံတိုင်းလိုလိုမှာ တွေ့နိုင်ပါတယ်။ အဲဒီနေရာတွေကို "အညတြစစ်သည်ဗိမာန်" လို့ လူသိများပါတယ်။ တချို့ကတော့ အမည်မသိ ရဲဘော်ရဲ့ ဂူသင်္ချိုင်း (Unknowin soldier's tomb) လို့ အသုံးများကြတယ်။ မော်စကိုက ရင်ပြင်နီ အနီးမှာ၊ အမေရိကန်က အာလင်တန် စစ်သင်္ချိုင်းမှာ၊ မြန်မာနိုင်ငံ ရန်ကုန်က သူရဲကောင်းစစ်သည်ဗိမာန်မှာ၊ ပြင်သစ်ပြည် ပါရီမြို့က ရှောင်းဇေလီဇေး ဆိုတဲ့ အဓိကရနေရာတို့မှာ ဖြစ်ပါတယ်။ အချို့ ဂူဗိမာန်တွေမှာ မိုးရှာရှာ၊

www.burmeseclassic.com



နှင်းကျကျ မငြိမ်းနိုင်တဲ့ မီးတောက်ကလေးတွေ အမြဲအညွန့်တက်နေတတ်ပါတယ်။ ဘဝတူ ရဲဘော်ရဲဘက်တွေ မိုးလင်းက မိုးချုပ် စစ်ဝတ်စုံအပြည့်နဲ့ စောင့်ရှောက်နေတာကို တွေ့နိုင်ပါတယ်။ သူတို့က ဘယ်လိုများ အရေးပါလို့ပါလိမ့်။ သူတို့ဟာ စွန့်လွှတ်စွန့်စားခဲ့သူအားလုံးကို ကိုယ်စားပြုနေလို့ ဖြစ်ပါတယ်။

အညတြစစ်သည်ဗိမာန်မှာ ထားရှိဖို့အတွက် ကျဆုံးသူ ရဲဘော်တစ်ယောက်ရဲ့ ရုပ်ကလာပ်ကို ရွေးချယ်တယ်ဆိုရင် သူ့နာမည်ကို ဘယ်သူမှ မသိနိုင်တဲ့၊ သူ့အမျိုးအမည်ကို မော်ကွန်းထိုးထားခြင်းမရှိတဲ့ တကယ့်အညတြစစ်သည်မျိုးကို ရရှိအောင် စနစ်ချပြီး လျှို့ဝှက်စွာ ရွေးရတယ်လို့ ကြားဖူးပါတယ်။ ဒါမှ ကျဆုံးလေသူအားလုံးထဲက ဘယ်သူ ဘယ်ဝါရယ်မဟုတ်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ကိုယ်စားပြုမယ် မဟုတ်လား။

သူဟာ "ဖုတနုတ်စ်" လို့ ဆိုပေမယ့် သေးငယ်သိမ်ဖျင်းခြင်းမရှိ၊ ကြီးမားကျယ်ပြန့်သောပဲ့တင်ကို ဖန်တီးခဲ့သည့်မျိုးနွယ်ကို ကိုယ်စားပြုသူပါ။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ "လွတ်လပ်မှ အမျှဝေပါ" ဆိုတဲ့ စကားကိုဆိုခဲ့သူ ရဲဘော်ဟာ ဘယ်အညတြရယ်လို့ အမည်နာမ ကောက်ရန် မလိုပါ။ သူ့လိုလူမျိုးအားလုံးရဲ့ အသံလို့သာ လေးစား ဂုဏ်ယူစွာ မှတ်ပါတော့။

အောက်ခြေမှတ်စုသဖွယ် တင်စား အောက်မေ့အပ်တဲ့သူများဟာ တည်ဆောက်ရေးလုပ်ငန်းတွေမှာ၊ လောကစည်ပင်ရေးလုပ်ငန်းနယ်ပယ်တွေမှာ မူလီတစ်ချောင်း၊ ဇာဝီတစ်လုံး၊ အုတ်တစ်ချပ်လို နေရာက ပါကြတာတွေကိုလဲ လေးစားဂုဏ်တင်အပ်ပါတယ်။

www.burmeseclassic.com



ဘာသာစကားတစ်ခုရဲ့ ဝေါဟာရတစ်လုံးဟာ ဒီအထိ အတွေး ကျယ်နိုင်တယ်လို့ ကျွန်တော်တော့ ကြည်နူးနှစ်သက်စွာ တွေးမိပါတယ်။ ဒါ့ကြောင့် တိုင်းပြည်နဲ့ လူမျိုးကို ချစ်တတ်သူတိုင်း ဖုတနုတ်စ်ခေါ် အောက်ခြေမှတ်စုအရာ၌ တည်သူတို့ကို ချစ်ရပါလိမ့်မယ်။ ကိုယ်တိုင်က ဖုတနုတ်စ်သဖွယ် ဘဝမျိုးကို ကျင်လည်ရခြင်းဖြစ်ပါကလဲ နှစ်သိမ့် ဦးမော့နေပါတော့ဟူ၍။

www.burmeseclassic.com

# ဖုတနုတ်စ် (FOOT NOTES)



www.burmeseclassic.com

# ဖတ်စ်ဖုဒ် (FAST FOOD)

ဖတ်စ်ဖုဒ်ဆိုတဲ့ စကားလုံးကို သမ္မာကျမ်းပြုဆရာ "ယုဒသန်"အသံထွက်နည်းနဲ့ အသံထွက်ပြုရင် "ဖတ်စဖုဒ" ဟု ခေါ်ရမည်လား မသိပါ။ အမှန်ဆိုတော့ ဖတ်စ်ဖုဒ်ဟာ အချိန်လုပြီး အဆာပြေလွေးရတဲ့ သရေစာမျိုးကို ဆိုလိုတာပါ။ ခေတ်သစ် လူနေမှုရဲ့ တိုးဖော့ရန်းကန် ယှဉ်ပြိုင်ရတဲ့ စနစ်အောက်မှာ အချိန်မပေးနိုင်ကြလို့ လွယ်လွယ်ဝယ်၊ မြန်မြန်စား အချိန်ကုန် သက်သာတဲ့နည်းကို လိုက်ကြရတာ ဖြစ်ပါတယ်။

နိုင်ငံတကာမှာ ဖတ်စ်ဖုဒ်တွေ အမျိုးမျိုး ရှိကြပါတယ်။ မြန်မာများအဖို့တော့ လမ်းဘေးကရောင်းတဲ့ အကြော်ဆိုင်က မုန့်အမျိုးမျိုးနဲ့အတူ မုန့်ဟင်းခါးတို့၊ လက်သုပ်စုံတို့ကိုလဲ ဒီစာရင်းထဲသွင်းလို့ ရလောက်ပါတယ်။ ဒါပေမဲ့ နိုင်ငံတကာ ဖတ်စ်ဖုဒ်များဟာ ကျွန်တော်တို့ မြို့ပြတွေကို ချင်းနင်းဝင်ရောက်စ ပြုနေပါပြီ။ ဒီနာမည်နဲ့ ဆိုင်းဘုတ်တင်ထားကြတဲ့ ဆိုင်တွေလဲ ရန်ကုန်မှာ အတော်များပါတယ်။

ဖတ်စ်ဖုဒ်ကို အမေရိကန်လို နိုင်ငံမျိုးက စခဲ့တယ်လို့ ထင်စရာ ရှိပါတယ်။ ဒါပေမဲ့ အဘိဓာန်ထဲမှာ တန်းဝင်တဲ့ စကားတော့ မဖြစ်သေးဘူး။

www.burmeseclassic.com



ပထမဆုံး ဒီလို အစားအသောက်မျိုးဟာ အင်္ဂလိပ်တို့ ဘီယာနဲ့မြည်းကြတဲ့ ဖစ်ရှ် အင် ချစ်စ် (Fish and Chips) ဆိုတဲ့ ငါးကြော်နဲ့ အာလူးကြော် တို့များ ဖြစ်မလား မသိဘူး။ အာလူးကြော်မှာတောင် အပြားကြော်နဲ့ အချောင်းကြော်ဆိုပြီး နှစ်မျိုးကွဲပါသေးတယ်။ အချောင်း အစိတ်ကြော်ကို တော့ ပြင်သစ်ကြော် (French Fry) လို့ ခေါ်ကြပါတယ်။ သူတို့နိုင်ငံတွေ မှာ ကားနဲ့ ခရီးဝေးသွားရင် လမ်းဘေးက ဆိုင်ကလေးတွေမှာဆင်းပြီး အာလူးကြော် ပူပူကြွပ်ကြွပ်ကို စက္ကူအိတ်နဲ့ဝယ်ပြီး ဆွဲသွားလို့ရပါတယ်။ ဟမ်ဘာဂါဆိုတဲ့ အသားညှပ်မုန့်မျိုးလဲ ဆွဲချင်ဆွဲခဲ့ပေါ့။ ဟော့ဒေါ့ (Hot Dog) ဆိုတဲ့ ဝက်အူချောင်းညှပ် ပေါင်မုန့်ရှည်ရှည်ကိုလဲ ရနိုင်ပါသေး တယ်။ မြန်မာဆောင်းပါးရှင်တစ်ဦးကတော့ (Hot Dog) ကို "ခွေးပူ" လို့ တိုက်ရိုက်ဘာသာပြန်ခဲ့ဖူးပါတယ်။

ဒီဆိုင်မျိုးတွေမှာ အမဲသား၊ ဝက်သားတို့နဲ့အတူ ကြက်ကင်ကလဲ မယောင်မလည် ရောက်နေပါပြီ။ အိန္ဒိယလိုတော့ တန်ဒူရီ ချစ်ကင်း (Tandoori Chicken) လို့ လူသိများတယ်။ ဂျပန်ကြက်ကင်ကတော့ ယာကီဒိုရီ (Yakidori) ပေါ့။

ဖတ်စ်ဖုဒ်ရောင်းတဲ့ ကမ္ဘာကျော်ဆိုင်ကြီးတွေမှာ ကင်တပ်ကီ ကြက်ကြော်ဆိုတဲ့ ဆိုင်လဲ နာမည်ကြီးတာပဲ။ ဘောလုံးပွဲကြည့်ရင်း အော်ဟစ် အားပေးရတဲ့အချိန် မသိမသာ ဝါးမိတဲ့ ပြောင်းဖူး ပေါက်ပေါက် (Pop Corn) ကလဲ အမေရိကန်စရိုက်လို့တောင် ခေါ်ရ မလို ဖြစ်နေပါပြီ။

ဒီကြားထဲမှာ လွယ်လွယ်လွေးနိုင်တဲ့ အစာအဖြစ်နဲ့ အီတာလျံတွေ ကြိုက်တတ်တဲ့ ပစ်ဇာ (Pizza) လဲ ကမ္ဘာ့အရှေ့ အနောက်တို့မှာပါ ပျံ့နှံ့နေပါပြီ။ မက္ကဆီကန်တွေ စားကြတဲ့ ရေမုန့်လို ငရုတ်သီးစပ်စပ် တော်တီးလား (Tortilla) ကတော့ လူသိမများသေးပါဘူး။

www.burmeseclassic.com



ဂျပန်နိုင်ငံမှာ မြေအောက်ဘူတာကအထွက် ချမ်းချမ်းစီးစီးရာသီမှာ လူကို နွေးသွားစေတဲ့ ယာကီဆိုးဘား (Yakisoba)ဆိုတဲ့ ခေါက်ဆွဲပြုတ်ဟာလဲ ဖတ်စ်ဖုဒ်တစ်မျိုးပါပဲ။ ဂျပန်ရိုးရာ ဆူကီယာကီနဲ့ တင်ပူရာတို့ကတော့ မနည်းရှာပြီး စားရတဲ့အဆင့်ကို ရောက်သွားပြီ။ တရုတ်ပြည်အလယ်ပိုင်းက ချင်တူး (Chengdu) လေဆိပ်မှာ လေယာဉ်ပျံပေါ်တက်ဖို့ ခရီးသည်တွေခေါ်တော့ လေဆိပ်ထဲကနေ လေယာဉ်ဆီအရောက် ခပ်သုတ်သုတ်သွားကြရင်းနဲ့ တရုတ်လူမျိုးတွေ ပလတ်စတစ်အပွ ထမင်းဘူးထဲက ထမင်းနဲ့ အစိမ်းကြော်ပူပူကို လမ်းလျှောက်ရင်းမတ်တတ် တူနဲ့ ယက်ယက်ပြီး စားသွားကြပုံဟာ ချီးကျူးစရာတောင်ကောင်းပါတယ်။

မလေးရှားမှာ အစပြုတဲ့ ဆာတေး (Sar tay) ဆိုတဲ့ သီတံထိုးအသားကင်ဟာလဲ တိုင်းပြည်နိုင်ငံကိုလိုက်လို့ အသားအမျိုးမျိုးကို သီတံနဲ့ထိုးပြီး ရောင်းနေကြပါပြီ။

အစားအသောက်က အချိန်ကို လုရတဲ့သဘော ရှိသလို ဇီဇာကျယ်ရင် ကျယ်သလို ကြိုက်ရာကို ရွေးချယ်ပြီး စားကြတာတွေလဲ ရှိပါတယ်။ ဖတ်စ်ဖုဒ်နဲ့ တွဲဖက်ပြီး မျှောချရတဲ့ ယမကာတွေကတော့ တံဆိပ်မျိုးစုံနဲ့ ကြော်ငြာလုပ်ကြတဲ့ သံဘူးသွတ်၊ ပုလင်းသွတ် ဖျော်ရည်တွေပါပဲ။

တစ်ဖက်က ပြောရရင် ဒီအစာတွေဟာ လွယ်လွယ်စားလို့ရသလို လွယ်လွယ်နဲ့ ရောဂါရနိုင်တာတွေကိုလဲ သတိပြုရပါလိမ့်မယ်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ချုပ်ကြီးကတော့ ကြိုတင်စီမံပြီး ပြုပြင်ရောင်းချတဲ့ အစာမျိုးစုံထဲကဖြစ်တဲ့ ကူးစက်ရောဂါအမျိုးပေါင်း ၃၀ ဟာ လက်သည်ရှာမတွေ့နိုင်သေးဘူးလို့ ပြီးခဲ့တဲ့ ကမ္ဘာ့ကျန်းမာရေးနေ့က ထုတ်ဖော်ပြောပါတယ်။ ကျွန်တော်တို့ သိတဲ့ မိတ်ဆွေတစ်ဦးဆိုရင် ဝက်သား

www.burmeseclassic.com



ထုတ်ထိုး ကြိုက်တတ်လွန်းလို့ ကြာတော့ အူပိတ်သွားပြီး ဆေးရုံတက်ရတဲ့ အထိ ဖြစ်တယ်လို့ ဆိုပါတယ်။

ဒါကြောင့် မြန်မြန်လွေးရတဲ့ အစာများဟာ အချိန်ကုန်သက်သာသလို အန္တရာယ်ရဖို့လဲ နီးတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ဖတ်စ်ဖုဒ်တွေကတော့ ကျွန်တော်တို့ ခလေ့စရိုက်ထဲကို ဝင်နေပါပြီ။ ဈေးကြီးတဲ့သူများအစာထက် ဈေးမကြီးလှတဲ့ ကိုယ့်ရိုးရာအစာကို မြန်မြန်လွေးလိုက်ကြရင်လဲ ကိစ္စပြီးတာပဲလို့ ဆိုချင်ပါတယ်။

www.burmeseclassic.com

# ဂလိုဗယ်လိုက်ဇေးရှင်း
# (GLOBALIZATION)

ဒီအသုံးအနှုန်းဟာ ခုတလော တွင်ကျယ်နေတဲ့ အင်္ဂလိပ်စကား ဝေါဟာရဖြစ်ပါတယ်။ အထူးသဖြင့် မျက်မှောက်ရေးရာများမှာပါ။ ဆိုလို့ ရွတ်လို့ကောင်းတဲ့ အသံထွက်မျိုးတော့ မှန်တယ်။ ဒါပေမဲ့ အဓိပ္ပာယ် အရိပ်အဆင်မှာတော့ အကောင်းထက် အဆိုးက များနေတယ်လို့ ဆိုကြ ပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ ဆင်းရဲတဲ့နိုင်ငံတွေအတွက် ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာအသုံးအနှုန်းမှာ ကမ္ဘာ ဆိုတဲ့စကားလုံးကို အလင်္ကာနဲ့ ဖွဲ့တာတို့၊ နှိုင်းယှဉ်စပ်ဟပ်ပြီး ပြောတာတို့ ရှိပြီးသားဖြစ်ပါ တယ်။ နိုင်ငံတော်သီချင်းဖြစ်လာမယ့် အမျိုးသားသီချင်းကို ဝိုင်အမ်ဘီ ဆရာတင် စပ်တုန်းက “ကမ္ဘာမကျေ…”ဆိုတဲ့စကားကို သုံးတာကအစ “ကမ္ဘာကုန်ကျယ်သရွေ့ ဘယ်မေ့လိမ့်မလဲ”ဆိုတဲ့ ချစ်သမျှကို ပတ်ပျိုး ထဲက အဖွဲ့အနွဲ့မျိုးအထိ ပါပါတယ်။ ဒိပြင်လဲ “မြန်မာကို ကမ္ဘာက သိရမည်”၊ “ကမ္ဘာနဲ့ မြန်မာ”၊ “ကမ္ဘာတစ်ခွင်”၊ “ကမ္ဘာပတ်ကုံး”၊ “မေတ္တာကမ္ဘာ” စသည်ဖြင့် အမျိုးမျိုးသုံးကြပါတယ်။ “ကမ္ဘာ့ရန်သူ”၊

www.burmeseclassic.com



"ကမ္ဘာကြီး ပျက်စီးလုနီးပြီလော" ဆိုတဲ့ စာအုပ်အမည်များလဲ ရှိခဲ့ပါသေးတယ်။

လွန်ခဲ့တဲ့ အနှစ် ၆၀ ကျော်လောက်တုန်းက မြန်မာလူမျိုးထဲက စက်ဘီးနဲ့ ကမ္ဘာပတ်ခဲ့တယ်ဆိုတဲ့ "ကမ္ဘာ့လှည့်မောင်ခင်"ရဲ့ ဆောင်းပါးတွေကို စာဖတ်ပရိသတ် စိတ်ဝင်စားကြပါတယ်။ ပြီးတော့ ကမ္ဘာစစ်ဆိုတာကြီးကို မြန်မာတို့ နှစ်ကြိမ် ကြားခဲ့၊ ကြုံခဲ့ကြပါတယ်။ ပထမကမ္ဘာစစ်တုန်းက အင်္ဂလိပ်ကလွှတ်လို့ အချို့မြန်မာတွေ အာရှ အရှေ့အလယ်ပိုင်းဒေသကို ဝန်ထမ်းတပ်များအဖြစ်နဲ့ ရောက်ခဲ့ကြရပါသေးတယ်။ ဒုတိယကမ္ဘာစစ်ကျတော့ စစ်မျက်နှာဟာ ကိုယ့်မျက်စိအောက်ကိုရောက်လာတဲ့အထိ ကြုံခဲ့ရပါတယ်။ မျက်စိအောက်တွင် မဟုတ်ဘူး။ စစ်ရဲ့ အနိဋ္ဌာရုံတွေကို လူအများ လက်တွေ့ အလူးအလဲ ခံစားခဲ့ကြရပါတယ်။

ခုအခါမှာတော့ ကမ္ဘာဟာ လူတွေရဲ့ စိတ်အာရုံမှာ သိပ်ကြီးကျယ်လှတယ် မဟုတ်တော့ပါဘူး။ ကိုယ့်တိုင်းပြည်စည်းရိုး နယ်နိမိတ်ကိုကျော်ပြီး အလုပ်လုပ်ဖို့ သွားကြပြန်ကြတဲ့လူတွေ၊ အလုပ်ကိစ္စနဲ့ သွားကြပြန်ကြတဲ့လူတွေဟာ မကုန်တော့ပါဘူး။ ကမ္ဘာဟာ မထူးဆန်းတော့တဲ့အထဲမှာဆက်သွယ်ရေးဂြိုလ်တုများကောင်းမှုနဲ့ ရုပ်မြင်သံကြားကျေးဇူးတို့က အများကြီး ပါပါတယ်။

၁၆ ရာစုနှစ်နဲ့ နောက်ပိုင်းမှာ ကမ္ဘာကို ရေကြောင်းခရီးနဲ့ ခြေဆန့်ခဲ့တဲ့ နိုင်ငံတွေက လူတွေကတော့ ကမ္ဘာအပေါ်မှာ အမြင်တစ်မျိုးပြောင်းလာကြပါတယ်။ အင်္ဂလန်နိုင်ငံက ခေါင်းဆောင်တစ်ဦးကဆိုရင် "ကမ္ဘာတစ်ခုတည်းသာ ရှိတယ်" လို့ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး ပြောလာပါတယ်။ အာကာသကို မိုင် ၂၀၀ အထက် ရောက်သွားခဲ့ပြီး အကြိမ်ကြိမ်ပတ်ခဲ့တဲ့ အာကာသသူရဲတွေကတော့ ကမ္ဘာကြီး

www.burmeseclassic.com



ကို အာကာသထဲကနေ ကြည့်ရတာ အပြာရောင်၊ အဖြူရောင်နဲ့ မီးခိုးနီညို ရောင်တွေ သမ်းနေတဲ့ ကမ္ဘာကြီးဟာ "သိပ်ကြည့်လို့လှတယ်" လို့ မှတ်ချက်ပေးတာကို ကိုယ်တိုင်မေးကြည့်လို့ ကြားခဲ့ရဖူးပါတယ်။ ကမ္ဘာကို အဝေးကလှမ်းပြီး ကြည့်နိုင်တဲ့အထိ ခရီးပေါက်တာဟာ ၂၀ ရာစု လူ့သမိုင်းမှာ အကြီးဆုံး တိုးတက်မှုထဲမှာ ပါပါတယ်။

ပြီးတော့ ခုခေတ် သတင်းဆောင်းပါးတွေထဲမှာ ကမ္ဘာရယ်လို့ အသုံးနည်းသွားပြီး "နိုင်ငံတကာ" ရယ်လို့ သုံးတာ များလာပါတယ်။ ဆီလျော်သလို၊ အကွက်ဆိုက်သလို သုံးကြတာလဲ ပါတာပေါ့။ အင်တာနက်ရှင်နယ် (International) ကို "နိုင်ငံတကာ" လို့ စသုံးခဲ့တဲ့ မြန်မာ ပညာရှင်ကို ကျေးဇူးတင်ရမှာပါ။ သူဟာ နိုင်ငံခြားသတင်း ဘာသာပြန်တဲ့ သတင်းစာဆရာတစ်ဦးဖြစ်ဖို့များပါတယ်။ အခုတော့ ကမ္ဘာလုံးကို ဂလုပ် (Globe) လို့ ခေါ်ရာက ကမ္ဘာလုံးဆိုင်ရာကို "ဂလိုဗယ်" လို့ အသုံးများ လာကြပါတယ်။ "ဂလိုဗယ်လိုက်ဇေးရှင်း" ကိုတော့ မြန်မာလို ခိုင်မြဲအောင် မပြန်နိုင်ကြသေးဘူးလို့ ထင်ပါတယ်။ "ကမ္ဘာပြုခြင်း" လို့ ရေးနေတာ တွေ့ရပါတယ်။ အခြားတစ်နေရာမှာတော့ "ကမ္ဘာတစ်ခုလုံး ဆက်စပ်ပေါင်းစည်းခြင်းဖြစ်စဉ်" လို့ ဘာသာပြန်ထားပါတယ်။ ဖတ်ရတာ ခံတွင်းမလိုက်လှသေးဘူးပေါ့။ နှုတ်မကျိုးသေးလို့လဲ ဖြစ်နိုင်ပါတယ်။

ဒီတော့ "ကမ္ဘာပြုခြင်း" ဆိုတဲ့ ဂလိုဗယ်လိုက်ဇေးရှင်းဟာ ဘာလဲ လို့ မေးစရာရှိပါတယ်။ တိုက်ရိုက်အဓိပ္ပာယ်ကတော့ ကမ္ဘာပေါ်မှာ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စနစ်သဘောတွေကို တစ်သားတည်း၊ တစ်ပုံစံတည်း ပြုချင်တဲ့ သဘောလို့ ဆိုရပါလိမ့်မယ်။

တစ်နေ့က အင်္ဂလိပ်ဘာသာနဲ့ရေးတဲ့ သတင်းဆောင်းပါးတစ်ပုဒ်မှာ ဂလိုဗယ်လိုက်ဇေးရှင်းနဲ့ ပတ်သက်ပြီး ဖော်ပြထားတာကတော့ "ကမ္ဘာ

www.burmeseclassic.com



တစ်ခုလုံး ဆက်စပ်ပေါင်းစည်း ဖြစ်ပေါ်မှုဖြစ်စဉ် (Globalization) သည် အာရပ်နိုင်ငံများ၏ ယဉ်ကျေးမှုကို ခြိမ်းခြောက်အန္တရာယ်ပြုလာနိုင်ကြောင်း၊ ကမ္ဘာတစ်ခုလုံး ဆက်စပ်ပေါင်းစည်းမှုဖြစ်စဉ် ဆိုသည်မှာ နိုင်ငံတိုင်းသည် နိုင်ငံခြား ယဉ်ကျေးမှုများနှင့် နိုင်ငံခြား ပစ္စည်းများကို လွတ်လပ်စွာ စီးဝင်နိုင်စေရန် မိမိနိုင်ငံ၏ တံခါးများကို ဖွင့်ထားရမည်ဟု ဆိုလိုကြောင်း၊ ယင်းဖြစ်စဉ်အတိုင်းသာ ဆိုပါက မည်သည့်နိုင်ငံမျှ တစ်နိုင်ငံတည်း သီးသန့်တည်ရှိသွားနိုင်မည် မဟုတ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံတိုင်းကပင် ကမ္ဘာတစ်ခုလုံး ဆက်စပ်ပေါင်းစည်း ဖြစ်ပေါ်မှုဖြစ်စဉ်၏ အကျိုးဆက်များအတွက် စိုးရိမ်မကင်းဖြစ်နေပုံရသည်ကို တွေ့ရကြောင်း" ရယ်လို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်းက သူ့အမြင်ကို "အီဂျစ်ရှင်းဂေဇက်" သတင်းစာမှာ ဖော်ပြတဲ့ ဆောင်းပါးမှာ ဖတ်လိုက်ရပါတယ်။

"ဂလိုဗယ်လိုက်ဇေးရှင်း" ကိစ္စမှာ အမျိုးသားရေးဆိုင်ရာ ခံကတုတ်များကို ရုပ်ပိုင်းမှာရော၊ စိတ်ပိုင်းမှာရော တည်ဆောက်ဖို့လိုတာကို သတိထားရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

# ဂေါ့ဆစ် (GOSSIP)

"ဂေါ့ဆစ်" ဆိုတဲ့ စကားလုံးကို အတင်းအဖျင်းသဘောရယ်လို့ သိပြီးသား ဖြစ်ကြမှာပါ။ အင်္ဂလိပ်ဘာသာ ဝေါဟာရမှာတော့ ရှေးအသုံးအနှုန်း (ပေါရာဏ) အဖြစ်နဲ့တော့ "မိန်းမဖော်"ရယ်လို့ အဓိပ္ပာယ် ရတယ်လို့ ဆိုပါတယ်။ မြန်မာလိုမှာ စကားတင်းဆိုတယ်၊ အမနာပ ပြောတယ်လို့ သုံးရမှာအပြင် ရောက်တတ်ရာရာ တောရမ်းမယ်ဖွဲ့ ပြောဆို ရေးသားတယ်လို့တောင် ပြောရင် ရလောက်ပါတယ်။ သဘာဝကျတာ ကတော့ မူရင်းအင်္ဂလိပ်ဘာသာမှာ ဂေါ့ဆစ်ဟာ မိန်းမဖော်လို့ သုံးခဲ့ရတဲ့ အတွက် အမျိုးသမီးတွေ သန်းရှာရင်း ရောက်တတ်ရာရာကို ပြောကြတာ၊ သူ့အကြောင်း ကိုယ့်အကြောင်း ကွယ်ရာမှာ ပြောကြတာမျိုး ဖြစ်လို့ပါပဲ။

မျက်မှောက်ခေတ် အသုံးအနှုန်းမှာတော့ ဂေါ့ဆစ်ဟာ အမနာပ ပြောရုံသာ ဆိုလိုရင်း မဟုတ်တော့ပါဘူး။ ပြီးတော့ အပြောကိစ္စထက် အရေးအသားကိစ္စမှာ ဒီသဘောနဲ့ ပိုသုံးလာကြတာ တွေ့ရပါတယ်။ ပါဠိသက် ဝေါဟာရအဖြစ်နဲ့ အမနာပဟာ "မနှစ်သက်ဖွယ်" စကားလို့ ဆိုလိုပါတယ်။ ခုတော့ မနှစ်သက်ဖွယ်သက်သက်ရယ်လို့လဲ မပြောသာ တော့ပါဘူး။ နှစ်သက်ဖွယ်လဲ ပါလာတာကို တွေ့ရပါတယ်။

www.burmeseclassic.com



နှစ်သက်ဖွယ်ရှိလို့ ဂေါ့ဆစ် အရေးအသားတွေ ဖတ်လာတာလို့ ထင်ပါတယ်။ ထုံးစံအားဖြင့် သတင်းစာတွေ၊ ဂျာနယ်တွေမှာ "ဂေါ့ဆစ်ကော်လံ" (Gossip Column) ဆိုတဲ့ ဆောင်းပါးတွေ၊ သတင်းတိုကလေးတွေ ပါတတ်ပါတယ်။ ပုဂ္ဂိုလ်ရေးအကြောင်း၊ အနုပညာအကြောင်း၊ ပြည်သူ့ရေးရာအကြောင်း၊ လူနေမှုစရိုက်အကြောင်း စသည်ဖြင့် ပင်တိုင်ဆောင်းပါးရှင်များက ရေးလေ့ရှိကြပါတယ်။ ဒီလိုရေးတဲ့အခါ သတင်းအချက်အလက် တိတိကျကျပါသလို ထင်မြင်ချက်၊ မှန်းဆချက်နဲ့ တစ်ဆင့်ပြောတွေလဲ ရေးသူပုဂ္ဂိုလ်ရဲ့ သဘောထား၊ ခံယူချက်ကိုလိုက်လို့ ပါတဲ့အခါ ပါတတ်ပါတယ်။

ဒီလိုစာမျိုးကို သတင်းစာမှာ၊ ဂျာနယ်မှာ အခန်းကဏ္ဍဖွင့်တဲ့အခါ ဆရာဇဝနတို့ ရေးခဲ့သလို "မြို့လုံးပတ်လည်" တို့၊ ယုဝတီဂျာနယ်မှာ ယုဝတီလေနီရဲ့ ဆောင်းပါးမျိုးတို့၊ လွတ်လပ်ပြီးစခေတ် မြန်မာ့အလင်းသတင်းစာမှာ ဆရာသာဂဒိုးတို့ ရေးခဲ့တဲ့ ဆောင်းပါးမျိုးတို့အထိပါပဲ။ တချို့က ဒီအခန်းမျိုးကို "ကြုံလေဘုံဗွေ" ဆိုပြီး ခေါင်းစီးပေးပါတယ်။ ဆရာမကြီးဒေါ်ခင်မျိုးချစ်တို့လဲ ဒီသဘောနဲ့ လူ့အရေး၊ လူ့ကိစ္စတွေကို ဝေဖန်သမှုပြုကြတာ ဖတ်လို့ကောင်းပါတယ်။

ဆရာကြီး ဒဂုဏ်ပ ဦးဘတင်ရဲ့ "ဒဂုဏ်ပအသံ" နဲ့ ဆရာမကြီး ဒေါ်ရီကြိန်ရဲ့ "ပြောပါရစေရှင်" ဆိုတဲ့ မြန်မာ့အသံက အသံလွှင့်ချက်များဟာလဲ တစ်နည်းအားဖြင့် ဒီအမျိုးအစားဝင်တယ်လို့ ဆိုချင်ပါတယ်။ သူတို့အသံလွှင့်ချက်တွေကို ပုံနှိပ်စာလုံးနဲ့လဲ ဖတ်ဖူးကြမှာပါ။ သူတို့အာဘော်တွေကတော့ ပုဂ္ဂိုလ်ရေးထက် လူမှုရေးဆိုင်ရာ သုံးသပ်တင်ပြချက်တွေ များပါတယ်။

နိုင်ငံတကာက စာစောင်တွေမှာလဲ မက်ဒေါနားတို့၊ မိုက်ကယ်ဂျက်ဆင်တို့၊ သမ္မတ ကလင်တန်ရဲ့သမီးတို့၊ ကနေဒီရဲ့ သားတို့အပြင် ရုပ်ရှင်မင်းသား၊ မင်းသမီးနဲ့ အားကစားကြယ်ပွင့်တွေ အကြောင်းကို

www.burmeseclassic.com



အိမ်ထောင်ပြုတာ၊ ကွာရှင်းတာ၊ အတွဲသစ်တွဲတာ၊ ကိုယ်ဝန်ဆောင်တာ၊ ခရီးထွက်တာ၊ မွေးဖွားတာ၊ ကွယ်လွန်တာ စတဲ့ အကြောင်းတွေကို ရေးကြပါတယ်။ တည့်တည့်ဖြောင့်ဖြောင့် ရေးတာရှိသလို ရွဲ့ရွဲ့စောင်းစောင်းဖြစ်အောင် ရေးတာတွေလဲ ရှိပါတယ်။

လူ့သတင်း လူချင်းဆောင်တယ်ဆိုတဲ့အတိုင်း စိတ်ဝင်စားစရာတွေကို ဖော်ပြလေ့ရှိပါတယ်။ အကျိုးပြုတာရှိသလို အကျိုးမပြုတဲ့ ဝါစာကမာတွေလဲ ပါတတ်ပါတယ်။ နိုင်ငံတကာသတင်းမဂ္ဂဇင်း ဂျာနယ်တွေဖြစ်တဲ့ "တိုင်း" မဂ္ဂဇင်းနဲ့ "နယူးစ်ဝိခ်" မဂ္ဂဇင်းမှာဆိုရင် စာဖတ်သူကသူတို့စာစောင်အသစ်ထွက်လာတိုင်း ပထမဆုံးစပြီး လှန်တဲ့ မျက်နှာဟာလူပုဂ္ဂိုလ်များအကြောင်းပါတဲ့ People တို့၊ Milestone တို့ ဖြစ်တယ်လို့သုတေသနပြုလုပ် တွေ့ရှိရတဲ့အကြောင်းကို ပြောဆိုချက် ရှိပါတယ်။ တစ်ခါတစ်ရံမှာတော့ ဂေါ့ဆစ်ကော်လံတွေမှာ လူမှုရေးရော၊ နိုင်ငံရေးပါ ဒွေးရောယှက်တင် ပြောဆိုရေးသားချက်တွေလဲ တွေ့ရတတ်ပါတယ်။

ဘာပဲဖြစ်ဖြစ် ဂေါ့ဆစ်အရေးအသားမှာ စေတနာမှန်ရင် စာဖတ်သူတွေအဖို့ အတွေးအမြင် ကျယ်တဲ့အပြင် အအီအဆိမ့်ပြေတဲ့ စာများအဖြစ် ကြိုဆိုရပါလိမ့်မယ်။ ကျွန်တော်တို့ဆီမှာလဲ အချို့ ဂေါ့ဆစ်အခန်းများမှာ ဒီဝေါဟာရရဲ့ မူရင်းအဓိပ္ပာယ်ဆန်လွန်းတယ်လို့ မှတ်ချက်ပြုသံတချို့ ကြားမိပါတယ်။

စာနယ်ဇင်းများရဲ့ ကျင့်ဝတ်ကျင့်ထုံးသဘောမှာ "ချစ်သူကိုသာစေ၊ မုန်းသူကိုနာစေ" လို့ မရှိအပ်ကြောင်း ခံယူချက် ရှိထားတဲ့အတွက် ဒီသဘော ထွန်းကားရင် ဂေါ့ဆစ်ကော်လံအမျိုးမျိုးတို့ဟာ နှစ်သက်စရာ မေတ္တာစာများ ဖြစ်လာမှာ အမှန်ပါပဲ။

www.burmeseclassic.com

# ဂေါ့ဆစ် <GOSSIP>



www.burmeseclassic.com

# ဂျင်နရယ် နော်လိတ်
# (GENERAL KNOWLEDGE)

"အထွေထွေ ဗဟုသုတ" ဆိုတဲ့ အသုံးအနှုန်းကို ကျွန်တော်တို့မှာ အသုံးအစွဲ ရှိခဲ့တာ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ကျော်ကလို့ ပြောရင်ရမယ် ထင်ပါတယ်။ အဲဒီတုန်းကတော့ ဝေါဟာရရဲ့ အဓိပ္ပာယ် နယ်ခွင်ဟာ ကျဉ်းမြောင်းလွန်းပါသေးတယ်။ အကြောင်းအရာတစ်မျိုး၊ ဘာသာရပ် တစ်ခုနဲ့ ပတ်သက်ပြီး အကြားအမြင်များတာလောက်ကို ဆိုလိုတာပါ။ ဒါမှမဟုတ် ဘာသာရပ်နှစ်မျိုး၊ သုံးမျိုးကို အခြေခံအားဖြင့် ရှင်းပြနိုင် တယ်ပေါ့။ ဒီနောက်ပိုင်းကျတော့ "ဂျင်နရယ် နော်လိတ်"ဆိုတဲ့ အထွေ ထွေ ဗဟုသုတဟာ အဆမတန် ကျယ်ပြန့်လာပါတယ်။ ဒါကြောင့် ကိစ္စ တိုင်းမှာ ဟိုစပ်စပ်၊ ဒီစပ်စပ် သိတယ်ဆိုတဲ့လူဟာလဲ ရှားသွားပါတော့ တယ်။ ဘာပြုလို့လဲဆိုရင် ပညာပိုင်းမှာရော၊ လူမှုရေးပိုင်းမှာရော၊ သိပ္ပံ ပညာမှာရော ဂိုဏ်းခွဲ၊ လက်တက်ခွဲတွေ များလာလို့ပါပဲ။ ဘယ်လောက် အထိလဲဆိုရင် "မျက်မှောက်ရေးရာ" လို့ ထွင်သုံးကြတဲ့ (Current Affairs) အကြောင်းရပ်မှာတောင် မှတ်လို့မကုန်ပါဘူး။

"ဗဟုသုတ" ဆိုတာဟာ အကြားအမြင်များခြင်းဆိုတဲ့ အဓိပ္ပာယ် ဖြစ်လို့ ကြားတာ၊ မြင်တာ၊ ဖတ်မိတာတို့နဲ့ အကျုံးဝင်ပါတယ်။ ဒါပေမဲ့

www.burmeseclassic.com



ကြားစရာ၊ မြင်စရာ၊ ဖတ်စရာတွေက ၂၀ ရာစုအကုန်ပိုင်းမှာတော့ မကုန်နိုင်လောက်အောင် ဖြစ်လာပါတယ်။ လူထုဆက်သွယ်ရေး နည်းလမ်းမျိုးစုံကြောင့် ဖြစ်ပါတယ်။ ဒါ့ကြောင့် "ဂျင်နရယ်နောလိတ်" သမားဟာ ဒါ့ထက်တွင်ကျယ်ဖို့ မလွယ်တော့ပါဘူး။ အကြားအမြင်ဆိုတဲ့ "သုတ" သဘောထက် လက်တွေ့လုပ်ကိုင်မှုဆိုတဲ့ "မုတ" သဘောက အရေးပါလာရပါတယ်။ ဒီအခါမှာ ဟိုတုန်းက ဂျင်နရယ်လစ် (Generalist) တွေရဲ့ အခန်းကဏ္ဍဟာ ကျဉ်းမြောင်းသွားပါတော့တယ်။ လူတစ်ဦးချင်းအဖို့မှာတော့ သိစရာ မှတ်စရာတွေ ပိုပိုများလာတယ်ပေါ့။ "အပြစ်ကင်းစင်၊ ကြားအမြင်၊ များလျှင်မင်္ဂလာ"လို့ အဆိုရှိသလိုပါပဲ။ ပိုင်းခြားသိရှိခြင်းဟာ မင်္ဂလာရှိခြင်း ဖြစ်ပါတယ်။

ဒီခေတ်ကျတော့ "သုတစွယ်စုံ" ဆိုတဲ့ စကားတစ်ရပ် ပေါ်လာပါတယ်။ ဒေါက်တာတင်ထွန်းဦး စလိုက်တဲ့ စာအုပ်အမည်ကနေ အသုံးတွင်ကျယ်လာပါတယ်။ သုတစွယ်စုံမှာလဲ ရေးသားဖော်ပြလို့ မကုန်နိုင်ပါဘူး။ ကုန်းဘောင်ခေတ် ပညာစွယ်စုံကျမ်းဖြစ်တဲ့ စွယ်စုံကျော်ထင်ကျမ်းက ဒီအသုံးအနှုန်း တွင်ကျယ်ဖို့အတွက် အရင်းမူလပြုခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။ ပြီးတော့ ၁၉၅၄ ခုနှစ်မှာ စပြီးထုတ်တဲ့ စာပေဗိမာန်က မြန်မာ့စွယ်စုံကျမ်းပေါ့။ အင်စိုင်ကလိုပီးဒီးယားကို စွယ်စုံကျမ်းလို့ အမည်ပေးတာပါ။ ဒုတိယကမ္ဘာစစ်အတွင်း စပြီး စုဆောင်းပြုစုတုန်းကတော့ ပညာစွယ်စုံကျမ်းလို့ အမည်ပေးခဲ့တယ် မှတ်ပါတယ်။ ဒီအကြောင်းကို စုဆောင်းတဲ့ ပညာရှင်များ အစုအဝေး (အကယ်ဒမီ – Academy) ကိုတော့ ပညာတံခွန်အသင်းလို့ အမည်ပေးခဲ့တယ် မှတ်ပါတယ်။ နှစ်ပေါင်း ၅၀ လောက်အတွင်းမှာ စွယ်စုံကျမ်းမှာပါတဲ့ အကြောင်းရပ်တွေဟာ ကနေ့ဆိုရင် ခေတ်နောက်ကျပြီး ကျန်ခဲ့ပါပြီ။ ဘာသာရပ်သစ်၊ ဝေါဟာရသစ်တွေလဲ တိုးလာတယ်။ အဲဒီအချက်ကို "ထေ" တဲ့အနေနဲ့

www.burmeseclassic.com



နှစ်ချုပ် စွယ်စုံကျမ်းများကို နှစ်စဉ်ထုတ်ပြီး အကြောင်းအရာသစ်တွေကို ဖြည့်ပေးကြရပါတယ်။ ပြီးတော့မှ အဆင်ပြေသလို မူလ စွယ်စုံကျမ်း တွေကို ပြင်ဆင်ပုံနှိပ်ခြင်း ပြုရပါတယ်။ လုပ်ရိုးလုပ်စဉ်ကတော့ အုပ်တွဲ ကြီး ၁၅ တွဲ၊ အတွဲ ၂၀၊ ၃၀ စသည်ဖြင့် ထုတ်ဝေတဲ့ စွယ်စုံကျမ်းများကို ၁၀ နှစ်တစ်ကြိမ်၊ ၁၅ နှစ် တစ်ကြိမ်လောက် ပြင်ဆင်ဖြည့်စွက် ပုံနှိပ်လေ့ ရှိကြပါတယ်။ စာအုပ်အဖြစ် ပုံနှိပ်ရုံမကတော့ဘူး။ စီဒီရွမ် (CD-ROM) ဆိုတဲ့ ကွန်ပျူတာမှန်ပြင်မှာ ဖွင့်ပြီးဖတ်လို့ရတဲ့ ချပ်ပြားအဖြစ်နဲ့လဲ ရိုက်ကူး မိတ္တူပွားပြီး ပေါ့ပေါ့ပါးပါး ဖြန့်ချိနေကြပါပြီ။

ဒီလို အထွေထွေ ဗဟုသုတ၊ ဒါမှမဟုတ် သုတစွယ်စုံအကြောင်းရပ် တွေကို ပုံနှိပ်ကြ၊ မိတ္တူပွားကြပြီး ဖြန့်ဝေတဲ့လုပ်ငန်းကို ထုတ်ဝေ ဖြန့်ချိရေး (ပတ်ဗလင်းရှင်း–Publishing) လို့တောင် မသုံးကြတော့ဘဲ အသိပညာ ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်းကြီး (Knowledge Industry) လို့လဲ တစ်မျိုးခေါ်ဝေါ်သုံးနှုန်းလာကြပါတယ်။ နိုင်ငံတကာနဲ့ချီပြီး သုံးနှုန်းကြတဲ့အခါမှာ စာအုပ်စာတမ်းများကို စာအုပ်လို့မခေါ်ကြတော့ဘဲ "ဖတ်စရာပစ္စည်းများ" (Reading Materials) လို့ ပြောရင် နားလည်နေကြပါတယ်။

သိချင်စရာကောင်းတဲ့ "နောလိတ်" တွေ များလာတော့ လူတစ်ယောက်မှာ မိုးအောက်မြေပြင်မှာရှိသမျှ အကြောင်းတွေကို သိဖို့လိုသလား၊ သိရင် ဘယ်လိုအသုံးချဖို့လိုသလဲ ဆိုတဲ့အထိ တွေးစရာလဲ ဖြစ်နိုင်ပါတယ်။ ဒီတော့ အချက်အလက် (Facts) တွေ စုဆောင်းရရှိတဲ့အခါ သတင်းအစုအဝေး (Information)၊ သတင်းအစုအဝေးတွေ ပေါင်းမိတော့ အသိပညာ (Knowledge) ဖြစ်လာတယ်။ အသိပညာတွေ စုပေါင်းမိပြန်တော့ ဉာဏ်အမြော်အမြင် (Wisdom)၊ နောက် တစ်ဆင့်တက်ပြန်တော့ အာရုံသိမှု (Perception) ရယ်လို့ ဉာဏ်အဆင့် ဖွံ့ဖြိုးရပုံအကြောင်းကို ဆရာသမားများ ပြောဆိုတာ နာခံခဲ့ရဖူးပါတယ်။

www.burmeseclassic.com



ကွန်ပျူတာကို သုံးစွဲနိုင်တဲ့ခေတ်မှာ အချက်အလက်၊ သတင်း၊ အသိပညာ၊ ဉာဏ်အမြော်အမြင်နဲ့ အာရုံသိမှုတို့ ပျံ့နှံ့ရောက်ရှိပုံဟာ ရုပ်ဝတ္ထုပစ္စည်းများ ပေါင်းဖွဲ့ထားတဲ့ အဏုမြူရုပ်အစိတ်အပိုင်းများဖြစ်တဲ့ စာအုပ်တို့၊ ခွေတ်ပြားတို့၊ ဖလင်ကော်ပြားတို့အဖြစ် ရောက်ရှိရခြင်း မဟုတ်ဘဲနဲ့ ကွန်ပျူတာ လျှပ်စစ်ဆက်သွယ်ရေး သတင်းအခိုက် (Impulse) များဟာ ယှူငင်ကိုင်တွယ်ရခြင်းမရှိဘဲနဲ့ ဘစ် (Bits) တွေ အဖြစ်နဲ့ ကူးပြောင်းရောက်ရှိသွားကြတယ်လို့ နီကိုလပ်စ် နီဂရိုပွန်းတေး ဆိုတဲ့ လူထုဆက်သွယ်ရေး ပါရဂူက ပြောပါတယ်။ တစ်နည်းပြောရရင် ဒစ်ဂျစ်တယ် (Digital) နည်းပညာ ဖြစ်ပါတယ်။ ၁ ဂဏန်းရယ်၊ သုည ရယ်ကို အလှယ်လှယ် အပြောင်းပြောင်း ပေါင်းစပ်ပြန်လှန်ပြီး သင်္ကေတ များအဖြစ် လေလှိုင်းကပို့တဲ့ကိစ္စပါ။

တစ်နည်းအားဖြင့်တော့ သုတစွယ်စုံ အဖုံဖုံကို ရနိုင်ဖို့ အခွင့်အလမ်း များဟာ စက်မှုနည်းပညာကို အသုံးပြုနိုင်ရင် ဖြစ်ပြီပေါ့။ ကွန်ပျူတာ လေးထောင့် စတုဂံ ပုံးကလေးများကို ချိတ်ဆက်နိုင်ရင်ပေါ့။ ဗဟုသုတ စုဆောင်းမှုအရာမှာတော့ ဒီမျှနဲ့မပြီးပါဘူး။ ရွေးချယ်တတ်သိဖို့ လိုပြန် ပါတယ်။ ဒီလိုဆိုတော့ လိုလားအပ်တဲ့ အထွေထွေဗဟုသုတ ဆိုတာဟာ မိမိအတွက်ရော၊ အများအတွက်ရော အကျိုးပွားများနိုင်တဲ့ အချက် အလက် အစုအဝေးမျိုးသာ ဖြစ်ရမှာပဲလို့ ဆိုချင်ပါတယ်။

www.burmeseclassic.com



# ဟိုက်ဒဝေး (HIDEAWAY)

ဒီစကားလုံးလေးရဲ့ အသံထွက်ဟာ သုတိ သာယာတယ်လို့ ကျွန်တော် ထင်ပါတယ်။ သာယာရုံတင် မဟုတ်ဘူး။ တိုးတိုးလေး ရွတ်မိတဲ့အခါ စိတ်က အဝေးကို ရောက်သွားမိပါတယ်။ ဘယ်အဝေးလဲ ဆိုလို့ရှိရင် စကားသံ၊ ကားသံနဲ့ဝေးရာ၊ တယ်လီဖုန်းသံနဲ့ဝေးရာ၊ လူသူ အနှောင့်အယှက်နဲ့ဝေးရာဆိုတဲ့ နေရာမျိုးကိုပါပဲ။ ကြာကြာကြီးတော့ ဝေးမနေနိုင်ဘူး ထင်ပါတယ်။ ခဏတဖြုတ်ဆိုသလိုပေါ့။ နားအေးပါးအေးပေါ့။ တိတ်ဆိတ်ငြိမ်သက်ရာပေါ့။ ဒီလိုတောင့်တမှုမျိုး လူတိုင်းလိုလိုမှာ မကြာခဏ ဖြစ်တတ်ပါတယ်။

"ဟိုက်ဒဝေး" ကတော့ မြန်မာလိုပြန်ရရင် ပုန်းခိုနေနားရာ၊ လူသူဝေးရာ၊ ဆိတ်ကွယ်ရာလို့ ပြောရမယ်ထင်ပါတယ်။ 'ဟိုက်' ကတော့ ပုန်းကွယ်ခြင်း၊ 'အဝေး' ကတော့ ကွာလှမ်းတဲ့နေရာသဘောပါ။ ဟိုက်ဒ်နဲ့ အဝေးနဲ့ပေါင်းပြီး "ဟိုက်ဒဝေး" ဖြစ်လာပါတယ်။ ဒီစကားဟာ ပုန်းလျှိုးကွယ်လျှိုး ဆိုတဲ့ အနက်မျိုး မပေါ်ဘူးထင်ပါတယ်။ မကောင်းတဲ့အကြောင်းနဲ့ ပုန်းရှောင်နေရတဲ့ အဖြစ်မျိုးနဲ့လဲ တိုက်ရိုက် မပတ်သက်လှပါဘူး။

www.burmeseclassic.com



မြန်မာတို့မှာ ကိုးကွယ်ရာ ဘာသာခလေ့အလျောက် စိတ်ငြိမ်းချမ်းရာ၊ ဆောက်တည်ရာနေရာကို ရှာကြလေ့ရှိတယ်။ ကျောင်းရိပ်ကန်ရိပ်ဟာ တိတ်ဆိတ်တယ်။ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်ဟာ တိတ်ဆိတ်တယ်ဆိုတဲ့ သဘောမျိုးနဲ့ မှတ်ယူသုံးနှုန်းကြပါတယ်။ ပြီးတော့ အရညဝါသီ တောမှီရသေ့ရဟန်းတို့ရဲ့ ကျောင်းသင်္ခမ်းဟာ ဂါမဝါသီတို့ရဲ့ ပရိဝုဏ်ထက် တိတ်ဆိတ်တယ်လို့လဲ နားလည်ထားကြပါတယ်။

ဟိုတုန်းက 'ရပ်ကြီးပြည်မ'လို့ သုံးနှုန်းခဲ့တဲ့ အခုမြို့ပြများမှာ နေသူတွေအဖို့တော့ ခုတင်ကပြောတဲ့ တိတ်ဆိတ်အေးချမ်းတဲ့ နေရာလေးမျိုး လွယ်လွယ်ရှာမရဘူးလို့ ဆိုနိုင်တာပေါ့။ ဒါတောင် ရန်ကုန်မြို့ကြီးလိုနေရာမျိုးမှာ မြို့ပြင်နားကိုထွက်ရင် ဒီလို တိတ်ဆိတ်အေးချမ်းတယ်လို့ ပြောနိုင်မယ့် နေရာမျိုးလေးတွေ ဟိုတစ်ကွက် သည်တစ်ကွက် တွေ့ရတတ်ပါသေးတယ်။ တောင်ကုန်းစောင်းမှာ ဝါးပင်တွေ၊ ငှက်ပျောပင်တွေ အုပ်ဆိုင်းနေတဲ့အနားက ခနိအိမ်ကလေး၊ ကွင်းပြင်ကျယ်အစပ်မှာ ကောက်ပင်စိမ်းစိမ်းတွေနဲ့ မလှမ်းမကမ်းက ရေစပ်စပ်ဖွေးဖွေးရှိတဲ့ သီးပင်စားပင်၊ တို့စရာပင်တွေ ဝိုင်းနေတဲ့ လယ်တဲလေးလို နေရာမျိုးတွေပေါ့။ ရန်ကုန်မှာ အင်းစိန်၊ မင်္ဂလာဒုံ မလွန်ခင်ဘဲ ဒီနေရာမျိုးတွေကို တွေ့ရတတ်ပါတယ်။ တစ်နေ့က ကမာရွတ်က အင်းစိန်–မင်္ဂလာဒုံဘက်ထွက်တဲ့ မင်းဓမ္မလမ်းသစ်ကြီးမှာပဲ နှစ်နေရာ၊ သုံးနေရာ တွေ့ခဲ့မိပါသေးတယ်။

ဒီနေရာမျိုးလေးတွေမှာ နေချင်စိတ် ပေါ်မိရတယ်။ ဒါပေမဲ့ ခေတ်သစ်အစီအမံ၊ အဆောင်အရွက်ဖြစ်တဲ့ မိုဒန် အမင်းနတီးစ် (Modern amenities) တွေတော့ မရှိဘူးပေါ့။ လျှပ်စစ်မီး ရချင်မှ ရလိမ့်မယ်၊ တွင်းရေကို ငင်ပြီး သုံးရချိုးရဖို့ များတယ်၊ နေ့စဉ်သတင်းစာရှိဖို့ မလွယ်ဘူး။ ရေဒီယို၊ ရုပ်မြင်သံကြားတို့ကိုလဲ စီစဉ်ဖို့ ခက်လိမ့်မယ်။ ထင်းမီးအတွက် အလွယ်ဆုံးတောင် မီးသွေးပဲ ဝယ်ရလိမ့်မယ်လို့ ပြန်တွက်

www.burmeseclassic.com



ကြည့်ရတယ်။ ဒီတော့လဲ ကိုယ့်ဘာသာစိတ်ကူးယဉ်မိတဲ့ အတွေးပဲလို့ ဆိုရမလိုဖြစ်ပြန်တယ်။ အဓိက အချက်ကတော့ စိတ်ငြိမ်သက် အေးချမ်းမှုကို လိုချင်နေတာ၊ နားအေးတိတ်ဆိတ်ပြီး အမြင်အေးချမ်းတာကို လိုချင်နေတာလို့ ဆင်ခြင်မိပြန်တယ်။

ခေတ်သစ်အဆင်ပြေမှုတွေနဲ့ကင်းလို့ မနေတတ်တဲ့သူများကတော့ ဖြစ်နိုင်သမျှ အချိန်ပိုင်းကလေးနဲ့ တိတ်ဆိတ်မှု၊ စိတ်ငြိမ်းချမ်းမှု ရှာကြရတယ်။ အိန္ဒိယက ကွယ်လွန်သူ ခေါင်းဆောင်များဖြစ်တဲ့ မဟတ္တမဂန္ဒီတို့၊ ပဏ္ဍစ်နေရူးတို့ဟာလဲ တစ်နေ့တစ်နေ့မှာ လူသူအတွေ့မခံဘဲ "တိတ်ဆိတ် ငြိမ်သက်တဲ့အချိန်" (Silent hour) ထားပြီး လေ့ကျင့်ကြတယ်လို့ ကြားရဖူးတယ်။ ဒါက ယောဂီကျင့်စဉ်နဲ့ နီးနွယ်စရာအကြောင်းရှိပေမယ့် စိတ်အပန်းဖြေတာ၊ ဆင်ခြင်စဉ်းစားချိန်ယူတာ၊ ဦးခေါင်းအေးအေး အထားကျင့်တာလို့ သဘောပေါက်ရပါတယ်။

သူတို့လိုမဟုတ်ဘဲ ပုထုဇဉ်ဥမ္မတ္တကတွေရဲ့ အပြောအဆို၊ အထင်အမြင်၊ အရှုပ်အထွေးတွေနဲ့မို့ ဖဲခွာချင်တဲ့သဘောမျိုးလဲ ရှိပါသေးတယ်။ အင်္ဂလိပ်စာရေးဆရာကြီး သောမတ်စ်ဟာဒီ (ခရစ် ၁၈၄၀–၁၉၂၈) ဟာ ဆရာသခင်ဘသောင်း အမှီးပြုတဲ့ "ပန်းသာမစာဥ" ဝတ္ထုကို မူရင်းရေးတဲ့ ပုဂ္ဂိုလ်ပါ။ သူရေးခဲ့တဲ့ ဝတ္ထုရှည်တစ်ပုဒ်ကို "လူသူဥမ္မတ္တကတို့နှင့်ဝေးရာ" (FAR FROM THE MADDING CROWD) လို့ အမည်တပ်ခဲ့ပါတယ်။ သူကတော့ လူဆိုတာ ကံစီမံရာ၊ ဩဇာအာဏာတို့ရဲ့ စေစားရာကိုခံရတဲ့ သတ္တဝါတွေပဲလို့ ဘဝအမြင်ရှိခဲ့သူ ဖြစ်ပါတယ်။

စာရေးဆရာ သောမတ်ဟာဒီလို မဟုတ်ဘဲ သဘာဝလောက၊ တောတောင်ရေမြေကိုမှ ချစ်တယ်၊ ခေတ်သစ်လူနေမှုရဲ့ ကုန်သွယ် စီးပွားကိစ္စများ အမှုရှုပ်ထွေးလှတယ်၊ လူ့အဖွဲ့အစည်းရဲ့ စည်းကမ်း ဥပဒေဘောင်တွေ တင်းကျပ်လှတယ်လို့ ယူဆပြီး တောတောင်ထဲသွား၊

www.burmeseclassic.com



ကိုယ့်အိမ်ကိုယ်ဆောက်၊ ကိုယ့်ဟင်းခင်းကိုယ်ပျိုး၊ ကိုယ့်အမဲ ကိုယ်ရှာပြီး အချိန်နှစ်နှစ်လောက်ကြာအောင် တောရိပ်ကန်စောင်းမှာ ငွေမလို၊ ကြေးမလို တောတွင်းသားလို ကျင့်ကြံနေထိုင်ခဲ့တဲ့သူတစ်ဦးလဲ ရှိပါသေးတယ်။ သူဟာ အမေရိကန်စာရေးဆရာ ဟင်နရီ ဒေးဗစ် သောရိုး (ခရစ် ၁၈၁၇–၁၈၆၂) ဖြစ်ပါတယ်။

ဒီပုဂ္ဂိုလ်လဲပဲ "ဟိုက်ဒဝေး" ကို သူ့နည်းနဲ့သူ ရှာပုံတော်ဖွင့်ခဲ့တာပါပဲ။ အခုခေတ်မှာ ကြာကြာမနေနိုင်တဲ့အတူတူ ဖြစ်သလို တစ်ထောက်တစ်နားနေခွင့် ရှာသင့်တာကိုတော့ ဆေးပညာအမြင်နဲ့ပါ လက်ခံထားကြတာကို တွေ့ရပါတယ်။ နိုင်ငံခြား မဂ္ဂဇင်းတစ်စောင်ထဲမှာ ကမ္ဘာကျော်ဟိုတယ်လုပ်ငန်းကြီးတစ်ခုက သူတို့ဟိုတယ်ဟာ 'ဟိုက်ဒဝေး' ပါလို့ ဓာတ်ပုံရှုခင်းပြပြီး ကြော်ငြာနဲ့ ဆွဲဆောင်ပါတယ်။ အလုပ်ကိစ္စနဲ့လာတည်းမယ့် စီးပွားကုန်သွယ်သမားတွေကို ဆွယ်လုံးပေးတာပေါ့။

အဲဒီလိုဆိုပြန်ရင်လဲ 'ဟိုက်ဒဝေး' မှာ တစ်ယောက်ထဲနေရတာ ပျင်းခြောက်ခြောက်ကြီးဖြစ်မယ့်လူတွေ ရှိပါတယ်။ နှစ်ယောက်ထဲ နေမယ်ပေါ့။ အဆိုတော်စိန်လွင်ရဲ့ သီချင်းထဲကလို "ငွေစင်ရော်တွေလို တောင်ပံတွေပါရင် × × × ဝေဟင်မှာ ဝဲလိုက်ချင်ပါတယ်× × × မြေပြင်မှာဆိုရင် လူတွေစုံပါတယ်× × × ချာချာလည်စိတ်ရှုပ်စရာကွယ်"လို့ စာဖွဲ့ပြီး စိုးရိမ်ကြတာလဲ ရှိပါတယ်။ ပြီးတော့ "သံသရာ × × × ဆွဲဆန့်လို့ ဘယ်လောက်ပင် ရှည်ရှည် × × × ချစ်သူရင်ခွင်ကြား နားနားနေနေ..." လို့ တစ်ဒင်္ဂ ဟိုက်ဒဝေးကို သိင်္ဂါရ ရသပေါ်အောင် အလင်္ကာဖွဲ့ဆိုပြီး တမ်းတကြတာလဲ ရှိပါတယ်။ "စမ်းချင်တယ်ဆိုရင် ကမ္ဘာ့အပြင်ထွက်လို့ နှစ်ယောက်သား ဘောက်ခါးစို့လား ..." လို့ ဆရာမြို့မငြိမ်းအာဘော်နဲ့ စိမ်ခေါ်ကြတာလဲ ရှိပါတယ်။ နှစ်ယောက်ထဲ ကြာကြာနေရပြန်တော့လဲ "ဟိုက်ဒဝေး" မှာ ကတောက်ကဆလေးတွေ ရှိလာတတ်စမြဲပါ။

www.burmeseclassic.com



"ဟောင်းမြင်း ရှည်လျား၊ ခြောက်အောင်ထားတော့၊ စကားရွှေပွင့်၊ အနံ့လွင့်" ပြီပေါ့။

ဘာပဲဖြစ်ဖြစ် ခေတ်သစ် မြို့ပြ လူသားတို့မှာ အပန်းဖြေဖို့၊ စိတ်ဓာတ်အား ဖြည့်တင်းဖို့ အခါအားလျော်စွာ 'ဟိုက်ဒဝေး' ကလေးတွေ လိုအပ်နေတာကို သတိပြုမိပါတယ်။

ကျွန်တော့အဖို့တော့ ဒီစာကိုရေးရင်း ပုဂံ သီရိပစ္စယာဟိုတယ်ကို ပထမဆုံးရောက်တဲ့အချိန်က ဧရာဝတီမြစ်ရေပြင်နဲ့ တန့်ကြည့်တောင်ကို လှမ်းမြင်ရတဲ့ အိပ်ဆောင်က ရှုခင်းရယ်၊ စက်စဲကမ်းခြေက ဘန်ဂလိုမှာ တစ်ညနှစ်ညအိပ်ရင်း ပင်လယ်လှိုင်းပုတ်သံ တဝုန်းဝုန်းကို အိပ်ရာထဲက ကြားရတဲ့ စည်းချက်ရယ်၊ မနေ့တစ်နေ့က တပ်မတော် ဆေးရုံကြီး အပေါ်ဆုံးထပ် လူနာဆောင်အခန်းထဲကနေပြီး ကျိုက္ကလို့နဲ့ သစ်ဆိမ့်ကုန်း တစ်ခွင်တပြင်ကြီးကို နေ့စဉ်အားရပါးရ ထွက်မျှော်ပြီး ကြည့်ခွင့်ရတဲ့ ရှုခင်းရယ်ဟာ ဟိုက်ဒဝေးတွေပဲရယ်လို့ ပြန်လည်စဉ်းစား ကြည်နူးမိ ပါတယ်။ ဒီလိုဆိုတော့ ပုဂံခေတ်က "ကွန်" လို့ရေးပြီး နောက်ပိုင်းမှာ "ကွန်း" လို့ခေါ်တဲ့ နေရာမျိုးပေလားလို့ တွေးမိရတယ်။ "ဆာယာ" ဆိုတာ အရိပ်လို့ ဆိုလိုတော့ "ဟိုက်ဒဝေး" ဟာ အေးရိပ်ဆာယာ တစ်မျိုးပေါ့။ ရှာရပေဦးမယ်။

# ဟယူးမား (HUMOUR)

"ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော နေခြင်းဟာ အသက်ရှည်ခြင်းအကြောင်း ဖြစ်တယ်လို့ သိပ္ပံပညာရှင်တွေ တညီတညွတ်တည်း အဖြေတွေ့ကြတယ်လို့ ဆိုတယ်ဗျ" လို့ ပညာရေး ပါမောက္ခဟောင်း ဆရာကြီးတစ်ဦးက ထမင်းဝိုင်းတွင် ထိုအကြောင်းကို စကားစပ်မိရင်း သူ ဖတ်ရှုလာခဲ့သော အကြောင်းကို ပြောပါတယ်။ ကျွန်တော်က "ဟုတ်တယ် ဆရာ၊ တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ပင်ရဲ့ သမီးက သူ့အဖေ အသက်ဒါလောက်ရှည်ရှည် နေရတဲ့အကြောင်းမှာ ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော နေတတ်တာဟာ အဓိကပဲလို့ ထုတ်ဖော်ပြောတာကို ဖတ်ဖူးပါတယ်" လို့ သတိရတာကို ဝင်ပြီး ပြောမိပါသေးတယ်။

ပျော်ရွှင်ရယ်မောခြင်းအကြောင်းဟာ တွေးထင် မျှော်ခေါ်ကြည့်သင့်တဲ့ ကိစ္စတစ်ခု ဖြစ်တာကို စိတ်ကူးအမျှင် ရခဲ့လို့ ဆက်ပြီး တွေးမိ၊ ရေးမိဖို့ ဖြစ်လာပါတယ်။ အင်္ဂလိပ်ဝေါဟာရ 'ဟယူးမား' ဆိုတဲ့ စကားလုံးကို အခြေပြုခြင်း ဖြစ်ပါတယ်။ ဒီစကားလုံးဟာ "ရယ်ရွှင်ခြင်း" သို့မဟုတ် "ဟာသ" ပေါ့။ ပြုံးခြင်း၊ ရယ်ခြင်း၊ ပြုံးတုံ့တုံ့ပြုခြင်း၊ ရွှင်မြူးခြင်း၊ ကြည်ရွှင်ခြင်းဆိုတဲ့ စကားပရိယာယ်အားလုံးကို လွှမ်းခြုံနိုင်တယ်လို့

www.burmeseclassic.com



ထင်မိပါတယ်။ 'ဟာသ' လို့ ရုတ်တရက်ပြောရင် ပေါ့ပျက်တဲ့အနက်များ ပေါက်မလား မသိဘူး။ နေရာဌာနကိုလိုက်လို့ ဒီလိုအဓိပ္ပာယ် ပေါက်တဲ့ အခါလဲ ပေါက်နိုင်တာပေါ့။

ကျွန်တော်တို့ပြောချင်တာကတော့ ဒီထက်ပိုပါတယ်။ ဟာသရသ ဆိုတဲ့အတတ်ဟာ ရှေးတုန်းက တက္ကသိုလ်များမှာ သင်ကြားတဲ့ ပညာရပ် ၁၈ မျိုးထဲက တစ်မျိုးဖြစ်ပါတယ်။ တက္ကသိုလ်ပညာရပ်တစ်ခုလို့ အလေး ထားရင်လဲ မမှားနိုင်ပါဘူး။ ဒီပညာဟာ စိတ်ကို ကြည်ရွှင်စေခြင်း ဖြစ်တဲ့ အတွက် စာဟောခြင်းအတတ်၊ ပုံပြောခြင်းအတတ်၊ ဝတ္ထုရေးခြင်း အတတ်နဲ့ ပုံဆွဲခြင်းအတတ်တို့နဲ့လဲ အကျုံးဝင်တယ်လို့ ဆိုစရာရှိပါတယ်။ ဝတ္ထုပုံပြင်များဟာ ဟာသနယ်ထဲကပါပဲ။

ဟာသကိစ္စဟာ ခွဲခြားစရာ အလွှာတွေ အများကြီးရှိတာကို သေသေချာချာ စဉ်းစားကြည့်မှ အံ့သြစရာတွေ့ရပါတယ်။ ရယ်မောခြင်းဟာ ဟာသတစ်မျိုးဖြစ်တဲ့အတွက် ရယ်ခြင်း၊ ပြုံးခြင်း၊ ပြုံးတုံ့ ပြုံးယောင်ပြုခြင်း၊ မပွင့်တပွင့်ရယ်ခြင်း၊ အူနှိပ်ပြီးရယ်ခြင်း၊ ခွက်ထိုး ခွက်လှန်ရယ်ခြင်းတို့လို အမျိုးအစား ကွဲပါသေးတယ်။ အင်္ဂလိပ်စကားမှာ You split my sides လို့ ပြောရင် "ဘေးကြောနာအောင် ရယ်စရာ ပြောတယ်" လို့ ဆိုလိုတာကို ကြားဖူးပါတယ်။ ရယ်အောင်လုပ်တဲ့နေရာ မှာ ကလိထိုးပြီး ရယ်စေခြင်းကတော့ တမင်ရယ်အောင်လုပ်တာပေါ့။ ပွဲထဲ ဇာတ်ထဲမှာ လူပြက်အချင်းချင်း စက္ကူလိပ်နဲ့ ဖုန်းခနဲမြည်အောင် ရိုက်သလိုပဲ အနောက်တိုင်းပြဇာတ်များမှာ ဝါးလက်ခုပ်လို ဖျောင်းခနဲ မြည်အောင် နှစ်ထပ်ပျဉ်ပြားနဲ့ ရိုက်တာမျိုးလဲရှိပါတယ်။ အဲဒီကိရိယာကို Slap stick လို့ ခေါ်သလို တမင်ရယ်အောင်လုပ်တဲ့ ဟာသများကို Slap stick jokes လို့ သုံးကြပါတယ်။

www.burmeseclassic.com



ပြီးတော့ အမြင်မတော်လို့ ရယ်စရာကောင်းတာ၊ အပြောမတတ်လို့ ရယ်စရာကောင်းတာတွေလဲ ဟာသနယ်ထဲမှာ ပါပါတယ်။ ကာတွန်းရုပ်ပြောင်ဆွဲတဲ့လူတွေ ပိုပြီးမြင်တတ်ပါတယ်။ ကွယ်လွန်သူ ဆရာကြီး ဦးဘဂျမ်းဆိုရင် အဲဒီလို ရှုခင်းမျိုးကို မြင်လေ့၊ ကြားလေ့ရှိပြီး ပြန်ပြောတတ်တယ်လို့ သူ့တပည့်တစ်ဦးက ပြောဖူးပါတယ်။ သကြ်နမှာ ရယ်စရာလုပ်တာတွေလဲ တစ်ခါတလေတော့ ရယ်စရာအကောင်းသားပါ။

စာရေးဆရာတို့ထဲမှာလဲ ရယ်စရာတွေရေးသလို၊ ရုပ်ရှင်ထဲမှာလဲ ရယ်စရာတွေ ဖန်တီးတတ်ပါတယ်။ ကျွန်တော် ချစ်မောင်၊ မြင့်ဖေ၊ ဂျော်လီဆွေ စသူတို့ရဲ့ အမူအရာမျိုးဟာ နှစ်သက်စရာတွေများပါတယ်။ ဒါပေမဲ့ စာရေးပြီး ရယ်စရာလုပ်တာက တစိမ့်စိမ့်ဖြစ်ရတတ်တယ်။ စာပြောင်၊ စာရွဲ့၊ ရိသဲ့သဲ့စာ အမျိုးအစားတွေထဲမှာ ပြုံပြင်စေချင်တဲ့ စေတနာတွေ ပါတတ်တာကိုလဲ သတိပြုမိရတယ်။ ခေတ်သစ် မြန်မာစာပေမှာ ဆရာဇဝနတို့၊ ဆရာကြပ်ကလေးတို့ဟာ ခိုင်မြဲတဲ့ ဟာသဆရာတွေ ဖြစ်ပါတယ်။ ဦးပုညတို့၊ အချုပ်တန်းဆရာဖေတို့လဲ အလွန်စွမ်းကြပါတယ်။ အင်္ဂလိပ်ဘာသာထုတ် သတင်းစာတွေထဲမှာ အခုတိုင် ရေးနေတဲ့ အတ် ဘုခဝါးလ် (Art Buchwald) ဆိုတဲ့ ပင်တိုင်ဆောင်းပါးရှင်ကြီးဟာ နိုင်ငံရေး၊ လူမှုရေးဟာသများကို အရေးများပြီး ဇဝနညဏ်ရွှင်လှတယ်။ ကျွန်တော်တို့ ဆရာအိကြာကွေးကို အဲဒီပုဂ္ဂိုလ်နဲ့ လက်ရာတူလှတယ်လို့ တစ်ခါတလေ သူ့စာတွေကို ဖတ်ပြီး နှစ်သက်ချီးကျူးမိပါတယ်။

ကာတွန်းဇာတ်ကာင်တွေထဲမှာဆိုရင် နိုင်ငံခြားက "ဒင်းနစ် ဆိုတဲ့ လူရှုပ်ကလေး" Dennis the Menace ဆိုတဲ့ တစ်ကွက် ကာတွန်းနဲ့ ကောင်လေးပြောတဲ့စကားတစ်ခွန်းကို ဖတ်လိုက်ရရင် 'ခွီး' ကနဲ ရယ်မိတာတွေ များပါတယ်။

www.burmeseclassic.com



ဆာတိုင်းယား (Satire) ဆိုတဲ့ စာရွဲ့များကို ရေးသားတဲ့လူများထဲမှာ ဆရာကြီး မောင်ထင်ရဲ့ တချို့လက်ရာတွေကို တွေ့နိုင်ပါတယ်။ မြန်မာ့ ရိုးရာ အစဉ်အလာမှာလဲ စိန္တကျော်သူ ဦးဩရဲ့ ဩဝါဒထူးပျို့ထဲက ရယ်ဖွယ် ၁၀ ပါးတို့လို၊ ရယ်ခြင်း ၃ ပါးတို့လို၊ ရယ်ခြင်း ၆ ပါးတို့လို အမျိုးအစား ခွဲခြားမှုတွေမှာ သာမာန်ရယ်ခြင်းအပြင် လောကီ သင်ခန်းစာ တွေကိုပေးတဲ့ ရယ်ခြင်းများအထိ ပါပါတယ်။ လောကနီတိထဲမှာ ဣတိ ဟာသ ဆိုတာ ပညာရှိစကားလို့တောင် 'ဟယူးမား' ကို စာရင်းသွင်းကြ ပါတယ်။

လူတွေသာ ရယ်တတ်တာ၊ တိရစ္ဆာန်တွေ မရယ်တတ်ဘူးလို့ ပြောတာလဲ ရှိပါတယ်။ တချို့များ မျက်နှာက မရယ်ဘဲနဲ့ မျက်လုံးက ရယ်တဲ့ အသွင်မျိုးကိုတောင် စာဖွဲ့ကြပါသေးတယ်။ ဒီကြားထဲမှာ ရယ်စရာကို ရုတ်တရက် သဘောမပေါက်လို့ သူများရယ်ပြီးမှ ဝါးခနဲ လိုက်ရယ်တဲ့ လူမျိုးကို ဇာတ်ပွဲခင်းထဲမှာ ကြုံဖူးကြပါလိမ့်မယ်။ အဲဒီလို ဖြစ်တဲ့အတွက် သူ့ကို အများက ရယ်စရာဖြစ်ကြပြန်ကော။

ကျွန်တော်တို့ သိကျွမ်းတဲ့လူတွေထဲမှာ ရယ်စရာပြောရင် ရယ်ရ မယ်လို့ သဘောမပေါက်တဲ့လူတွေ ရှိပါတယ်။ သူက စပြီးတော့ ရယ်စရာ သဘော ပြောပြန်ရင်လဲ ရယ်စရာမဖြစ်၊ ဟာသမမြောက်တဲ့ အဖြစ်မျိုး တွေ များပါတယ်။ ရယ်စရာပြောလို့ သူ လိုက်မရယ်တာဟာ မခံစားတတ် လို့လား၊ ဣန္ဒြေကြီးပြီး ဟန်ဆောင်နေလို့လား၊ အတွေးပေါက်အောင် စဉ်းစားနေရလို့လားလို့ တွေးစရာတွေ ဖြစ်ပါတယ်။ သူ့မှာတော့ မွေးရာပါ ပင်ကိုအစွမ်းအစဖြစ်တဲ့ ဖကာလတီ (Faculty) တစ်ခု ဆုံးရှုံးရတဲ့အဖြစ် ပါ။ ဒီလူ ရယ်ရမှာ ကြောက်နေသလားလို့တောင် တွေးမိပါတယ်။ ဘာပဲဖြစ်ဖြစ် ကြည်ရွှင်ရယ်မောခြင်းကို မခံစားတတ်တာဟာ ဘဝရသ ဆုံးရှုံးခြင်းတစ်မျိုးပါပဲ။ ရယ်မောခြင်းဟာ မထေမဲ့မြင်ပြုခြင်းမျိုး၊

www.burmeseclassic.com



မလိုတမာ ပြက်ရယ်ပြုတာမျိုး၊ တမင်ကလိတာမျိုး မဖြစ်အောင်တော့ ကြိုးစားရပါလိမ့်မယ်။

လူပုံအလယ်မှာ တင့်တင့်တယ်တယ် ပြောဆိုကြရာမှာ ပျော်စေပြက်စေဆိုပြီး တခ်နုပ္ပတ္တိဉာဏ်နဲ့ ဟာသနှောပြီး ပြောကြတဲ့ ဖွယ်ရာမှု တစ်မျိုးလဲ ရှိပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ Wise cracking လို့ သုံးကြပါတယ်။ ပြောပုံဆိုပုံနဲ့ ပြောတဲ့အကြောင်းကိုလိုက်ပြီး တင့်တယ်သမှု ဖြစ်နိုင်ပါတယ်။ အတတ်ပညာ မပါဘဲ တဲ့တိုး (ဒဲ့ဒိုး) ကြီး ပြောမိရင်တော့လဲ မျက်နှာပူစရာတွေ ကြုံလာတတ်ပါတယ်။ ဒါ့ကြောင့် ဟာသဆိုတာဟာ စိတ်ရဲ့ ကြည်လင်မှုကို ပေးစွမ်းနိုင်သလို၊ အပြုသဘောကို ဟာသစွက်ပြီး ရည်ညွှန်း ပြောဆို၊ ရေးသား၊ သရုပ်ဆောင်ရင်လဲ ဟယူးမား (သို့မဟုတ် ရူးမားလို့လဲ အသံထွက်တာဟာ) စိတ်ကွက်စရာ မဟုတ်ဘဲ တန်ဖိုးရှိတဲ့ အနုပညာတစ်ရပ်ပါပဲလို့ ဆိုချင်ပါတယ်။

www.burmeseclassic.com

# ဟာသဉာဏ်များ (HUMOUR)



www.burmeseclassic.com

# အိုင်ဒီးလ် (IDEAL)

'အိုင်ဒီးလ်' ဆိုတဲ့စကားဟာ နေ့စဉ် အလွယ်သုံးကြတဲ့ အင်္ဂလိပ် ဝေါဟာရတစ်ခု မဟုတ်တော့ဘူးလို့ ထင်ပါတယ်။ အရင်ကတော့ တော်တော်သုံးကြတဲ့ စကားလုံးရယ်လို့ သတိထားမိပါတယ်။ အဓိပ္ပာယ် ကတော့ စံသဘောပေါ့။ စံပြပေါ့။ နမူနာယူစရာပေါ့။ ဆက်နွှယ်တဲ့ အဓိပ္ပာယ်ကတော့ အကောင်းဆုံးဆိုတဲ့ ဝေါဟာရကိုလဲ ဆောင်ပါတယ်။

ဟိုတုန်းက ရန်ကုန်မှာ ဆေးခန်းတစ်ခုကို အိုင်ဒီးလ်ဆိုတဲ့ အမည်နဲ့ သုံးခဲ့ဖူးပါတယ်။ စံပြဆေးခန်း၊ သားဖွားခန်းဆိုတဲ့ အဓိပ္ပာယ်နဲ့ပါပဲ။ အခု ခေတ်လို စံသဘောတွေနဲ့နီးအောင်၊ သူ့ထက်ငါကောင်း ကြိုးစားလာကြ တဲ့လုပ်ငန်းတွေမှာ ဒီနာမည်မျိုးဟာ ခေတ်မစားတော့တာကို ထင်စရာပါ။ အိုင်ဒီးလ်ဟာ ပေါ်ပင်စကား မဟုတ်တော့တာတော့ အမှန်ပါပဲ။

အိုင်ဒီးလ် (Ideals) ဆိုပြီး နာမ်အနေနဲ့ သုံးကြတာလဲ နည်းသွား ပါတယ်။ လူ့အဖွဲ့အစည်းတစ်ခုရဲ့ စံသဘောများပေါ့။ မျှော်မှန်းချက်များ ပေါ့။ တစ်နည်းအားဖြင့်တော့ အိုင်ဒီးလ်ဟာ လက်တွေ့ မဖြစ်နိုင်တဲ့၊

www.burmeseclassic.com



စိတ်ကူးနဲ့သာ မျှော်မှန်းရတဲ့၊ မပြည့်ဝနိုင်တဲ့ ရည်မှန်းချက်မျိုးရယ်လို့ ဆိုလိုရိပ်လဲ ရှိပါတယ်။

ဒါနဲ့ပတ်သက်လို့ ကျွန်တော်မှတ်မိနေတဲ့ ဖြစ်ရပ်တစ်ခု ရှိပါတယ်။ မကြာခင်တုန်းက ကျွန်တော်က လုပ်ငန်းအဖွဲ့အစည်းတစ်ခုမှာ ခေတ်မီအောင်နဲ့ ဝန်ကျဉ်းအောင်၊ မိတ္တူပွားလို့လွယ်အောင်၊ သိမ်းဆည်းလို့ရအောင် ဆိုပြီး အကြံပြုချက်တစ်ခုကို ပြောပြပါတယ်။ ကိစ္စကတော့ တခြားမဟုတ်ပါဘူး။ လက်ကျန်မရှိသလောက်ဖြစ်တဲ့ ကျမ်းစာအုပ်တွဲတစ်မျိုးကို ကွန်ပက်ဒစ် (Compact disc) ဆိုတဲ့ စီဒီ အီလက်ထရွန်နစ်ချပ်ပြားပေါ်မှာ သိပ်သိပ်သည်းသည်း တင်ထားဖို့ကိစ္စ ဖြစ်ပါတယ်။

ကျွန်တော့်အကြံပြုချက်ကို မိတ်ဆွေများက သူတို့ အလုပ်စကားဝိုင်းမှာ တင်ပြီး ဆွေးနွေးကြရာမှာ ဒီစိတ်ကူးဟာ အရင်းအနှီးကြီးမယ်၊ အချိန်ကုန်မယ်၊ လက်ဝင်မယ်၊ ဈေးကွက်မရှိဘူးလို့ မှတ်ချက်ပြုကြတဲ့အပြင် "ဒါဟာ အိုင်ဒီးလ်ပဲ" လို့ တစ်ဦးက မှတ်ချက်ပြုတဲ့အကြောင်း ပြန်ပြောကြပါတယ်။ ဒီအလုပ်မျိုးဟာ စိတ်ကူးယဉ်တယ်ပေါ့။ အခြေအနေအရ မဖြစ်နိုင်တာကို အကြံပြုတယ်ပေါ့။ ဒါနဲ့ ကွန်ပျူတာပညာပို့ချနေတဲ့ ကျွမ်းကျင်သူ ပညာရှင်များနဲ့ ဒီစိတ်ကူးကိုပဲ ဆွေးနွေးကြည့်တဲ့အခါမှာ လုပ်ရင်ဖြစ်နိုင်တယ်၊ အဆင်ပြေနိုင်တယ်လို့ သူတို့ပါ ကူညီနိုင်တဲ့အကြောင်းကို ပြန်ကြားကြပါတယ်။

ဒါနဲ့ပဲ မိတ်ဆွေတွေ မှတ်ချက်ပြုကြတဲ့ ကျွန်တော့် အိုင်ဒီယာ (Idea) စိတ်ကူးဟာ အိုင်ဒီးလ် (Ideal) အဖြစ်နဲ့ ဆိုင်းငံ့သွားပါတယ်။ ဒါဟာ ကိုယ်ကျိုးစီးပွားအတွက် အကြံပြုတာမဟုတ်လို့ ကိုယ့်မှာ ဆုံးရှုံးနစ်နာမှု မရှိလိုက်ပေမယ့် ခေတ်မီတိုးတက်တဲ့ အဆင်ပြေမှုလုပ်ငန်း

www.burmeseclassic.com



တစ်ရပ် အကောင်အထည် ပေါ်မလာတာကိုတော့ စိတ်ပြိုငြင်ခြင်းဖြစ်ရပါတယ်။ စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှာ မလှမ်းရဲတဲ့ ခြေလှမ်းတစ်လှမ်း ဖြစ်သွားပါတယ်။ ဒါပေမဲ့ မကြာမီပဲ ကျွန်တော့်အကြံပြုချက် အောင်မြင်စွာ အကောင်အထည်ပေါ်ခဲ့ပါတယ်။

စိတ်ကူးတစ်ခုကို တစ်ဦးက အကောင်အထည် မဖော်ရင် နောက်တစ်ဦးက အကောင်အထည်ဖော်မှာ သေချာပါတယ်။ နိုင်ငံတကာမှာ စာအုပ်ကို စီဒီနဲ့သွင်းပြီး ဖြန့်ဖြူးနေကြပါပြီ။ ကျွန်တော်တို့ဆီမှာ ဝတ္ထုတို့၊ ဟောပြောချက်တို့ကို ကက်ဆက်ခွေသွင်းပြီး စမ်းသပ် ဖြန့်ဖြူးကြတဲ့ အားထုတ်မှုတချို့ကိုလဲ သတိထားမိပါတယ်။ ခေတ်မီနိုင်ငံတွေမှာ ပါဝါဘွတ် (Power book) ဆိုတာဟာ စာအုပ်ကို နားထောင်ဖို့ အသံသွင်းထားတဲ့ ကက်ဆက်ခွေပါ။ အခုတော့ စီဒီ–ရွမ်နဲ့ စာအုပ်တွေ အမြောက်အမြား ထွက်နေပါပြီ။ ဈေးကွက်ရှိဖို့ကလဲ စဉ်းစားရမှာဖြစ်ပေမယ့် ကြော်ငြာပေါ်မှာ အများကြီး အားထားလို့ ရပါတယ်။ ဈေးကွက်ရဲ့ အခရာဖြစ်တဲ့ စားသုံးသူများဆိုတဲ့ အခြေခံ အဆောက်အအုံလဲ ကျွန်တော်တို့ဆီမှာ ရှိသင့်သလောက် ရှိလာပါပြီ။ အဓိက ဈေးကွက်ကတော့ အစားအသောက်နဲ့ အဝတ်အထည်တွေပေါ့။ စာအုပ်လို ပစ္စည်းမျိုးဟာ မရှိမဖြစ် သုံးကုန်မဟုတ်တာ မှန်ပေမယ့် စာအုပ်အဟောင်းဈေးကွက်မှာ အခုတန်ဖိုးကြီးကြီး ရောင်းဝယ်နေကြတဲ့ စားသုံးမှုစရိုက်ကို သတိပြုနိုင်ပါတယ်။

ကျွန်တော်ကတော့ အိုင်ဒီးလ်အကြောင်း စိတ်ကူးမိရင်းနဲ့ စီးပွားရေးလောကမှာ အောင်မြင်အောင် ကြံဆတီထွင်လုပ်ကိုင်သူများကို အွန်ထရေပရင်းနား (Entre preneur) လို့ ပြောင်းလဲ သုံးစွဲနေတာကို “စွန့်ဦးတီထွင်သူများ” လို့ ခေါ်ဝေါ်တာကို သတိရနေမိပါတယ်။

www.burmeseclassic.com



အဖွဲ့အစည်းတစ်ခုမှာဖြစ်စေ၊ တိုင်းပြည်နိုင်ငံမှာဖြစ်စေ တိုးတက်ဖွံ့ဖြိုးဖို့ကိစ္စမှာ အမြင်ရှိခြင်း၊ စိတ်ကူးကောင်းခြင်း၊ တာဝန်ယူခြင်း၊ အားထုတ် လုပ်ကိုင်ခြင်းတို့ဟာ သော့ချက်ဖြစ်ရမှာပါပဲ။ ဒါကြောင့် အိုင်ဒီးလ် ဆိုတဲ့ စံသဘောဟာ လူမှုရေးမှာ မပြည့်ဝနိုင်ကောင်းတာ ရှိနိုင်ပေမယ့် စီးပွားကုန်သွယ်မှုမှာတော့ ရှုတင်း (Routine) ဆိုတဲ့ လုပ်ရိုးလုပ်စဉ်တွေ ဖြစ်လာတာ များလှပြီလို့ ထင်ပါတယ်။ အိုင်ဒီးလ်ကို လက်တွေ့ဖြစ်အောင်လုပ်လို့ ဒီခေတ်မှာ ဖြစ်နိုင်ပါတယ်။

www.burmeseclassic.com

# အင်းပက် (IMPACT)

'အင်းပက်' ဆိုတဲ့ ဝေါဟာရဟာ လူထုဆက်သွယ်ရေးသမားတို့ ပါးစပ်ဖျားမှာ ရှိတတ်တဲ့ စကားလုံး ဖြစ်ပါတယ်။ "အင်းပက် ဘယ်လောက်ရှိမလဲ"၊ "အင်းပက်ရှိရဲ့လား"၊ "အင်းပက် လျော့သွားမှာပေါ့" စတဲ့ အပြောတွေကို ကြားရလေ့ ရှိပါတယ်။ ကြော်ငြာရဲ့ အင်းပက်၊ အရောင်းအဝယ် အနုတ်အသိမ်းရဲ့ အင်းပက်၊ သတင်းရဲ့ အင်းပက်၊ ဇာတ်လမ်းရဲ့ အင်းပက် စသည်ဖြင့် ဖြစ်ပါတယ်။ အဲဒီအသုံး အနှုန်းနဲ့ အဓိပ္ပာယ်ကတော့ "ထိရောက်မှု" လို့ ဆိုလိုပါတယ်။

'အင်းပက်' ရဲ့ မူလအဓိပ္ပာယ်ကတော့ အရှိန်နဲ့ ထိဆောင့်မှုရယ်လို့ ဆိုရပါလိမ့်မယ်။ အဲဒီအနက်အဓိပ္ပာယ်ကို အခြေခံပြီးတော့ အကျိုးသက်ရောက်တယ်၊ ဩဇာသြောင်းတယ်ဆိုတဲ့ ဆင့်ပွားအဓိပ္ပာယ်များနဲ့ သုံးနှုန်းကြပါတယ်။ အခုတော့ ဆင့်ပွားအဓိပ္ပာယ်တွေက တွင်ကျယ်နေတယ်လို့ ဆိုရမှာပေါ့။

မူလအဓိပ္ပာယ်ကိုယူပြီးပြောရရင် ကမ္ဘာမြေကြီးပေါ်ကို စကြဝဠာထဲမှာ ပြေးလွှားလွင့်ပါးနေတဲ့ ဥက္ကာပျံ၊ ဥက္ကာခဲတို့ ဝင်ဆောင့်တဲ့ 'အင်းပက်' ကြောင့် အာရှ၊ တောင်အမေရိကနဲ့ မြောက်အမေရိက အပါ အဝင်

www.burmeseclassic.com



ကုန်းတိုက်ကြီးတွေမှာ တွင်းချိုင့်ကြီးတွေဖြစ်ပြီး ကျန်ရစ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ မဟုတ်ဘဲနဲ့ စိတ်ပိုင်းဆိုင်ရာသဘောနဲ့ပ ပြောရရင် “ကွယ်လွန်သူ ပါမောက္ခ အိုင်စတိုင်းရဲ့ ခေတ်သစ် ရူပဗေဒအပေါ်မှာ သက်ရောက်ခဲ့တဲ့ အင်းပက်ဟာ ကြီးမားလှတယ်” လို့ သုံးကြပါတယ်။ စာပေနဲ့ပြောရင် “ခေတ်စမ်းစာပေ အရေးအသားဟာ ခေတ်သစ်မြန်မာ စာပေ အရေးအသားပေါ်မှာ များစွာ ဩဇာသက်ရောက်ခဲ့တယ်” (အင်းပက် ကြီးမားခဲ့တယ်) လို့ သုံးနှုန်းလို့ ရကောင်းပါတယ်။ ဘာသာ အယူအဆ အဆုံးအမကိစ္စနဲ့ ပြောရရင် မြန်မာနိုင်ငံသား အများစု ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာအဆုံးအမဟာ မြန်မာတို့ရဲ့ စိတ်နေစိတ်ထားကို ဘယ်လောက်လွှမ်းမိုး ထိရောက်တယ်ဆိုတဲ့ သဘောမျိုးကိုလဲ အင်းပက် ကိစ္စနဲ့ သုံးနိုင်ပါတယ်။

ရုပ်မြင်သံကြား အစီအစဉ် ထုတ်လုပ်သူတစ်ဦးက “ခုရိုက်မယ့် ဆွေးနွေးခန်းဟာ ဒါလောက်ရှည်နေရင် အင်းပက် လျော့သွားလိမ့်မယ်၊ ၁၅ မိနစ်လောက်ပဲ ကောင်းတယ်” လို့ မကြာခင်က ပြောဖူးပါတယ်။

အင်းပက်ဟာ လူထုဆက်သွယ်ရေးနဲ့ အနုပညာဖန်တီးမှုမှန်သမျှမှာ အရေးကြီးပါတယ်။ ဖန်တီးသူအတွက်သာ အရေးကြီးတာမဟုတ်ပါဘူး။ ဖန်တီးမှုကို ခံစားရယူသူအတွက်လဲ အရေးကြီးပါတယ်။ ဘာပြုလို့လဲ ဆိုရင် ကောင်းရင် ကောင်းသလို အကျိုးရှိနိုင်ပြီး မကောင်းရင် မကောင်း သလို အပြစ်ဖြစ်နိုင်လို့ပါပဲ။ ကောင်းတဲ့ဩဇာသက်ရောက်မှု၊ မကောင်းတဲ့ ဩဇာသက်ရောက်မှုတို့အထိလဲ အပြင်း၊ အပျော့က စကားပြောပါ လိမ့်မယ်။

ဒါကြောင့်မို့လို့ အချို့အင်းပက်များကို သတိထားဖို့ သင့်ပါတယ်။ ကိုယ့်ဆီမလာအောင် ကာကွယ်ကြရမယ်။ အထူးသဖြင့် လူငယ်များ အတွက် ဖြစ်ပါတယ်။ ကနေ့ခေတ်ဟာ နိုင်ငံတကာ ကူးလူးဆက်ဆံဖို့

www.burmeseclassic.com



လွှယ်ကူလှတဲ့ ခေတ်ဖြစ်ပြီးတော့ တစ်ဦးအကြောင်းကို တစ်ဦးသိအောင် ကောင်းတာရော၊ ဆိုးတာရော ဖြန့်ဖြူးရောယှက်ဖို့ လွယ်တဲ့အချိန်မှာ အာရုံထိတွေ့မှုတစ်မျိုးမျိုးကို အကြောင်းပြုပြီး မဟုတ်တဲ့ကိစ္စကို အားကျ တတ်တယ်၊ ဆွယ်တရားဟောတာကို ပါတတ်တယ်ဆိုတဲ့ အန္တရာယ်တွေ ကိုလဲ သတိထားရပါလိမ့်မယ်။

သတိထားဖို့ဆိုတာဟာ ကိုယ်ခံအင်အား တောင့်တင်းမှု လိုပါတယ်။ ဝမ်းစာဖူလုံမှ၊ အရှက်မဖုံးနိုင်အောင် အရိုးရင့်မှ ဖြစ်မှာပေါ့။ ဒါမှ ကြံ့ကြံ့ ခံနိုင်မှာဖြစ်တယ်။ အထူးသဖြင့် ကိုယ်ခံဓလေ့ထုံးတမ်းများနဲ့ မဆီလျော် မအပ်စပ်တဲ့ ကိစ္စမျိုးကို ဆင်ခြင်ထောက်ရှုပြီး လက်ခံသင့်မှ ခံရပါ လိမ့်မယ်။ အင်းပက်များရရှိဖို့ကိစ္စမှာ လူ့အာရုံကို စည်းရုံးဆွဲဆောင်နိုင် အောင် ဖန်တီးထုတ်လုပ်သူတိုင်းက ကြိုးစားကြပါတယ်။ ဒီအခါမှာ အနုပညာ ဖမ်းစားမှု၊ အပြောအဆို ဖမ်းစားမှု၊ အဆင်အပြင် ဖမ်းစားမှုနဲ့ ကိုယ့်အရွယ် အတွေ့အကြုံအရ စိတ်ကူးတွေးခေါ်ပုံ ဖမ်းစားမှုတို့နောက် ကို ပါတတ်ပါတယ်။ ပါသင့်လို့ပါရတဲ့ ကိစ္စများရှိသလို မပါသင့်ဘဲ ပါရတဲ့ ဖမ်းစားမှု အင်းပက်အတွက် ကိုယ်ကျိုးနည်းနိုင်ပါတယ်။

နိုင်ငံတကာ အခြေအနေတွေမှာကြည့်ရင် သူတို့လုပ်တဲ့ လုပ်ရပ်၊ ဆက်သွယ်ဆောင်ရွက်တဲ့ကိစ္စ၊ အထင်အမြင် ဖန်တီးမှု၊ ပညာပေး စည်းရုံး မှုတို့မှာ ဘယ်လောက်ထိရောက်မှု အင်းပက်ရှိသလဲဆိုတာကို လေ့လာ ကြည့်ရှုတဲ့ ဆန္ဒကောက်ယူမေးမြန်းတဲ့ အဖွဲ့တွေ ရှိကြပါတယ်။ စီးပွားဖြစ် လုပ်ကိုင်နေကြတာပါ။ သူတို့ကို ပိုးလ်စတားစ် (Pollsters) လို့ ခေါ်ပါ တယ်။ စာရင်းကောက်ယူတဲ့သူများ သို့မဟုတ် တာလီ (Tally) မှတ်သူ များပေါ့။ ဒီလုပ်ငန်းကို ပိုးလင်းန် (Polling) လို့ ခေါ်သလို (Public Opinion Polls), (Opinion Polls) စတဲ့ အမည်များနဲ့လဲ လူသိများ ပါတယ်။

www.burmeseclassic.com



သူတို့လုပ်ငန်းမှာ ရွေးချယ်ခံမယ့် ပုဂ္ဂိုလ်တစ်ဦး၊ အများနဲ့ဆိုင်တဲ့ အရေးကိစ္စတစ်ရပ်၊ ဒါမှမဟုတ် ကုန်ပစ္စည်းတစ်ခု စသည်ဖြင့် လူကြိုက်များမှု၊ လက်ခံမှု၊ နှစ်သက်သုံးစွဲမှု ဘယ်လောက်ရှိတယ် ဆိုတာကို ရာခိုင်နှုန်းနဲ့ ကောက်ယူပြီး စစ်တမ်းဖော်ပြပေးကြပါတယ်။ ဒီအခါမှာ ရည်မှန်းတဲ့ အရပ်ဒေသ၊ ရည်ရွယ်တဲ့ ပရိသတ်ကို တစ်ဦးချင်း ခေါင်းခေါက်ပြီး မမေးတော့ပါဘူး။ ဆင်းပလင်းန် (Sampling) ဆိုတဲ့ နမူနာကောက်ယူနည်းနဲ့ ဖြောက်သောက် ရင်းဒမ်း (Random) စနစ်ကို သုံးပြီး အများစုဆန္ဒကို ပုံပေါ်အောင် လုပ်ကြတာ ဖြစ်ပါတယ်။ စာရင်းအင်းဗေဒမှာ ဒီနည်းလမ်း ရှိပါတယ်။ ရလာတဲ့ အဖြေကတော့ မှန်တာလဲရှိ၊ လွဲတာလည်းရှိ၊ အလုပ်အပ်တဲ့လူရဲ့အကြိုက်ကို ဖော်ပေးတာမျိုးလဲ ရှိပါတယ်။ အမေရိကန်မှာ လူဝီဟဲရစ် ဆန္ဒကောက်ယူရေးအဖွဲ့ (Louis Harris Polls) ဟာ ဒီလုပ်ငန်းမှာ နာမည်ကြီးတစ်ခုဖြစ်ပါတယ်။

တကယ်ဆိုရင်တော့ ခေတ်တိုင်းခေတ်တိုင်းမှာ ခေတ်ကာလ လူတွေကို ရိုက်ခတ်လေ့ရှိတဲ့ အတွေးအခေါ်၊ အနေအထိုင်၊ အယူအဆ အင်းပက်တွေ ရှိပါတယ်။ ခေတ်ကာလ လိုအင်နဲ့ညီတဲ့ သြဇာညောင်းမှုများဖြစ်ရင် ပိုကောင်းနိုင်ပါတယ်။ ဒါကို ပေါ့ပေါ့ဆဆ လက်မခံကြဖို့နဲ့ အကျိုးသင့်၊ အကြောင်းသင့် လမ်းညွှန်မယ့်၊ နည်းပေးလမ်းပြလုပ်မယ့် သူတွေ လိုပါတယ်။ ဒါမှ အကောင်းဘက်က အင်းပက်တွေ များနိုင်ပါလိမ့်မယ်။

www.burmeseclassic.com



# လိုက်ဖ်စတိုင် (LIFE STYLE)

ဒီဝေါဟာရကို ကျန်းမာရေးနဲ့ ဆေးဝါးပညာရှင်တို့က တွင်တွင်သုံးလာကြတယ်လို့ သတိထားမိပါတယ်။ "လိုက်ဖ်" ကတော့ ဘဝပေါ့။ အသက်ရှင်ခြင်းပေါ့။ "စတိုင်" ကတော့ ဟန်ပန် အမူအယာပေါ့။ ပေါင်းလိုက်ရင် နေပုံထိုင်ပုံစရိုက်ပါပဲ။ စတိုင်ကို စတိုင်လို့ပဲ မြန်မာလိုသုံးရင် နားလည်နေကြပါပြီ။ ဘာပြုလို့လဲဆိုရင် စတိုင်က အင်္ဂလိပ်စကားဖြစ်လို့ပါပဲ။ "စတိုင်" ဆိုတဲ့ စကားလုံးနည်းတူ "ဂိုက်" (Gait) ဆိုတာလဲ အင်္ဂလိပ်စကားပဲ ဖြစ်ပါတယ်။ "ဂိုက်ဖမ်းနေတယ်"၊ "ဂိုက်နဲ့ဆိုက်နဲ့" လို့ အရပ်ပြောပြောကြပါတယ်။ "ဆိုက်" ကတော့ ဘယ်လိုဖြစ်လာလဲလို့ မကြံတတ်ပါဘူး။ အရွယ်အစားဖြစ်တဲ့ ဆိုက် (Size) ဆိုတာမျိုးကို ပြောတာများလား။ ဒါမှမဟုတ် ကာရန်ညီအောင် "ရှိုးနဲ့မိုးနဲ့" လို့ အရပ်ထဲမှာ စကားဖို၊ စကားမ သုံးနှုန်းတာမျိုးလို ဖြစ်လိမ့်မယ် ထင်ပါတယ်။ "ရှိုး" (Show) ကတော့ အပြအသ အဆင်အပြင်ပေါ့။ "မိုး" ဆိုတာကတော့လဲ ကာရန်ဖြစ်ဖို့ များပါတယ်။

ဒီနေရာမှာ "မိုး" ဟာ စရိုက်လေ့၊ အဆင့်အတန်း (Mores) ဆိုတဲ့ အင်္ဂလိပ်စကားလုံးကို ယူပြီး မြန်မာမှုပြုမယ် မထင်ပါဘူး။ ကျွန်တော်တို့

www.burmeseclassic.com



ပြောချင်တာကတော့ လိုက်ဖ်စတိုင် အကြောင်းက အဓိကဖြစ်ပါတယ်။ နေ့စဉ် နေပုံထိုင်ပုံ အလေ့အထကို ဆိုလိုတာပါ။ နေနိုင်စားနိုင်တဲ့ အဆင့် အတန်းမျိုးကို ရည်ရွယ်ပြောနိုင်တာဖြစ်ပေမယ့် အခုတွင်ကျယ်နေတာက ကျန်းမာရေးနဲ့ယှဉ်တဲ့သဘောက များနေတယ်လို့ ထင်ပါတယ်။ နေနိုင် စားနိုင်၊ ပလွှားတွင်ကျယ်နိုင်တဲ့ လူစားမျိုးကိုတော့ ဂျက်ဆက် (Jet set) လို့ သုံးကြမယ် ထင်ပါတယ်။ မင်းပါးစိုးခွင်မှာ ဝင်ဆံ့ပြီး ပြည်တွင်းပြည်ပ အပန်းဖြေခရီးထွက်ရင်း သုံးနိုင်ဖြုန်းနိုင် ပွဲလယ်တင့်တဲ့ အသိုင်းအဝိုင်းလို့ အင်္ဂလိပ်ဘာသာမှာ သုံးတာပေါ့။

လိုက်ဖ်စတိုင်ကတော့ ကျွန်တော်တို့ ကြားနေရတာက လူ့ကျန်းမာ ရေးကိစ္စမှာ ဘာအဓိပ္ပာယ်နဲ့ ဆွယ်နိုင်သလဲဆိုရင် အသက် ဉာဏ်စောင့်၊ ကိုယ်ရေးကြံ့ရင် သက်လုံကောင်းရမယ်၊ နေတတ်စားတတ်မှ အစရှိတဲ့ အနက်သဘောတွေနဲ့ ဆွယ်လို့ရကောင်းပါတယ်။ ဘာပြုလို့လဲဆိုရင် အသက်ရှည်မှု၊ အနာကင်းမှုတွေဟာ ခုခေတ်မှာ လူတစ်ဦးချင်းရဲ့ အနေ အထိုင်၊ အသိုက်အဝန်း၊ စိတ်နေစိတ်ထား၊ အစားအသောက်၊ ဘဝအမြင် တို့နဲ့ များစွာဆက်စပ်နေတယ်ဆိုတဲ့ အကြောင်းကို ကျန်းမာရေးပညာရှင် တို့က ပြောလာကြလို့ ဖြစ်ပါတယ်။

တစ်နေ့ကပဲ သမားတော်ကြီးတစ်ဦးက အခုခေတ် လူတွေမှာ လိုက်ဖ်စတိုင် ပြောင်းလာကြပြီ၊ ဒါ့ကြောင့် အသက်ရှည်တဲ့သူက ရှည်သလို၊ ရောဂါဖြစ်ရင်လဲ အရင်ကလို ဖြစ်ရိုးဖြစ်စဉ် အနာရောဂါမျိုး မဟုတ်ဘဲနဲ့ ခေတ်ကာလအလျောက် ရောဂါလက္ခဏာတွေ တစ်မျိုး ထူပြောလာတယ်လို့ ဆွေးနွေးပါတယ်။ ထို့အတူ ဆေးဝါးကုသရေးမှာ ဆိုရင်လဲ အတွေးသစ်၊ နည်းနာသစ်တွေကို သုံးလာကြရတယ်။ နည်းသစ် လမ်းသစ် သုံးရတာနဲ့အမျှ ကျန်းမာရေး စောင့်ရှောက်မှုမှာ အရင်းအနှီး၊ ပညာသည် အင်အား၊ အတွေ့အကြုံတွေကိုလဲ တစ်မျိုးစုစောင်း လေ့ကျင့်ဖို့ လိုလာလိမ့်မယ်လို့ သူက သုံးသပ်ပါတယ်။

www.burmeseclassic.com



လူတွေ သက်တမ်းတိုလာနေတာတော့ အမှန်ပါပဲ။ လူနေမှု အဆင့်အတန်း မြင့်တက်လာနေတာ၊ အဆင်ပြေလာနေတာတွေလဲ အမှန်ပါပဲ။ ယေဘုယျကြည့်ရင်ပေါ့လေ။ ဒီအတွက် ပေါ်ထွက်လာမယ့် ပြဿနာတွေ၊ ဖြေရှင်းပေးရမယ့် အခက်အခဲတွေလဲ နိုင်ငံနဲ့ချီပြီး ကြည့်ရင် တာဝန်ကြီးမားလှပါတယ်။

နောက်ထပ် အမျိုးသမီး ဆရာဝန်ကြီးတစ်ဦးက ကျွန်တော်ကို ပြောတာကတော့ အခုဆိုရင် ဆင်းရဲလို့ဖြစ်ရတဲ့ရောဂါ၊ သာမန်ကူးစက်လို့ဖြစ်ရတဲ့ ရောဂါတွေက နည်းသွားပြီး ခေတ်ကာလ လိုက်ဖ်စတိုင်နဲ့ ပတ်သက်တဲ့ရောဂါတွေက များလာတယ်။ ဆေးဝါးဘက်မှာရော၊ ခွဲစိတ်ကုသရတဲ့ဘက်မှာရော ပြောင်းလဲစပြုတဲ့ လက္ခဏာတွေကို တွေ့လာရတယ်။ ချမ်းသာကြွယ်ဝစပြုတဲ့ နိုင်ငံတွေမှာ ကြုံနေရပြီလို့ မှတ်ချက်ပေးပါတယ်။

ဒီတော့ နှလုံးတို့၊ နှလုံးသွေးကြောတို့၊ ကျောက်ကပ်တို့၊ ကင်ဆာစတဲ့ အကျိတ်အလုံးတို့၊ စိတ်အခြေမမှန်မှု စတဲ့ရောဂါမျိုးတွေကို စစ်ဆေးတွေ့ရှိနိုင်တဲ့နည်းနာတွေ ပေါ်လာရတဲ့အပြင် ပြုပြင် ကုသရမှုတွေလဲ များလာတာပေါ့။

လိုက်ဖ်စတိုင်မှာ အစားအသောက်ကိုစွလဲပါတော့ ဟိုတုန်းကလိုပဲပြုတ်နဲ့ ကောက်ညှင်းပေါင်းနဲ့၊ မုန့်စိမ်းပေါင်း၊ ထမင်းကြော်နဲ့ အဆင့်မျိုး မဖြစ်တော့ဘူး။ ယခင် ကျွန်တော်ရေးခဲ့သလို အလုပ်ချိန်၊ ကျောင်းချိန်မီအောင် မြန်မြန်လွေးရတဲ့ ဖတ်စ်ဖုဒ် (Fast food) ဆိုတဲ့ အစားအသောက်မျိုးကို အချိန်လုပြီး ဝမ်းဗိုက်ဖြည့်ရင်း အလုပ်တို့၊ ကျောင်းတို့၊ သင်တန်းတို့၊ အစည်းအဝေးတို့ရှိရာကို ပြေးကြရတယ်။ အနေအထိုင်မှာ ရှေးကလို "ဘူးခါးရေနဲ့ ကြမ်းကြားလေ" ကို သောက်ပြီး၊ အအေးခံပြီး နေနိုင်တဲ့ လူမှုစနစ်မျိုးလဲ ကျေးလက်တွေမှာတောင် မရှိတော့ပါဘူး။

www.burmeseclassic.com



"လိုက်ဖ်စတိုင်" ဆိုတဲ့ နေထိုင်မှု အလေ့အထ ဟန်ပန်တွေ ပြောင်းလာပြီပေါ့။ လူ့ကျန်းမာရေးမှာလဲ ဒါတွေ ရောင်ပြန်ဟပ်ပြီပေါ့။

ပြောရမယ်ဆိုရင် ရှူရတဲ့ လေ၊ သောက်ရတဲ့ ရေ၊ စားရတဲ အစာ၊ နေရတဲ့ အိုးအိမ်အခင်းအကျင်း၊ ဝတ်ကြတဲ့ အဝတ်အဆင်၊ မြင်ရကြားရတဲ့၊ ဆက်ဆံရတဲ့ အမှုအယာ၊ အသံဗလံတွေပါ ပြောင်းလဲစပြုလာတယ်လို့ ဆိုရင် မှားမယ်မထင်ပါဘူး။ ဒါပေမဲ့ လိုက်ဖ်စတိုင် အပြောင်းအလဲကို ထိန်းသိမ်းအပ်တဲ့ ရိုးရာလူမှုကျင့်ဝတ် နီတိများနဲ့ ရိုးရာအစဉ်မပျက် စိတ်ဓာတ်ရေးရာမှာ မူလဓာတ်ခံမှာပါ ကောင်းနေဖို့လဲ လူမျိုးကြီးတစ်မျိုး၊ တိုင်းပြည်နိုင်ငံကြီးတစ်ခုအနေနဲ့ ကျွန်တော်တို့ မျက်ခြည်မပြတ် ရှိနေဖို့ကလဲ လိုမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ပြောချင်တာကတော့ ခေတ်မီ တိုးတက်အောင် အပြိုင်အဆိုင် ပြုနေကြတဲ့ ကမ္ဘာကြီးမှာ ပြောင်းသင့်သလောက် ပြောင်းလာနေပြီဖြစ်တဲ့ အနေအထိုင်၊ အပြုအမူ၊ အဆက်အဆံတွေရဲ့ အကျိုးဆက်တွေထဲက ကျန်းမာရေး၊ လူမှုရေးကအစ ထိပါးလာမယ့် အန္တရာယ်ကို ခံသာအောင်၊ နေပျော်အောင်၊ အကျိုးမယုတ်အောင် အားထုတ် ပြင်ဆင်ထားတတ်ကြဖို့ပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

# လိုက်တားဗိန်း (LIGHTER VEIN)

"လိုက်တားဗိန်း" ကို "ပျော်စေပြက်စေ" ဆိုတဲ့ မြန်မာအသုံးအနှုန်းနဲ့ ခိုင်းနှိုင်းလို့ရမလားလို့ ကျွန်တော် စဉ်းစားကြည့်မိပါတယ်။ ဆိုလိုတာကတော့ ပေါ့ပေါ့ပါးပါး ပေါ့ပေါ့တန်တန်ရယ်လို့ ယူရမှာပါ။ ပေါ့ပေါ့တန်တန်လို့ဆိုတဲ့အတွက် လေးလေးနက်နက် မဟုတ်ဘူးဆိုတဲ့ သဘောမျိုး မဟုတ်ပါဘူး။ နေ့စဉ်နေ့စဉ်ကိစ္စတွေမှာ မျက်နှာကြော တင်းနေရတဲ့ သဘောမျိုး၊ မေးကြောတင်းနေရတဲ့ အဖြစ်မျိုးက ရှောင်ရှားပြီး နေပျော်အောင်၊ နေသာထိုင်သာရှိအောင် လုပ်ကြတဲ့ ကိစ္စမျိုးလို့ ကျွန်တော်တော့ ခံယူမိပါတယ်။

"လိုက်တားဗိန်း" ဟာ သတင်းလွှာမှာ ကျွန်တော်ရေးခဲ့ဖူးတဲ့ "ဟယူးမား" (Humour) ဆိုတဲ့ ဝေါဟာရထက်တော့ ပေါ့ပါးမယ်လို့ ထင်ပါတယ်။ ဒါမှမဟုတ်ရင်လဲ "လိုက်တားဗိန်း" ဟာ "ဟယူးမား" လောက် ပညာမပါဘူးလို့လဲ ဆိုနိုင်ပါတယ်။

"လိုက်တာဗိန်း" ဟာ အင်္ဂလိပ်စကားမှာ အီဒီယံ (Idiom) လို့ ခေါ်တဲ့ ဒေသသုံးစကား ဖြစ်ပါတယ်။ သုံးတဲ့အခါ in lighter vein ပေါ့။ ဥပမာအားဖြင့် ပြောရရင် လေးလေးနက်နက်ကိစ္စတွေ ပြောနေရာက

www.burmeseclassic.com



လေးနက်တာ မဟုတ်ဘဲ ပေါ့ပေါ့ပါးပါး တွေးထင်သိမြင်စရာကိစ္စလေး မျိုးကို ပြောရတာမျိုးပေါ့။ သတင်းစာတို့၊ ဂျာနယ်တို့မှာ ကြီးမားနက်နဲတဲ့ သတင်းဆောင်းပါးမျိုးကို ဖော်ပြနေရာက အလားတူ အကြောင်းအရာမျိုး မှာပဲ ရှုထောင့်တစ်ခုက မြင်ရ၊ တွေ့ရတဲ့ အဖြစ်အပျက်တစ်မျိုးကို ဖော်ပြ တာမျိုးကိုလဲ ဆိုလိုနိုင်ပါတယ်။ တချို့သတင်းစာကြီးတွေမှာ ဒီလိုအရေး အသားမျိုးကို ဆောင်းပါးအဖြစ် ပင်တိုင်အခန်းထားပြီး အကြောင်းအား လျော်စွာ ထည့်သွင်းဖော်ပြပေး တတ်ကြပါတယ်။ စာဖတ်သူအတွက် အအီအဆိမ့် ပြေစေတဲ့ အာဟာရမျိုးကို တည်ခင်းပေးသလိုပါပဲ။

"လိုက်တားဗိန်း" မှာ ဗိန်း (Vein) ဆိုတာက နှလုံးဆီကို ကိုယ်ထဲက လှည့်ပတ်နေတဲ့ သွေးတွေကို ပြန်ပို့တဲ့ သွေးပြန်ကြောဖြစ်ပါတယ်။ ဒိပြင်လဲ စီးဆင်းခြင်း၊ မြောင်းလိုသွယ်တန်းခြင်းဆိုတဲ့ အဓိပ္ပာယ်မျိုးလဲ သက်ရောက်ပါတယ်။ လိုက်တား (Lighter) ဆိုတာကတော့ ပို၍ပေါ့ပါး သောလို့ ဆိုလိုပါတယ်။ အင်္ဂလိပ်စကားမှာ Light ဆိုတဲ့ ဝေါဟာရဟာ တော်တော်ပဲ တွင်ကျယ်ပါတယ်။ အလင်းရောင်ဆိုတဲ့ အဓိပ္ပာယ်အပြင် ပေါ့ပါးသော၊ ကြည်သာသော၊ ရွှင်ပျသော၊ အထအန မကောက်သော ဆိုတဲ့ အဓိပ္ပာယ်များအထိလဲ သုံးကြတာကို သတိထားမိပါတယ်။

လောကနဲ့ယှဉ်ရင်တော့ "လိုက်တားဗိန်း"ဆိုတဲ့ ပေါ့ပါးကြည်သာ တဲ့ အခြေအနေမျိုးဟာ နှစ်သက်စရာဖြစ်တယ်လို့ ဆိုချင်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်က ဒီအခြေအနေ စိတ်ထားမျိုးကို လိုလားမိလို့ လား မသိပါဘူး။ အညှိုးအတေးကြီးတာကို မကြိုက်ချင်မိဘူး။ အမှတ်အစွဲ ကြီးတာကို မကြိုက်ချင်မိဘူး။ မျက်နှာကြောမတည့်ဘဲ ရင်ဆိုင်ရတဲ့ကိစ္စ မျိုးကိုလဲ ကသိကအောင့်ဖြစ်ရတတ်လေ့ရှိပါတယ်။ ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာ ပြောတာပါ။

www.burmeseclassic.com



ဒါ့ကြောင့် လောကမှာ "နေပျော်တယ်" ဆိုတဲ့ အဖြစ်မျိုးဟာ လိုလားအပ်တယ်လို့ ထင်ပါတယ်။ နေပျော်ခြင်းဟာ "ပျော်ပျော်နေ" နိုင်တယ်ဆိုတဲ့ အဖြစ်မျိုးနဲ့ခြားနားပါတယ်။ ပျော်ပျော်နေစရာ ဖြစ်ချင်မှ ဖြစ်မယ်။ နေသာထိုင်သာ၊ ပေါင်းသာသင်းသာ၊ လုပ်သာကိုင်သာရှိဖို့ကိစ္စ မျိုးနဲ့ ပိုပြီးသက်ဆိုင်တယ်လို့ ထင်မိပါတယ်။

ဒီလိုဆိုတော့လဲ စကားအရာမှာ သူတစ်ပါးခံသာအောင်လို့ တည့်တည့်မပြောချင်တာကို စောင်းပါးရိပ်ခြည်ပြောတာ၊ အဓိပ္ပာယ် မစူးရှအောင် ရည်ရွှန်းပတ်ရွှန်းပြောတာ၊ လောကရဲ့ အမြီးအမောက် မတည့်တာတွေကို တည့်သယောင် စကားအရာနဲ့ပြောတာ၊ အမြင်မတော် တဲ့ကိစ္စကို အမြင်တော်သယောင်ပြောတာဆိုတဲ့ စကားပရိယာယ်မျိုးဟာ "ဟယူးမား" ဆိုတဲ့ ဟာသရသထဲမှာ တိုက်ရိုက် အကျုံးဝင်ပေမယ့် "လိုက်တားဗိန်း" အဖြစ် ဆင်ခြင်သတိမူမိအောင် ကောင်းသောစိတ်ထား နဲ့ ညွှန်ပြတာတွေဟာလဲ ဒီသဘောမှာ အကျုံးမဝင်နိုင်ဘူးလားလို့ တွေးမိ ပါတယ်။

ခင်လို့မင်လို့ ပြောမိတာတွေ၊ သာစေနာစေဆိုတဲ့စိတ်ထား မရှိဘဲနဲ့ ပျော်ရစေ၊ ရယ်ရစေဆိုပြီး ရင်းနှီးလို့ ပြောမိတာတွေလဲ ဗွေမယူအပ်ဘဲ ရင်းနှီးစေရာ ရောက်လိမ့်မယ်လို့ ထင်ပါတယ်။ မနေ့တစ်နေ့က မောင်ပေါက်စည် (မန်းတက္ကသိုလ်) တို့က မြန်မာစာပေကို တက္ကသိုလ် သုံး၊ ရုံးသုံးဖြစ်အောင် စတင် လမ်းထွင် အားထုတ်ပေးခဲ့တဲ့ ဆရာကြီး ဦးဖေမောင်တင်ရဲ့ အသက် (၁၁၁) နှစ်မြောက် မွေးနေ့ကို အမှတ်တရ ပြုတဲ့ အခမ်းအနားတစ်ခုမှာ ဆရာ ထီလာစစ်သူနဲ့ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့နဲ့ တက္ကသိုလ်က ဆရာကြီးများလဲ တက်ရောက်ပြီး ဆရာကြီးရဲ့ တပည့်သားများက စာပေဆိုင်ရာ ဂုဏ်ပြုစာတမ်းများ ဖတ်ကြားကြတာကို ကျွန်တော် နောက်ကျပြီးမှ ရောက်သွားပါတယ်။

www.burmeseclassic.com



ဒီခေတ်ကို သိမီလိုက်တဲ့ ဆရာကြီး ဦးထင်ဖတ် (မောင်ထင်) က ကိုလိုနီခေတ် သူတို့ တက္ကသိုလ်မှာ ၁၉၂၅ ခုနှစ်လောက်က တက္ကသိုလ်မှာ မြန်မာစာ အရာမရောက်သေးပုံကို လေးလေးနက်နက် ပြောရင်းက စိတ်ကြိုက်မြန်မာစာယူတဲ့ အိန္ဒိယသွေးပါတဲ့ ကျောင်းသားတစ်ဦးဟာ မြန်မာစာနဲ့ရေးတဲ့ "ဥဩ" ငှက်ကို "သ"ကို ရရစ်ထားတာလို့ နားလည်ပြီး "အုတ်သရ"လို့ အသံထွက်တဲ့အကြောင်း ပြောပြလို့ အားလုံးပြုံးမိကြပါတယ်။

ဆရာ ဦးသန်းထွတ် (တိုက်စိုး)၊ ဒေါက်တာသန်းထွန်း (သမိုင်းပါမောက္ခ၊ သုတေသီ)၊ ဆရာဦးထင်ဖတ် (မောင်ထင်) နဲ့ ဒေါက်တာလှဘေ (မြန်မာစာ ပါမောက္ခဟောင်း) တို့ စာတမ်းဖတ်အပြီးမှာ ထမင်းစားကြတော့ ကူညီလုပ်ကိုင်ပေးနေတဲ့ လူငယ်တစ်ဦးက ဆရာပါရဂူနားမှာ ထမင်းစားနေတဲ့ ဆံပင်ဖြူဖွေးနေတဲ့ ဆရာကြီးတစ်ဦးကို "ဒီဆရာကြီးက ဦးဖေမောင်တင်လားဟင်" ဆိုပြီး အချင်းချင်း တိုးတိုးမေးတာကို ကြားလိုက်တယ်လို့ တပည့်တစ်ဦးက ပြန်ပြောတော့ ပြုံးမိရပြန်တယ်။ သူတို့မျိုးဆက် မဟုတ်တော့ဘဲကိုး။

"မြန်မာစာပေသမိုင်း" စာအုပ်ကို ၁၉၃၇ ခုနှစ်က ပြုစုခဲ့ပြီး မြန်မာ့စွယ်စုံကျမ်းမှာ အဘိဓမ္မာကျမ်းများအကြောင်း ထည့်သွင်းရေးမှာ သွန်သင်ညွှန်ပြခဲ့တဲ့အပြင် ဝိသုဒ္ဓိမဂ်ကိုလဲ ဘာသာပြန်ခဲ့တဲ့ ဆရာကြီးကို ဆရာမောင်ထင်က "သံသရာဆိုတာ ဘာလဲဆရာ" လို့ ချဉ်းကပ်မေးမြန်းကြည့်တဲ့အခါ "သံသရာဆိုတာ အရှည်ကြီးကွယ့်" လို့ ပထမဆုံး စကားတစ်ခွန်းနဲ့ ပြန်ဖြေတယ်ဆိုတာလဲ ရတ်တရက်တော့ "လိုက်တားဗိန်း" လို့ ထင်လိုက်မိပါတယ်။ ဒါပေမဲ့ ဖြစ်လို့ပျက်၊ ပျက်ပြီးရင် ပြန်ဖြစ်၊ ပြန်မဖြစ်အောင်လုပ်ရမယ်၊ "ပရိနိဗ္ဗာန်ပြုပြီးသော် တစ်ဖန်ပြန်၍ မဖြစ်ပြီ" ဆိုတဲ့

www.burmeseclassic.com



စာအသုံးအနှုန်းနဲ့ ညွှန်းပြီးပြောတော့ လေးနက်တဲ့ စကားပါလားလို့ သဘောပေါက်ရပြန်တယ်။

စားရင်းသောက်ရင်းနဲ့ ကဗျာဆရာ မောင်ပေါက်စည် အမည်ခံတဲ့ အင်္ဂလိကန်ဂိုဏ်းချုပ် ဘစ်ရှော့ကြီးကို "ဘစ်ရှော့ကြီးနဲ့ကလောင်နာမည်တူတာ ပေါ်နေလေရဲ့၊ ရန်ကုန်ထဲမှာ လူကြိုက်များနေတယ်"လို့ ပြောမိတော့ "ဘယ်သူပါလိမ့်" လို့ သူက မေးတဲ့အခါ "မန်းပေါက်စီလေ"လို့ ရယ်သွမ်းသွေးပြီး ဖြေလိုက်ရတယ်။ "လိုက်တားဗိန်း"နဲ့ပြောတဲ့ ဒီစကားကို သူက စိတ်ကွက်ပုံမရပါဘူး။ "ဟုတ်တယ်ဗျ၊ သူက ကျွန်တော့်ထက် လူကြိုက်များတယ်" လို့ ပြုံးပြုံးကြီး ပြန်ပြောရှာပါတယ်။

အဲဒီအခမ်းအနားမှာ မနက်ပိုင်း သဘာပတိအဖြစ် ဆောင်ရွက်သူ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဟောင်း ဦးသက်ထွန်း ("ကင်းဝန်ခြေရာ လိုက်၍သာ" အမည်ရှိ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာ စာအုပ်ကို မကြာမီက ရေးသားထုတ်ဝေခဲ့သူ) ကလဲ နိုင်ငံတကာ သဘာပတိတို့ရဲ့ ထုံးစံအတိုင်း "လိုက်တားဗိန်း"ပါရှိတဲ့ အချက်တစ်ချက်ကိုပြောပါတယ်။ "ဆရာကြီး ဦးဖေမောင်တင်ရဲ့ ဘဝခရီးနဲ့စပ်လျဉ်းပြီး ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်အစိုးရက အင်္ဂလန်ကို ရွှေးရွှေးပါးပါး စေလွှတ်ခဲ့တဲ့ မြန်မာပညာတော်သင်တွေဟာ အားလုံး 'လူလှ' ကြီးတွေ ဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေကတော့ မောင်လှမြင့် (ဒေါက်တာလှမြင့်)၊ မောင်လှဘေ (ယခု မော်လမြိုင်မြို့နေ ဒေါက်တာလှဘေ)၊ မောင်လှကျော် (ကွယ်လွန်သူ ဒေါက်တာလှကျော်) တို့ဖြစ်ပါတယ်။ အဲဒီအထဲမှာ မလှသူကတော့ မောင်မောင်ခ (ဒေါက်တာမောင်မောင်ခ) ပဲ ဖြစ်ပါတယ်" လို့ ပြောကြားသွားတဲ့အတွက် ပရိသတ်က ရယ်မောမိကြပါတယ်။

ကျွန်တော်တို့ ပြောချင်တာက စကားအရာမှာ "ဠာနဠာန သိလိဠ" လို့ ဆိုကြပေမယ့် အခုလို စိတ်လက်ပေါ့ပါးအောင် ပြောဆိုမှု ထွန်းကား

www.burmeseclassic.com



နေနိုင်တဲ့ အလေ့အထကိုပဲ နှစ်သက်ဂုဏ်ယူမိပါတယ်။ အဲဒီနေ့က ပြန်လာရင်းနဲ့ အတွေးပေါ်မိတာကတော့ ကျွန်တော်တို့နိုင်ငံ မြန်မာလူ့အဖွဲ့အစည်းမှာ ပညာဉာဏ်လိုက်စားမှု ထွန်းကားခြင်း (Academic pursuit)၊ ရင်းနှီးလွတ်လပ်စွာ ပြောဆိုနိုင်မှု (Free expression) အလေ့အထ အစဉ်အလာ ပွားများနေနိုင်ခြင်းကို တောရမ်းမယ်ဘွဲ့ ပြောတဲ့ တိုင်းတစ်ပါးက မြန်မာ့အကျိုး မလိုလားချင်တဲ့သူတွေ သိဖို့၊ မြင်ဖို့၊ ကြားဖို့ ကောင်းတယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။

ဒီအတွေးကတော့ "လိုက်တားဖိန်း" မဟုတ်ပါဘူး။ "ဟဲဗီးယားဖိန်း" (Heavier Vein) လို့ ခေါ်သင့်တဲ့ ဆိုလိုချက် ဖြစ်ပါတယ်။

www.burmeseclassic.com

# လိုက်တာဗိန်း(LIGHTER VEIN)



www.burmeseclassic.com



## မန်းဒေးမုဒ်  (MONDAY MOOD)

တနင်္လာနေ့များမှာ အလုပ်ခွင်ဆင်းရသူများအဖို့ စိတ်အနေအထား တစ်မျိုး ဖြစ်ရတယ်လို့ တင်စားသုံးနှုန်းမှုရှိပါတယ်။ တနင်္လာစိတ်ထား၊ တနင်္လာစိတ်အခြေလို့ ဆိုလိုတာပေါ့။ အထူးသဖြင့်တော့ အလုပ်ခွင်၊ လုပ်ငန်းခွင်ဝင်ရမယ့်သူတွေအတွက် ဆိုချင်ပုံရပါတယ်။ တစ်ပတ်မှာ ခုနစ်ရက် ရှိလျက်သားနဲ့ တနင်္လာနေ့မှ ထူးခြားတဲ့ စိတ်အနေမျိုးဟာ ဘယ်လိုပါလဲလို့ မေးစရာ ရှိတာပေါ့။

ကျွန်တော်တို့ ငယ်ငယ်တုန်းက ကျောင်းရက်ရှည်ပိတ်ပြီး ပြန်ဖွင့်တော့မယ်ဆိုရင် ပျော်ရင်လဲ ပျော်ကြတယ်။ စာတွေပြန်လုပ်ရတော့မှာပဲ၊ ကျောင်းတက်ရမှာ၊ သင်ခန်းစာတွေ လေ့ကျက်ရမှာကို နောက်တွန့်ချင်သလိုလို ဖြစ်ရတဲ့ လူငယ်စိတ်ထားမျိုးနဲ့ ခပ်ဆင်ဆင် ဖြစ်ပါလိမ့်မယ်။

ပြီးခဲ့တဲ့ ဇူလိုင်လကတော့ ဗြိတိန်က စိတ်ပညာဆရာဝန်တစ်ဦးက သူ့လေ့လာချက်မှာ "တနင်္လာနေ့ စိတ်အားပျက်စရာ" (Monday blues) ဆိုတဲ့ စိတ်အနေမျိုးရှိ၊ မရှိနဲ့ တနင်္လာနေ့မှာ အဲဒီလိုစိတ်ထားမျိုး ရှိတဲ့လူတွေဟာ တည်ည်းည်း တငြူငြူ တစူစူ လုပ်ကိုင်လေ့ရှိကြတာကို တွေ့ရတယ်လို့ ဆိုပါတယ်။

www.burmeseclassic.com



ဗြိတိန်နိုင်ငံ လိဒ်စ်မြို့တက္ကသိုလ်က စိတ်ကုပညာပါမောက္ခ ဂိုင်းလ် ခရော့ဖ် (Giles Croft) ဆိုသူက သူဟာ အလုပ်လက်ရှိလူ ၆၆ ယောက်ကို စုစည်း စည်းရုံးပြီး တနင်္လာနေ့များမှာ သူတို့ရဲ့ စိတ်အခြေတွေကို လေ့လာကြည့်ခဲ့တယ်လို့ ဆိုတယ်။ အဲဒီလူ ၆၆ ဦးကို အုပ်စု သုံးစု ခွဲထားကြည့်လိုက်တယ်။ တစ်စုကိုတော့ "တနင်္လာမှာ အားပျက်စရာ" ဆိုတဲ့ စိတ်အခြေအနေမျိုး ရှိတတ်တယ်ဆိုတဲ့ ဖော်ပြသုံးသပ်ချက် စာတမ်းကို ပေးလိုက်တယ်။ ဒုတိယအုပ်စုဖြစ်တဲ့ အခြား ၂၂ ဦးကိုတော့ "တနင်္လာနေ့မှာ စိတ်အားပျက်စရာ" ဆိုတာ မရှိပါဘူးဆိုတဲ့ သုံးသပ်ချက်ပါတဲ့ စာတမ်းကို ပေးလိုက်တယ်။ တတိယအုပ်စုကိုတော့ ဒီကိစ္စနဲ့ပတ်သက်လို့ ဘာမှပြောမထားဘူး။

ဒါပေမဲ့ ဒီအုပ်စုသုံးစုကလူတွေ အားလုံးကို နေ့စဉ်အလုပ်တာဝန် ထမ်းဆောင်ရင်း ကိုယ့်စိတ်မှာ ဖြစ်ပေါ်ခံစားမှုတွေကို နှစ်ပတ်ကြာအောင် အထိ သူက နေ့စဉ်ဒိုင်ယာရီမှတ်တမ်း ရေးချထားစေတယ်။ စမ်းသပ်ရက်ကုန်လို့ သူတို့မှတ်တမ်းတွေကို ယူပြီး စစ်ဆေးကြည့်တဲ့အခါမှာတော့ "တနင်္လာမှာ အားပျက်စရာ" ရှိတာ မဟုတ်ဘူးဆိုတဲ့ သုံးသပ်ချက်ကို ဖတ်ထားရတဲ့လူတွေမှာ သူတို့ကြုံရတဲ့ တနင်္လာနေ့များမှာ ခါတိုင်းနေ့များနှင့်မခြား ရှိကြတာကို တွေ့ရတယ်တဲ့။ အဲဒီအုပ်စုနဲ့ဆန့်ကျင်ပြီး "တနင်္လာနေ့မှာ စိတ်အားပျက်စရာ" နေ့မျိုးဖြစ်တတ်တယ်လို့ ဖတ်ထားရပြီး နားဝင်နေတဲ့ အုပ်စုကတော့ အလုပ်လာရတာ စိတ်ထဲမှာ အုံ့အုံ့ဆိုင်းဆိုင်းကြီး ဖြစ်နေတာကို သူတို့ရဲ့ တနင်္လာနေ့များမှာ မှတ်တမ်းတင်တဲ့ ဒိုင်ယာရီမှာ တွေ့ရပါတယ်တဲ့။

အဲ ... တတိယအုပ်စုကတော့ တနင်္လာနေ့ကို အကြောင်းပြုပြီး ထူးထူးခြားခြား ခံစားချက်မျိုး၊ စိတ်နေသဘောထားမျိုး ဘာမှ ထူးထူး

www.burmeseclassic.com



ခြားခြား စိတ်လက်မကြည်လင်ပုံ မရဘူး။ သူတို့ရဲ့ ဒိုင်ယာရီမှာလဲ စိတ်ထဲမှာ ဘယ်လိုမှ ထူးထူးခြားခြားဖြစ်ပေါ်နေပုံ မရှိတာကို သာမန်ပဲ ရေးထားကြောင်း တွေ့ရတယ်လို့ ဆိုပါတယ်။

အဲဒီစိတ်ပညာရှင် ဂိုင်းလ်ခရော့ဖ်က စိတ်ကုပညာရှင်များ အစည်းအဝေးမှာ သူ့တွေ့ရှိချက်ကို တင်ပြတာကတော့ "တနင်္လာနေ့များဟာ တယ်မနိုပ်ဘူး၊ အဆင်မပြေဘူး" လို့ မကြည်မလင် ခံစားရတတ်ပြီး စိတ်ထဲဝင်နေတဲ့အုပ်စုဟာ တကယ်လိုပဲ စွဲလမ်းစိတ်ဝင်သွားကြတယ်။ ရက်သတ္တတစ်ပတ်မှာ တနင်္လာဟာ အလုပ်များတတ်ပြီး စိတ်ပျက်စရာ အကောင်းဆုံးပဲလို့ ထင်ယောင်ထင်မှားသဘော ပြောင်းသွားကြတာကို စိတ်နောက်ကိုယ်ပါဖြစ်ပြီး ယုံကြည်သွားကြတာပဲ ဖြစ်မယ်လို့ လူ့စိတ် အပြောင်းအလဲ သဘာဝတစ်မျိုးကို စိတ်ပညာသုတေသန ပညာရှင်များကို တင်ပြလိုက်ပါတယ်။

သူတို့ အနောက်နိုင်ငံတွေနဲ့ ကျွန်တော်တို့နဲ့ဆိုရင် တနင်္ဂနွေ၊ တနင်္လာ ရေတွက်ပုံ ပြက္ခဒိန်စနစ်ချင်း တူပေမယ့် စနေ၊ တနင်္ဂနွေ ကုန်လွန်တဲ့အခါ တနင်္လာရောက်ရင် ခံစားရပုံချင်းတော့ တူချင်မှ တူနိုင်မယ် ထင်ပါတယ်။ မတူဘဲနဲ့ သူတို့က သာတယ်ဆိုရင် သူတို့ဟာ ရုံးပိတ်ရက်အားမှာ အနားယူခွင့် ပိုရလို့လဲ ဖြစ်နိုင်တာပေါ့။ အလုပ်သွား၊ အလုပ်ပြန် ခရီးလမ်းကျပ်တည်းခက်ခဲမှု မရှိတဲ့အတွက် ဘယ်ရက်မဆို အလုပ်သွားရမှာကို ကြောင့်ကျစရာမလိုဘဲ ဖြစ်နေတာမျိုးလဲ ပါနိုင်တာပေါ့။

ကျွန်တော်တို့မှာတော့ သောကြာနေ့မှာ လုပ်လို့မကုန်လို့ ခပ်ဆိုင်းဆိုင်းထားပြီး တနင်္လာနေ့ကျမှပဲ လုပ်တော့မယ်လို့ ရွှေ့ဆိုင်းရတဲ့

www.burmeseclassic.com



အလုပ်မျိုးတို့၊ စနေ–တနင်္ဂနွေမှာ စိတ်ကူးရပြီး တနင်္လာကျမှ ကိုယ့်ကို လှမ်းဖုန်းဆက်တာ၊ လူကိုယ်တိုင် မချိန်း မဆိုဘဲ ရောက်လာတာ၊ ရက်သတ္တတစ်ပတ်ရဲ့အစမှာ နောက်တစ်ပတ်မကူးခင် ပြီးဖို့လိုတဲ့ကိစ္စကို ခုကတည်းက အရှိန်တင်ပြီး စရတော့မှာ၊ ဟိုတစ်ပတ်က မပြောဖြစ်၊ မရေးဖြစ်၊ မတင်ဖြစ်တာ ကိုယ့်လူကြီးနဲ့ ကိုယ်တွေ့ပြီး အဆုံးအဖြတ် မရတတ်သေးတာမျိုးတွေရှိတဲ့အခါ တနင်္လာဟာ အားပျက်စရာပါပဲ။

လုပ်ခ၊ လခအနေနဲ့ကတော့ စီးပွားရေးစနစ်နဲ့ တိုးတက်မှုချင်းကို လူများနိုင်ငံ့ခလေ့နဲ့ နှိုင်းလို့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ လူချင်းယှဉ်ရင် ကျွန်တော်တို့က အလုပ်တွင်အောင် မလုပ်ချင်ဘူး၊ ပျင်းချင်တယ်လို့ ဆိုရ မလားဘဲ။ ဒါမှမဟုတ်လဲ ကြိုတင်အချိန်းအချက် (Engagement) တို့၊ ကြိုတင်စီမံမှု (Planning) တို့ မတွင်ကျယ်သေးတာလဲ ပါမှာပါပဲ။ တချို့ များကျတော့ ပုံမှန်လေးသာ လုပ်နေကျဖြစ်လေ့ရှိရာက တနင်္လာနေ့မှာမှ အလုပ်များတာကို ကြုံရရင် စိတ်ရှုပ်တယ်ပေါ့။ စနေ–တနင်္ဂနွေမှာ အိမ်ယူသွားရမယ့် အလုပ်များကို ကြုံရရင် စိတ်ရှုပ်တယ်ပေါ့။ စနေ– တနင်္ဂနွေမှာ ကြုံခဲ့ရတဲ့ ကိုယ်ရေးကိုယ်တာ စိတ်ကူးအမျှင်တန်းတွေလဲ တနင်္လာကျတော့ ကျန်နေဦးမှာလေ။

တချို့ဆိုရင် အလုပ်ဌာနမှာ ခိုင်းတဲ့လူကလဲ မခိုင်း၊ ခိုင်းတတ်တဲ့လူနဲ့ တွေ့ပြန်တော့လဲ သူက စိတ်တိုင်းကျ တာဝန်ကျေအောင် လုပ်မပေး တတ်လို့ ပျော်စရာအလုပ်ခွင်နဲ့ ရင်ဆိုင်တွေ့ဖို့ ကံကောင်းစရာတောင် ကျန်ပါ့မလား မသိဘူး။ ဒီတော့ "မန်းဒေး မုဒ်"ဟာ မန်းဒေးမှ မွတ်ကရော ဖြစ်ဖို့ များပြန်တာပေါ့။

ဒါပေမဲ့ စကားစပ်မိလို့ ခြွင်းချက်တစ်မျိုးလဲ ရှိနိုင်သေးတယ်။ ဒီခြွင်းချက်ကလဲ ချီးမွမ်းလောက်တယ်လို့တော့ မဆိုနိုင်ဘူး။ ဩဂုတ်လ၊

www.burmeseclassic.com



နွယ်နီမဂ္ဂဇင်းထဲမှာ စာရေးဆရာ မောင်ညိုပြာက "တနင်္ဂနွေအတွေး" ဆိုပြီး စီကုံးဖွဲ့ဆိုရာမှာ ရုံးဝန်ထမ်းများအနက် ရုံးမှာချစ်သူရှိတဲ့ ဝန်ထမ်းချင်းကို ဥပမာပေးထားတာ တွေ့ရပါတယ်။ ဒီကိစ္စရပ်မျိုးမှာတော့ "တနင်္လာအကြည့်များသည် သောကြာအကြည့်များနှင့် မတူ၊ တနင်္လာအကြည့်များတွင် ဝမ်းသာကြည်နူးမှုများ စွတ်စိုနေသည်။ အင်အားတွေ စီးဝင်လာသည်။ အတွေးများ ခုန်ပေါက်နေသည်။ အောက်မေ့ဖွယ်ရာများကို ဖော်ကျူးမည့် စကားလုံးများက အလုအယက် တိုးဝှေ့နေကြသည်" လို့ စနေ–တနင်္ဂနွေမှာ ကိန္နရာချောင်းခြားဖြစ်ခဲ့ရတဲ့ ရုံးဝန်ထမ်း ချစ်သူနှစ်ဦးတို့ရဲ့ တနင်္လာနေ့အားမာန်ကို အားကျစရာ ဖွဲ့ဆိုထားတာ တွေ့ရပါတယ်။

အများစုအဖို့တော့ ဒီလိုလဲ မျှော်လင့်စရာ အလုပ်ခွင့်မှာ "မျက်နှာငွေလ" မရှိ။ ကားစောင့်ရတာများမှာလဲ တစ်ဒုက္ခ။ ဟင်း၊ ထမင်း မကျက်ရင် ရုံးနောက်ကျရပြန်တယ်။ အရွယ်ကောင်း၊ ပညာကောင်း၊ အဆက်အသွယ်ကောင်း၊ ကံကောင်းတဲ့ ကုမ္ပဏီဝန်ထမ်းများထဲက အဆင်ပြေလျှင် အလုပ်ခွင်လာဖို့ ကားနဲ့ကြိုကောင်း ကြိုလိမ့်မယ်။ သူတို့မှာ တနင်္ဂနွေညနေအထိ လူများလို မနားရဘဲ အချိန်ပို လုပ်ခဲ့ရတဲ့ ဝန်ထမ်းများလဲ ဖြစ်ကောင်းဖြစ်မယ့်အပြင် တနင်္လာကျပြန်တော့ အားတက်သရောလုပ်မှ သူရတဲ့လခနဲ့ သူ့ဆန်စားပြီး ရဲနိုင်တော့မှာ။ အဲဒီအခါ တနင်္လာဟာ နောက်ထပ် ငါးရက်တာ လှုပ်ရှားရဦးမယ့် ကမ္ဘာငယ်တစ်ခုရဲ့ နိဒါန်းအစ ဖြစ်သွားပြန်ရောပေါ့။

ဒီတော့ကာ မန်းဒေး မု (ဒ်) ခေါ်တဲ့ တနင်္လာ စိတ်ထားဟာ ပြောစမှတ် ဖြစ်လောက်အောင် ရှိတာ၊ မရှိတာ အပထား၊ လုပ်ငန်းချင်းအပြိုင်၊ နိုင်ငံချင်းအပြိုင် တည်ဆောက်အားထုတ်ရမယ့် ခေတ်ကာလမှာ

www.burmeseclassic.com



"မန်းဒေး မုဒ်" သို့မဟုတ် "မန်းဒေး ဘလူး(စ်)" တို့ကို စာဖွဲ့ခဲ့သူများကို တောင် ရမယ်ရှာပြီး ပြောတတ်ကြလေရဲ့လို့ အပြစ်တင်ရတော့မလိုပါပဲ။

စနေ–တနင်္ဂနွေရက်များမှာ နိုင်ငံအတွက် မနားမနေအလုပ်လုပ်နေကြသူတွေကို လေးစား ထောက်ထားသောအားဖြင့် တနင်္လာစိတ်ထားကို ရက်သတ္တပတ်ရဲ့ အားခွန်သစ် စတင်တဲ့နေ့လို့ အားလုံး သဘောထားနိုင်ရင် ကောင်းလေစွ။

# မိုင်းဆက် (MINDSET)

ဖွန်လဆန်းတုန်းက နိုင်ငံတကာ သတင်းတစ်ပုဒ်မှာ “မိုင်းဆက်” ဆိုတဲ့ ဝေါဟာရတစ်လုံး ဖတ်လိုက်မိပါတယ်။ ကျွန်တော်တို့ ဖတ်ဖူး၊ သုံးဖူးတဲ့ စကားမဟုတ်လို့ အဓိပ္ပာယ် စိမ်းနေသလိုပဲ။ အဘိဓာန်ထဲ ကြည့်တော့မှ မစိမ်းပါဘူး။ အဓိပ္ပာယ်က တွေးနေကျအတွေး၊ ထားနေကျ သဘောထား၊ ကျင့်သားရနေတဲ့ စိတ်အနေရယ်လို့ ဆိုလိုတာပါ။

မူလသတင်းမှာ ပါတာက အနောက်နဲ့အရှေ့ အင်အားကြီးနိုင်ငံနှစ်ခု ရှုမြင်သုံးသပ်ပုံ သဘောထားမှာ အနောက်ရဲ့ တွေးပုံမြင်ပုံ၊ သဘောထား ပုံနဲ့ အရှေ့ရဲ့ တွေးပုံမြင်ပုံ၊ သဘောထားပုံတို့ မတူတာရှိတယ်။ အဲဒါကို တစ်ဖက်က သဘောမပေါက်မိဘူးလို့ဆိုပြီး နိုင်ငံတကာဖြစ်ရပ်တစ်ခုကို မှီပြီး သတင်းရေးထားတာပါ။ ကျွန်တော်ကတော့ အဲဒီသတင်းထဲကလို နိုင်ငံတကာနဲ့ချီပြီး တွေးကြည့်ချင်တာ မဟုတ်ပါဘူး။ လူအချင်းချင်း ဆက်ဆံရေးနဲ့ ယှဉ်ပြီးတော့ တွေးတာတွေ ရှိမယ်လို့ ထင်ပါတယ်။ စကားလုံး ဝေါဟာရများကို ပြောပြတဲ့ လူ့စရိုက်၊ လူ့သဘောကို ဆန်းစစ် ကြည့်ဖို့ကောင်းတာကို ပြောချင်ပါတယ်။

ကျွန်တော်တို့ ဖတ်ဖူး၊ ကြားဖူးတာကတော့ စိတ်ထားအတွေးခွင် (Frame of mind)၊ စိတ်ထားသဘောထား (Mentality)၊ ရှေးရှုတဲ့

www.burmeseclassic.com



သဘောထား (Attitude)၊ ပင်ကိုစိတ်အနေ (Temperament) အစရှိတဲ့ အသုံးအနှုန်းတွေပဲလို့ တွေးမိတယ်။ ဒါပေမဲ့ "မိုင်းဆက်" က သတင်းစာ ဆရာတွေ ရွေးသုံးလိုက်တဲ့ စကားလုံးမို့လား မသိဘူး။ လွယ်လွယ် ရှင်းရှင်း နဲ့ လှတယ်ထင်ပါတယ်။ ဒီဝေါဟာရကို ၁၉၂၅ ခုနှစ်လောက်ကစပြီး သုံးတယ်လို့ အဘိဓာန်မှာ ဆိုပါတယ်။ ဒါပေမဲ့ စကားလုံး ဝေါဟာရများ ဆိုတာ သူ့ခေတ်နဲ့သူ တွင်ကျယ်တတ်ပြီး သူ့ပညာနဲ့သူ၊ သူ့အသိုင်းအဝိုင်း၊ သူ့ပတ်ဝန်းကျင်နဲ့သူ သုံးကြတာဖြစ်လေတော့ ကျွန်တော်တို့ မကြားဖူး တာ မဆန်းလှဘူးလို့ ထင်ပါတယ်။

"မိုင်းဆက်" ဟာ တစ်နည်းအားဖြင့် လူတစ်ဦးကို ကိုယ့်ပတ်ဝန်း ကျင်က ဒီလိုတွေး၊ ဒီလိုခေါ်လို့ သိုင်းဝိုင်းဖန်တီးတဲ့ ပယောဂလဲပါတယ်။ သူ့နဂိုက စိတ်နေစိတ်ထားလဲ ပါနိုင်တယ်လို့ ဆိုရမှာပါ။ လေ့နံ့ဓားထစ် အမြင်တစ်မျိုး၊ အတွေးအမြင် ပုံစံတစ်မျိုးလို့လဲ ဆိုနိုင်ပါတယ်။ ခုဆောင်းပါးအစမှာ ရေးလိုက်တဲ့ သတင်းထဲက ဝေါဟာရကတော့ အမျိုးသားစရိုက်လက္ခဏာ (National Character) လို့ ပြောရမယ့်ကိစ္စ ဖြစ်ပါတယ်။ လူမျိုးအလိုက် ယေဘုယျ အထင်အမြင်တွေ ကမ္ဘာပေါ်မှာ ရှိတတ်ကြပါတယ်။ ပုံစံပြောရရင် ပြင်သစ်လူမျိုးတွေဟာ အပျော်အပါး၊ အလှအပကို ဝါသနာပါတယ်။ အင်္ဂလိပ်တွေက လျှို့ဝှက် သိုသပ်ပြီး အတွင်းကြိတ် လုပ်တတ်တယ်။ အမေရိကန်တွေဆိုရင် ဟောင်ဖွာ ဟောင်ဖွာနဲ့ ပိုက်ဆံရှိရင် ဘာမဆိုလုပ်လို့ရတယ်ဆိုတဲ့ အထင်အမြင်မျိုး ရှိတတ်ကြတယ်။ တရုတ်လူမျိုးတွေက စီးပွားကို ရအောင်ရှာပြီး သုံးလဲ သုံးတယ်။ အိန္ဒိယတွေကျတော့ ရှာလို့ရသမျှ မသုံးမစွဲရက်ဘဲ ကုပ်ကုပ် ကတ်ကတ် စုဆောင်းတယ်။ ရဟူဒီဂျူးတွေကျတော့ ပိုပြီးတောင် ကုပ်ကတ်သေးတယ်ဆိုတဲ့ သဘောနဲ့ ပြောကြပါတယ်။ ဒါကတော့ ယေဘုယျ အထင်အမြင်ပါ။ ဂျပန်တွေကျတော့ သံယောဇဉ်ကြီးတတ် တယ်။ ခေါင်းဆောင်ပြောတာကို လိုက်နာကြတယ်ဆိုတဲ့ အထင်အမြင် မျိုးလဲ ရှိပါတယ်။ ဂျာမန်တွေလဲ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားဖို့

www.burmeseclassic.com



ဆိုတဲ့အဆိုကို ခေါင်းဆောင်ထက်မြက်ပြီဆိုရင် ရိုကျိုးစွာ နောက်လိုက် လုပ်တတ်ကြတယ်လို့ အရပ်သဘော၊ အရပ်ပြောနဲ့ ယူဆကြပါတယ်။ ဒါဟာ "မိုင်းဆက်" ဆိုတဲ့ အတွေးခွင်လို့ ဆိုရမှာပါ။

ဒီလိုအတွေးခွင်မျိုးဟာ လူမျိုးတစ်မျိုးရဲ့ ပျိုးထောင်ကြီးပြင်းလာတဲ့ ဓလေ့စရိုက် အစဉ်အလာနဲ့လဲ ဆိုင်ပါတယ်။ မြန်မာတွေဟာ ပျော်ပျော် ပါးပါး နေတတ်တယ်။ ပြုံးပျော်ရွှင်မှု ပိုများတယ်။ သွေးဆူလွယ်တယ်။ ဒါပေမဲ့ ခွင့်လွှတ်တတ်တယ်။ ရောင့်ရဲတင်းတိမ်တတ်တယ်ဆိုတဲ့ အရည် အသွေးမျိုး ရှိကြတာကို ပဒေသရာဇ်ခေတ်နှောင်းနဲ့ ကိုလိုနီခေတ်ဦးမှာ မြန်မာပြည်ကို ရောက်လာတဲ့ နိုင်ငံခြားသားများက မှတ်တမ်းတင်ခဲ့ကြ ပါတယ်။

ကမ္ဘာနဲ့အဝှမ်း ကြည့်ရင်တော့ အရှေ့တိုင်းသားနဲ့ အနောက်တိုင်း သားတို့ဟာ သိသိသာသာ စိတ်အနေ ကွာခြားကြတာကိုလဲ သတိပြုမိနိုင် ပါတယ်။ အရှေ့တိုင်းသားက ဖော်ရွေတယ်။ အားနာတယ်။ စိတ်ကူးယဉ် တယ်။ ခင်မင်လွယ်တယ်။ အသင့်အတင့် နှလုံးသွင်းတယ်လို့ ဆိုလို့ရ ကောင်းပါတယ်။ အနောက်တိုင်းသားကတော့ တစ်ကိုယ်ရည် လွတ်လပ် ခွင့်ကို အရေးထားတယ်။ လက်တွေ့ကျတယ်။ ပြောစရာ ဆိုစရာရှိရင် အားမနာဘူး။ အသင့်အတင့် နှလုံးသွင်းဖို့ထက် စိတ်လိုက်မာန်ပါပြုဖို့က များတယ်ဆိုရင် ရနိုင်ကောင်းပါတယ်။ ဒါတွေဟာ "မိုင်းဆက်" ရဲ့ သဘောနဲ့ အကြုံးဝင်တာပါပဲ။

လူတစ်ဦးချင်းမှာလဲ ဘယ်လူမျိုးဖြစ်ဖြစ် "မိုင်းဆက်" ရဲ့ လက္ခဏာ တွေကို တွေ့နိုင်ပါတယ်။ လိုချင်တာကို လွယ်လွယ်ရတဲ့ လူမျိုးဟာ လောကမှာ ဘာမှ ခက်ခဲစရာမရှိဘူးဆိုတဲ့ သဘောမျိုးနဲ့ တွေးတတ်ပါ တယ်။ အဆောင်အယောင်၊ အဆောင်အရွက်တွေနဲ့ ပြည့်စုံတဲ့လူဟာ ဟံသာဝတီရောက် မင်းတရားကြီး မဟာဓမ္မရာဇာဓိပတိ စပ်ဆိုသလို "လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော၊ သဘောနိယံ၊ လောကဓံနှင့် ဆက်ဆံ

www.burmeseclassic.com



ကြုံကြိုက်၊ ကိန်းခန်းလိုက်ဖြင့်” ဆိုတာ လို လောကဆိုတာ အဖန်တလဲလဲ ပျက်တတ်တဲ့သဘောလို့ ရိပ်စားမိဖို့ အခွင့်သာဟန် မတူတတ်ပါဘူး။

ဒီလိုလူမျိုးထဲကပဲ ပြင်သစ်ပြည်မှာ ၁၈ ရာစုနှစ်တုန်းက ပြင်သစ်လူမျိုးတွေ ပေါင်မုန့်တောင်းကြတာကို “ပေါင်မုန့်မရှိရင် ကိတ်မုန့်စားကြပစေပေါ့” လို့ဆိုတဲ့ လူဝီဘုရင်ရဲ့ မိဖုရား မေရီအင်တွိုင်းနက်တို့လို့ လူတွေဟာလဲ ဒီသာဓကတစ်ရပ်ပါပဲ။ ခုလို တစ်ဖြောင့်တည်းတွေးတာကို တစ်လမ်းသွားစိတ် (One track mind) လို့ဆိုတာ ရှိသလို ဥမင်လိုဏ်ခေါင်းထဲကအမြင် (Tunnel vision) ဆိုတဲ့ အသုံးအနှုန်းနဲ့လဲ နီးစပ်ပါတယ်။

တစ်နည်းအားဖြင့်တော့ စိတ်အချိုး တစ်မျိုးတည်းလို့ ဆိုလိုတာပါ။ လောကကြီးမှာ စိတ်အချိုးချင်း ကွဲပြားကြတာကို သင့်တင့်အောင် ညှိနှိုင်းဆောင်ရွက်ဖို့ လိုအပ်ချက်ဟာ အမြဲရှိတတ်တဲ့အတွက် ကိုယ်စီမှာ စိတ်အချိုးပြေတတ်ဖို့လဲ လိုအပ်ပါလိမ့်မယ်။ “မိုင်းဆက်” ကို ပြုပြင်သင့်ရင် တစ်မျိုးပြောင်းပြီး တွေးတတ်ဖို့ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ တစ်ပါးသူရဲ့ “မိုင်းဆက်” ကို ကိုယ်ကကြိုသိထားရင် ဆက်ဆံရေး ပြေလည်နိုင်တာလဲ ရှိနိုင်တာပေါ့။

အခုခေတ် လူတို့မှာ ဝလေ့စရိုက်ချင်း အလွယ်တကူ ကူးလူးရောယှက်နိုင်တဲ့ အခြေအနေတွေ များလာတော့ ကိုယ့်စိတ်အနေက ကောင်းရင် ကိုယ့်လောက်မကောင်းတဲ့ စိတ်အနေမျိုးကို မကူးစက်မိဖို့ သတိထားရပါလိမ့်မယ်။ ဒီအခါမှာ ဓာတ်ခံမကောင်းသူ၊ အခြေခံ နုံနဲ့သူများဟာ သူများဓာတ်ခံနောက်ကို ရောယောင်ပါသွားတတ်တာကို အမျိုးသားရေးအမြင်နဲ့ ကြည့်တတ်ဖို့အထိ ကျယ်ဝန်းတဲ့သဘော ရှိနေတာကို ပြောချင်မိပါတယ်။

# မယ်မိုရီ (MEMORY)

လူ့အမှတ်သညာများ တိုတောင်းတတ်တဲ့အကြောင်းကို ဆရာတက်တိုးက သူ့ဆောင်းပါးတစ်ပုဒ်မှာ ရေးဖူးတာကို မှတ်မိနေပါတယ်။ ဆရာ့ဆောင်းပါးကို အမှတ်မထင် ဖတ်မိလိုက်တော့ လူ့စရိုက်သဘာဝတစ်ခုကို လင်းကနဲမြင်လိုက်ရသလို ဖြစ်ပါတယ်။ လူ့မှတ်ဉာဏ်များဟာ တိုတောင်းလွန်းတယ်လို့ ဆိုရတာကတော့ လူတွေဟာ မေ့လွယ်ပျောက်လွယ် ဖြစ်တတ်တယ်လို့ ဆိုလိုရိပ်ရှိတာပေါ့။ ကျေးဇူးတရားကိုဖြစ်ဖြစ်၊ အပြစ်အနာကိုဖြစ်ဖြစ် စွဲမြဲမှတ်သားလို့ မထားဘူးပေါ့။ ဒီသဘာဝဟာ တစ်နည်းအားဖြင့် ကောင်းတာရှိသလို၊ အခြားတစ်နည်းအားဖြင့် မကောင်းတာလဲ ရှိပါတယ်။ ကောင်းတာကတော့ အပြစ်အနာကို မေ့ပျောက်နိုင်တယ်ပေါ့။ ပြန်ပြီး ရေမန္တူးဘူးပေါ့။ မကောင်းတဲ့အပိုင်းကတော့ မေ့ပျောက်လွယ်တဲ့အတွက် သူတစ်ပါးကျေးဇူးကို ထိမ်မြုံးရာရောက်တယ်။

“မယ်မိုရီ” ကို မှတ်ဉာဏ်မဟုတ်ဘဲ အမှတ်သညာအဖြစ်နဲ့ အရေးထားပြီး သုံးစွဲနေကြတာကတော့ ကွန်ပျူတာမှာ အချက်အလက်များ ထည့်သွင်းတာနဲ့ ကွန်ပျူတာစက်ကို ဘာပြီးရင် ဘာလုပ်လို့ သင်ပေးထား

www.burmeseclassic.com



တဲ့ ကိစ္စတွေမှာဖြစ်ပါတယ်။ ကွန်ပျူတာဟာ ကိုယ်ထည့်သွင်းပေးတဲ့ အချက်အလက် အမှတ်သညာကို မှတ်မိအောင် သိမ်းထားပြီး လိုချင်တဲ့ အခါ အလွယ်ရအောင် ပြန်ပြီးထုတ်ပေးတဲ့ကိစ္စမှာတော့ အံ့လောက်စရာ ဖြစ်ပါတယ်။ အင်မတန် မှတ်မိတဲ့လူကမှ ပြန်စဉ်းစားလို့ ကြာချင်ကြာနေ ဦးမယ်။ မေ့မေ့လျော့လျော့ ရှိချင်ရှိဦးမယ်။ ကွန်ပျူတာကတော့ ဒိုးဒိုး ဒေါက်ဒေါက် ပြန်ပြောနိုင်ပါတယ်။ "ကရားရေလွှတ်ပြောတယ်" ဆိုတာ တောင် ကွန်ပျူတာလောက် မမြန်နိုင်ပါဘူး။

အခုဆိုရင် ကွန်ပျူတာကို မှတ်ဉာဏ်ထည့်ပေးရုံတင် မဟုတ်ဘူး။ အကောင်းအဆိုး ခွဲခြားဆုံးဖြတ်နိုင်ဖို့ ယုတ္တိသဘောကိုပါ သင်ပေးလာ ကြပါပြီ။ ဒါဟာ ကျွမ်းကျင်လိမ္မာမှု ဖြစ်ပါတယ်။ သက်ရှိရုပ်တို့မှာလို မွေးရာပါ အရည်အချင်း မဟုတ်ပါဘူး။ တမင်ဖန်တီးပေးတဲ့ အသိအလိမ္မာ ပေါ့။ တုပထားတဲ့ ဉာဏ်ပညာပေါ့။ အာတစ်ဖီရှယ် အင်တဲလီဂျင့် (Artificial Intelligence) လို့ ဆိုကြပါတယ်။ လူ့အသိနဲ့ လူ့မှတ်ဉာဏ် လောက် ဖြစ်ဖို့တော့ မလွယ်သေးဘူးပေါ့။ အကြမ်းအားဖြင့် နီးစပ် သယောင်ယောင်တော့ ရှိလာပြီလို့ ဆိုပါတယ်။ လူ့မှတ်ဉာဏ်နဲ့ အသိကို ဆုံးဖြတ်ဖန်တီးရာမှာ တူတဲ့အကြောင်းတွေကတော့ အမြင်၊ အကြား၊ အနံ့အသက်နဲ့ အထိအတွေ့ အာရုံတွေ ဖြစ်ပါတယ်။ စက်ကိရိယာကိုလဲ ဒီလိုပဲ မြင်ရင်၊ ကြားရင်၊ အနံ့ရရင်၊ ထိဆောင့်မိရင် သိနိုင်အောင်လို့ အာရုံတွေ ထည့်ပေးထားပါတယ်။ အာရုံဆိုတာက လျှပ်စစ်နဲ့ အလုပ် လုပ်တဲ့ အာရုံပါ။

လူ့ဦးနှောက်ရဲ့ ထူးခြားချက် ဉာဏ်ရည်ကို စက်က လိုက်လို့မမီနိုင် ဘူးလို့ ပြောကြပါတယ်။ ဦးနှောက်ရဲ့ ဆင်ခြင်တုံတရား၊ အကျိုးသင့် အကြောင်းသင့် ပြောင်းလဲခံယူပုံတို့ကို စက်ကိရိယာက အပ်ချမတ်ချ တုပဖို့

www.burmeseclassic.com



လွယ်စရာ မရှိပါဘူး။ အံ့သြစရာတွေတော့ ဖြစ်မယ်ပေါ့။ လူကို ခိုင်းရတာထက်လဲ အလုပ်တွင်မယ်ပေါ့။

ပြီးတော့ လူ့ဦးနှောက်ဟာ မှတ်ဉာဏ်ကို သိမ်းထားရုံသာ မဟုတ်ဘူး။ အကျင့်စရိုက်ကိုလဲ စိုးမိုးခြယ်လှယ်ပေးတဲ့ အစိတ်အပိုင်းဖြစ်ပါတယ်။ မှတ်ဉာဏ်ရယ်၊ အကျင့်စရိုက်ရယ် ပေါင်းစပ်ပြီးမှ လူတွေရဲ့ ဆုံးဖြတ်လုပ်ကိုင်မှုက ဖြစ်ရလေ့ရှိပါတယ်။ အကျင့်စရိုက်တို့မှာလဲ နာချား (Nurture) လို့ခေါ်တဲ့ ပတ်ဝန်းကျင်ရဲ့ ပြုပြင်ဖန်တီးမှု၊ အလေ့အထတို့က တစ်စိတ်တစ်ပိုင်းပါလေတော့ လူဟာ သူ့ဦးနှောက်ရဲ့ အရည်အချင်း နှစ်မျိုးကို မျှပြီး သုံးတတ်မှ တော်ကာကျပါလိမ့်မယ်။

ဒီတော့ မေ့မေ့လျော့လျော့နဲ့ မယ်မိုရီကို ဘေးဖယ်ထားလို့ မဖြစ်ပါဘူး။ တချို့ မယ်မိုရီတွေဟာ ပြန်လည်သတိရပြီး ခံစားဖို့ ဖြစ်သလို၊ တချို့ကျတော့ သတိရတာကို သုံးသပ်ပြီး လက်တွေ့ကျင့်သုံးမှုအတွက် ထည့်စဉ်းစားဖို့ ဖြစ်ပါတယ်။ ပြန်လည်ခံစားဖို့ကတော့ ရသခံစားမှုနဲ့ ဆိုင်တာတွေပါတယ်။ ဖတ်ဖူးတဲ့ ဇာတ်လမ်း၊ ကြားဖူးတဲ့ တေးဂီတ၊ ခင်မင်နှစ်သက်ဖူးတဲ့သူအထိဖြစ်ပါတယ်။ မြန်မာ့အသံက တစ်ခါတစ်ရံ (Down Memory Lane) ဆိုတဲ့ နာမည်နဲ့ တစ်ခေတ်တစ်ခါက ကျော်ကြားလူကြိုက်များခဲ့တဲ့ တေးသံရှင်တို့ရဲ့ သီချင်းကို လွှင့်ထုတ်လေ့ရှိပါတယ်။ ဒီကဏ္ဍ ခေါင်းစဉ်ရဲ့ အဓိပ္ပာယ်ကတော့ "မှတ်မိနေတဲ့ လမ်းပေါ်ကို ပြန်လျှောက်ခြင်း" လို့ ကဗျာဆန်ဆန် အမည်ပေးထားပါတယ်။ "သတိရစရာ ဇာတ်လမ်းတစ်ပုဒ်" (An Affair to Remember) လို့ ရုပ်ရှင်ကားတစ်ကားကို အမည်ပေးထားပါတယ်။ တမ်းတသတိရစရာဖြစ်ပါတယ်။ စာတွေ၊ ကဗျာတွေ၊ ပန်းချီကားတွေ၊ တေးဂီတတွေ၊ ဓာတ်ပုံမှတ်တမ်းတွေမှာ ဒီလို စိတ်အာရုံကို နှိုးဆွနိုင်တဲ့ အဖွဲ့အနွဲ့တွေ ပါပါတယ်။

www.burmeseclassic.com



ဒါ့ထက် တစ်ဆင့်တက်ရရင် လူတစ်ယောက်ရဲ့ သာမန်ခံစားချက်ကိုသာမကဘဲ တိုင်းပြည်နဲ့၊ လူမျိုးနဲ့၊ နိုင်ငံနဲ့ချီပြီး အမှတ်ရစရာတွေလဲ ရှိပါတယ်။ ဥပမာ – မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ဆိုပါတော့။ သမိုင်းက ပြောတဲ့ အမှတ်ရစရာ ကိစ္စတွေက အမျိုးဇာတိဂုဏ်ကို သတိရစေပြီး လက်တွေ့ဆောင်ရွက်ဖို့ ထောက်ကူပါစေ့မယ်။

ဒါကြောင့် မယ်မိုရီဟာ ကွန်ပျူတာထဲမှာ “ဗိုင်းရပ်စ်” (Virus) လို့ တင်စားခေါ်ရတဲ့ ပိုးဝင်လို့ ပျောက်ပျက်နိုင်သလို မပျောက်ကောင်း မပျက်ကောင်းတဲ့ အကျိုးပြုစရာ အစီအစဉ်တွေလဲ ရှိပါတယ်။ လူတစ်ယောက်ချင်းကိစ္စအနေနဲ့ကတော့ အသက်ကြီးလာတဲ့အရွယ်မှာ ပက်လက်ကုလားထိုင်ပေါ်မှာ မှိန်းပြီး ဆေးလိပ်ဖွာရင်း၊ ကွမ်းဝါးရင်း (ဒီအချိန်အထိ မပြတ်သေးရင်ပေါ့လေ) အတိတ်အကြောင်းတွေကို မကြာခဏ စဉ်းစားမိရာက တမ်းတခြင်း၊ လွမ်းဆွတ်ခြင်းလို့ ဆိုလိုတဲ့ နော့စတဲဂျီးယား (Nostalgia) ကြောင့် ရင်ထဲမှာ ရောပြွမ်းတဲ့ ရသများကို ခံစားရမှာပဲလို့ တွေးမိပါတယ်။

www.burmeseclassic.com



# နိုဗို ရစ်ရှီ (NOVEAU RICHE)

အင်္ဂလိပ်စကားထဲမှာ ညှပ်ပြီးသုံးတဲ့ "နိုဗို ရစ်ရှီ" ဆိုတဲ့ ဝေါဟာရကတော့ အင်္ဂလိပ်ဘာသာသက်သက်နဲ့ရေးရင် နယူး ရစ်ချ် (New Rich) လို့ ဖြစ်ရပါမယ်။ အင်္ဂလိပ်လို သုံးနိုင်လျက်သားနဲ့ ပြင်သစ်စကားကို ညှပ်သုံးကြတာကတော့ တန်းဝင်တယ်၊ ပေါ်လွင်ထိရောက်တယ်ဆိုတဲ့ သဘောများနဲ့ သုံးနှုန်းကြခြင်းဖြစ်တယ်လို့ ဆိုရမယ် ထင်ပါတယ်။ မြန်မာစကားမှာ ပါဠိ၊ သက္ကဋ္ဌဘာသာက စာလုံးတွေ ညှပ်ပြီးသုံးသလိုပေါ့။ လေးနက်စေချင်တဲ့ ရည်ရွယ်ချက်လဲ ပါနိုင်ပါတယ်။

သမိုင်းတစ်လျှောက်မှာ ဘာသာစကားချင်း၊ တိုင်းပြည်ချင်း အကူးအလူး အဆက်အဆံများခဲ့လို့ တစ်ဦးကိုတစ်ဦးက ငှားရမ်း သုံးစွဲခဲ့တဲ့ အစဉ်အလာကြောင့်လဲ ဖြစ်ပါတယ်။ တစ်ချိန်တုန်းက ပြင်သစ်စကားဟာ တော်ဝင်တဲ့ ဘာသာစကားဖြစ်ခဲ့တာကြောင့်လဲ တစ်ကြောင်းပါ။

နိုဗို ရစ်ရှီရဲ့ အဓိပ္ပာယ်ကတော့ "သူဌေးအသစ်"၊ "သူကြွယ်အသစ်"၊ "သုံးစွဲစားသောက်နိုင်သူအသစ်" ရယ်လို့ ဆိုလိုပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်တုန်းက စပြီးသုံးနှုန်းခဲ့တဲ့ မြန်မာစကား ဝေါဟာရတစ်ခုနဲ့ ယှဉ်ရင် တော်တော်လေး နီးစပ်မယ်လို့ ထင်ပါတယ်။

www.burmeseclassic.com



အဲဒီ မြန်မာဝေါဟာရကတော့ "ခေတ်ပျက်သူဌေး" ဆိုတဲ့ အသုံးအနှုန်း ပါ။ အခု နိုဗို ရစ်ရှီမှာလဲ အဲဒီလို ထေ့ထားတဲ့ စကားရိပ်များ သက်ရောက် ပါတယ်။ အစတုန်းက သေးသိမ်စေတဲ့၊ နှိမ့်ချလိုတဲ့သဘောနဲ့ စခဲ့တာပါ။ ခေတ်သစ်အသုံးအနှုန်းမှာတော့ ဒီအဓိပ္ပာယ်မျိုး အခါခပ်သိမ်း မသက် ရောက်တော့ပါဘူး။

ခေတ်စနစ်ပြောင်းလဲတုန်းမှာ အကွက်ကောင်း လွယ်လွယ်တွေ့ပြီး ရတနာပုံဆိုက်တဲ့သူတွေလို့ ဆိုလိုဟန်ရှိပေမယ့် တစ်နည်းအားဖြင့် သုံးသပ်ရရင် အခွင့်အခါ အပြောင်းအလဲမှာ အလိုအလျောက်ပဲဖြစ်ဖြစ်၊ အကြံညဏ် စေစားလို့ပဲဖြစ်ဖြစ်၊ အဆက်အသွယ်ကြောင့်ပဲဖြစ်ဖြစ် ဥစ္စာနေတိုးဖို့ လုပ်နိုင်ကိုင်နိုင်တဲ့သူတွေလို့လဲ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားလို့ ရပါတယ်။

သာဓကတစ်ခုပြောရရင် ၁၉၉၇ ခု ဧပြီလဆန်းတုန်းက ကျူးဘား နိုင်ငံရဲ့ အဖွဲ့အစည်း နှစ်လည်ပွဲတစ်ခုမှာ သမ္မတ ဖီဒဲလ်ကတ်စထရိုက တိုင်းပြည်မှာ နိုင်ငံခြားဧည့်သည်ခရီးသွားတွေကို တည်းခိုခန်းတို့၊ နေအိမ် တို့ ငှားရမ်းသူတွေ၊ ဧည့်ကြိုလုပ်ငန်းမှာ စားသောက်ဆိုင်ဖွင့်ပြီး ရောင်းချ သူတွေ၊ လက်မှုအနုပညာပစ္စည်းရောင်းချတဲ့ ပညာသည်တွေ၊ ကုန်သည် ပွဲစားတွေဟာ သာမန် နိုင်ငံ့ဝန်ထမ်းလုပ်သားတွေထက် လစဉ်ဝင်ငွေကို အဆပေါင်း ၃၀ က ၆၀ အထိ ရနေကြပေမယ့် ဝင်ငွေခွန်မဆောင်ကြလို့ လုပ်ငန်းလိုင်စင်ယူရမယ်၊ ဝင်ငွေခွန်လဲ စည်းကြပ်ရမယ်လို့ ပြောလိုက်တဲ့ စကားပါ။ ဒါကို ရိုက်တာသတင်းဌာနက ဖော်ပြရာမှာ ကျူးဘား သမ္မတ က နိုဗိုရစ်ရှီတွေကို ဤသို့ပြောဆိုကြောင်း ရေးသားလိုက်တာကို ဖတ်ရ ပါတယ်။ သူတို့အထဲမှာ ဒေါ်လာနဲ့ဝင်ငွေရှိတဲ့ လူတွေလဲပါတယ်လို့လဲ ပြောပါတယ်။

နိုဗိုရစ်ရှီများဟာ ဘယ်တိုင်းပြည်၊ ဘယ်ကာလမှာမဆို ရှိတတ်မြဲ ဖြစ်တာကိုလဲ သဘောပေါက်ရပါလိမ့်မယ်။ ကျွန်တော်တို့ဆီမှာ ဒုတိယ

www.burmeseclassic.com



ကမ္ဘာစစ်အတွင်း အရောင်းအဝယ်ဖြစ်လို့၊ ရှားပါးပစ္စည်း ထုတ်လုပ်နိုင်လို့ သူဌေးဖြစ်တဲ့လူတွေ ရှိခဲ့သလို ၁၉ ရာစုနှစ်များအလယ်မှာ အင်္ဂလိပ်က အောက်မြန်မာနိုင်ငံကိုသိမ်းတော့ ဓားမဦးချ လုပ်မယ့်သူတွေကို မြေယာ ချပေးလို့ သားစဉ်မြေးဆက် မြေပိုင်ရှင်တွေ ဖြစ်လာခဲ့တာလဲ ရှိရဲ့။ ၂၀ ရာစု အစပိုင်းမှာတော့ ကမ္ဘာ့စီးပွားပျက်ကပ်ကြီးဆိုက်ချိန်မှာ လယ်တွေ၊ ယာတွေ၊ တိုက်တွေ အပေါင်ခံပြီး အကြွေးပြန်မဆပ်နိုင်တဲ့သူ တွေဆီက မတရားစာချုပ်နဲ့သိမ်းပြီး ကြီးပွားချမ်းသာကြတဲ့ အိန္ဒိယက လာတဲ့ ချစ်တီးယားတွေလဲ သူ့ခေတ်ကာလက နိုဗိုရစ်ရှီတွေ ဖြစ်ခဲ့ ပါတယ်။

အဲဒီလူတွေကို ဟိုသမိုင်းအကွေ့မှာ ခေတ်က မွေးထုတ်လိုက်သလို ခေတ်ကပဲ အစဖျောက်ပေးလိုက်တာဟာ မကြာသေးတဲ့ သမိုင်းပါ။ မကြာမတင်ကာလက သမိုင်း (Recent history) ပေါ့။ မျက်မှောက် ခေတ်မှာတော့ နိုင်ငံတကာ ကူးလူးဆက်သွယ်မှုတွေ မြန်ဆန်တိုးတက် ပြီး ဈေးကွက်၊ ကုန်ကြမ်း၊ ဖြန့်ချိမှု၊ သုတေသနလုပ်ငန်းတွေကို မဟာ ဗျူဟာမြောက် ပြုလုပ်လာကြတဲ့အတွက် နိုဗိုရစ်ရှီအဖြစ် တိုးဝင်ကြီးပွားဖို့ ကိစ္စမှာ ဟိုတုန်းကလောက် မလွယ်တော့တာ အမှန်ပါပဲ။

ပြီးတော့ ဘယ်စီးပွားကုန်သွယ်မှုလုပ်ငန်းမှာမဆို အရင်းအနှီး အကြံဉာဏ်၊ နည်းပညာနဲ့ တီထွင်လုပ်ကိုင်မှုတွေကို ဘက်စုံအောင် လုပ်ကိုင်ကြတာဖြစ်လို့ ဒီစုစည်းမှုတွေကို လေ့လာ အတုယူပြီး လုပ်ကိုင် ကြမှ စားဝတ်နေမှု ဖူလုံ ဖွံ့ဖြိုးတဲ့ လူ့ဘောင်တစ်ရပ်ကို မျှော်မှန်းနိုင်ကြမှာ ဖြစ်ပါတယ်။ ဒီတော့လဲ နိုဗိုရစ်ရှီတွေ အုံနဲ့ကျင်းနဲ့ ပေါ်ပေါက်နိုင်မှာပါ။

www.burmeseclassic.com

# အော်ဂင်နိုက်ဇ် (ORGANIZE)

ခေတ်အလိုက် အသုံးများတဲ့ ဝေါဟာရများထဲမှာ အော်ဂင်နိုက်ဇ် ဆိုတဲ့ ဝေါဟာရလဲ တစ်ခုအပါအဝင် ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။ ဝေါဟာရတို့ရဲ့ ထုံးစံအတိုင်း သုံးနှုန်းပုံကိုလိုက်လို့ အဓိပ္ပာယ် အရိပ်အဆင် ကွဲလွဲမှုတွေလဲ ရှိစမြဲပါပဲ။

အော်ဂင် (Organ) ဆိုတာကတော့ သက်ရှိအစိတ်အပိုင်းလဲ ဟုတ်ရဲ့၊ လုံးပြည့်သက်ရှိသဘောလဲ ဆောင်ရဲ့။

ဒါကြောင့် အော်ဂင်နိုက်ဇ်ဆိုတဲ့ စာလုံးကို မူရင်းအဓိပ္ပာယ်တစ်မျိုး နဲ့ဆိုရင် "စည်းရုံးတယ်" လို့ သဘောပေါက်ရပါတယ်။ အော်ဂင် ဖြစ်အောင်လုပ်တယ်ပေါ့။ စကားလုံးပုံစံ ပြောင်းလဲပြီး အော်ဂင်နိုက်ဇေးရှင်း (Organization) လို့ဆိုရင် အဖွဲ့အစည်းလို့ နားလည်နိုင်တာ ရှိပါတယ်။ ဒါပေမဲ့ ဖွဲ့စည်းမှု ပြုခြင်းလို့လဲ အဓိပ္ပာယ်ရတယ်။ ယေဘုယျပြောမယ်ဆိုရင် စီစဉ်ခြင်းလို့လဲ ဆိုနိုင်ပါတယ်။ မြေလတ်ပိုင်းမှာ "စဉ်တယ်" ဆိုတဲ့အသုံးကို သုံးလေ့ရှိပါတယ်။ "ကျွန်တော်သွားပြီး စဉ်လိုက်ဦးမယ်" ဆိုတာကို စီစဉ်လိုက်ဦးမယ်လို့ ဆိုလိုတာ ဖြစ်တယ်။ အလုပ်ကိစ္စ အော်ဂနိုက်ဇ် လုပ်ထားပေးမယ်ပေါ့။

www.burmeseclassic.com



ဒီနေရာမှာ ကျွန်တော်တို့ဆိုချင်တဲ့ အဓိပ္ပာယ်တစ်ခုကတော့ အဲဒီ သဘောနဲ့ဆင်တူတဲ့ စုစည်းစီစဉ်မှုရယ်လို့ ဆိုလိုချက်ပါ။ အခုနေ အင်္ဂလိပ်လို ပြောကြ၊ ရေးကြတဲ့နေရာမှာ ကျွန်တော်ပြောချင်တဲ့ ဆိုလိုချက်နဲ့ တော်တော်ပဲ သုံးလာကြတာ သတိထားမိပါတယ်။ ဘာ့ကြောင့် သုံးရသလဲဆိုရင် အလုပ်ဖြစ်ဖို့၊ အလုပ်တွင်ဖို့ သဘောတွေ ပါတာကြောင့်လို့ ဆိုချင်ပါတယ်။ အဲဒီ အကျိုးရလဒ်မျိုးကို ရအောင် စုစည်းတဲ့အခါ (အော်ဂင်နိုက်ဇ်) လုပ်တဲ့အခါမှာ စီစဉ်တကျ ပြုလုပ်ဖို့ကို အင်မတန် လိုအပ်ပါတယ်။

စုစည်းတဲ့လူဟာ ဘယ်အလုပ်မှာဖြစ်ဖြစ် လုပ်ငန်းတစ်ခုရဲ့သဘောကို သူကိုယ်တိုင်က အစအဆုံး မြင်ကြည့်ထားဖို့ လိုအပ်ပါတယ်။ စုစည်းရာမှာ ပါဝင်တဲ့သူတွေကလဲ အိယောင်ဝါး (ဘာစကားလဲတော့ မသိ) လုပ်တတ်တဲ့သူတွေ မဟုတ်ကြဖို့ လိုအပ်ပါတယ်။ လူတွေ ဝိုင်းလုပ်ကြတာဆိုတော့ ရာခိုင်နှုန်းအနည်းငယ်တော့ ဒါမျိုးပါပေမပေါ့။ ပုဂ္ဂလိက လုပ်ငန်းခွင်မှာတော့ အလုပ်ကို အလုပ်နဲ့တူအောင်လုပ်ဖို့ အရင်းအနှီးပြုထားတဲ့သူ ရှိလေတော့ ဒါမျိုးကို အလုပ်ရှင်က ကြာရှည် သည်းခံလေ့ မရှိပါဘူး။

ဘာအလုပ်ပဲဖြစ်ဖြစ် စီးပွားရေးသဘောဆောင်လေလေ၊ လူ၊ ပစ္စည်း၊ အချိန်ဆိုတဲ့ အကြောင်းတရားများ ပေါင်းဆုံမိဖို့ လိုအပ်လေလေ ဖြစ်တာ အမှန်ပါပဲ။

တစ်ခါတုန်းက မိတ်ဆွေတစ်ယောက်က ပြောဖူးတယ်။ သူလုပ်ရတဲ့ အလုပ်တာဝန်တွေ မပြီးတာဟာ "တိုင်းမ် အင် မိုးရှင်း အီအိုရီ သဘောပေါ့"လို့ ညည်းပါတယ်။ Time and motion ဆိုတဲ့ ကိစ္စဟာ စီမံခန့်ခွဲမှုလုပ်ငန်း သဘောတစ်ခုဖြစ်မှာပါ။ သူ့အခက်အခဲက ဘာလဲ

www.burmeseclassic.com



ဆိုတာကို မေးကြည့်တော့ တစ်နေရာနဲ့တစ်နေရာကို အဆင်ပြေအောင် သွားစရာ ကားလဲမရှိဘူး၊ အလုပ်ခွင်ထဲမှာ ညှိနှိုင်း တွေ့ဆုံရတဲ့ကိစ္စတွေ ကလဲ များတယ်။ ချိန်းချက်တွေ့ဆုံဆွေးနွေးဖို့ရာ တယ်လီဖုန်းက အဆင် မပြေလို့ သူကိုယ်တိုင် အပြင်အပကို သွားရပြန်တယ်ဆိုတာ သိရတယ်။

တချို့ကတော့ စာရေးစာချီအလုပ်ထဲမှာ လုပ်နေကျ အနိမ့်စား အလုပ်မျိုးကိုတောင် အဆင်ပြေအောင် ဂရုမစိုက်ချင်ဘူး။ မကြာခဏ ဆိုသလိုပဲ စာမျက်နှာ ၅ မျက်နှာလောက်ကို လက်နှိပ်စက်မိတ္တူ ရိုက်နှိပ် ပြီး မိတ္တူ ၆ စောင်လောက်တွဲဖို့ ပေးလိုက်ပါတယ်။ လက်နှိပ်စက်ရိုက်ပြီး ယူလာတော့ မိတ္တူအတွဲတွေမှာ ပထမ စာမျက်နှာနဲ့ ဒုတိယ စာမျက်နှာ စသည်ဖြင့် ထပ်ရာမှာ ပထမမိတ္တူနောက်က အမှတ်စဉ်တော့ မှန်ပါရဲ့၊ ကာဗွန်မိတ္တူတွဲပုံက အစဉ်အလိုက်မဟုတ်တော့ စာတစ်တွဲထဲ စာလုံး ထင်ရှားပြတ်သားပုံက စာရွက်ချင်း မတူတော့ဘူး။ ဒါဟာ လက်နှိပ်စက် လုပ်ငန်းဆိုရင်ပေါ့။ ဒီလိုဖြစ်ရတာ စာရွက်တွဲပေးတဲ့လူရဲ့ ဉာဏ်ရည် ဉာဏ်သွေးလား၊ အလေ့အထလား၊ ဒါမျိုး မကြာခဏကြုံရတော့ စိတ်ပျက် စရာ ဖြစ်ပါတယ်။ အခုဆိုရင် ရုံးလုပ်ငန်း အဆင်ပြေမယ့် စက်ကိရိယာ တချို့လဲ ရှိပါပြီ။ စက်ကို မပျက်အောင်၊ ကြံ့ခိုင်အောင်လုပ်ဖို့ တော်တော် ပြောရပါဦးလိမ့်ဦးမယ်။

ဒါက အသေးအဖွဲလို့ဆိုချင်ဆိုဦး။ အလုပ်ကိစ္စတွေမှာ ချိန်းဆိုချက် အတိုင်း အချိန်မမှန်တာ၊ ရက်ချိန်းမှားတာ၊ အရေးကြီးတဲ့စာမှာ စာလုံးပေါင်းလွဲတာ၊ ဆက်စပ်ပြီး အလုပ်လုပ်ရတဲ့လူချင်း ညှိနှိုင်းဆက်စပ် မှုမရှိဘဲ ကိုယ့်စိတ်ကူးကလေးနဲ့ကိုယ်လုပ်ကြတာ၊ တာဝန်ပေးတဲ့အလုပ် ကို ဆောင်ရွက်ပြီးတဲ့အခါ ပြီးစီးမှု အခြေအနေကို သတင်းမပို့တာဆိုတဲ့ ကိစ္စတွေဟာ နေ့စဉ်နဲ့အမျှ တွေ့ရတတ်တဲ့ မစုစည်းနိုင်မှုတွေပါဘဲ။

www.burmeseclassic.com



ဒါ့ကြောင့် "ဆောင်ရွက်ပြီးရင် သတင်းပို့ပါ" ဆိုတဲ့ စာတန်းတွေ အလုပ်ဌာနမှာ ကပ်ထားကြရတယ်။ လက်နက်ကိုင် အဖွဲ့အစည်းတွေမှာတော့ ဒီကိစ္စဟာ အကျင့်ပါပြီးသား အလေ့အထကောင်းတစ်ရပ်လို့ ဆိုရပါလိမ့်မယ်။ လူမှုရေး အသင်းအပင်းတွေမှာလဲ ဒီလို အသားကျ ဖြစ်မှုမျိုး ရှားပါးနေပါသေးတယ်။

အော်ဂင်နိုက်ဇ်လုပ်တဲ့ စုစည်းစီစဉ်ခြင်းအလုပ်ဟာ တတ်နိုင်သမျှ လုပ်ငန်းအဆင်ပြေအောင် စီမံတာပါပဲ။

www.burmeseclassic.com

# အော်ဂင်နိုက်ဇ်
# (ORGANIZE)



www.burmeseclassic.com

# ဖိုးဗီးယား (PHOBIA)

ဖိုးဗီးယားကတော့ စိတ်ပညာဝေါဟာရတစ်ခုပါ။ ဒါပေမဲ့ လူပြိန်းတွေ ပါးစပ်ဖျားမှာလဲ အသုံးတွင်ကျယ်လာတဲ့ စကားလုံးပါပဲ။ ဆိုလိုရင်းအနက်ကတော့ "အကြောက်လွန်ခြင်း" ဖြစ်ပါတယ်။ ဆိုလိုရိပ်ကတော့ ရှုံကြောက်၊ မုန်းကြောက်၊ အစွဲကြောက်၊ အမြင်ကြောက်၊ အတွေးကြောက်တွေ ပါဝင်စရာရှိပါတယ်။

ဖိုးဗီးယားဟာ သွေးသားနဲ့ မစပ်ဆိုင်ဘဲ စိတ်ဓာတ်နဲ့ စပ်ဆိုင်ဖို့ များလိမ့်မယ် ထင်ရတယ်။ စိတ်ရောဂါ အခြေအနေ လက္ခဏာလို့လဲ ဆိုကောင်းဆိုလို့ ရသင့်ပါတယ်။ ဒါပေမဲ့ သွေးသားရောဂါလဲ မဟုတ်ဘူးလို့တော့ မဆိုနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ခွေးရူးပြန်ရောဂါကို ဟိုက်ဒရိုဖိုးဗီးယား (Hydrophobia) လို့ အရပ်ခေါ် ခေါ်ကြလို့ပါ။ အဓိပ္ပာယ်က ရေကြောက်တဲ့ ရောဂါပေါ့။ ခွေးရူးပြန်ပြီဆိုရင် အာရုံကြောတွေ တက်ချက်ပြီးတော့ ရေကိုပါ ကြည့်လို့မရတော့ဘူး။ ရေကိုလဲ မမျိုနိုင်ဘူးလို့ သိရပါတယ်။

ကျွန်တော်တို့ သာမန်ကြားဖူးသလောက်ဆိုရင် တခြားဖိုးဗီးယားတွေဟာ အများကြီးရှိပါတယ်။ အဘိဓာန်အဆိုအရမှာတော့ "အရာဝတ္ထုတစ်ခု၊ အခြေအနေ အဖြစ်အပျက်တစ်ခု၊ လုပ်ရပ်တစ်ခုကို အကျိုးသင့်

www.burmeseclassic.com



အကြောင်းသင့်မဟုတ်ဘဲ စွဲစွဲမြဲမြဲ ကြောက်ရွံ့နေပြီး မဖြစ်မနေ ရှောင်လွှဲလိုခြင်း” လို့ ဆိုပါတယ်။

ကြောက်စရာ အကြောင်းခံတစ်မျိုးမျိုးရှိတာကိုတော့ စိတ်ကုဆရာ (Psychiatrist) ပညာရှင်တို့ စေ့စေ့ငုငု မေးမြန်း စမ်းသပ်မှုပဲ အဖြေပေါ်ကောင်း ပေါ်ပါလိမ့်မယ်။ အငုပ်စိတ်ဆိုတာ အဖော်ရ ခက်သားကလား။

အကြောက်အရွံ့၊ အစွဲအလမ်း အမျိုးမျိုးကိုလိုက်ပြီး အဲဒီအဖြစ်အပျက် အကြောင်းအရာနဲ့ ဖိုးဗီးယားစကားလုံးနဲ့ ဆက်ကြလေ့ရှိပါတယ်။ တိုင်းတစ်ပါးသားများကို စိုးရိမ်မကင်း ကြောက်ရွံ့ခြင်းကို ဇီနို ဖိုးဗီးယား (Zenophobia)၊ အမှောင်ကြောက်ခြင်းကို ကလော့စထရို ဖိုးဗီးယား (Claustrophobia)၊ လေဟာပြင်ကြောက်ခြင်းကို အာဂိုရာ ဖိုးဗီးယား (Agoraphobia)၊ အမြင့်ကြောက်ခြင်းကို ဟစ်ပဆို ဖိုးဗီးယား (Hypsophobia)၊ တစ်ကိုယ်တည်းနေရတာ ကြောက်ခြင်းကို မိုနို ဖိုးဗီးယား (Monophobia)၊ ပန်းကြောက်ခြင်းကို အင်သို ဖိုးဗီးယား (Anthophobia)၊ ယာဉ်စီးရမှာကြောက်ခြင်းကို (Amaxophobia) စသည်ဖြင့် အမျိုးပေါင်းရာနဲ့ချီပြီး ပြောနိုင်ပါလိမ့်မယ်။ လောကကြီးမှာ ကြောက်တတ်မယ်ဆိုရင် ကြောက်စရာတွေကလဲ ကုန်နိုင်ဖွယ်မရှိပါဘူး။

တချို့အကြောက်စွဲများကတော့ တော်တော်များများ တူကြတာရှိပါတယ်။ မြွေကြောက်တယ်၊ ကြွက်ကြောက်တယ်၊ မျှော့ကြောက်တယ်၊ သွေးသံရဲရဲမြင်ရင် ကြောက်တယ် ဆိုတာမျိုးတွေပေါ့။ ကြောင်ကြောက်တယ် (Ailurophobia)၊ နာမှာကြောက်တယ် (Algophobia)၊ ကိုယ်မကြိုက်တဲ့အသံ ကြားရမှာကြောက်တယ် (Aconsticophobia) ဆိုတာတွေလဲ အဘိဓာန်မှာသာ ရှာနိုင်ရင် တစ်ပုံကြီးပါပဲ။

ကျွန်တော့်တူလေးတစ်ယောက်ဆိုရင် ကြမ်းပြင်ပေါ်မှာ ဖုံအလိမ်းလိမ်းကပ်နေတဲ့ စားပြီးထွေးထုတ်ထားတဲ့ ဆီးစေ့ကို မကြည့်ရဲဘူး။ မီးခြစ်

www.burmeseclassic.com



ခြစ်ပြီးသား မီးခြစ်ဆံကို လှွင့်ပစ်ထားတာတွေ့ရင် သူ့မှာ မျက်နှာလွှဲပြီး သွားရလေ့ရှိတယ်။ အကြောင်းရင်းကတော့ ရှာမရသေးပါဘူး။ စိတ်ကူး အတွေးမျှင်ကို အဆင့်ဆင့်လိုက်ပြီး တစ်လွှာချင်း ခွာချလို့ သဘောပေါက် လာရင် အကြောက်ပြေတာတွေလဲ ရှိမှာပါ။

ရွံကြောက်တို့၊ မုန်းကြောက်တို့ဆိုရင် ပြေဖို့လွယ်ချင်မှ လွယ်နိုင် မယ် ထင်တယ်။ တစ်ခါတလေ ဒီလိုစိတ်အခြေမျိုးကတော့ ကိုယ်နဲ့ မတည့်တာ၊ တစ်နည်းအားဖြင့် "တောက်" တာမျိုးလဲ ဖြစ်တတ်ပါတယ်။ အဲဒါမျိုးဟာ ဖိုးဗီးယားလို့ ပြောရမှာထက် အလာဂျီ (Allergy) လို့ ပြောရမယ် ထင်ပါတယ်။ တချို့တောက်တာ၊ အလာဂျီ ဖြစ်တာများမှာ လက်သည်ရှာလို့ရပါတယ်။ အလာဂျင် (Allergen) ဆိုတဲ့ တောက်တတ် တဲ့ ပစ္စည်းများကြောင့်ပါ။ ဝတ်မှုန်တို့၊ အနံ့တို့၊ အသီးအရွက်တို့လဲ လက်သည်အဖြစ် ပါတယ်လို့ ဆိုပါတယ်။ ကျွန်တော့်သားငယ် တစ်ယောက်ဆိုရင် ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်တို့နဲ့ မတည့်ပါဘူး။ စားမိတာနဲ့ အသက်ရှူ ကျပ်လာတတ်ပါတယ်။ တချို့ အလာဂျီများကျ တော့ နှာရည်တရွဲရွဲနဲ့ နှာချီလိုက်၊ ခေါင်းကိုက်လိုက်တွေလဲ အဖြစ်များ တာကို တွေ့ဖူးပါတယ်။

အလာဂျီဖြစ်တဲ့ကိစ္စမှာ ဘာ့ကြောင့်လို့ အကြောင်းရှာရတာ လွယ်ဖို့ များပေမယ့် ဖိုးဗီးယား လက္ခဏာတွေမှာတော့ "စိတ်၊ စိတ်ပါကွယ်..." လို့ ဆိုရဖို့များမယ် ထင်ပါတယ်။

www.burmeseclassic.com

# ပါပါးရာဇီ (PAPARAZZI)

လူနာမည်ကို အကြောင်းပြုပြီး စကားလုံး ဝေါဟာရ ဖြစ်လာကြတဲ့ အထဲမှာ ပါပါးရာဇီဆိုတဲ့ စကားလုံးလဲ ပါပါတယ်။ မူရင်းက အီတာလျံ အမည်နာမဖြစ်ပေမယ့် အင်္ဂလိပ် အသုံးအနှုန်းထဲကို ဝင်လာတာ နှစ်ပေါင်း ၂၀ ကျော်လောက် ရှိပါသေးတယ်။ ၁၉၇၀ ပြည့်နှစ်လောက်ကစပြီး တွင်ကျယ်တဲ့ ဝေါဟာရပါ။ ဒီနာမည်ကို ဝေလမင်းသမီး ဒိုင်ယာနာ ကွယ်လွန်တော့မှပဲ လူတွေ ပိုပြီး သတိထားမိလာရတယ်။

ဒိုင်ယာနာနဲ့ သူ့အဖော် ဒိုဒီတို့ စီးသွားတဲ့ကားနောက်ကို ပါပါးရာဇီတွေက မော်တော်ဆိုင်ကယ်နဲ့လိုက်ပြီး ဓာတ်ပုံရိုက်တယ်ပေါ့။ မရအရ ဓာတ်ပုံရိုက်ဖို့ အပြင်းလိုက်ရာမှ ဝေလမင်းသမီးပါတဲ့ မာစီးဒီးစ်ကားကလဲ အပြင်းမောင်းရင်းနဲ့ ဥမင်လမ်းဘေးအုတ်တိုင်ကို ဝင်တိုက်မိပြီး ဇာတ်သိမ်းရတယ်လို့ ဒိုင်ယာနာဆုံးဆုံးချင်း ရေးသားလွှင့်ထုတ် ရိုက်ကူး ဖော်ပြကြတဲ့ သတင်းတွေက ဆိုခဲ့ပါတယ်။ အဲဒီသတင်းတွေထဲမှာ အင်္ဂလိပ်လိုရွတ်ဆို ဖတ်ကြားကြရာမှာ “ပါပါးရာဇီ” ဆိုတဲ့ အမည်ဝေါဟာရကို ကြားရခြင်း ဖြစ်ပါတယ်။ သူတို့ဆိုလိုတာက သတင်းဓာတ်ပုံသမားပါ။ ဒါဖြင့် ဘာဖြစ်လို့ နယူးစ် ဖိုတိုဂရပ်ဖာ (News Photographer) လို့ တိုက်ရိုက်မပြော

www.burmeseclassic.com



သလဲ ဆိုတော့ အကြောင်းအဓိပ္ပာယ်တစ်မျိုး ပေါ်လွင်စေချင်တာကြောင့်လို့ ထင်ရပါတယ်။

နောက်ခံအကြောင်းကတော့ ၁၉၅၉ ခုနှစ်မှာ ပြသခဲ့တဲ့ အီတာလျံရုပ်ရှင် ဖြစ်ပါတယ်။ ရုပ်ရှင်ကားအမည်က "လာ ဒိုလချီ ဗီတား" (La Dolce Vita) လို့ ပေးထားပါတယ်။ အဓိပ္ပာယ်ကတော့ "သာယာချမ်းမြေ့တဲ့ ဤဘဝ" ဒါမှမဟုတ် "ပျော်စရာ သည်ဘဝ" လို့ ဆိုလိုကြောင်း သိရပါတယ်။ ဒါရိုက်တာကတော့ ကွယ်လွန်သူ ဖယ်ဒရီကိုး ဖယ်လီနီ (Federico Fellini) ဆိုတဲ့ ကမ္ဘာကျော် ရုပ်ရှင်ဒါရိုက်တာပါ။ အနှစ် ၂၀ ကျော် ၃၀ နီးပါးက ရုပ်ရှင်ကားဆိုတော့ ဒီကားမှာပါဝင်တဲ့ မာဆဲလို မက်စထရွိုင်နီဆိုတဲ့ ခေါင်းဆောင်မင်းသားနဲ့ အနီတာ အက်ဂဘာ့ဂ်ဆိုတဲ့ ရုပ်ရှင်မင်းသမီးတို့တောင် ကွယ်လွန်ခဲ့ကြပါပြီ။ အဲဒီကားထဲမှာ သရုပ်ဆောင်တဲ့ အလွတ်ဓာတ်ပုံဆရာ (Freelance photographer) ဟာ နာမည်ကြီး ထင်ရှားတဲ့လူတွေကို တိတ်တခိုး ဓာတ်ပုံလိုက်ရိုက်ပြီး အကွက်ကောင်းရရင် ဈေးကောင်းကောင်းနဲ့ ရောင်းစားတဲ့သူမျိုး ဖြစ်ပါတယ်။ ရုပ်ရှင်ထဲက ဇာတ်ကောင်ရဲ့နာမည်က "ပါပါးရာဇို" (Paparazzo) လို့ ခေါ်ပါတယ်။ အဲဒါကို အစွဲပြုပြီး ဓာတ်ပုံဆရာအများအနေနဲ့ "ပါပါးရာဇီ" ဖြစ်လာတာပါ။

သူတို့ရဲ့ သတင်းဓာတ်ပုံမျိုးကို ဘယ်သူတွေက သုံးသလဲဆိုရင် တယ်ဗလွိုက် (Tabloid) လို့ခေါ်တဲ့ အရုပ်များများ၊ ဓာတ်ပုံများများ သုံးပြီး အုတ်အော်သောင်းတင်းဖြစ်အောင် ထုတ်ဝေတဲ့ သတင်းစာများက သုံးကြပါတယ်။ အညှီအဟောက်၊ အတင်းအဖျင်းသတင်းကလေးတွေကို လူစိတ်ဝင်စားအောင် ရေးသားပြီး သူ့ထက်ငါကောင်း ရောင်းကောင်းအောင် ကြိုးစားကြရင်းနဲ့ ဒီအလေ့အထ ထွန်းကားလာတာပါ။ "တယ်ဗလွိုက်" လို့ ခေါ်တဲ့ သတင်းစာများ၊ ဂျာနယ်များကတော့

www.burmeseclassic.com



ကျွန်တော်တို့ဆီက ဂျာနယ်နဲ့ မြန်မာသတင်းစာများအရွယ် ဖြစ်ပါတယ်။ တကယ်ဆိုရင် ပထမဆုံးထုတ်ဝေတဲ့ သတင်းစာများထဲမှာ ကျွန်တော်တို့ ဆီမှာလို အရွယ်မျိုးဖြစ်ပေမယ့် သတင်းစာရဲ့ စံဝင်အရွယ်အစားကတော့ မြန်မာနိုင်ငံက အင်္ဂလိပ် "မြန်မာ့အလင်း" အရွယ်မျိုးကို သတ်မှတ်ထား ကြခြင်းဖြစ်ပါတယ်။ တယ်ဗလွိုက်ကတော့ သူ့ရဲ့ခေါက်ချိုးအရွယ်ပေါ့။

ကျွန်တော်တို့ဆီမှာတော့ စက္ကူကို ချွေတာရလို့ တယ်ဗလွိုက် အရွယ် လုပ်ရတာပါ။ စံဝင်အရွယ်ကိုတော့ "နိုင်ငံသစ်" ညနေသတင်းစာ နဲ့၊ "ဗိုလ်တထောင်"ရယ်၊ စပြီးထုတ်တဲ့ "လုပ်သားပြည်သူ့နေ့စဉ်" ရယ်၊ မန္တလေးက ဦးလေးလှ–ဒေါ်ဒေါ်မာတို့ရဲ့ "လူထု" သတင်းစာရယ် ဖြစ်တယ်လို့ အကြမ်းဖျင်း မှတ်မိပါတယ်။ မန္တလေးက စပြီးထုတ်တဲ့ "ရတနာပုံနေပြည်တော်" သတင်းစာဟာလဲ ဆိုက်သေးအရွယ်သေးပါပဲ။ အခု ဂျာနယ်အရွယ်ထက်တောင် သေးငယ်ပါတယ်။

သူတို့ဆီမှာတော့ "တယ်ဗလွိုက်" အရွယ်ဆိုရင် မူလအကျင့်က သိပ်မပျောက်ချင်ဘူး။ အရှေ့မှာရော၊ အနောက်မှာရော ဒီသဘောနဲ့ ရောင်းကောင်းဖို့၊ လူကြိုက်များဖို့ ထုတ်ကြပါတယ်။ နယူးယောက်ဒေးလီ နယူးစ်ဆိုတဲ့ သတင်းစာဆိုရင် သတင်းထူးရင် ထူးသလို မနက်၊ မွန်းလွဲ၊ ည ဆိုပြီး ဖောင်သစ်၊ ကော်လံသစ်လဲပြီး သုံးကြိမ်သုံးမျိုးတောင် ထုတ်ကြ ပါတယ်။

တယ်ဗလွိုက်များ မူလအကျင့်အကြံ မပျောက်ချင်ဘူးလို့ဆိုတာနဲ့ ပတ်သက်ပြီး အင်္ဂလန်က ဆန်း (SUN)၊ ဒေလီ မေရာ (DAILY MIR-ROR)တို့မှာ ထူးခြားဆန်းပြားတာလေးတွေ ပါလေ့ရှိပါတယ်။ ဒိုင်ယာနာလို အချောအလှမျိုးကို လူသိများအောင် သူတို့က လုပ်ပေးလို့ ဒိုင်ယာနာ နာမည်ဒါလောက်ကြီးတာလို့တောင် ပြောလို့ရပါတယ်။ ဒိုင်ယာနာကို

www.burmeseclassic.com



လူသိများတော့ သူတို့လဲ ရောင်းကောင်းလာပါတယ်။ အပြန်အလှန် သဘောပါပဲလို့ သူတို့သတင်းစာတွေက အပြောအဆို ရှိပါတယ်။

ဒိုင်ယာနာကိုယ်တိုင်ကတော့ ၁၉၉၅ ခုနှစ်က ရုပ်မြင်သံကြား အင်တာဗျူးတစ်ခုမှာ ဖြေဖူးတာကတော့ "ကိုယ့်ကိုယ်ကို ပြခန်းပေါ်မှာ တင်ထားတဲ့ အရောင်းသွက်ပစ္စည်းလို့ ထင်လာရတယ်။ လူတွေဟာ ကိုယ့်ကိုအကြောင်းပြုပြီး အများကြီး ငွေထုပ်ပိုက်သွားနိုင်ကြပါတယ်" ဟု ဆိုခဲ့ဖူးပါတယ်။

ပါပါးရာဇီတို့ကို အသုံးပြုတဲ့ သတင်းစာများ၊ စာနယ်ဇင်းများက တော့ သတင်းဆောင်းပါးများ ရေးသားရာမှာ လေးစားမှုတို့ကို ခွဲခြား သိမြင် စောင့်စည်းထိန်းသိမ်းပြီး စာဖတ်သူတို့ရဲ့ အာရုံကို တမင်နှိုးဆွမှု မဖြစ်အောင် စောင့်စည်းသင့်တယ်လို့ ထင်မြင်ချက်များ ရေးသားပြီး လိပ်ပြာသန့်အောင် ကြိုးစားနေကြပါတယ်။

www.burmeseclassic.com

# ပါပါးရာဇီ <PAPARAZZI>



# ကုတ် (QUOTE)
# အန်ကုတ် (UNQUOTE)

"ကုတ်" ဆိုတဲ့ အသံထွက်ဟာ အခုခေတ်စားတဲ့ အဖျော်ယမကာ ကိုကာကိုလာကို အတိုကောက်ခေါ်တဲ့ ကုပ် (Coke)အသံထွက်နဲ့ တူနေပါတယ်။ ဒီစာလုံးဟာ မူလက ကျောက်မီးသွေးလို့လဲ အဓိပ္ပာယ်ရင်းရှိတဲ့ အတွက် "ကိုကာကိုလာ"ဟာ ကျောက်မီးသွေးထဲက အမယ်တစ်ခုခုများ ပါမလားမသိဘူး။ ဘာပြုလို့လဲဆိုတော့ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကျောက်မီးသွေးအကြောင်းရေးတဲ့ ဒေါင်းတံဆိပ် ဖတ်စာအုပ်ထဲမှာ အချိုရည်၊ ဘိလပ်ရည်တစ်မျိုးကိုလည်း ကျောက်မီးသွေးက ရတယ်လို့ ဖတ်ရဖူးပါတယ်။ ကိုကာကိုလာရဲ့ အတိုကောက် ကုပ် (Coke) ကတော့ အမေရိကန်တွေက အတိုကြိုက်ပြီး သုံးစွဲကြတာနဲ့ တူပါတယ်။ မူးယစ်ဆေးတစ်မျိုးဖြစ်တဲ့ ကိုကင်း (Cocaine) ကိုလဲ ၁၉၀၃ က စပြီး "ကုပ်" လို့ ခေါ်ကြပါတယ်။

ကျွန်တော်ပြောချင်တဲ့ "ကုတ်" ကတော့ တစ်စုံတစ်ယောက်က ရေးတာကို၊ ပြောတာကို ပြန်လည်ကူးယူရည်ညွှန်း ပြောပြတဲ့ စကားရပ်

www.burmeseclassic.com



စကားစု၊ ဒါမှမဟုတ် အဆိုအမိန့်မျိုး ဖြစ်ပါတယ်။ အင်္ဂလိပ်ဝေါဟာရ ကုတ်တေးရှင်း (Quotation) ကို ကုတ် (Quote) လို့ အတိုခေါ်တာပါ။ ဒါပေမဲ့ ကျွန်တော်တို့ဆီမှာ စာပေမူပိုင်ခွင့်ဥပဒေ မတွင်ကျယ်သေးလို့ပါ။ တွင်ကျယ်ပြီး အသုံးများတဲ့နိုင်ငံတွေမှာဆိုရင်တော့ သူများပြောတဲ့စကား ကို အပိုဒ်လိုက်ပြန်ပြီး ကူးယူ ပုံနှိပ် ဖော်ပြရင် သတ်မှတ်ထားတဲ့ စာကြောင်းရေ ပမာဏထက် ကျော်တဲ့အခါ မူပိုင်ခွင့် ဥပဒေနဲ့ငြိစွန်းပါတယ်။ ပိုင်ရှင်ရဲ့ ကြိုတင်ခွင့်ပြုချက် မပါရင်ပေါ့လေ။

ကုတ်လို့ခေါ်တဲ့ စကားစဉ်၊ ဆိုရိုးစကား၊ အများသူငါ အဆိုအမိန့် တွေဟာ မှတ်လောက်သားလောက်တွေ အများကြီး ပါတတ်ပါတယ်။ သူတွေးပုံ၊ သူသရုပ်ဖော်ပုံ၊ သူသုံးတဲ့ စကားလုံး ဝေါဟာရတွေဟာ မှတ်လောက်သားလောက်လဲ ရှိတယ်။ ဉာဏ်အလင်းကို ပွင့်စေတယ်။ သမိုင်းဝင်ဖြစ်လောက်တယ်။ အတွေးအမြင်ကို တစ်ဆင့်ဖြန့်ဖြူးသင့် တယ်ဆိုတဲ့ အရည်အသွေးများ ရှိတတ်ပါတယ်။ စိတ်မှာ တွေးတောစရာ ဖြစ်စေတယ်လို့လဲ ဆိုရပါလိမ့်မယ်။

ဒါပေမဲ့ ဘယ်ကိစ္စမှာ၊ ဘယ်တုန်းက၊ ဘယ်သူ၊ ဘာပြောတယ် ဆိုတဲ့ကိစ္စကို ကိုယ်က အကြောင်းတိုက်ဆိုင်လို့ ကိုးကားချင်တဲ့အခါ၊ ဒါမှ မဟုတ် အခိုင်အမာဖြစ်အောင် အကိုးအကားနဲ့ သက်သေထူချင်တဲ့အခါ အသုံးတည့် အရာဝင်တာမို့ လိုချင်တဲ့အခါ လွယ်လင့်တကူ ရှာဖွေရတဲ့ ကယိကထရှိပါတယ်။ ဒါ့ကြောင့် ဆိုရိုးအဘိဓာန်လို့ ခေါ်ရမယ့် (Book of quotations) စာအုပ်တွေ စုဆောင်းပြုစုလေ့ ရှိပါတယ်။ ကျွန်တော်တို့ ဆီမှာတော့ ဆရာလှသမိန်ရဲ့ "မြန်မာ့ဆိုရိုး အဘိဓာန်"၊ ဆရာတိုက်စိုးရဲ့ "စာကိုး စကားကိုး" ဆိုတဲ့ စာအုပ်တွေ ထွက်ခဲ့ပါတယ်။ ဆရာလှသမိန် က ရှေးခေတ်စာထဲ ကဗျာထဲက ကိုးကား မှတ်သားလောက်တဲ့ စာပိုဒ်များ

Same Media House

www.burmeseclassic.com



ကို စုဆောင်းတင်ပြတာပါ။ ဆရာတိုက်စိုးကလဲ ပုဂံခေတ်ကစပြီး ကျောက်စာ၊ ကဗျာလင်္ကာနဲ့ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းစဉ်နဲ့ သမိုင်းခေတ်တစ်လျှောက်မှာ ရေးသား၊ ဖွဲ့ဆို၊ ပြောဟောခဲ့ကြတဲ့ အချက်အလက်များကို စာတစ်အုပ်အဖြစ် စုဆောင်းတင်ပြထားပါတယ်။

နိုင်ငံတကာမှာလဲ အပတ်စဉ် မဂ္ဂဇင်း၊ ဂျာနယ်တွေကတောင် ခေတ်ပြိုင်အသုံးအနှုန်း အပြောအဆိုတွေကို စုဆောင်း ဖော်ပြကြတာ တွေ့ရပါတယ်။ ဥပမာတစ်ခုကို ဖော်ပြရရင် ၁၉၉၇ ခု စက်တင်ဘာလ ၁၅ ရက်နေ့ထုတ် နယူးစ်ဝိမဂ္ဂဇင်းမှာ အောက်ပါ မှတ်ချက်ကလေးများကို "ကုတ်"အဖြစ် မှတ်တမ်းတင်ထားပါတယ်။

မဂ္ဂဇင်း ထုတ်ဝေတဲ့ အချိန်ဟာ ဒိုင်ယာနာ ကွယ်လွန်တာနဲ့ ပတ်သက်လို့ နောက်ဆက်တွဲ ရေးသားဖော်ပြနေကြတာဖြစ်လို့ အဲဒီအကြောင်းမျိုးတွေလဲ ပါတယ်။ အိန္ဒိယပြည် ကာလကတ္တားမှာ လူမှုရေးထူးချွန်သူ မာသာထရီဇာဆိုတဲ့ ခရစ်ယာန် သီလရှင်ကြီး ကွယ်လွန်ချိန်နဲ့လဲ မရှေးမနှောင်းဖြစ်နေလို့ ဒီအကြောင်းလဲ ပါပါတယ်။

ပြင်သစ်သမ္မတ ဂျက် ရှီရက်က မာသာ ထရီဇာ ကွယ်လွန်တဲ့ ညနေပိုင်းသတင်းကို ကြားရတော့ "ဒီညနေခင်းမှာ ကမ္ဘာကြီးအတွက် မေတ္တာတရား၊ ကရုဏာတရားနဲ့ အလင်းရောင်တို့ လျော့ပါးသွားခဲ့ပါတယ်"လို့ ဆိုခဲ့ပါတယ်။ ဒီအမျိုးသမီး သီလရှင်ကြီး ကွယ်လွန်ခါနီးအချိန်မှာ နောက်ဆုံးပြောသွားတဲ့ စကားတစ်လုံးကတော့ "ငါအသက်ရှုလို့မရတော့ဘူး"ဆိုတဲ့ စကားဖြစ်ပါတယ်လို့ အိပ်ရာပေါ်လဲကျရင်း ပြောဆိုခဲ့တာကို ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက သတင်းထုတ်ပြန်ပါတယ်။

www.burmeseclassic.com



ဝေလမင်းသမီး ဒိုင်ယာနာကတော့ ကားတိုက်မှု ကြီးကြီးမားမား ဖြစ်ပြီး ဒဏ်ရာအပြင်းအထန်ရချိန်မှာ ကားတံခါးဖွင့်ပြီး လူတွေဝိုင်းလာကြတော့ ဓာတ်ပုံတွေ ဖျပ်ဖျပ်ရိုက်တဲ့ ပါပါးရာဇီဆိုတဲ့ အပျော်တမ်း ဓာတ်ပုံသမားတွေကို "ငါ့ကိုလာပြီး မနှောင့်ယှက်ကြပါနဲ့"ဆိုတဲ့စကားကို ဆိုတယ်လို့ သတင်းတစ်ပုဒ်က ရေးပါတယ်။

မာသာထရီဇာ နှလုံးရောဂါနဲ့ ရုတ်တရက်မကွယ်လွန်မီ နာရီပိုင်းအလိုမှာ အင်န်ဘီစီ ရုပ်မြင်သံကြား ဆွေးနွေးခန်းတစ်ခုမှာ "ဒိုင်ယာနာကို မထိခိုက်စေလိုတဲ့ စေတနာနဲ့ ပြောချင်တာကတော့ မာသာထရီဇာလို ပုဂ္ဂိုလ်မျိုး ကွယ်လွန်ရင်လဲ ပရိသတ်တွေက ဒီလို အုတ်အော်သောင်းတင်းနဲ့ ကရုဏာမိုး ရွာကြမှာလား" လို့ မိုက်ကယ်ဒေါက်ကလပ်စ် ဆိုသူက ပြောခဲ့တယ်လို့ ဆိုပါတယ်။

ကမ္ဘောဒီးယားနိုင်ငံမှာ နိုင်ငံရေး မတည်ငြိမ်မှုတွေ ဖြစ်နေတော့ ဘုရင်ဖြစ်တဲ့ သီဟာနုကို ဒီကိစ္စတွေ ရပ်တန်းကရပ်အောင်လုပ်ပေးဖို့ဆန္ဒရှိကြရာမှာ "ကျုပ်ဟာ ဘုရားမှ မဟုတ်တာ၊ လူသားတစ်ယောက်မျှသာပဲ" လို့ ဘုရင်ဖြစ်သူအနေနဲ့ သူလဲ မတတ်နိုင်ပုံကို မှတ်ချက်ပေးခဲ့ပါတယ်။

ယူဂိုဆလပ်က ခွဲထွက်ထူထောင်တဲ့ ဘော့စနီးယားမှာ မြေမြှုပ်ဗုံးတွေကြောင့် ခြေနှစ်ဖက်လုံး ပြတ်သွားရတဲ့ မာရီယား ယာကစ် ဆိုသူအသက် ၁၅ နှစ်အရွယ် ကလေးမလေးကတော့ "စိတ်လျှော့ပြီး ဘယ်တော့မှ လက်မြှောက်အရှုံးမပေးပါနဲ့၊ သူလဲ အရှုံးမပေးဘူး" လို့ ကျွန်မကို ပြောခဲ့တယ်လို့ သူတို့တိုင်းပြည်နဲ့ အင်ဂိုလာတိုင်းပြည်တို့ကို မြေမြှုပ်ဗုံးအန္တရာယ် တားဆီးရေးအတွက် ခရီးလှည့်ခဲ့တဲ့ ဒိုင်ယာနာမင်းသမီးက သူ့ကို ပြောခဲ့တယ်လို့ တမ်းတပြီး မှတ်ချက်ပေးပါတယ်။

www.burmeseclassic.com



အင်္ဂလန်နိုင်ငံက ဘုရင်ဂျီဂိုဏ်းချုပ် ဘုန်းတော်ကြီး ကာဒီနယ် ဟယ့်မ်း ဆိုသူကတော့ "ဝေလမင်းသမီး ဒိုင်ယာနာနဲ့ မာသာထရီဇာ တို့ဟာ အလွန်ချစ်ခင် သင့်မြတ်သူများ ဖြစ်ကြတဲ့အတွက် ဒိုင်ယာနာ နောက်ကို ခုလိုဆုံတွေ့ဖို့ သူ မကြာမတင် လိုက်သွားတာကို စဉ်းစာမိ တော့ ကြည်နူးစရာဖြစ်ရပြန်တယ်" လို့ ပြောပါတယ်။

အမေရိကန်က အသက် ရှစ်နှစ်အရွယ် ကလေးမ တစ်ဦးဖြစ်တဲ့ ကေလာ ဗလာဆိကတော့ ဒိုင်ယာနာရဲ့ ယာဉ်မောင်း အမူးလွန်ပြီး ကားမောင်းလို့ ကွယ်လွန်ရတာဆိုတဲ့ သတင်းကို လူကြီးတွေဆီက ကြားရ တာမို့ "ကျွန်မ မင်းသမီးတော့ ဖြစ်ချင်တယ်၊ မင်းသမီးဖြစ်ရင် ဒရိုင်ဘာ တော့ မလိုချင်ဘူး၊ ကိုယ့်ဘာသာ ကိုယ်တိုင်ပဲ ကားမောင်းချင်တယ်"လို့ ဆိုလိုက်ပါတယ်။ သူဟာ ဒိုင်ယာနာရဲ့ ဂါဝန်ပုံစံနဲ့ပုံစံတူ ချုပ်ထားတဲ့ သူ့အမေရဲ့ မင်္ဂလာဝတ်စုံကို မင်းသမီးနဲ့တူအောင် တစ်နေ့ကျ ဝတ်ကြည့်ဖို့ စိတ်ကူးယဉ်နေတဲ့ ကလေးပေါ့။

ဒိုင်ယာနာရဲ့ အသုဘ အခမ်းအနားမှာ နှုတ်ဆက်သီချင်းကို ကြေကွဲ စွာ ဆိုတဲ့ အဆိုကျော် အယ်လတန်ဂျွန်ကတော့ ၁၉၇၃ ခုနှစ်တုန်းက သူ့မိတ်ဆွေ ရုပ်ရှင်မင်းသမီး မယ်ရီလင်မွန်ရိုး ကွယ်လွန်တုန်းက သူ နှုတ်ဆက်ခဲ့တဲ့ "နှုတ်ဆက်ပါတယ်...နော်မာဂျင်းရယ်" ဆိုတဲ့ မေရီလင်ရဲ့ နာမည်ရင်းနဲ့တပ်ပြီး သီဆိုတဲ့ "လေပြင်းထဲက ဖယောင်းတိုင်" (Candle in the wind) အမည်ရှိတဲ့ သီချင်းကို စာသားအချို့ ပြောင်းပြီး "နှုတ်ဆက်ပါတယ် အင်္ဂလန်နှင်းဆီ" (Goodbye England's rose) လို့ အမည်ပေးပြီး ကြေကွဲစွာ ဆိုခဲ့ပါတယ်။

အခုလို ခေါင်းဆောင်တွေ မှတ်ချက်ပြုတာရော၊ ကာယကံရှင် ကိုယ်တိုင် ပြောတဲ့ မှတ်ချက်ရော၊ ကလေးပြောတာရော၊ အဆိုတော် ဆိုတဲ့

www.burmeseclassic.com



သီချင်းစာသားရောဟာ အကြောင်းသင့်သလို တွင်သွားမယ့် ပြောစမှတ်တွေ ဖြစ်ပါလိမ့်မယ်။ ကုတ်တွေးရှင်းတွေ ဖြစ်ပါတယ်။

အဲဒီလို တစ်ဖက်သားပြောတဲ့ တိုက်ရိုက်စကားမျိုးကို စာနဲ့ချရေးဖို့ တစ်ယောက်ယောက်က ရွတ်ဆိုပြီး ရေးနိုင်တဲ့အခါမှာ စာအနေနဲ့ ထင်ရှားအောင်လို့ မျက်ကွင်း၊ မျက်တောင်ပြပြီး ဖော်ပြဖို့ လိုတာမို့ ဆိုစကားရဲ့ အစကို "ကုတ်" (Quote) လို့ ပြောပြီးတော့ ဆိုစကားရဲ့ အပိတ်ကို မျက်ကွင်း မျက်တောင် ပိတ်ရအောင်လို့ "အန်ကုတ်" (Unquote) လို့ အတိုကောက် ပြောဆိုပါတယ်။

အကြောင်းသင့်သလို ထပ်ဆင့်သုံးစွဲရတတ်တဲ့ စာအကိုး၊ အပြောအကိုးတွေဟာ လူ့ဘဝသရုပ်နဲ့ နီးစပ်လို့ ခိုင်မြဲပြီဆိုရင် ဆိုရိုးအဘိဓာန်မှာ ဝင်သွားတော့တာပါပဲ။ ဒီစကားမျိုးလေးတွေဟာ မြန်မာတို့မှာလဲ များစွာ ရှိပါတယ်။

# ဆိုက် (SITE) နဲ့ ဝက်ဗ်ဆိုက် (WEBSITE)

"ဆိုက်" ဆိုတဲ့ အသုံးအနှုန်းဟာ ဆောက်လုပ်ရေးခေတ်မှာ ရှေ့တန်းတက်လာတဲ့ မြန်မာသုံး အင်္ဂလိပ် ဝေါဟာရဖြစ်ပါတယ်။ "သူက ဆိုက်ထဲရောက်နေတယ်"၊ "ဒါ သူ အလုပ်လုပ်နေတဲ့ ဆိုက်ပေါ့"၊ "တစ်နေ့လုံး ဆိုက်ထဲမှာနေရတာ" စသည်ဖြင့်ပေါ့။

ဟိုတုန်းက "လုပ်ကွက်" ဆိုတဲ့ အသုံးမျိုးလဲ သုံးခဲ့ကြဖူးပါတယ်။ အခုတော့ ဆိုက် ဆိုတဲ့စကားက ဒီအခိပ္ပာယ်ပါပဲ။ ဒီစကားလုံး တွင်ကျယ်လာတဲ့အကြောင်းတစ်ခုထဲမှာ တည်ဆောက်မှုတွေ များများစားစား ပြိုင်တူလုပ်နေတာဟာ အဓိကလို့ ဆိုရပါလိမ့်မယ်။ အိမ်တစ်လုံးဆောက်တာကအစ ဟိုတယ်ကြီးဆောက်တဲ့အထိပါပဲ။

"ဆိုက်" ဆိုတဲ့ အသံထွက်ဟာ မြန်မာစကားမဟုတ်လို့ သတ်ပုံခွဲထားနဲ့ ရေးစရာမလိုပေမယ့် သံတူကြောင်းကွဲတွေလဲ ရှိပါသေးတယ်။ အနီးစပ်ဆုံး အသံထွက်တစ်ခုဖြစ်တဲ့ (Size) ဆိုတဲ့ အရွယ်အစားကိုတော့

www.burmeseclassic.com



“အရှယ်စုံ ဆိုက်စုံ” လို့ ရေးပြီး ကြော်ငြာကြပါတယ်။ မြန်မာ ဝေါဟာရ လိုလိုတောင် ဖြစ်နေပါပြီ။

ခုအခါမှာတော့ “ဆိုက်” ဆိုတဲ့ အသုံးအနှုန်းမှာ ဝေါဟာရတွဲ တစ်လုံး တိုးလာပါတယ်။ သိပ်တော့ မတွင်ကျယ်လှသေးပါဘူး။ သူ့ပညာ နယ်ပယ်မှာတော့ အရေးပါတဲ့ ဝေါဟာရဖြစ်နေပါတယ်။ အဓိပ္ပာယ်က တော့ နေရာကိုပဲ ရည်ညွှန်းတာပါပဲ။ ဝက်ဘ်ဆိုက် (Website) ဆိုတဲ့ စကားလုံးပါ။ ကွန်ပျူတာကွန်ရက်စနစ်ရဲ့ နေရာတစ်နေရာပေါ့။ ဟိုတုန်း ကလို ဌာနတို့၊ စခန်းတို့ဆိုတဲ့ အသုံးအနှုန်းမျိုးက ရိုးသွားတဲ့အပြင် အခြား ကွန်ပျူတာတွေနဲ့ ဆက်သွယ်နိုင်တဲ့ ကွန်ပျူတာရှိတဲ့ နေရာကလေး တစ်ခုကို ဆိုလိုတာပါ။

နေရာကလေးဆိုပေမယ့် အထင်သေးစရာ မဟုတ်ပါဘူး။ ဒေသနဲ့ ကမ္ဘာနဲ့ချီပြီး ဆက်သွယ်နိုင်တဲ့စနစ်အတွက် ခလုတ်ခုံတစ်ခု ဖြစ်ပါတယ်။ အင်တာနက်လို့ခေါ်တဲ့ ကွန်ပျူတာ ဆက်သွယ်ရေးစနစ်မျိုးရဲ့ အစိတ် အပိုင်း ဖြစ်လာတာပေါ့။ ဝက်ဘ် (Web) ဆိုတာကလဲ ရက်လုပ်ခြင်း၊ လက်ယှက်ထိုး ပြုလုပ်ခြင်း၊ ပင့်ကူအိမ်လို ဖွဲ့စပ်ခြင်းသဘောကို ဆိုလိုတာ ဖြစ်ပါတယ်။

မေလ (၁၉၉၇) ထုတ် ဂျာနယ်တစ်စောင်မှာ မြန်မာနိုင်ငံက စီးပွား ရေး လုပ်ငန်းများကို အင်တာနက်မှတစ်ဆင့် ကမ္ဘာသိအောင် ကြော်ငြာ ပေးဖို့ ဟော်လန်နိုင်ငံက လူထုဆက်သွယ်ရေးလုပ်ငန်းကြီးတစ်ခုက စီစဉ် နေတယ်။ စီအိုဒီ (Commercials- On- Demand) ဆိုတဲ့ ကဏ္ဍ အတွက် ကြော်ငြာထည့်သွင်းလိုတဲ့သူများဟာ ရိုက်ကူးထားတဲ့အခွေကို ဟော်လန်နိုင်ငံမှာရှိတဲ့ သူတို့ကုမ္ပဏီကို ပို့ပေးရင် ကုမ္ပဏီကို “စီအိုဒီ

www.burmeseclassic.com



ဆိုက်ထဲသို့ ထည့်သွင်းပေးမည်” ဟူ၍ ဖော်ပြထားပါတယ်။ သူတို့ ပြောသောဆိုက်မှာ ဝက်ဘ်ဆိုက်လို့ခေါ်တဲ့ ကွန်ပျူတာခွင်ကို ဆိုလိုတာ ဖြစ်ပါတယ်။

မနေ့တစ်နေ့ကဆိုရင် မြန်မာနိုင်ငံထုတ် “တူဒေး” (TODAY) စာစောင်ကိုလဲ အင်တာနက်ထဲမှာ ဖတ်နိုင်ပြီလို့ ဂျာနယ်တစ်စောင်မှာ ရေးတယ်။ မြန်မာနိုင်ငံက ထုတ်တဲ့ PERSPECTIVES စာစောင်ကိုလဲ အဲဒီဆိုက်ထဲကို မှန်မှန်တင်ထားပြီလို့ သိရပါတယ်။

“ဆိုက်” ဟာ နေရာပါပဲ။ ခွင်ပါပဲ။ ဆောက်လုပ်ရေးဆိုက်ကတော့ အထိအခိုက်ရှိမယ့် အန္တရာယ်တွေကို လုပ်ငန်းခွင် ဘေးအန္တရာယ်က ကာကွယ်ပေးထားတဲ့ အစီအစဉ်တွေ ရှိပါတယ်။ ဦးခေါင်းမှာ အမာခံ ဦးထုပ်ဆောင်းတာ၊ ဆောက်လုပ်တဲ့ နေရာပတ်လည်မှာ နိုင်လွန်ဆန်ခါ ကာထားတာ၊ အန္တရာယ်ရှိကြောင်း စာတန်းရေးထားတာ၊ ယာဉ်တွေ အထိအခိုက်မရှိဖို့ ကြိုတင်လမ်းလွှဲစေတာ၊ ကြီးကြပ်သူထားတာ စသည် ဖြင့်ပေါ့။

“ဝက်ဘ်ဆိုက်” မှာတော့ ဒီလိုအကာအကွယ်တွေ အများအတွက် မရှိတတ်သေးပါဘူး။ ပြောဆိုချင်၊ ဆက်သွယ်ချင်တဲ့ အချက်အလက်တွေ အပြင် အကောင်းရော၊ အဆိုးပါ နည်းပေးလမ်းပြတွေကို ဆက်သွယ် ဖတ်ရှု ကူးယူကြည့်ရှုလို့ရပါတယ်။ ကလေးသူငယ်တွေဆိုရင် ညစ်ညမ်း တဲ့၊ ရာဂနှိုးဆွတဲ့ စာတွေ၊ ပုံတွေကို ခလုတ်နှိပ်ပြီး မှန်ပြင်နဲ့ မျက်နှာမခွာဘဲ ကြည့်မိနေပါတယ်။ နိုင်ငံရေး၊ လူမှုရေးတို့မှာလဲ ဩဇာလွှမ်းမိုးလိုတဲ့ နိုင်ငံကြီးအချို့က ကိုယ်လိုချင်တာကို ဆွဲပြီး ရေးသား ဖြန့်ဖြူးမှုတွေ တပုံတခေါင်း ရှိလာတာ တွေ့ရပါတယ်။ ဒီအခါမှာ ပညာဖြန့်ဖြူးမှု၊

www.burmeseclassic.com



သတင်းအချက် ဖလှယ်မှုတို့ရဲ့ မှန်ကန်မွန်မြတ်တဲ့ အခြေခံ သဘောဟာ တခြားကိစ္စတွေနဲ့ ဖုံးလွှမ်းခြင်း ခံသွားရသလိုဖြစ်မှာ စိုးရိမ်ရပါတယ်။

ဒါ့ကြောင့် "ဆိုက်" တွေမှာ အန္တရာယ်ကင်းဖို့၊ အဆိပ်အတောက် ဖြန့်ဝေမှုကို ရှောင်ရှားဖို့ကို ကြိုတင်သတိထားဖို့ လိုအပ်တယ် ဆိုတာကို ပြောချင်ပါတယ်။

www.burmeseclassic.com

# စတေးတပ်စ် ဆင်ဘိုးလ်
# (STATUS SYMBOLS)

လူ့သဘာဝမှာ သူများနဲ့ မတူချင်တာမျိုး၊ သူများထက် ထူးခြား ထင်ရှားချင်တာမျိုးနဲ့ ကိုယ်အဆင့်အတန်းကို ဂုဏ်ဖော်ချင်တာမျိုးဆိုတဲ့ စိတ်ထားတွေ ရှိစမြဲပါ။ ဂုဏ်ဖော်ချင်တာမျိုးမှာ အရှိကိုအရှိ လုပ်တာရော၊ မရှိကို အရှိလုပ်တာရော နှစ်မျိုးစလုံး ပါတတ်ပါတယ်။

ဒါကြောင့်မို့ လူမှုဆက်ဆံရေးလောကမှာ ဂုဏ်အဆင့်အတန်း ဖော်ပြလိုတဲ့စိတ်ထားဟာလဲ ငုပ်တစ်ခါ ပေါ်တစ်လှည့်ဆိုသလို ရှိနေပါတယ်။ ဂုဏ်အဆင့်အတန်းဆိုရာမှာလဲ လူတစ်ဦးချင်းဟာ ကိုယ့်ရုပ်ရွာ၊ ကိုယ့်အနေအထိုင်၊ ကိုယ့်အလုပ်အကိုင်၊ ကိုယ့်အဝတ်အစားနဲ့ ကိုယ့်အကြိုက်ဓလေ့တို့ကို လူအထင်အမြင်ကောင်းအောင် ဖော်ပြလိုလေ့ ရှိကြပါတယ်။ ဒီလိုဖော်ပြရာမှာ လက္ခဏာအမျိုးမျိုးနဲ့ တွေ့နိုင်ပါတယ်။ အဲဒီ ဂုဏ်အဆင့်အတန်း လက္ခဏာကို အင်္ဂလိပ်ဘာသာနဲ့ "စတေးတပ်စ် ဆင်းဘိုးလ်"လို့ သုံးကြပါတယ်။

www.burmeseclassic.com



ဒီစကားဟာ အကောင်းကိုပြောတာဖြစ်ပေမယ့် တမင်ပလွှား ထင်ရှားသူတို့အတွက်လဲ တစ်ခါတစ်ရံ စောင်းချိတ်ပြီး သုံးကြတာ ရှိပါတယ်။ ဒါပေမဲ့ နေရာတကာမှာ ဂုဏ်အဆင့်အတန်းဖော်ပြလိုတဲ့ အသုံးအနှုန်း ဓလေ့စရိုက်များ ရှိနေကြတာပါပဲ။ တစ်ဒေသနဲ့ တစ်ဒေသတော့ ဖော်ပြပုံချင်း မတူနိုင်ကြဘူးပေါ့။

ရှေးတုန်းကတော့ အခုလို လူမှုအဆင့်အတန်းတွေ မများခင်က ဆိုရင် ရာထူးအဆင့်အတန်းရဲ့လက္ခဏာတွေက ပေါ်လွင်ပါတယ်။ ထီးထဲ၊ နန်းထဲမှာဆိုရင် အဆောင်အရွက်တွေ အမျိုးမျိုးနဲ့ ခွင့်ပြုထားတဲ့ အရာထမ်းတွေရှိခဲ့ကြတယ်။ စလွယ်၊ ထီး၊ ယပ်၊ ဓား၊ ဝတ်ရုံ၊ ဖိနပ်၊ ထွေးခံ စတဲ့ အသုံးအဆောင်တွေကို အဆင့်အလိုက် သုံးခွင့်၊ ဆောင်ယူခွင့် သတ်မှတ်ချက်တွေအရ သုံးစွဲနိုင်ကြတာဟာ ဂုဏ်အဆင့်အတန်း လက္ခဏာ ဖြစ်ပါတယ်။ ဒီအဆောင်အရွက်တွေကို အင်္ဂလိပ်ဘာသာနဲ့ ဖက်စီးလီတီးစ် (Facilities) လို့ ခေါ်မယ်ထင်ပါတယ်။ သူ့နေရာနဲ့သူ ဒူးနေရာဒူး၊ တော်နေရာတော် ဖြစ်စေတာကိုတော့ ပရိုတိုကော (Protocol) လို့ ခေါ်ရမှာပါ။ သံတမန် အစဉ်အလာ လုပ်ထုံးလုပ်နည်းပေါ့။

သူ့ခေတ်နဲ့သူ အဆောင်အယောင်၊ အဆောင်အရွက်တွေကိုကြည့်ပြီး ဂုဏ်အဆင့်အတန်းကို မှန်းလို့ရပါတယ်။ မှန်းလို့ မလွယ်တာက အပွေးမြင် အပင်မသိနိုင်တဲ့ လူမှုအလွှာအမျိုးမျိုးမှာ ဖြစ်ပါတယ်။ ခေတ်ကာလအလျောက် အရောရော အနှောနှော အထွေးထွေးဖြစ်ခဲ့တာလဲ မှတ်မိစရာပေါ့။

လွတ်လပ်ရေးမရခင် အင်္ဂလိပ်ခေတ်တုန်းက ခုလို ဒေဝူး၊ တိုယိုတာတို့ကို ငှားစီးစရာမရှိတော့ မိန်းမပိုးတဲ့အိမ်ရှေ့ကို လန်ခြားနဲ့သွားကြတယ်။

www.burmeseclassic.com



ခြေထောက်မှာ ပန်းမရှူးဖိနပ်နဲ့၊ မျက်နှာမှာ တို့ပတ်ဖုံဖုံနဲ့၊ ဒါဟာ သူ့ခေတ်နဲ့သူ ဆင်သကြတာတွေလေ။ ကာလသားတွေထဲက တတ်နိုင်သည်ဖြစ်စေ၊ မတတ်နိုင်သည်ဖြစ်စေ တစ်ပွဲတိုး အဆင့်အတန်း လက္ခဏာ ဖန်တီးကြတာပေါ့။

ပိုးလုံချည် ခေတ်တိမ်သွားတာ နှစ်ပေါင်း ၂၀ ကျော် ကြာခဲ့ပါတယ်။ ခုတော့ အဆင့်အတန်း လက္ခဏာ ဖြစ်ပြန်ပါပြီ။ အဆင့်အတန်း အတုအယောင် မလုပ်နိုင်တဲ့သူများဆိုရင် အင်္ဂလိပ်ခေတ်မှာ အရပ်ထဲက လမ်းကို ခေါက်တုံ့ခေါက်ပြန် လျှောက်ပြီး ပိုလိုစီးကရက်တစ်လိပ်ကို တစ်ယောက်တစ်ပိုင်း ဖြတ်သောက်၊ အင်္ဂလိပ်လို ပြောတတ်တယ်ထင်အောင် ကျောင်းမှာသင်တဲ့ အင်္ဂလိပ်ကဗျာကို တစ်ယောက် တစ်ပိုဒ် တစ်လှည့်စီ ရွတ်ကြတယ်လို့ ကြားဖူးပါတယ်။ မဖွံ့ဖြိုးသေးတဲ့ တောပိုင်းမှာ လူအထင်ကြီးအောင်လုပ်တဲ့ ဂုဏ်အဆင့်အတန်း လက္ခဏာပါပဲ။ အပေါ်ယံတော့ အပေါ်ယံပေါ့လေ။

အမေရိကန်မှာဆိုရင် လူမည်းတွေက နောက်ဆုံးပေါ်ကားကြီးစီးပြီး လူဖြူတွေကို ဂုဏ်တုဂုဏ်ပြိုင်လုပ်ကြတာ တွေ့ဖူးပါတယ်။ ပြီးတော့ နာမည်ကြီး စားသောက်ဆိုင်မှာ စားနိုင်တာတို့၊ နာမည်ကြီး ဟိုတယ်မှာ တည်းနိုင်တာတို့၊ နာမည်ရှိပြီးသား ကုမ္ပဏီများက ချုပ်လုပ်တဲ့ အဝတ်ကို ဝတ်နိုင်တာတို့ဟာ သီးခြား ဂုဏ်အဆင့်အတန်း လက္ခဏာတွေပါပဲ။ စားသောက်ဆိုင်ဆိုရင် တစ်ဖာနီ (Tiffany)၊ ဟိုတယ်ဆိုရင် ဟီလတန် (Hilton)၊ ဝတ်စုံဆိုရင် ဘွန်း (Bond) အစရှိသဖြင့်ပေါ့။ ဖိနပ်ဆိုရင် ဖလော်ရှိုင်း (Florsheim) ဆိုတဲ့ ဖိနပ်မျိုးဟာ ကမ္ဘာကျော်တယ်၊ ဈေးကြီးတယ်လေ။ ကျွန်တော်တို့ ဖိသုံးခဲ့ရတဲ့ ကြောင်ကမ္ဘာ (Cat Globe) ဖိနပ်နဲ့ ဘာမှမဆိုင်သလိုဘဲ။

www.burmeseclassic.com



မှောင်ခိုလုပ်ငန်းများ ပေါများခဲ့တဲ့ အချိန်တုန်းကဆိုရင် စပို့ရှပ်လှလှ လေးတွေ ဝတ်နိုင်တာလဲ အဆင့်အတန်း လက္ခဏာပါပဲ။ ခုလဲ ဆန်းပြား တာကိုရှာပြီး အပြိုင်အဆိုင် ဝတ်ကြတုန်းပါ။ အဲဒီခေတ်တုန်းက မာဇဒါ သရီး–တူး–သရီးတွေဆိုရင် အဆင့်အတန်း လက္ခဏာပါပဲ။ သူ့ထက် စောတာကတော့ မာစဲဒက်စ်လို့ခေါ်တဲ့ မာစီဒီးကားပါ။ သူ့ထက်စော ပြန်ရင် ဖွတ်(ဖို့ဒ်)ကား၊ အော်စတင်၊ ဘဲလ်အဲယား၊ ဖီးယက်၊ ချက်ပလက် (ရှဲဗရိုလေး) စသည်ဖြင့်ပေါ့။ ကားနဲ့ဂုဏ်အဆင့်အတန်း ဝင့်ကြတာပေါ့။ ဒါပေမဲ့ မြို့ထဲမှာ ခရီးသည်တင်ရတုန်းဖြစ်တဲ့ ချက်ပလက်ခေါင်းတိုတွေ ကတော့ ဂုဏ်အဆင့်အတန်း လက္ခဏာ မဖြစ်တော့ပါဘူး။

အခုကျတော့ ဒေဝူးရဲ့ စီယဲလို၊ အက်စပါရို၊ ပဂျားရိုး၊ ဖော်လဗိုတို့လဲ အဆင့်အတန်း လက္ခဏာတွေ ဖြစ်လာပါတယ်။

ဟိုတစ်ခေတ်တုန်းက စာသင်ကျောင်းထဲက အဆင့်အတန်း လက္ခဏာထဲမှာ စိန့်ပေါ်၊ စိန့်ဂျွန်း၊ စိန့်ပက်ထရစ် စသည်ဖြင့် ပါပါတယ်။ အင်္ဂလိပ်စာ ထူးချွန်သူတွေ ထွက်တတ်ပါတယ်။

တရုတ်ပြည်မှာ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က လူနေမှု အဆင့်အတန်း လက္ခဏာဟာ အပ်ချုပ်စက်ရယ်၊ စက်ဘီးရယ်၊ လက်ပတ်နာရီရယ်လို့ ဆိုပါတယ်။ အခုတော့ တီယန်အာမင် ပြည်သူ့ရင်ပြင်အစပ်က ဝမ်ဖူကျင် လမ်းမကြီးပေါ်မှာ အိမ်သုံးရေခဲသေတ္တာတွေ၊ တီဗီတွေ အိမ်ကိုသယ်သွား တဲ့ ကားတွေ၊ ယာဉ်တွေဟာ လက်ညှိုးထိုးမလွဲပါဘဲ။ အာရှမှာ ခေတ်ပြောင်းပြီး တိုးတက်တာမြန်တော့ ဆယ်လျူလာဖုန်းတို့၊ စလောင်း တီဗီတို့၊ လုံးချင်းအိမ်ရာတို့က အစားဝင်လာပြန်တော့တယ်။

www.burmeseclassic.com



အဆင့်အတန်း လက္ခဏာကို ရှာကြရာမှာ သူများလုပ်နိုင်တဲ့ကိစ္စမျိုးဟာ အသိအမှတ်ပြုစရာ မဟုတ်တော့ပါဘူး။ ဒါကြောင့် တီဗီတွေ၊ ရေခဲသေတ္တာတွေက မဆန်းတော့ပြန်ဘူး။ တီရှပ်လဲ ဒါလောက် မဟုတ်တော့ဘူး။

ဟိုတုန်းက ဆေးခန်းဖွင့်ရင် မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) မှ၊ အင်္ဂလန်မှာဆိုရင် ဟာလေလမ်းမကြီး (Harley Street) မှ၊ တက္ကသိုလ်ကျောင်းဆိုရင် အင်္ဂလန်က အောက်စဖို့ဒ်၊ ကိန်းဘရစ်ချ်တို့ဖြစ်ဖြစ်၊ အမေရိကန်မှာ ရေညှိတက်နေတဲ့ ကောလိပ်များလို့ ခေါ်တဲ့ ဟားဗတ် ဖြစ်ဖြစ်၊ စတင်းဖို့ဒ်ဖြစ်ဖြစ်၊ ပြင်သစ်က ဆော်ဖုန်းတက္ကသိုလ်ပဲဖြစ်ဖြစ် တက်နိုင်ရင် ကမ္ဘာသိ အဆင့်အတန်း လက္ခဏာတွေပါပဲ။

လွန်ခဲ့တဲ့ အနှစ် ၄၀ ကရေးတဲ့ ဝတ္ထုတွေမှာ အလုပ်အကိုင်ဆိုရင် အကောက်ခွန်/ပီအိုအရာရှိ၊ နေရာဆိုရင် သော်မဆင်ရိပ်သာလမ်းလို့ ဖွင့်ခဲ့ကြတယ်။ ဗိုလ်ချုပ်ဈေးကတော့ ခေတ်မီတုန်းပဲ။ ကရဝိတ်ကဖြင့် ကြာကြာ ခေတ်မစားလိုက်ဘူး။ ဒါဟာ အဆင့်အတန်း လက္ခဏာ အပြောင်းအလဲတွေလေ။

မျက်စိအောက်မှာတော့ ဂါဝန်တို၊ ကုတ်အင်္ကျီခါးရှည်၊ ဒေါက်မြင့်ဖိနပ်၊ ကြိုးရှည် စလင်းဘက်နဲ့ ဝင်ငွေက ဒေါ်လာတန်ဖိုးနဲ့ စက်ပြီးရကြတဲ့သူများကို အချင်းချင်း အားကျစရာ ဖြစ်နေပြန်တယ်။ အလုပ်ဈေးကွက်က လူငယ်တွေအတွက် ဝံ့ကြွားစရာ အဆင့်အတန်း လက္ခဏာတွေပါ။ ဒီကြားထဲ ညတေးဂီတနဲ့ စားသောက်ပွဲများကို တောက်ပြောင်စွာ ထွက်ဝင်သွားလာနိုင်ခြင်းကတော့ အဆင့်အတန်း လက္ခဏာလား၊ အဆင့်အတန်း မရှိတဲ့ လက္ခဏာလားဆိုတာ သူတို့စိတ်ထဲမှာ မသဲကွဲနိုင်ကြသေးပါဘူး။

www.burmeseclassic.com



အဆင့်အတန်း လက္ခဏာဆိုတာ အသိအမှတ်ပြုခံရရင် ပြသလိုသူအတွက် စိတ်ချမ်းမြေ့စရာဖြစ်ပါတယ်။ ပြောင်းလဲတိုးတက်နေတဲ့ခေတ်မှာ အဆင့်အတန်းလက္ခဏာတွေ မတည်ငြိမ်ဘဲ ရွေ့လျားနေတာကလဲ ခေတ်သဘောပါပဲ။

www.burmeseclassic.com

# ဆူဗာဘင် (SUBURBAN)

ရန်ကုန်မြို့မှာ "ဆူဗာဘင်" လမ်းဆိုတဲ့ လမ်းရှည်ကြီးတစ်ခု ရှိပါတယ်။ အခုတော့ 'ငုဝါ' လမ်းလို့ အမည်သစ်နဲ့ တွင်နေပါတယ်။ ဒီလမ်းမှာ ကျွန်တော်တို့လဲ နေခဲ့ဖူးပါတယ်။ ရန်ကုန်မြို့တော်၊ ဆူးလေစေတီတော် အနီးကနေ မဟာဗန္ဓုလလမ်းအတိုင်း အနောက်ဘက်ကို သွားရင် ကြည့်မြင်တိုင်အထိ ဆက်သွယ်နိုင်တဲ့ လမ်းခွဲပါ။

ဆူဗာဘင်ဆိုတဲ့ အဓိပ္ပာယ်ကတော့ "ဆင်ခြေဖုံးဖြစ်သော" လို့ အဓိပ္ပာယ်ရပါတယ်။ ဒီလမ်းကို ကိုလိုနီခေတ်မှာ နာမည်ပေးတုန်းက မြို့စွန်မြို့ဖျား ဆင်ခြေဖုံးအရပ်ရယ်လို့ သတ်မှတ်ပြီး နာမည်ပေးခဲ့ဟန် တူပါတယ်။ အခုဆိုရင်တော့ ငုဝါလမ်းရှိတဲ့ အလုံရပ်ကွက်ဟာ ဆင်ခြေဖုံးလို့ မဆိုနိုင်တော့ပါဘူး။ ကိုယ်နေဖူးတဲ့လမ်းထဲ ကိုယ်ဝင်သွားရင်တောင် မမှတ်မိနိုင်တော့သလိုပဲ။ ဘေးတစ်ဖက်တစ်ချက်မှာ တိုက်မြင့်မြင့်ကြီးတွေ ရှိနေတော့ လမ်းက ကျဉ်းပြီး လမ်းပေါ်ကိုကျတဲ့ နေ့ခင်းနေ့လယ် အလင်းရောင်ဟာ နည်းသွားတယ်လို့ ထင်ရတယ်။

ဆင်ခြေဖုံးအရပ် ဆိုတာဟာ မြို့လယ်က ဈေးဆိုင်ကနားတွေနဲ့ ဝေးရာ အေးအေးလူလူနေထိုင်ကြတဲ့ နေရာမျိုးဖြစ်ပါတယ်။ မြို့ပြတို့ရဲ့

www.burmeseclassic.com



ကျော်ထောက်နောက်ခံ လူနေရပ်ကွက်လို့ဆိုနိုင်ပါတယ်။ မြို့လယ်မှာ နားငြီးစရာ အသံဗလံတွေနဲ့ ဝေးရာမှာဖြစ်လို့ အစဉ်အလာအားဖြင့် နှစ်သက်စရာနေရာတစ်မျိုးလဲ ဖြစ်ပါတယ်။

အခုတော့ ဆင်ခြေဖုံးများရဲ့ အခြေအနေလဲ ပြောင်းလဲလာပါပြီ။ မြို့ပြများ ကျယ်ပြန့်လာတဲ့အခါ ဆင်ခြေဖုံးတွေလဲ အလိုလိုနောက်ဆုတ်သွားကြပါတယ်။ ဒါပေမဲ့ ဘယ်မြို့ပြကြီးမှာမဆို ဆင်ခြေဖုံးများဟာ လူနေထူထပ်တဲ့နေရာတစ်မျိုး ဖြစ်လာပါတယ်။ စီးပွားကုန်သွယ်ရေးအမြင်မှာတော့ ဆင်ခြေဖုံးဟာ အကျိုးအမြတ်ရှာနိုင်တဲ့ ဈေးကွက်ကြီးဖြစ်ပါတယ်။ စားသုံးသူ အမျိုးမျိုးတွေရှိကြလို့ပါ။ ဒါ့ကြောင့် ဆင်ခြေဖုံးဈေးကွက်ဆိုပြီး ဒီအရပ်မျိုးမှာနေကြတဲ့ လူတန်းစားအလွှာတွေရဲ့ အသုံးအစွဲ ခလေ့အကြိုက်ကိုလိုက်ပြီး ထုတ်လုပ်ရောင်းချကြတာပေါ့။

'မြို့ပြ' ဆိုတဲ့ အသုံးအနှုန်း တွင်ကျယ်လာရာမှာ 'ဆင်ခြေဖုံး' ဟာ တွဲရက်စကားလုံး ဖြစ်လာရပါတယ်။ ဒါ့ကြောင့်လဲ စာဖွဲ့ကြတဲ့အထဲမှာ ၁၉၉၅ ခု အောက်တိုဘာလထုတ် ကလျာမဂ္ဂဇင်းမှာပါတဲ့ မောင်ဆေးရိုးရဲ့ ကဗျာမှာ "ဆင်ခြေဖုံးမှာ ဆင်ခြေဖုံး မဆန်တော့ဘူးဆိုပေမယ့်၊ ဆင်ခြေဖုံးဆန်သလောက် ဆန်သေးတဲ့ ဆင်ခြေဖုံးပေါ့" လို့ ဆိုထားပါတယ်။ ဆင်ခြေဖုံးတို့ရဲ့ ပြောင်းလဲမှုကို ဆိုလိုတာ ထင်ပါတယ်။

ကမ္ဘာပေါ်မှာ မြို့ပြများ တွားလျားကျယ်ပြန့်လာတာကို စပရောလင်း စီးတီးစ် (Sprawling cities) လို့ သုံးနှုန်းကြပါတယ်။ ပြောင်းလဲကျယ်ပြန့်တဲ့သဘောမှာ မြို့ပြတင် မဟုတ်တော့ပါဘူး။ ရူရယ် (Rural) လို့ သုံးနှုန်းကြတဲ့ ကျေးလက်တွေလဲ ပြောင်းလဲလာနေကြတယ်။ လမ်းပန်းဆက်သွယ်၊ သတင်းအဆက်အသွယ် ကောင်းလာတော့ ကျေးလက်ဟာမြို့ပြရဲ့ အဆက်အစပ်ဖြစ်လာပါတယ်။ တချို့နိုင်ငံတွေမှာ

www.burmeseclassic.com



ဗီလိပ်ဂျ် (Village) လို့ခေါ်တဲ့ ရွာရယ်လို့ မသုံးနှုန်းတော့ပါဘူး။ မြို့လို့ ခေါ်ပြီးတော့ မြို့ကြီးနဲ့ မြို့ငယ်သာ ခြားနားပါတယ်။ ဗီးလိပ်ဂျ် အသုံး အနှုန်းကိုတော့ ကြံကြံဖန်ဖန် မြို့ကြီးပြကြီး အလယ်ခေါင်နေရာမျိုးမှာ အမည်ပေးကြပြန်တယ်။ ဂရင်းနစ်ရွာ (Greenwich village) ဆိုတာ အမေရိကန် နယူးယောက်မြို့လယ်လို နေရာမျိုးမှာ ရှိပါတယ်။ အနုပညာ သည်တွေ ကျက်စားတဲ့ နေရာပါ။ တေးဂီတ နားထောင်လို့ရတယ်။ ကော်ဖီခါးခါးသောက်လို့ရတယ်။ ပန်းချီပုံတူ ဆွဲချင်လို့ရတယ်။ ပန်းချီ ကားတွေ ကြည့်လို့ရတယ်။ ဆိုချင် တီးချင်လဲ ရတယ်လေ။ နာမည် ပေးပုံက ရန်ကုန် သင်္ကန်းကျွန်းမှာ "အရှေ့ရွာ" လို့ စားသောက်ဆိုင်ကို နာမည်ပေးသလိုပေါ့။ ရွာကို အခြေခံခဲ့ကြတဲ့ လူ့အဖွဲ့အစည်းမှာ ရွာသရုပ် တွေ ရှားပါးသွားပြန်တော့လဲ ရွာလေ့ကို တမ်းတမိကြတာပေါ့။

အခုလဲ ဆင်ခြေဖုံးဟာ လှိုင်းကြက်ခွပ်များလို အလယ်ချက်ကနေ အဝေးမှာရှိတဲ့ ကမ်းဘက်ကို ဆုတ်ခွာပြေးသွားနေကြပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။ တောင်ကြီးမြို့ကို တောင်ထိပ်ပေါ်ကကြည့်၊ ရန်ကုန်ကို လေယာဉ်ပေါ်က မြို့သစ်တွေဘက်ကို ဓာတ်ပုံရိုက်ထားတာ ကြည့်၊ အိုဆာကာမြို့၊ ဘန်ကောက်မြို့တို့ရဲ့ အထပ် ၂၀ ကျော် ဟိုတယ်ကြီးတွေ ပေါ်က မိုးကုပ်စက်ဝန်းဆီကိုကြည့်၊ စပရောလင်း (Sprawling) ဖြစ်နေ တဲ့ မြို့ပြစက်ဝန်းတွေကို တွေ့ရပါလိမ့်မယ်။

ဒါ့ကြောင့် ၂၁ ရာစုထဲရောက်ရင် ဆူဗာဘင်ဆိုတဲ့ ဆင်ခြေဖုံးဟာ အဓိက လူနေရပ်ကွက်တွေ ဖြစ်လာပါလိမ့်မယ်။ ဆင်ခြေဖုံးသားတို့ရဲ့ အတွေးအခေါ်၊ စရိုက်နဲ့ အကြိုက်တို့ဟာ လူ့အဖွဲ့အစည်းရဲ့ အဓိကစရိုက် ဖြစ်လိမ့်မယ်လို့ မျှော်လင့်ထားကြပါတယ်။ မြန်မာနိုင်ငံ အမျိုးသား ကျန်းမာရေးကော်မတီက ဆင်ခြေဖုံးဒေသ ကျန်းမာရေးကို အာရုံပြု ထားတာ သတင်းထဲမှာ တွေ့လိုက်ပါတယ်။

www.burmeseclassic.com



တစ်ခုပြောစရာ ကျန်ပါသေးတယ်။ "ဆူဗာဘင်" ကို ဆင်ခြေဖုံး ရယ်လို့ မြန်မာလို ဘာပြုလို့ခေါ်သလဲဆိုတာကို မနေ့တစ်နေ့ကမှ ၁၉၉၅ ခုနှစ်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ကထုတ်တဲ့ ထင်းရှူးရိပ် မဂ္ဂဇင်းမှာ သွားပြီးဖတ်မိပါတယ်။ တမ္ပဝတီ ကိုဝင်းမောင်က "မန္တလေး ရတနာပုံ ရွှေမြို့တော်ကြီး" ဆိုတဲ့ အမည်နဲ့ ကွယ်လွန်သူ ဆရာကြီး ရွှေပြည် ဦးဘတင်ရဲ့ ဆောင်းပါးကို အခြေပြုပြီး ရေးတာပါ။ အဲဒီ ဆောင်းပါးထဲမှာ "ဆင်စီးသူရဲတို့၏ ဆင်တော်ဘေးမှ အဲမောင်းလုံ့ကိုင် အမှုထမ်းစစ်သည် တို့က ရန်သူတို့ပစ်လွှတ်အပ်သော မြားတံ၊ လှံတံ၊ လက်နက်များ ဆင်တော် ၏ ခြေလက်တို့ကို မထိခိုက်စေရန် ဘေးမှရံ၍ စောင့်ရှောက်ကာကွယ်ကြရ သကဲ့သို့ (ရတနာပုံ) ရွှေကြိုးသတ်နယ်မြေအတွင်းမှ ကျွန်တော်မျိုးတို့ ကလည်း ရွှေမြို့တော်ကြီးသို့ ဦးတည်လာရောက်သော ရန်သူအပေါင်း တို့ကို အစဦးစွာ ခုခံကာကွယ် စောင့်ရှောက် ဖယ်ရှားရမည်ဟု ယူဆ ခေါ်ဝေါ်ခဲ့ခြင်း" လို့ ရှင်းလင်းထားပါတယ်။

ဒီတော့ ဆင်ခြေဖုံးဆိုတဲ့ ဆူဗာဘင်ဟာ ကျွန်တော်တို့ မူလ အသုံး အနှုန်းနဲ့ အဓိပ္ပာယ်ကတော့ ငုပ်သွားပြီပေါ့။ ကမ္ဘာ့မြို့ပြကြီးတွေမှာ ဆင်ခြေဖုံးရဲ့ အခန်းကဏ္ဍဟာ အရေးပါလို့လာပါတယ်။ ထို့အတူပဲ ဆင်ခြေဖုံးအရပ်တွေ ကျယ်ပြန့်လို့လာနေပါတယ်။

www.burmeseclassic.com



www.burmeseclassic.com



# စပေ့ (SPACE)

စာစီသမား၊ လက်နှိပ်စက်သမားနဲ့ ကွန်ပျူတာစာစီလုပ်ငန်းတို့ရဲ့ ဝေါဟာရမှာ "စပေ့" ဟာ ကြားခံချဲမှတ်ဖြစ်ပါတယ်။ ပုံနှိပ်စာစီသမားတို့ နှုတ်ဖျားမှာတော့ "စပိတ်ထိုးတယ်" လို့ နှုတ်ကျိုးနေပါတယ်။ မြန်မာ့လျှာ၊ အာတို့နဲ့တော့ စပိတ်ဆိုတဲ့ အသံဟာ အံကိုက်ပါပဲ။ အင်္ဂလိပ် ဘာသာစကားမှာတော့ "စပေ့" ဆိုတဲ့ အသံထွက်ဟာ နီးစပ်လိမ့်မယ် ထင်ပါတယ်။

စပေ့ (Space) ဆိုတဲ့ အသံမျိုးဆိုရင် မြေတူးတဲ့ ဂေါ်ပြားတို့၊ အနက်ရောင် ဖဲပွင့်ချပ်တို့နဲ့ စပ်ဆိုင်တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ပြောစကားရဲ့ လိုရင်းကတော့ ဆိုလိုတာကို ကြားရတဲ့လူက နားလည်ရင် ပြီးစတမ်းပါ။ ဒီတော့ ကျွန်တော်တို့ ပုံနှိပ်လောကမှာ ပြောနေကျ "စပိတ်" ဟာ မွေးစားထားတဲ့ ဝေါဟာရ (Borrowed word) အဖြစ် သူ့နည်းသူ့ဟန်နဲ့ အဆင်ပြေနေတာကိုပဲ ကျေနပ်ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြောချင်တဲ့ "စပေ့" ကလဲ အခက်သား။ သုံးစွဲရတဲ့ ကိစ္စကိုလိုက်လို့ နယ်ပယ်၊ ကွက်လပ်၊ ဟင်းလင်းပြင်ဆိုတာတို့အပြင် အာကာသ မိုးကောင်းကင်အထိ အနက်အဓိပ္ပာယ် သက်ရောက်ပါတယ်။

www.burmeseclassic.com



ပြောချင်တာကတော့ ဘယ်ဘာသာစကားမှာမဆို ဝေါဟာရတစ်လုံးရဲ့ မာယာရှိတာဖြစ်ပါတယ်။ စာလုံးစာကြောင်း ချဲတာကို စပိတ်လို့ခေါ်ကြတာဟာ အရေးမကြီးလှဘူးလို့ ဆိုလိုရင်လဲ ဆိုနိုင်ပါတယ်။ စာစီတဲ့အခါမှာ စာပြင်ဆရာက စာသားရဲ့ ဘေးနားကနေ စာလုံး အစိပ်အကျဲ မညီလို့ "မျှချဲ" လို့ တိုတိုရေးပေးလိုက်တာကို စာစီသမားက စားသားထဲမှာ ထပ်ဖြည့်ရမယ်အထင်နဲ့ စာစီထည့်လိုက်တော့ "မျှချဲ" ဆိုတဲ့ စာလုံးဟာ ဘာမဆိုင် ညာမဆိုင် ပါသွားပါတော့တယ်။ ရယ်စရာကြီးပေါ့။ ကွန်ပျူတာစာစီခေတ်မှာလဲ ဒီလိုဖြစ်နိုင်တာပါပဲ။

အဲဒါလောက် သေးငယ်တဲ့ စပေ့ ဝေါဟာရကိစ္စဟာ စပေ့ အိတ်ဂျ် (Space age) လို့ သုံးရတဲ့အခါမျိုးကျတော့ ဧရာမကိစ္စကြီး ဖြစ်သွားပါတော့တယ်။ ဆိုလိုတာက အာကာသခေတ်ပေါ့။ လပေါ်ကို လူရောက်တာ၊ အင်္ဂါဂြိုလ်ကို အနီးကပ် ဓာတ်ပုံရိုက်ယူနိုင်ခဲ့တာ၊ ရုရှားရဲ့ မီယာ အာကာသစခန်းကြီး စက်ချွတ်ယွင်းတာ၊ ဂြိုလ်တုရုပ်မြင်သံကြားများက သတင်းပေးပို့တာအထိ မြင်ယောင်မိကြမှာပါ။ လူတွေ အာကာသ ဟင်းလင်းပြင်ကို ထွက်စူးစမ်းနေကြပြီလေ။ ဒါကိုအကြောင်းပြုပြီး စပေ့ ဝေါဟာရအမျိုးမျိုးလဲ ပေါ်ပေါက်လာရပါတယ်။

ဒီဆောင်းပါးတွေမှာ ကျွန်တော်တို့ တင်ပြချင်တာကတော့ နေ့စဉ်ကြားညှပ် ပြောမိကြတဲ့ အင်္ဂလိပ် ဝေါဟာရတွေ အကြောင်းနဲ့ ဒီဝေါဟာရတွေနဲ့ယှဉ်ပြီး ခေတ်အလိုက် နားလည်တဲ့ အယူအဆများ အကြောင်း၊ စကားလုံးဝေါဟာရပေါ် မူတည်ပြီး လူမှုဖြစ်စဉ်တွေမှာ ထင်ဟပ်ရပုံအကြောင်း ဖြစ်ပါတယ်။ အချိန်ကာလ ပြောင်းလဲခြင်းနဲ့အတူ စကားလုံးများရဲ့ ဆိုလိုရိပ်တွေ ကွဲပြား၊ ပွားများလာပုံကို နိုင်သလောက် တွေးတောစိစစ်ကြည့်ခြင်းဖြစ်ပါတယ်။ စကားလုံးတစ်လုံးဟာ ခေတ်ပြိုင် အခြေအနေမှာ ရပ်တည် ကျက်စားနေပုံပေါ့။ ဒီနေရာမှာ ဘာသာစကား

www.burmeseclassic.com



သင်ကြားခြင်းလဲမဟုတ်၊ သင်ကြားနိုင်လောက်တဲ့ အခြေခံနဲ့စနစ်ဇယားများလဲ အလေ့အထ မထုံတာ အမှန်ပါပဲလို့ ဝန်ခံရမှာပါ။ ဒါပေမဲ့ ခေတ်ကာလအလျောက် အတွေးအမျှင်တန်းများကို ဆန့်ထုတ်ကျက်စားကြည့်စေလိုတဲ့ စေတနာတော့ ပါဝင်ပါတယ်။

အင်္ဂလိပ်ဘာသာမှာ "စပေ့" ကို နေရာ၊ ကွက်လပ်တို့ကနေ အာကာသ ဟင်းလင်းပြင်အထိ အဓိပ္ပာယ်သက်ရောက်စေရာမှာ ကွဲပြား တဲ့ အခြားအသုံးအနှုန်းတွေလဲ ရှိပါတယ်။ မိခင်များ သားဆက်ခြားခြင်းကို (Child spacing) လို့ သုံးနေကြပါတယ်။ ကမ္ဘာ့လူဦးရေ ပြဿနာနဲ့ နွယ်တဲ့ ကိစ္စကြီးတစ်ရပ်ပါ။ အခုခေတ် တိုက်ခန်း၊ အိမ်ခန်းနဲ့ လုံးချင်းအိမ်တွေ ငှားရမ်းကြတော့ လူနေရမယ့် အိပ်ခန်း၊ စားခန်း၊ ဧည့်ခန်းတို့ရဲ့ အကျယ်ကို ဖလိုးစပေ့ (Floor space) ဆိုပြီး အလျား၊ အနံတွက်ချက်ပြီး ဧရိယာအဖြစ် ဖော်ပြကြပါတယ်။ မြို့ပြများမှာ နေထိုင်မှုခွင် (ဂွင်) လစ်ဗင်းစပေ့ (Living space) ပေါ့။ စပေ့ အကန့်အသတ်တွေ ရှိလာနေတာကို သတိပြုစရာ ဖြစ်ပါလိမ့်မယ်။ ဂျပန်မှာ တာတာမီမြက်ဖျာ ဘယ်နှစ်ချပ်စာ ရှိတယ်လို့ တိုင်းတာပြီး အဆင့်နိမ့် အိပ်ခန်းများငှားတဲ့ အလေ့ရှိတယ်လို့ ကြားဖူးပါတယ်။ မြို့ကြီးပြကြီး အလယ်က မြေကွက်လပ်ဆိုရင်တော့ စတုရန်းတစ်ပေ ပတ်လည်ကို အခြေခံပြီး ငွေတန်ဖိုး သိန်းသန်းချီပြီး ရောင်းဝယ်မှုပြုကြတယ်လို့လဲ ကြားဖူးပါတယ်။ ရန်ကုန်၊ မန္တလေးတို့မှာလဲ ဒီနည်းနှင်နှင် ဖြစ်လာပါပြီ။ မြို့ပြများမှာ နေရာထိုင်ခင်း ခက်ခဲသလို ကားရပ်ဖို့နေရာ ပါ့ကင်းစပေး (Parking space) ခက်ခဲလို့ အချိန်ကုန်တာ၊ အဆင်မပြေတာတွေလဲ ဆင့်ပွားပြီး ရှိလာနေပါတယ်။

ဟိုတယ်၊ မိုတယ် ဆိုတဲ့ တည်းခိုစရာတွေ နိုင်ငံအသီးသီးမှာ ထွန်းကားလာတော့ လူတစ်ဦးနှစ်ဦး နေသာရုံ အခန်းဖွဲ့ထားတဲ့ ဟိုတယ် ခန်းတွေမှာ စီစဉ်နေရာချထားပုံ၊ ကွက်တိဖြစ်အောင် လုပ်ထားပုံဟာလဲ

www.burmeseclassic.com



စိတ်ဝင်စားစရာကောင်းပါတယ်။ နေရာကျဉ်းကျပ်တယ် မထင်ရအောင်၊ စိတ်လွတ်လပ်အောင် နံရံဆေးရောင်နဲ့၊ ကြည့်မှန်နဲ့၊ အလင်းရောင် ပြတင်းနဲ့ အလိုက်သင့် စီစဉ်ထားပုံဟာ နေရာမပုပ်အောင်၊ လုပ်ငန်း တွက်သားကိုက်အောင် စပေ့ကို ကစားထားတာ ဖြစ်ပါတယ်။

ပုံနှိပ်စာအုပ်နဲ့ မဂ္ဂဇင်း စာစောင်တွေရဲ့ အဆင်အပြင်မှာလဲ ထို့အတူပါပဲ။ ဖတ်ရသူ မျက်စိသက်သာဖို့၊ အမြင်ရှင်းလင်းဖို့နဲ့ အလှအပ ဖြစ်စေဖို့အတွက် စပေ့ နေရာကွက်လပ်များကို ဒီဇိုင်းဆရာတို့က ချန်လုပ် ဖန်တီးပေးထားကြပါတယ်။ ပညာတစ်မျိုးပေါ့။ စာမျက်နှာတစ်ခုမှာ ကော်လံ (Column) ဆိုတဲ့ စာတိုင်တွေကို အပြည့်မထားဘဲ အဖြူသား ကွက်လပ်ကလေးတွေ ချန်ထားပေးတာကို စက္ကူဖြုန်းတယ်လို့ ဆိုသူက ဆိုဖူးပါတယ်။ အနု၊ အယဉ်၊ အလှ ဖန်တီးမှုပညာမှာတော့ အကြိုက်ချင်း ကွဲလွဲနိုင်တာရှိသလို အသိအမြင် ခြားနားတာတွေလဲ ပါတတ်တဲ့သဘော လို့ ဆိုရပါလိမ့်မယ်။

"စပေ့" အကြောင်းကို တစ်ဆင့်တက်ပြီး တွေးဆကြံစည်တဲ့အခါ မှာ ကျွန်တော်တို့ဟာ အလျား၊ အနံ၊ ထု(အမြင့်) ဆိုတဲ့ အတိုင်းအတာ သုံးရပ် (သရီးဒိုင်မင်းရှင်း– Three dimension) ဘောင်ထဲမှာ ကျင်လည် ကျက်စားနေရတာကို သဘောပေါက်ရပါတယ်။ တစ်ဆက်တည်း တွေးရင်း ဝေးခြင်း၊ နီးခြင်းတို့ဟာလဲ "စပေ့" သဘောနဲ့ စပ်ဆိုင်ပါတယ်။

နောက်ထပ် တစ်ဆင့်တက်ပြီး ကြံဆတဲ့အခါ "စပေ့" ဆိုတဲ့ နေရာ အတိုင်းအတာ တည်ရှိခြင်းဟာ "အချိန်" ဆိုတဲ့ ကာလ အတိုင်းအတာ နဲ့လဲ အမြဲဆက်စပ်ပြီးနေတာကို သဘောပေါက်ရပြန်တယ်။ ရူပဗေဒ ပညာ သဘောထဲက စပေ့ – တိုင်းမ်ကွန်တီနီယမ် (Space - Time continuum) ဆိုရင် ဆက်စပ်နေတဲ့ ဖြစ်စဉ်ကြီးတစ်ခုပါပဲ။ ဟင်းလင်း ပြင် ကာလအစဉ်ကြီးလို့လဲ သုံးနှုန်းကြပါတယ်။ ဒီဖြစ်စဉ်ကြီးရဲ့ နေရာ

www.burmeseclassic.com



အကန့်အသတ်နဲ့ အချိန်အကန့်အသတ်ဟာ အတိုင်းမသိ (Infinite) လို့ သုံးနှုန်းရမှာပါ။ တော်ရုံတန်ရုံ ဉာဏ်မီစရာ မကောင်းတဲ့ ဖြစ်စဉ်သံသရာကြီး တစ်ခုမို့လို့ အနန္တ (ကြံဆခြင်းငှာ မစွမ်းသာ) ရယ်လို့လဲ သုံးနိုင်ပါသေးတယ်။

"စပေ့" အကြောင်းကို လူပြိန်းတွေးနဲ့ စဉ်းစားတဲ့အခါ ရုရှား စာရေးဆရာကြီး လီယိုတော်စတွိုင်း (ခရစ် ၁၈၂၈ – ၁၉၁၀) ရေးခဲ့တဲ့ "လူတစ်ယောက်မှာ မြေနေရာ ဘယ်လောက်လိုသလဲ" ဆိုတဲ့အမည်နဲ့ ဝတ္ထုတိုလေးကို သွားသတိရတယ်။ တကယ်လိုတာကတော့ လူတစ်ယောက်မှာ ဦးခေါင်းချစရာ နေရာလေးသာ ဖြစ်တယ်လို့ ရုရှားစာရေးဆရာကြီးက သံဝေဂသံနဲ့ ဆိုလိုပါတယ်။

www.burmeseclassic.com

# တိုင်းမ်  (TIME)

စပေ့(Space) အကြောင်းကို ကျွန်တော် ရေးပြီးတဲ့နောက် တိုင်းမ် အကြောင်းကို ရေးချင်စိတ်ပေါ်လာပါတယ်။ မြန်မာတွေရဲ့ နှုတ်ဖျားမှာ "တိုင်းမ်" ဆိုတဲ့ အင်္ဂလိပ်စာလုံးကို ခေါ်ရတာ မခက်လှပါဘူး။ ဒါပေမဲ့ နိုင်ငံတကာ အပတ်စဉ် သတင်းဂျာနယ် နှစ်ခုဖြစ်တဲ့ တိုင်းမ် (TIME) နဲ့ နယူးစ်ဝိ (NEWSWEEK) တို့ကြောင့် အခေါ် အဝေါ် လွဲရတတ်တာကို မကြာခဏ တွေ့ရဖူးပါတယ်။ ပြောတဲ့သူတွေက 'တိုင်းမ်' လို့ စလုံးသတ်ပြီး တိုင်းမ်စ် (TIMES) လို့ ခေါ်ပြီးတော့ နောက်ဂျာနယ်တစ်ခုရဲ့ နာမည်ကို ဆက်ပြောတဲ့အခါမှာ နယူဝိ (NEW WEEK) လို့ ဖြစ်သွားတတ်ပါတယ်။ မြန်မာ့နှုတ်တို့၊ အာတို့မှာ ဒီနာမည် နှစ်ခုကို ဆက်ပြီးပြောရင် လျှာခလုတ်တိုက်တတ်သလား မသိပါဘူး။

တိုင်းမ် (TIME) ဟာ အချိန်ဆိုတာ လူတိုင်းသိပြီးသားပါ။ တိုင်းမ်စ် (TIMES) ဆိုတာကတော့ ခေတ်ကာလကို ဆိုလိုတဲ့သဘောပါ။ အင်္ဂလိပ် အမည်နဲ့ သတင်းစာတွေမှာ နယူးယောက်တိုင်းမ်စ်၊ လန်ဒန် တိုင်းမ်စ်၊ ဂျပန်တိုင်းမ်စ်၊ လော့အိန်ဂျယ်လိစ် တိုင်းမ်စ် စသည်ဖြင့် "ခေတ်ကာလများ" ကိုညွှန်းပြီး အမည်တပ်ထားကြပါတယ်။ ဒါပေမဲ့ ပင်ရင်းစကား ဖြစ်တဲ့ တိုင်းမ်ကို အဓိက ထားတာပါ။ အချိန်ကာလတွေလို့ ဗဟုဝုစ်

www.burmeseclassic.com



သဘောနဲ့ ဆိုချင်တာလဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့မကျောင်းတုန်းက ပထမဦးဆုံး သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင့်ဆွေ (ဘားမင်းသတင်းစာ ဦးတင့်ဆွေ၊ ရွှေဘိုမောင်လတ်တူ၊ မင်းလက်ဝဲသုန္ဒရ တို့အနွယ်၊ ကဝိမျက်မှန်ပုံနှိပ်တိုက်ပိုင်ရှင် ဒေါ်အေးမေရဲ့သား)က သမိုင်း ဘာသာရပ်ကို သင်ပေးတော့ "တိုင်းပြည်၊ နိုင်ငံတစ်ခုအကြောင်းကို အရပ် ဒေသ သဘောအားဖြင့် ဖြန့်ကျက်ကြည့်ခြင်းဟာ ပထဝီဖြစ်တယ်ကွယ့်၊ အချိန်ကာလသဘောအားဖြင့် ဖြန့်ကျက်ကြည့်ခြင်းဟာ သမိုင်းဖြစ်တယ် ကွယ့်" လို့ ဆိုဖူးတာကို ကျေးဇူးတင်စွာ မှတ်မိနေပါတယ်။

ကျွန်တော်တို့အားလုံးဟာ ပထဝီဒေသအားဖြင့် အနီးအဝေး နေရာ များစွာနဲ့ ဆက်စပ်သွားလာလှုပ်ရှား ကျင်လည်နေရသလို အချိန်ကာလ အားဖြင့်လဲ ကျင်လည်ရင်း ရှင်သန်နေကြရပါတယ်။ "စပေ့"အကြောင်း တုန်းက ပြောခဲ့ဖူးသလို တိုင်းမ် (Time) အချိန်ဆိုတာဟာလဲ စပေ့ မဟုတ်တဲ့ ဖြစ်ရပ်တွေ စဉ်ဆက်မပြတ် ရွေ့လျားနေတဲ့ ဖြစ်စဉ်ကြီးတစ်ခု လို့ မူရင်းအဓိပ္ပာယ်ကို အဘိဓာန်မှာ ဖော်ပြထားပါတယ်။ ဒီဖြစ်စဉ်ကြီး ဟာ နောက်ပြန်ဆုတ်လို့ မရပါဘူး။ အချိန်ကာလ စက်ဝန်းသုံးပါးမှာ ဖြစ်ပြီးသမျှတွေဟာ အတိတ်မှာ ကျန်ရစ်သွားပြီး၊ ဖြစ်ဆဲခဏဟာ ပစ္စုပ္ပန် ဖြစ်ပါတယ်။ နောင်ဖြစ်လာမယ့်ကိစ္စတွေကတော့ အနာဂတ်မှာ အကြုံး ဝင်သွားမှာပေါ့။ လူတွေဟာ အတိတ်ကို တမ်းတကြသလို ပစ္စုပ္ပန် မျက်မှောက်ကို ရင်ဆိုင်ပြီး အနာဂတ်ကို မျှော်လင့် စိတ်စောကြရမြဲဖြစ်ပါ တယ်။

အချိန်ကာလအကြောင်းပြောတော့ သီချင်းထဲက "နောက်ထပ်၍ မယ်မပျိုသည်၊ ရေ့ကိုသာအိုမြဲ" ဆိုတဲ့ စာသားလေးကို သတိရမိသလို ဆရာမင်းသုဝဏ်ရဲ့ ကဗျာထဲက "ကာလလျား၍၊ ဆံကြားသွားကြွေ၊ အိုမင်းလေမှ၊ ရပ်မြေပြန်ဝင်၊ ကျွန့်သခင်ကို..."ဆိုတဲ့အဖွဲ့လေးကို သတိရ မိတယ်။ အချိန်ကို တိုင်းတာတဲ့နေရာမှာ "မျက်တောင်တစ်ခတ်"၊

www.burmeseclassic.com



"လက်ဖျစ် တစ်တွက်" စတဲ့ အသုံးအနှုန်းမျိုးအပြင်၊ ဗီဇနာ ဆိုတဲ့ အစဉ်အလာ အတိုင်းအတာမျိုးနဲ့လဲ တိုင်းတာပါတယ်။ မြန်မာ တစ်နာရီရဲ့ အပုံ ၆၀ ပုံတစ်ပုံဖြစ်ပြီး ၂၄ စက္ကန့်နဲ့ ညီမျှပါတယ်။ ခေတ်မီနည်းနဲ့ ဆိုရင်တော့ နာနိုစက္ကန့် (Nanosecond) ဆိုတာ အတိုဆုံးအချိန်တစ်မျိုး ဖြစ်ပါတယ်။ ရုပ်ဝတ္ထုထဲက ဒြပ်မြူမှုန်များရဲ့ ဖြစ်တည်ပျက်ခဏနဲ့ တူပါလိမ့်မယ်။ တစ်စက္ကန့်ရဲ့ ကုဋေတစ်ရာပုံရင် တစ်ပုံကို ဆိုလိုတာပါ။

အချိန်ကို ကာလကြီးတွေအနေနဲ့ ခွဲခြားပြီး တိုင်းတာရင်တော့ နှစ်ကာလရယ်၊ ခေတ်ကာလရယ်တို့အပြင် "ယုဂ်" ဆိုတဲ့ အတိုင်းအတာကြီးကတော့ ဧရာမကြီးလို့ ထင်ပါတယ်။ 'ယုဂ်' ကို ပြောတဲ့နေရာမှာ အင်္ဂလိပ်ဘာသာနဲ့ (Age) လို့ ရေးကြတာကိုလဲ တွေ့ဖူးပါတယ်။ ကျမ်းဂန်လာ စကားအရဆိုရင်တော့ ကျွန်တော်တို့ အသက်ရှင်ဆဲခေတ်ဟာ "ကာယိယုဂ်" ပါ။ လူတွေ သက်တမ်းတိုတဲ့ ဆုတ်ကပ်ကြီးလို့ ဆိုလိုပါတယ်။

အချိန်ကို နောက်ပြန်ဆုတ်ခိုင်းလို့ မရဘူးဆိုပေမယ့် လူ့စိတ်များ ပြေးလွှားလွင့်ပါးတတ်တာမို့ နိုင်ငံတကာ ရသစာပေတွေထဲမှာ ရစ်ဗန်ဝင်းကဲ (Rip Van Winkle) ဆိုသူဟာ တောထွက်သွားရင်း အိပ်ပျော်သွားလိုက်တာ နှစ်ပေါင်းများစွာကြာတော့ အိပ်ရာကနိုးပြီး သူ့ရွာသူပြန်ရောက်လာတဲ့အခါ သူ့ခေတ်ကလူတွေ ကွယ်လွန်ကုန်ကြပြီး မရှိတော့တာကို တွေ့ရတဲ့အကြောင်းဖြစ်ပါတယ်။

ဒီသဘောမျိုးနဲ့ပဲ သိပ္ပံစာရေးဆရာ "အိုင်ဇက် အာဇီမော့ဗ်" က ခေတ်လူတွေရဲ့ စိတ်နေစိတ်ထား မှောက်မှားလာမှုကို သတိပေးချင်လို့ "လူဝံတို့ရဲ့ ကမ္ဘာဂြိုလ်" (THE PLANET OF THE APES) ဆိုပြီး သိပ္ပံဝတ္ထုတစ်ပုဒ် ရေးလိုက်ပါတယ်။ ကမ္ဘာကနေ အခြားဂြိုလ်ပေါ် ရောက်သွားတဲ့ အခြားဂြိုလ်သားဟာ မျောက်တွေရဲ့ အဖမ်းခံရပြီးတဲ့ နောက်

www.burmeseclassic.com



ကမ္ဘာမြေကို ပြန်ထွက်ပြေးအလာမှာ သူတို့ နယူးယောဖ့်မြို့ကြီး ပျက်စီး တိမ်ကောနေတာကို ရင်ထုမနာ တွေ့ရတဲ့အကြောင်းပါပဲ။ ရုပ်ရှင်လဲ ရိုက်ခဲ့ပါတယ်။

အချိန်ကာလနဲ့ ပတ်သက်လို့ ဆရာကြီး ရွှေဥဒေါင်းက ဗြိတိသျှ စာရေးဆရာ အိပ်ချ်ဂျီဝဲလ် (H.G. Wells) ရေးတဲ့ တိုင်းမရှင်း (Time Machine) ဆိုတဲ့ ဝတ္ထုကို "ကာလယန္တရား" ဆိုပြီး ဘာသာပြန်ခဲ့ပါ တယ်။ အချိန်ကို နောက်ပြန်ဆွဲကြည့်လို့ရတဲ့ သဘောကို စိတ်ကူးယဉ်ပြီး ပညာပေးဝတ္ထု ရေးထားတာပါ။

လက်တွေ့အားဖြင့်တော့ အချိန်ဟာ နောက်ပြန်ဆွဲလို့ မရပေမယ့် ကမ္ဘာပေါ်မှာ တစ်ချိန်တည်းနေကြတဲ့ လူချင်းဆက်သွယ်မှု ညီညွတ် အောင်လို့ တစ်တိုင်းပြည်နဲ့တစ်တိုင်းပြည်ကို အချိန်နာရီတွေ ခွဲခြားထား ရတယ်။ မြန်မာနဲ့ ဂျပန်ဆိုရင် စက်နာရီ နှစ်နာရီခွဲ ခြားနားတာပေါ့။ နေကို စတင်မြင်ရပုံ အချိန်ချင်း မတူလို့ ဖြစ်ပါတယ်။ ကိုယ်တွင်းမှာ ဇီဝနာရီ (Biological clock) လို့ အခုခေတ်မှာ သုံးနှုန်းလာကြတာကတော့ လူတစ်ယောက် ကိုယ့်ဘာသာ အလေ့အထဖြစ်ပြီး အသားကျနေတဲ့ အဖြစ်မျိုးကို ဆိုလိုပါတယ်။ အိပ်ချိန်၊ စားချိန်၊ အလုပ်လုပ်ချိန် ကိုယ့်မှာ ပုံမှန် စည်းချက်ညီတဲ့အခါ အလုပ်တွင် အဆင်ပြေတယ်ပေါ့။ ဂျက် လေယာဉ်ပျံနဲ့ ကမ္ဘာ့အရှေ့အနောက် ခရီးသွားရတဲ့လူများမှာ ဂျက်လက် (Jet lag) ဆိုတဲ့ အချိန်စည်းဝါးမမှန်ဘဲ လုပ်ကိုင် တွေးခေါ်မှုတွေ အံချော် တာကို ကြုံရပါတယ်။

အချိန်ကို ကမ္ဘာ့လူဦးရေ တိုင်းဗုံးကြီး (Time bomb) ချိန်ကိုက် ထားသလို တစ်နေ့သောအခါ ထိန်းမရ၊ သိမ်းမရ ဖြစ်တော့မယ်လို့ လူဦးရေ တိုးပွားနှုန်းကို လေ့လာသူများက ဆိုပါတယ်။ နောက်ပြီး တစ်ဦးနဲ့တစ်ဦး အပြိုင်အဆိုင် အနိုင်ယူဖို့ ကြိုးစားကြတဲ့အခါ "အချိန်က

www.burmeseclassic.com



ကိုယ့်ဘက်မှာရှိတယ်" လို့ သေနင်္ဂဗျူဟာသဘောနဲ့ တွက်ဆပြောဆိုကြတာလဲ ရှိတတ်ပါတယ်။ အချိန်ကို စာဖွဲ့ကြတဲ့အထဲမှာ မနှစ်တစ်နှစ်က ဒိုင်ယာနာမင်းသမီးရဲ့ အသုဘ အခမ်းအနားမှာ သူ့ညီမဖြစ်သူ လေဒီဂျိန်းစ်ဖဲလိုးက ဘုရားကျောင်း ဝတ်ပြုပရိသတ်ရှေ့မှာ ရွတ်ဆိုခဲ့တဲ့ ကဗျာဟောင်းကလေး တစ်ပုဒ်ကတော့ လူတွေအပေါ်မှာ အချိန်ရဲ့ သြဇာညောင်းတတ်ပုံကို သိသာစေပါတယ်။ အဲဒါက ဘာလဲဆိုရင် –

> *"အချိန်သည် စောင့်စားရသူတို့အတွက် နှေးကွေးလွန်းလှသည်။ ထိတ်လန့်ကြောက်ရွံ့နေရသူတို့အတွက် မြန်ဆန်လွန်းလှသည်။ ပူဆွေး ဝမ်းနည်းရသူတို့အတွက် ရှည်လျားလွန်းလှသည်။ ပျော်ရွှင်ကြည်နူးရသူတို့အတွက် တိုတောင်းလွန်းလှသည်။ သို့သော် ချစ်ရ ခင်ရသူတို့အတွက်မူကား အချိန်သည် အတိုင်းမသိ၊ အတောမသတ် ဖြစ်ချေသည်"*

လို့ ရွတ်ဆိုသွားပါတယ်။

အချိန်အကြောင်း ရေးရင်းနဲ့ အချိန်အတိုင်းအတာတစ်ခု ကုန်မှန်းမသိ ကုန်သွားတာကို သတိပြုမိရပါတယ်။

www.burmeseclassic.com

# တိုင်းမ် (TIME)



# သိ ဘက်စ် ယီးယားစ်
# (THE BEST YEARS)

ဒီစကားလုံးဟာ ဝေါဟာရတစ်ခု မဟုတ်ဘဲ စကားစုတစ်ခု ဖြစ်ပါတယ်။ ဝေါဟာရ စကားလုံးတွေကို ရေးနေရာက ဒီစကားစုကလေးကို အကွက်ဆိုက်တာနဲ့ တွေးမိပြီး ရေးကြည့်မိပါတယ်။ စာရေးသူရဲ့ စိတ်အစီအစဉ် ဦးတည်မိရာကို ရေးကြရိုး ဓမ္မတာမို့ ကိုယ့်အတွေ့အကြုံ၊ ကိုယ့်ခံစားမှုတွေလဲ တစ်ခါတလေ ပါနိုင်ပါတယ်။

အင်္ဂလိပ်စာ အသုံးအနှုန်းမှာတော့ ဒီစကားစုဟာ ဘဝရဲ့ အရှိန်တက်ချိန်၊ အချိန်ကောင်းကလေးတွေ၊ ငယ်တုန်းရွယ်တုန်းဆိုတဲ့ အဓိပ္ပာယ်များ ကပ်ပြီးပါလေ့ရှိပါတယ်။ ဒီအသုံးအနှုန်းကိုအကြောင်းပြုပြီးတော့ "သူတို့အရွယ်ကောင်းတုန်းက..." ဆိုတဲ့ သဘောနဲ့ ဘဝမှတ်တမ်းတွေ၊ အဖြစ်အပျက်တွေကို ရေးသားပြီး စာအုပ်စာတမ်းတွေ ပြုစုကြပါတယ်။ ဒီလိုရေးတဲ့အခါမှာ "အရွယ်ကောင်းတုန်း အချိန်ဖြုန်းမိတယ်" ဆိုတဲ့ လေသံမျိုးနဲ့လဲ လှစ်ဟတတ်ကြပါတယ်။ လူဆိုတာ လွန်လေပြီးသော အတိတ်ကို တစ်ခါတစ်ရံ တမ်းတမိတတ်ကြတာလဲ ဓမ္မတာလို့ ဆိုရမှာပါ။ ဒါကို အကြောင်းပြုပြီးတော့ "ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်"၊

www.burmeseclassic.com



"လွတ်တဲ့ငါးကြီးတယ်" ဆိုတဲ့ မြန်မာအသုံးအနှုန်းတွေ ပေါ်လာရတယ် ထင်တာပါပဲ။ အင်္ဂလိပ်လို အသုံးအနှုန်းမှာ ကိုယ်ကြားဖူး၊ သိဖူးသလောက် ပြောရရင် "လူများအိမ်ရှေ့က မြက်ခင်းက ပိုပြီးစိမ်းတယ်" လို့ အထင် ရောက်ပြီး တမ်းတမိတာမျိုးပေါ့။ "အမေကျော်ပြီး ဒွေးတော်လွမ်းတယ်" ဆိုတဲ့ အသုံးအနှုန်းလဲ ဒီစကားရပ်တွေထဲက ပေါ်လာတာပါ။ ဒီအသုံး အနှုန်းကိုတော့ ပြည်သူ့ရေးရာကိစ္စ (Public Affaris) တွေအထိ အကြုံး ဝင်စွာနဲ့ သုံးကြပါတယ်။

ကျွန်တော်ရေးရမယ့်စကား မပျောက်အောင်ဆိုရင် "ကိုယ့်ဘဝရဲ့ အရွယ်ကောင်းတုန်းအချိန်" (The Best Years of My Life) ဆိုပြီး အမည်ပေးတဲ့စာအုပ်တစ်အုပ်ကို ဖတ်ဖူးပါတယ်။ ငယ်ငယ်ရွယ်ရွယ်မှာ လူမှုဝန်ထမ်းအလုပ်တွေ လုပ်ခဲ့တဲ့သူတွေအကြောင်းပါ။ ဒီလိုပြောမယ် ဆိုရင် ကျွန်တော်တို့ဆီမှာ ဒေါက်တာမစောဆတို့၊ ဒေါ်ဦးဇွန်းတို့လို ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဘဝအကြောင်းမျိုးပါပဲ။

အရွယ်ကောင်းတုန်း အချိန်ဖြုန်းမိတယ်ဆိုတဲ့ အတွေးမျိုးကတော့ လူအများစုမှာ တစ်ခါတစ်ရံ ပေါ်တတ်ပါတယ်။ ပြီးတော့ ကိုယ်ဖန်တီးတဲ့ အကြောင်းကြောင့်မဟုတ်ဘဲ ကိုယ်ဖြတ်သန်းခဲ့ရတဲ့ ခေတ်ကာလကြောင့် လဲ ဒီအတွေးမျိုး ပေါ်တတ်ပါတယ်။ ဒုတိယကမ္ဘာစစ်လို ကသောင်း ကနင်းကာလကို ဖြတ်သန်းရတဲ့ဘဝဟာ အဆိုးဆုံးဖြစ်ပါတယ်။ အချို့များ အသက်တော်တော်ရမှ အင်္ဂလိပ်စာကိုပါ အလွတ်သင်ပြီး ဆယ်တန်း ဝင်ဖြေကြတဲ့ မိတ်ဆွေတွေလဲ တွေ့ဖူးပါတယ်။ နောက်တော့ ရာထူး တာဝန်ကိုယ်စီ ဖြစ်သွားကြပါတယ်။ ဒီလိုမဟုတ်ဘဲ စစ်ကြီးအတွင်းမှာ အချိန်အားကလေးတွေကို အသုံးချပြီးတော့ စာဖတ်ခွင့်၊ လေ့လာခွင့် ရခဲ့ကြတဲ့သူတွေဟာ စစ်ပြီးခေတ်မှာ စာရေးဆရာမျိုးဆက်သစ်တစ်ခု အဖြစ်တောင် ပေါ်ထွက်ခဲ့တာ ခေတ်သစ်မြန်မာစာပေသမိုင်းမှာ သတိပြု

www.burmeseclassic.com



မိကြမှာပါ။ အဲဒီပုဂ္ဂိုလ်တွေထဲမှာ စစ်ကာလအတွင်း အတွေ့အကြုံတွေကို မှတ်သားပြီး မှတ်တမ်းတင်ကြတဲ့သူတွေလဲ အများအပြား ရှိကြပါတယ်။ မြန်မာ့တပ်မတော်သားဘဝ၊ စစ်အတွင်း နိုင်ငံခြား ပညာသင် အတွေ့အကြုံ၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲ အတွေ့အကြုံ၊ သံဖြူဇရပ်ချွေးတပ်မှတ်တမ်း၊ စစ်ကိုင်းတောင်ရိုး စစ်ပြေးဘဝ စသည်ဖြင့်ပေါ့။ ၁၉၉၇ ခုနှစ်အတွက် အမျိုးသားစာပေဆု စာပဒေသာဆု ရရှိခဲ့တဲ့ ဆရာခင်လေးမောင်ရဲ့ "နှစ်ငါးဆယ်မှ ချစ်တေးသံများ" ဆိုတဲ့စာအုပ်ဟာ လွတ်လပ်ရေး မရခင်ခေတ်က လူငယ်တစ်ဦးရဲ့ ကိုယ်ရေးဘဝနဲ့ယှဉ်တဲ့ ခေတ်ကြေးမုံတစ်ခု ဖြစ်ပါတယ်။ အဲဒါက သာဓကတစ်ခုတည်းပါ။

လူတစ်ယောက်ချင်းကိစ္စနဲ့ယှဉ်ပြီး တွေးရ၊ ပြောရတဲ့အခါမှာဆိုရင်တော့ ဒီအသုံးအနှုန်းဟာ ရင်နင့်စရာတွေ ပါလာတတ်ပါတယ်။ တွေးစရာတွေ၊ ဆင်ခြင်စရာတွေလဲ ပါလာတတ်ပါတယ်။ စကားစပ်မိတိုင်းပြောရတဲ့အကြောင်းအရာ၊ သတိရတိုင်းကြည့်ရတဲ့ဓာတ်ပုံ၊ ဒါမှမဟုတ် ပစ္စည်းလေးတွေအထိ သက်ရောက်ပါတယ်။ မနေ့တစ်နေ့တုန်းက ရင်းနှီးတဲ့ အရာရှိ အမျိုးသမီးကြီးတစ်ယောက်နဲ့ စကားလက်ဆုံ ပြောကြရင်းနဲ့ သူတို့လုပ်ငန်းဌာနက ပျော်ပျော်ပါးပါး ရင်းရင်းနှီးနှီး နေတတ်တဲ့ အရာရှိကြီး တစ်ယောက်က ကျီစယ်ပြီး သူ့ကို ပြောပါတယ်။ "ဒီအပျိုကြီးက ငယ်ငယ်တုန်းက တော်တော်စွံတာဗျ။ သူက ရွေးရွေးနေလို့သာ၊ သိပ်အထင်မသေးနဲ့" လို့ ဆိုပါတယ်။ အပျိုကြီးကလဲ အားကျမခံပါဘူး။ "အောင်မယ်လေး... ဟုတ်ပါရဲ့တော်၊ အခုနေ သတင်းစာထဲမှာ နာရေးကြော်ငြာများ တစ်ခါတလေ ဖတ်မိလိုက်တဲ့အခါ 'တော်ပါသေးရဲ့၊ ငါ သူ့ကိုများ ဟိုတုန်းက လက်ခံလိုက်မိရင် အခုနေ ငိုနေရမှာပဲ' လို့ တွေးမိပါရဲ့" လို့ ပြန်ပြောပါတယ်။ သူ့မှာတော့ အရွယ်အလျောက် လှတုန်းပတုန်းပါပဲ။ "မပူချင်လို့ ယောင်းမရှာ" ဆိုတာလို မဟုတ်ဘဲ မွေးစား

www.burmeseclassic.com



သားသမီးတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ဘဝကို ကျင်လည်နေတယ်လို့ ဆိုပါတယ်။ “လွဲချက်ကယ်နာ” လို့ အတွေးမပေါ်နိုင်ဘူးပေါ့။ တကယ်တော့ လူမှုဝန်ထမ်းစိတ်ရှိရင် ဇော်ရပ်လဲ ကြိုးရှုပ်နိုင်တာပါပဲ။

“သီ ဘက်စ် ယီးယားစ်” လို့ သတ်မှတ်တာကတော့ တွေးတတ်ရင်၊ သဘောထားတတ်ရင် ဘယ်အရွယ်ဖြစ်ဖြစ် အချိန်ကောင်းလို့ ယူသင့်ပါတယ်။ အရွယ်မရွေးဘူးလို့ ဆိုချင်ပါတယ်။ လှေပြေးတုန်း တက်ကျိုးသွားတဲ့ လူတွေ၊ ပြီးတော့ ကျေးဇူးတရားကို မျှော်လင့်လို့ မရနိုင်တဲ့ အများအကျိုးဆောင်အလုပ်မျိုးကို ကိုယ်ကျိုးစွန့်လုပ်ရင်း အသိအမှတ်ပြုခံရနိုးနဲ့ မျှော်လင့်ထားမိတဲ့လူတွေနဲ့စာရင် တော်သေးတာပေါ့။

တစ်နည်းတွေးရပြန်ရင် ဘဝမှာ ကိုယ့်အတွက် အကောင်းဆုံးအချိန်ဟာ ခုအချိန်ပဲ။ နေ့ကောင်းရက်သာ မတွက်ဘဲ “မင်းတို့ထွက် ရက်ရာဇာ” ဆိုတာလိုပဲ။ စာရေးဆရာ ဒေးလ်ကာနက်ဂျီ ပြောသလို “တစ်နေ့တာ အချိန်ကနဲ့ကလေးကို အကောင်းဆုံး အသုံးချဖို့” ပါပဲ။ လက်ငင်းလက်တွေ့ဘဝဟာ တန်ဖိုးရှိရှိ အသုံးချဖို့ လက်လှမ်းမိပြီး လက်ဆုပ်လက်ကိုင် ပြနိုင်တာပဲလို့ စဉ်းစားတတ်ရင် ဖြစ်နိုင်မယ် ထင်ပါတယ်။

ဒီတော့လဲ “သီ ဘက်စ် ယီးယားစ်” လို့ တမ်းတစရာ မလိုတော့ပေဘူးပေါ့။

# ယူဇာ ဖရင်းဒလီ (USER FRIENDLY)

"ယူဇာ ဖရင်းဒလီ" ဆိုတဲ့ အသုံးအနှုန်းဟာ ခေတ်ပေါ် တွဲဆက် ဝေါဟာရဖြစ်တယ်လို့ ပြောရမယ် ထင်ပါတယ်။ ဟိုတုန်းက ဒီလိုတွဲသုံးတာ မကြားဖူးမိပါဘူး။ အီလက်ထရွန်းနစ် ပစ္စည်းကိရိယာတွေ၊ တစ်ကိုယ်ရေသုံး၊ အိမ်ထောင်စုသုံး စက်ကိရိယာတွေ လှိုင်လှိုင်ပေါ်လာမှပဲ ဒီစကားလုံးကို ဟိုနားတစ်ချက်၊ ဒီနားတစ်ချက် ကြားဖူး၊ ဖတ်ဖူး ရတယ်။ ကနဦး တီထွင်သုံးစွဲသူတွေကတော့ လူသုံး အိမ်သုံး ကုန်ပစ္စည်း ထုတ်လုပ်သူတွေ ဖြစ်မှာပါ။ ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ "သုံးစွဲသူ လိုက်ဖက်စေမယ့်" ပစ္စည်းလို့ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ဒီပစ္စည်းကိရိယာကို စက်သဘောအခြေခံ မရှိတဲ့ လူတွေ လွယ်လွယ်ကူကူ သုံးနိုင်တယ်ပေါ့။ ခလုတ်တွေ၊ ပြင်ဆင်မှု လုပ်ငန်းအဆင့်ဆင့်တွေ မျက်စိရှုပ်စရာ မများဘူးပေါ့။ ကိုင်တွယ်သုံးစွဲရတာ ဇီဇာမကျယ်ဘူးပေါ့။ ဒါ့ထက်ရှင်းရှင်းပြောရရင် ဝယ်ယူ သုံးစွဲသူမှာ "မျောက် အုန်းသီးရသလို မဖြစ်ဘူး" ပေါ့။ ဒါမျိုးတွေ ဖြစ်တယ်ဆိုရင်ဖြင့် ဝယ်ယူသုံးစွဲရတဲ့သူအတွက် ဈေးကြီးပေးလဲ ဝယ်ရသေးတယ်၊ အဆင်လဲ

www.burmeseclassic.com



မပြောဘူး၊ အလုပ်လဲ မတွင်ဘူးဆိုပြီး အဲဒီကုမ္ပဏီ လုပ်ငန်းက ထုတ်လုပ်တဲ့ ပစ္စည်း တစ်မျိုးမျိုးကို အားပေး ဝယ်ယူမယ့်သူတွေ တစ်နေ့တခြား နည်းသွားတော့မှာ အမှန်ပါပဲ။

ကျွန်တော်တို့ဆီမှာ ခေတ်ပေါ်စက်ကိရိယာ အမျိုးမျိုးနဲ့ ရင်းနှီး သုံးစွဲခွင့်ရတာ နှစ်ပေါင်း ၄၀ ကျော်လောက် ရှိပါသေးတယ်။ မော်တော် ကား၊ ရေဒီယို၊ ဓာတ်စက်ဓာတ်ပြား၊ မော်တာ၊ ဒိုင်နမို ဆိုတာတွေက သူ့ထက် ၁၀ နှစ်ကျော်လောက် စောသေးတာပေါ့။ ပထမကမ္ဘာစစ် နောက်ပိုင်း မော်တော်ကားတွေ အကြွေးစနစ်နဲ့ ရောင်းတဲ့ နှစ်ပေါင်း ၆၀ ကျော်လောက်တုန်းက သူဌေးအိမ်တစ်အိမ်မှာ မော်တော်ကားတစ်စင်း ဝယ်စီးရာမှာ ကားက လမ်းမှာ ရုတ်တရက် ထိုးရပ်သွားတော့ ဒရိုင်ဘာ လုပ်တဲ့လူက ဘာလုပ်ရမှန်း မသိဘူးတဲ့။ သူလဲ ဂေါက်တံကြီးနဲ့ ချွေးပြန် အောင် ကားရှေ့က ဆင်းလှည့်၊ စက်က မနိုးနိုင်တော့ ကားပေါ်မှာပါတဲ့ သူဌေးကတော်က "ဟဲ့… ဘာဖြစ်တာလဲ"လို့ လှမ်းမေးတယ်။ ဒီအခါမှာ ဒရိုင်ဘာကလဲ ဘာဖြစ်လို့ ဘာဖြစ်မှန်း သူလဲ မသိတော့ ပိုင်ရှင်ကို "စကင်း ဂီယာ ဖြစ်နေတာ" လို့ ခေါင်းကုတ်ပြီး လှမ်းပြောလိုက်ပါသတဲ့။ အဲဒီ ဟာသကတော့ ဆရာကြီး သခင်ဘသောင်း ကျွန်တော်တို့ကို ပြောဖူးခဲ့ တာပါ။

တကယ်တော့ ကားပျက်တဲ့ကိစ္စမှာ စက်မနိုးဘူးဆိုရင် ဂီယာနဲ့ ဘာမှဆိုင်စရာမရှိပါဘူး။ ဒရိုင်ဘာက စိတ်ထဲရှိတာကို သူပြောချလိုက် တာပါပဲ။ တစ်ခါတလေကျတော့လဲ ကြားဖူးနားဝဟာ မပြည့်စုံတော့ စာပေနှီးနှောဖလှယ်ပွဲတစ်ခုမှာ အတ္ထုပ္ပတ္တိများ ပြုစုခြင်း အတတ်ပညာ အကြောင်း ပြောရင်းနဲ့ မနေ့တစ်နေ့က ဘိုလစ်ဗီးယားနိုင်ငံမှာ သူ့အရိုးစု တွေ တူးဖော်တွေ့ရှိရတဲ့ ကျူးဘားနိုင်ငံ တော်လှန်ရေးသမား ကမ္ဘာ

www.burmeseclassic.com



ကျော် လူငယ်ကြိုက် ဟီးရိုး "ချေဗွေဗားရာ" နာမည်ကို ဆွေးနွေးတဲ့ ပုဂ္ဂိုလ်က "ချေဗာရာဗွေး" လို့ ပြောလိုက်မိလို့ ပရိသတ်က ဝါးခနဲဖြစ်သွားပါတယ်။ စကားရှေ့နောက်ကွဲတာကို အင်္ဂလိပ်စကားမှာ မာလာပရို ပစ်ဇင်း (Malapropism) လို့ သုံးကြပါတယ်။ အင်္ဂလိပ်ဝတ္ထုတစ်ပုဒ်မှာ စကားကို ရှေ့နောက် အယောင်ယောင် အမှားမှား ပြောတတ်တဲ့ အမျိုးသမီး ဇာတ်ဆောင် မစ္စစ်မာလာ ပရော့ ဆိုတာကို အစွဲပြုတာပေါ့။ မြန်မာစကားမှာ "ကျော်စိုးမိုး" ကို ရုပ်ရှင်ထဲမှာ "စော်ကျိုးမိုး" လို့ ဒေါ်ခင်လေးဆွေက အထိတ်တလန့် ခေါ်လိုက်မိသလို ဖြစ်ပါတယ်။ ဒီလို သာဓကတွေ ဘာသာစကားတိုင်းမှာ အများကြီး ရှိပါတယ်။

ခုနပြောတဲ့ "စကင်းဂီယာ" ဆိုတာကတော့ ပြောလိုက်တဲ့ လူကလဲ ဘာမှန်းမသိ။ ကြားရတဲ့လူကလဲ ဟုတ်သလိုလိုနဲ့ ငြိမ်နေလိုက်ရတာမျိုး ဖြစ်ပါတယ်။ ဒါပေမဲ့ ပြဿနာက ဘာလဲဆိုရင် အများသုံး ခေတ်ပေါ် စက်ကိရိယာတွေမှာ သုံးစွဲရတာ အဆင်ပြေဖို့၊ တော်ရုံတန်ရုံ ရှင်းပြထားရင် သုံးတတ်ဖို့၊ ဒါမှမဟုတ် သုံးစွဲနည်း လမ်းညွှန်စာအုပ် ဖတ်ရင် လွယ်လွယ်လုပ်တတ်ဖို့၊ သုံးတတ်ဖို့၊ မောင်းနှင်စေခိုင်းတတ်ဖို့ ဆိုတဲ့ ကိစ္စတွေ ဖြစ်ပါတယ်။

ဒီခေတ်မှာ အထူးသဖြင့်ကတော့ သုံးစွဲသူ အခက်အခဲမရှိစေမယ့် "ယူဇာ ဖရင်းဒလီ" ဖြစ်ဖို့ အများကြီးလိုတာဟာ ကွန်ပျူတာစက်တွေပါပဲ။ စက်ကိုလိုက်ပြီး အလုပ်အများကြီး လုပ်နိုင်သလို ဘယ်ကစပြီး ကိုင်လို့ ဘယ်ခလုတ်ပြီးရင် ဘယ်ခလုတ် ဆက်နှိပ်ရမယ်ဆိုတာ သင်တန်းတွေ ဘာတွေ အထူးတလည် တက်ရပါသေးတယ်။ သင်တန်းကြေးက မနည်းပါဘူး။ ဒါပေမဲ့ ဒီစက်မျိုးနဲ့အလုပ်လုပ်စားလို့ ရတယ်ပေါ့။ အခြေခံ သင်တန်းလောက်ကို တတ်ထားပြီးရင် မသုံးဘဲ ကြာတဲ့အခါလဲ "ဖရင်းဒလီ" မဖြစ်ဘဲ ယောင်ကန်းကန်း ဖြစ်ရတယ်လို့ ဆိုပါတယ်။

www.burmeseclassic.com



ကွန်ပျူတာမှာ မျက်စိအလည်ဆုံးက အသုံးပြုတဲ့ အသုံးအနှုန်း ဘာသာစကားတွေပါပဲ။ ကျွန်တော်တို့ဆီမှာ အင်္ဂလိပ်စာ သုံးပေမယ့် ကွန်ပျူတာက ဝေါဟာရက အဘိဓာန်ထဲမှာပါတဲ့ တိုက်ရိုက်အဓိပ္ပာယ်တွေ နည်းတယ်။ ကွန်ပျူတာ ဘာသာစကား ဆိုတာကိုလဲ စက်ကို သုံးနည်းနဲ့အတူ လေ့လာရတယ်။ ဥပမာ– မြန်မာအသံထွက်နဲ့ပြောရရင် မုဒ်၊ အင်တာ အက်တစ်၊ အင်းပွတ်၊ မီနူး၊ ဒေါင်းလုပ်ဒင်း၊ ဝင်းဒိုးစ်၊ စကင်နာ အစရှိတဲ့ အသုံးအနှုန်းတွေပါ။ ဒါ့ကြောင့် ကွန်ပျူတာ အဘိဓာန်ရယ်လို့ အဓိပ္ပာယ် သဲကွဲအောင် သီးခြားထွက်ရသေးတယ်။ ကွန်ပျူတာမှာ တွေးပုံ လုပ်ပုံက သာမန်လူတစ်ဦး တွေးလို့၊ ကြံလို့ လွယ်မယ့်အဆင့်တွေကို အလွယ်ဆုံး ဆက်စပ်မိအောင် လုပ်ထားပုံတော့ ရပါတယ်။

ကွန်ပျူတာ ကျယ်ပြန့်လာရင်းနဲ့ မြန်မာလို ဒီစက်အကြောင်းကို ပြောတာတောင်မှ လူတစ်ယောက်အကြောင်းကို ပြောတာနဲ့တူနေတယ်။ သူ့ကိုခိုင်းရတယ်၊ သူမှတ်ထားတယ်၊ သူနားမလည်ဘူး၊ သူ့ကို အရင်မေးကြည့်ရတယ်၊ သူ့ကို အရှာခိုင်းရတယ် စသည်ဖြင့် ဖြစ်ပါတယ်။

ဈေးကွက်စီးပွားရေးစနစ်ကြောင့် ခေတ်မီလူသုံးပစ္စည်းတွေ ပေါများလာပြီး တစ်ကိုယ်ရေသုံး၊ အလုပ်ခွင်သုံး၊ အိမ်သုံးစက်တွေ ရောင်းချတဲ့ ကုမ္ပဏီတွေ၊ အရောင်းတိုးမြှင့်ရေး အားထုတ်တဲ့ ပုဂ္ဂလိက ဝန်ထမ်းတွေ ပေါများလာတဲ့အချိန်မှာ စက်တွေက "ယူဇာ ဖရင်းဒလီ" ဖြစ်သလို အရောင်းသမားတွေက "ကပ်စတန်မာ ဖရင်းဒလီ" (Customer friendly) ဖြစ်ပြီး ဝယ်သူကို လေးလေးစားစား ယဉ်ယဉ်ကျေးကျေးနဲ့ အဆင်ပြေအောင် ဆက်ဆံဖို့လဲ လိုပါတယ်။

# အာဗင်န် (URBAN)

အာဗင်န် ဆိုတာ "မြို့ပြ" လို့ သုံးလာကြတယ်။

လမ်းပေါ်မှာ ပြေးလွှားနေတဲ့ ကားတွေထဲမှာ URVAN ဆိုတဲ့ စာလုံးနဲ့ အမည်တပ်ထားတဲ့ ကားမျိုးနဲ့ URVANITE ဆိုတဲ့ စာလုံးအမည်ပါတဲ့ ကားလေးမျိုးကို တစ်ခါတလေ တွေ့ရပါတယ်။ အဓိပ္ပယ်ပေါ်လွင်တဲ့ အမည်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အာဗင်န်ဆိုတဲ့ "မြို့ပြ" အဓိပ္ပာယ်ကို ဆင်တူရိုးမှား ယူထားတဲ့အမည် ဖြစ်ပါတယ်။ ဗင် (VAN) လို့ ဆိုတဲ့ နောက်ပိတ်အလုံ လူစီးယာဉ်ငယ်လှလှတွေပါ။ မြို့ပြသုံးယာဉ်လို့ ဆိုလိုတာပေါ့။ ကျွန်တော်တို့ အခုပြောမယ့် "အာဗင်န်" (Urban) နဲ့တော့ စာလုံးပေါင်းကွာပြီး အသံထွက် တူနေပါတယ်။

"အာဗင်န်" ဟာ မြို့ပြလို့ အခုသုံးစွဲကြပေမယ့် သုံးစွဲရိုးမှာတော့ "မြို့ကြီးပြကြီး" လို့သာ ရှိပါတယ်။ အဲဒါကတော့ "အချက်အချာကျ၍ စည်ကားသော မြို့ကြီး" လို့ အဓိပ္ပာယ်ဆောင်ပါတယ်။ "မြို့" ဆိုတာက "တံတိုင်းနှင့် မြို့ရိုး ရှိသော လူနေရပ်ဝန်း" လို့ အဘိဓာန်အကျဉ်းမှာ အဓိပ္ပာယ်ဖွင့်ပါတယ်။ "ပြ" ဆိုတာက "မြို့ရိုးပေါ်တွင် ပြာသာဒ်နှင့်တကွ ဆောက်လုပ်ထားသော အဆောင်ငယ်" လို့ အဓိပ္ပာယ်ဖွင့်ပါတယ်။ "မြို့ပြ"

www.burmeseclassic.com



ကတော့ ခုအခါမှာ မူရင်းအဓိပ္ပာယ် မရှိတော့ပေမယ့် ခေတ်မီ လူနေရပ်ဝန်းအဖြစ် သဘောပေါက်နေကြပါပြီ။

အခုလို ချဲ့ယူတွဲစပ်ထားတဲ့ "မြို့ပြ" စကားလုံးမှာ ခေတ်အလျောက် အဓိပ္ပာယ်သစ်တွေ၊ အရိပ်အဆင်သစ်တွေ ပါလာပါတယ်။

မကြာသေးခင်တုန်းက ဆရာမောင်စွမ်းရည်နဲ့ ဆရာ မောင်ပေါက်စည် (မန်းတက္ကသိုလ်) တို့ ကျွန်တော်တို့ဆီ ဝင်လာကြတော့ ကျွန်တော်ရေးထားတဲ့ "မြို့ပြခံစားမှု" အမည်နဲ့စာအုပ်ကို လက်ဆောင်ပေးလိုက်ပါတယ်။ ဒီတော့ မောင်စွမ်းရည်က စာအုပ်ကိုကြည့်ပြီး "ဟာ ... မြို့ပြပါရင်တော့ ကောင်းတာပေါ့ဗျာ၊ ကဗျာမှာ မြို့ပြခံစားမှုအကြောင်း ရေးနေကြတာပဲ" လို့ ဆိုပါတယ်။ ကျွန်တော့်စာအုပ်က ကိုယ့်ရဲ့ခေတ်ပြိုင်မြို့ပြနေလူများအကြောင်းနဲ့ ကိုယ့်မြို့ကိုယ့်ရွာအကြောင်းကို ပြန်ရေးထားတာပါ။ မြို့ပြစရိုက်၊ မြို့ပြလက္ခဏာတွေကိုလဲ တိုင်းရေးပြည်မှုအနေနဲ့ စိတ်ဝင်စားသင့်တယ် ထင်လို့ပါပဲ။

မြို့ပြကိစ္စဟာ စာပေပြုစုရေးမှာ ဆွေးနွေးဖို့ အကြောင်းအရာကြီးတစ်ခုဖြစ်သလို လူ့ပတ်ဝန်းကျင်ကိစ္စနဲ့ယှဉ်ပြီး အကြောင်းအရာကြီးတစ်ခုလဲ ဖြစ်လာနေပါတယ်။ ဘာပြုလို့လဲဆိုရင် မြို့ပြဟာ ကျေးလက်နဲ့မတူဘဲ ခေတ်မီတိုးတက်တယ်ဆိုတဲ့ လက္ခဏာတွေရှိတယ်။ ကောင်းတဲ့ဘက်ကတွေးရင် အသွားအလာ ယာဉ်ရထား အဆင်ပြေတယ်၊ အကွက်အကွင်းနဲ့ နေနိုင်တယ်။ ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်းတို့နဲ့ နီးတယ်။ ရေ၊ မီး စတဲ့ နေ့စဉ် လိုအပ်ချက် အစီအမံတွေ ရှိနိုင်တယ်။ ရပ်ဝေးရပ်နီး ဆက်သွယ်လို့လွယ်တယ်။ ဈေးနားကနား အရန်သင့်ရှိတယ်ပေါ့။ ငါးရက်တစ်ဈေးတို့၊ မြို့တက်ပြီး ဈေးဝယ်ရတယ်တို့၊ ထင်းခွေ ရေခပ်လုပ်ရတယ်တို့ဆိုတဲ့ လူ့ကိစ္စတွေမှာ ငြိမ်းသင့်သလောက် ငြိမ်းတယ်လို့ ဆိုနိုင်တာပေါ့။

www.burmeseclassic.com



ဒါပေမဲ့ အပြစ်အနာ မကင်းတဲ့ဘက်က ကြည့်ပြန်ရင် အနေအထိုင် ကျပ်တည်းတယ်၊ အသံဗလံ ဆူညံတယ်၊ အဆက်အဆံ စိမ်းတယ်၊ အပြိုင်အဆိုင် အလုအယက် လုပ်ရတယ်၊ စရိတ်စက ပိုတယ်၊ ဓလေ့စရိုက်များ ရောယှက်လွယ်တယ်၊ ရောဂါကူးစက်ပျံ့နှံ့ဖို့ လွယ်တယ်ဆိုတဲ့အကြောင်း တွေက ရှိပြန်တယ်။

မြို့ပြလူမှုရေးရဲ့ ကိစ္စတွေဟာ လူ့ပတ်ဝန်းကျင် ပြဿနာတွေ ဖြစ်လာနေပါတယ်။ အသံဗလံ ဆူညံတယ်၊ လေထု ညစ်ညမ်းတယ်၊ အမှိုက်သရိုက် အညစ်အကြေး စုပုံရှင်းလင်းမှုပြဿနာတွေရှိတယ်၊ လူနေထူပြောတယ်ဆိုတဲ့ ကျန်းမာရေး၊ လူမှုရေးကိစ္စတွေဟာ လာမယ့် ရာစုနှစ်အထိ ရှင်းလို့မကုန်နိုင်တဲ့အကြောင်းတွေ ဖြစ်ပါလိမ့်မယ်။ မနေ့တစ်နေ့က ဆိုသလိုပဲ ၁၉၉၇ ခု ဒီဇင်ဘာလဆန်းမှာ ကမ္ဘာ့ရာသီဥတုကို လူဖန်တီးလို့ ဖြစ်ပျက်ရတဲ့ ပြဿနာတွေအကြောင်း ညှိနှိုင်းဆွေးနွေးပြီး ရပ်တန်းက ရပ်ဖို့ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ နိုင်ငံ ၁၅၉ နိုင်ငံ တက်တဲ့ အစည်းအဝေးကြီး တစ်ခုကို ကျင်းပခဲ့ကြပါသေးတယ်။ အစည်းအဝေး ပြီးသွားပေမယ့် ပြေလည်အောင် ညှိနှိုင်းစရာတွေ ကျန်ရစ်ပါတယ်။

"အာဗင်န်" ဆိုတဲ့ မြို့ပြအကြောင်းပြောတော့ ခေတ်သစ်လူတွေရဲ့ နားလည်သဘောပေါက်မှုမှာ မြို့ကြီးသားအဖြစ်၊ လူယဉ်ကျေးအဖြစ် ဆိုတဲ့ လက္ခဏာစုတွေကို မြင်ယောင်ရတဲ့အပြင် အာဗင်န် ရီနယူးဝဲလ် (Urban renewal) ဆိုတဲ့ လူဆင်းရဲ ရပ်ကွက်သစ်၊ ကွက်ဟောင်းတွေကို မြို့ပြ အာဏာပိုင်တွေက ဖျက်သိမ်းပြီး တိုက်တာအိမ်ရာတွေ ဖန်တီး ပြောင်းလဲပေးတဲ့ "မြို့ပြသစ် ပြန်လည်ဖန်တီးခြင်း" ဟာလဲ အခုခေတ်စားနေတဲ့ မြို့ပြသဘော ဖြစ်ပါတယ်။

www.burmeseclassic.com



ဒီတော့ "ဂေဟဗေဒ" ခေါ်တဲ့ အီကိုလိုဂျီ (Ecology) ဆိုတာ လူနဲ့ ပတ်ဝန်းကျင်တို့ သဟဇာတဖြစ်မှု အခြေအနေကို လေ့လာတဲ့ ဘာသာရပ် တစ်ခုအနေနဲ့ ပေါ်လာရပြန်တော့တယ်။ ပါဠိဘာသာနဲ့ မြို့ပြအခြေအနေ အဦးအစကို သုံးနှုန်းခဲ့တဲ့ ရှေးကာလအကြောင်းကို ပြန်ကြည့်ရင် "ပူရ" ဆိုတာ တိုင်းပြည် အမွန်အမြတ်၊ "နဂရ" ဆိုတာ အမြဲနေထိုင်ရာ အရပ် သို့မဟုတ် မြို့၊ "ဌာန"ဆိုတာ နေထိုင်ရာအရပ်၊ "ဌာနီ" ဆိုတာ အရပ်မှာ နေတဲ့သူ၊ "ဒေသ" ဆိုတာကတော့ အရပ်၊ "ဒေသန္တရ" ဆိုတာကတော့ အခြားတစ်ပါးသော အရပ်လို့ သုံးစွဲခဲ့တဲ့ ဝေါဟာရ သဘောတွေကိုလဲ တွေ့ရပါတယ်။

"မြို့ပြ" ဆိုတဲ့ စကားမပေါ်ခင် "ကျေးလက်" ထူပြောတဲ့ခေတ်ဟာ ကျွန်တော်တို့ဆီမှာ ၁၉ ရာစု ကုန်ခါနီးအထိ ဖြစ်တယ်လို့ ယူဆရပါတယ်။ ကုန်းဘောင်ခေတ်ကုန်အထိပေါ့။ အဲဒီအချိန်တုန်းက သူ့ခေတ်နဲ့သူ မြို့ပြ လက္ခဏာဆောင်တဲ့ တိုင်းဌာနီ အရပ်မျိုးကို "ရပ်ကြီးပြည်မ"လို့ သုံးနှုန်း ပြောဆိုခဲ့တာကိုလဲ အထောက်အထား တွေ့မိပါတယ်။

www.burmeseclassic.com

# အာဗင်န် (URBAN)



www.burmeseclassic.com



# ဗီးရှင်း (VISION)

"ဗီးရှင်း" ဟာ "အမြင်" သဘောဖြစ်ပါတယ်။

အမြင် နှစ်မျိုးရှိတယ်လို့ ဆိုသင့်ရာမှာ ရုပ်ပိုင်းအမြင်ဟာ မျက်စိအကြည် အမြင်ဓာတ်ဖြစ်ပြီးတော့ စိတ်ပိုင်းအမြင်ကတော့ မနောဟဒယအမြင်ဖြစ်ပါတယ်။ ၂၀ ရာစုအကုန်ပိုင်းမှာတော့ ဗီးရှင်းကို မနောဓာတ်အမြင်သဘောနဲ့ သုံးစွဲရိုး များလာကြတာကို တွေ့နေရပါတယ်။ ဒီလိုဆိုတော့ ဗီးရှင်းဟာ အမြော်အမြင်ရှိခြင်း၊ မျှော်ခေါ်ခြင်း၊ ကြိုတင်ခန့်မှန်းတွက်ချက်ခြင်းဆိုတဲ့ အနက်အဓိပ္ပာယ်များနဲ့ ပိုပြီးနီးစပ်သွားတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ စက္ခုအလင်းဆိုတဲ့ ဗီးရှင်းဟာလဲ လူတစ်ဦးချင်းအဖို့ ပဓာနကိစ္စတစ်ခုပါ။ မံသစက္ခုလို့ခေါ်တဲ့ မျက်စိမှာ မျက်ကြည်လွှာများ ပါးသွားတဲ့အခါ အလင်းဟာ ခါတိုင်းလောက် မသဲကွဲတော့ပါဘူး။ လူတစ်ကိုယ်လုံး အိုမင်းရင့်ရော်တာမျိုးမှာ ကြုံရစမြဲပေါ့။ မျက်စိကု သမားတော်များက အနီးမှုန်၊ အဝေးမှုန်တဲ့ မျက်စိများကို အလင်းမှန်သား အချပ်များနဲ့ ထပ်ပေါင်းပြီး အမြင်ကြည်လင် သဲကွဲအောင်လို့ ကုသပေးလေ့ရှိပါတယ်။ စက္ခုအလင်းပညာပေါ့။ ပြီးတော့ စက္ခုကို ပံ့ပိုးတဲ့၊ အမြင်ကို ကြည်လင်

www.burmeseclassic.com



စေတဲ့လုပ်ငန်း ကိရိယာများကို အော့ပတစ်စ် (Optics) လို့ ခေါ်ကြပါတယ်။ အလင်းပညာပေါ့။ အထူးသဖြင့် ဓာတ်ပုံရိုက် ကင်မရာ မှန်ဘီလူးတို့၊ ရုပ်မြင်သံကြားစက်တို့မှာ လူ့ရဲ့သာမန် အမြင်အာရုံကို ပိုပြီးထက်သန်ထက်မြက်အောင် အလင်းမှန်သဘောနဲ့ ပြုလုပ်ပေးတဲ့ လုပ်ငန်းများဟာ ဒီပညာကို အကြောင်းပြုတာပါပဲ။

အခြားတစ်ဖက်က ပြောရရင်တော့ နောက်တစ်မျိုး အဓိပ္ပာယ်ပေါက်တဲ့ ဗီးရှင်းက ဘဝအမြင် ကြည်လင်ရေးမှာ ထိရောက်စွာ အသုံးတော်ခံနိုင်ဖို့ အရေးကြီးပါတယ်။ ဗီးရှင်းဟာ အမြော်အမြင်လို့ အဓိပ္ပာယ်ထွက်တဲ့ ကိစ္စမှာ လူမှုရေးအမြင်၊ စီးပွားရေးအမြင် စသည်တို့နဲ့ ကျယ်ကျယ်ဝန်းဝန်းကြည့်တာ ပါရလေ့ရှိပါတယ်။

လူတစ်ဦးချင်းအဖို့မှာလဲ အရှေ့ရေးကို ကြိုင်တင်အမြော်မြင် တွက်ဆတတ်တာဟာ ဗီးရှင်းဖြစ်ပါတယ်။ "အရှည်ကိုကြည့်ရမယ်" ဆိုတဲ့ အသုံးအနှုန်းဟာ ဗီးရှင်းကို တင်စားခြင်းပါ။ ဒါပေမဲ့ အရှည်ကိုကြည့်တာထက် "အတို"ကို ကြည့်မိကြတဲ့အလေ့ဟာ လူမှုဆက်ဆံရေးတွေမှာ များတတ်ပါတယ်။

များသောအားဖြင့် အရှည်ကြည့်တတ်တဲ့လူများရဲ့ အမြော်အမြင်နဲ့ လောကကြီး စည်ပင်နေတာဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ အရှည်ကြည့်တတ်ဖို့ ကိစ္စမှာ မိမိဝန်းကျင်နဲ့ ဘဝတူလူသားများကို စာနာထောက်ထားတတ်ဖို့ စိတ်ထားဟာ အခြေခံဖြစ်စရာရှိပါလိမ့်မယ်။ ကျွန်တော်တို့ဆီမှာ ဝါးလ်ဗီးရှင်း (World Vision) ဆိုတဲ့ အသင်းအဖွဲ့တစ်ခု လာပြီးကူညီအလုပ်လုပ်နေတာကို ကြားရပါတယ်။ အလားတူ အခြားအသင်းအဖွဲ့တွေလဲ ရှိနေမှာပါ။ ဖွံ့ဖြိုးရေးကို ကိုယ့်အားကိုယ်ကိုး လုပ်ချင်စိတ်ရှိအောင် အားပေးနေတဲ့ ကူညီမှုလုပ်ငန်းမျိုးလို့ ဆိုပါတယ်။ သူ့အမည်ရဲ့ ဆိုလိုချက်ကတော့ "ကမ္ဘာ့အမြင်" ပေါ့။ အောဗစ် (Orbis) ဆိုတဲ့ အမည်နဲ့

www.burmeseclassic.com



ရန်ကုန်ရောက်လာတတ်တဲ့ မျက်စိကု လေယာဉ်ကြီးဟာလဲ ဗီးရှင်းသမား တစ်စုရဲ့ လုပ်ငန်းပါပဲ။ သူကတော့ မျက်စိအလင်းကိစ္စကို ကုသပေးတာ ဆိုတော့ မံသစက္ခုအမြင်ရော၊ ဉာဏစက္ခုအမြင်ကိုပါ အားပေးတဲ့လုပ်ငန်း လို့ ဆိုထိုက်ပါတယ်။

သူတို့လို လူမှုရေး အမြော်အမြင်နဲ့ စေတနာ့ဝန်ထမ်းကြတဲ့ အဖွဲ့ အစည်းတွေ ပြည်တွင်းမှာလဲ ရှိပါတယ်။ ဘိုးဘွားရိပ်သာ၊ မိဘမဲ့ဂေဟာ၊ မျက်မမြင် စောင့်ရှောက်ရေး၊ စာကြည့်တိုက် စတဲ့ လုပ်ငန်းတွေကို ထူထောင်ပြီး လုပ်ကိုင်နေကြရာမှာ မြို့မိမြို့ဖအရာမှာတည်တဲ့ မြို့တော် အဖွဲ့အစည်းများကရော၊ ပြည်သူပြည်သားများကပါ ဝိုင်းဝန်း ထည့်ဝင် အားပေးကြတာကို တွေ့ရပါတယ်။ အားပေးကူညီကြတဲ့သူများရဲ့ အမြော် အမြင် ထက်သန် အားကောင်းတာနဲ့အမျှ အောင်မြင်ဖို့အကြောင်းဖြစ်ပါ တယ်။

အမြင်အာရုံနဲ့ ပတ်သက်ပြီး ပြောရရင် "တိမ်သလ္လာဖုံးနေတယ်" ဆိုတဲ့ အသုံးအနှုန်းမျိုးကိုလဲ တွေ့ရပါတယ်။ တကယ်တိမ်ဖြစ်တာ ကတော့ အရွယ်ကြောင့်ပေါ့။ မြင်သင့်တာကို မမြင်တာကျတော့ အခုလို ခိုင်းနှိုင်းပါတယ်။

မကြာခင်က ဖတ်လိုက်ရတဲ့ အကြောင်းအရာတစ်ခုမှာ တိဗက် ပြည်နယ်လို ပြည်နယ်မျိုးမှာ မြေပြင်အရပ်ဒေသက တောင်တန်းလို မြင့်တော့ နေနဲ့နီးပြီး နေကထွက်တဲ့ ခရမ်းလွန်ရောင်ခြည်သင့်လို့ မျက်စိ မှာ တိမ်ကွယ်တဲ့လူတွေ တော်တော်များကြတယ်လို့ ဆိုပါတယ်။ အဲဒီမှာ သွားပြီး ခရီးသွားမှတ်တမ်းရိုက်တဲ့ ဓာတ်ပုံဆရာက စေတနာ့ဝန်ထမ်း ဆရာဝန်များ ခွဲစိတ်ပေးလို့ မျက်စိနှစ်ကွင်း အလင်းရသွားတဲ့ အသက် ၇၃ နှစ်အရွယ် အဘွားအိုတစ်ဦးပုံကို မှတ်တမ်းတင်ခဲ့ပါတယ်။ သူ့မျက်စိ ကို ပတ်တီးဖြည်ပေးလိုက်တော့ သုံးနှစ်လုံးလုံး သူ မမြင်ခဲ့ရတဲ့ သမီး

www.burmeseclassic.com



ဖြစ်သူကို အတော်ကြာအောင် ကြောင်ကြည့်နေပြီးမှ လှမ်းဖက်ပြီး ငိုချလိုက်တဲ့ပုံပါ။ အဲဒီဓာတ်ပုံဟာ နိုင်ငံတကာပြိုင်ပွဲမှာ ဆုရပါတယ်။

ဒါတင်မကသေးဘူး။ တစ်နေ့က ဆောင်းပါးတစ်ပုဒ်မှာ လေယာဉ်ခေတ်ကို စတင်ခဲ့တဲ့ ရိုက်ညီနောင်တို့ဟာ ဗီးရှင်းနဲ့ အလုပ်လုပ်ခဲ့လို့ အောင်မြင်တယ်ဆိုတာကို မိုက်ခရိုဆော့ဖ်ကုမ္ပဏီ ဥက္ကဋ္ဌ ဘီးလ်ဂိတ်စ်က ဆောင်းပါးတစ်ပုဒ် ရေးထားတာကို ဖတ်လိုက်ရပါတယ်။

ဗီးရှင်းနဲ့ပတ်သက်လို့ အာဆီယံနိုင်ငံများအဖွဲ့က "ဗီးရှင်း-၂၀၂၀" ဆိုပြီး မျှော်မှန်းချက်တစ်ရပ် ထားရှိတာကိုလဲ သတိပြုစရာဖြစ်ပါတယ်။ ခရစ်နှစ် ၂၀၂၀ ကျရင် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေးတွေ ပေါင်းစပ်ဆက်သွယ်မိဖို့ပါပဲ။ အခုခေတ်ဟာ ဗီးရှင်းတွေထားပြီး အလုပ်လုပ်တဲ့ခေတ်လို့ ဆိုရပါလိမ့်မယ်။

www.burmeseclassic.com

# ဝပ်ကာဟိုးလစ် (WORKAHOLIC)

"ဝပ်ကာဟိုးလစ်" ဆိုတဲ့ ဝေါဟာရဟာ စီးပွားရေးနဲ့ အလုပ်အကိုင်လောကတို့မှာ တွင်ကျယ်နေတဲ့ ဝေါဟာရတစ်ခုပါပဲ။ အဲဒီဝေါဟာရကို အင်္ဂလိပ်စကားစစ်စစ်လို့ ပြောရမှာတော့ ခက်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုရင် Work ဆိုတဲ့ စာလုံးနဲ့ Alcohol ဆိုတဲ့ စာလုံးနှစ်ခုကို ပေါင်းထားလို့ပါပဲ။ Work ဆိုတာကတော့ အလုပ်ပေါ့။ Alcohol ကတော့ Alcohol (အရက်) ဆိုတဲ့ စကားကို အကြောင်းပြုပြီး Alcoholic အရက်စွဲသူ၊ အရက်ကြိုက်သူ ဆိုတဲ့ အဓိပ္ပာယ်နဲ့ မူရင်း ဝေါဟာရတစ်ခု ရှိပါတယ်။ "ဝပ်ကာဟိုးလစ်" (Workaholic) ကတော့ အဲဒီစကားလုံးကို နောက်မြီးဆွဲပြီး အလုပ်စွဲသူရယ်လို့ တင်စား သုံးနှုန်းကြတာပါ။

အခုခေတ်မှာ တိုးတက်ဖွံ့ဖြိုးဖို့အတွက် တစ်ဦးချင်းဖြစ်ဖြစ်၊ လုပ်ငန်းအလိုက်ဖြစ်ဖြစ် အလုပ်ကို ကြိုးကြိုးစားစား လုပ်ကိုင်ကြရတဲ့အတွက် ဝပ်ကာဟိုးလ်စ် (Workaholic) အလုပ်စွဲလမ်းသူ၊ အလုပ်နဲ့ မခွာနိုင်သူ ဆိုပြီး အရက်စွဲသူ၊ အရက်သမားကို စံထားပြီး သုံးနှုန်းလာကြပါတယ်။ အလုပ်လုပ်မှ တိုးတက်မယ်ဆိုတဲ့ ခံယူချက်နဲ့ မဖြစ်မနေ လုပ်ကြရတဲ့ခေတ်မှာ အလုပ်ဟာ အရက်စွဲသလို ဖြစ်လာရပါတော့တယ်။

www.burmeseclassic.com



အရက်စွဲသူများမှာ ရောဂါရသလို အလုပ်စွဲသူများမှာ ရောဂါရတယ်ဆိုရင်လဲ မှားမယ်မထင်ပါဘူး။ ဒါပေမဲ့ အလုပ်စွဲသူတွေမှာ ဘေးကအပြိုင်အဆိုင်သမားတွေအတွက် အထင်အမြင်လွဲခံရကောင်း လွဲခံရပါလိမ့်မယ်။ အလုပ်ကိုချည်းပဲ ကြိုးစားလုပ်နေလို့ လူမှုတာဝန်၊ အိမ်ထောင့်တာဝန်တွေလဲ လစ်ဟင်းရတဲ့ အဖြစ်အပျက်များ ကြုံကောင်း ကြုံတတ်ပါတယ်။ အလုပ်ကို စနစ်တကျ လုပ်တတ်ရင် ကြီးပွားမှာတော့ ဧကန်မလွဲပါပဲ။

ကမ္ဘာပေါ်မှာ အလုပ်လုပ်တဲ့ လူမျိုးလို့ ယေဘုယျသတ်မှတ်ခြင်းခံရတဲ့လူတွေရှိပါတယ်။ အမျိုးသားစရိုက် လက္ခဏာဆိုပြီး ခွဲခြား ပြောဆိုကြတာပေါ့။ ဥပမာအားဖြင့် ဂျာမန်လူမျိုးတွေ၊ ဂျပန်လူမျိုးတွေ၊ ကိုရီးယားလူမျိုးတွေဟာ အလုပ်ကို ကြိုးကြိုးစားစား လုပ်ကြသူတွေရယ်လို့ လူပြောများကြပါတယ်။ သူတို့လို မဟုတ်ဘဲ ပေါ့ပေါ့နေ ပေါ့ပေါ့စား အလုပ်ကိုလက်ကြောတင်းအောင် မလုပ်တဲ့သူတွေကိုတော့ အင်္ဂလိပ်စာ အသုံးအနှုန်းမှာ "ကြာဝတ်ဆံကို စားသူများ" (Lotus Eaters) လို့ အနောက်တိုင်းသားတွေက သုံးနှုန်းကြပါတယ်။ သဘာဝ သယံဇာတပစ္စည်းတွေပေါလို့ ပဒေသာပင်က ဆွတ်ယူ စားသုံးသလို ကြာရိုးကြာနွယ်တွေကိုအမြိုင့်သား ထိုင်စားတယ်လို့ တင်စားခေါ်ဆိုကြတာပါ။ ဥပမာအားဖြင့်လွန်ခဲ့တဲ့ ၂၀ ရာစု အစပိုင်းလောက်က မြန်မာ့လယ်ယာမြေ စိုက်ပျိုးထွန်ယက်မှုစနစ်ကို တစ်နှစ်ကို နှစ်ဝက် မပြည့်တတ် ပြည့်တတ် အလုပ်လုပ်ပြီး ကျန်တဲ့လပိုင်းတွေမှာ စီးပွားရေး သဘောအရ အလုပ်မလုပ်ကြဘဲနေနိုင်ခဲ့ကြတဲ့ သာဓကတွေ ရှိပါတယ်။ ဒါကြောင့်မို့လဲ စပါးဆန်ရေ ဖူလုံပေမယ့် တိုးတက်သင့်သလောက် မတိုးတက်ဘဲ လူနေမှု အဆင့်အတန်းပါ နိမ့်ကျခဲ့တယ်လို့ သုံးသပ်နိုင်ပါလိမ့်မယ်။

www.burmeseclassic.com



အခုခေတ်လို ကုန်သွယ်မှုတွေ၊ နည်းပညာတွေ၊ ယဉ်ကျေးမှုတွေ နယ်ပယ်ကူးလာပြီး နိုင်ငံတကာ ဆက်ဆံရေး သွက်လက်ကျယ်ပြန့်တဲ့ ခေတ်ကို ရောက်လာတဲ့အခါမှာ အတုမြင် အတတ်သင်တာလဲ ပါတယ်။ မလုပ်မဖြစ် လုပ်ရတော့မယ့် အခြေအနေတွေလဲ ပါတဲ့အကြောင်းတွေ ကြောင့် လူတွေ အလုပ်ပိုလုပ်လာကြရပါတယ်။ အထူးသဖြင့် စီးပွား ကုန်သွယ်မှုလုပ်ငန်းတွေမှာပါ။

ဌာနဆိုင်ရာလုပ်ငန်းအချို့မှာတော့ တက်တက်ကြွကြွ လုပ်စရာ မလိုတဲ့ ဖွဲ့စည်းပုံတွေ၊ အလုပ်သဘာဝတွေ ရှိနေတာမို့ အလုပ်မတွင် တတ်တာတွေလဲ ရှိပါတယ်။ အလုပ်မတွင်ရုံတင် မကဘူး။ ကြာတော့ ကိုယ်ပါ အရည်အသွေး ချို့တဲ့လာတယ်။ ဒါနဲ့ တစ်ဆက်တည်းပဲ ကိုယ်စွမ်းကိုယ်စ မထုတ်ရလို့ သက်သာပေမယ့် ကိုယ့်ဘဝမှာ အောင်မြင် မှုလဲ များများစားစား မရှိတော့ပါဘူး။ အောင်မြင်မှု မရှိရင် တကယ့် တကယ် ကျေနပ်မှုဆိုတာလဲ ဝေးသွားပါတော့တယ်။ တချို့ကတော့ ထမင်းကြမ်းကို ယပ်ခတ်စားမယ်ဆိုပြီး ရသမျှနဲ့ ဖြစ်သလို ရောင့်ရဲ တင်းတိမ်နေကြတာလဲ ရှိပါတယ်။

ကမ္ဘာပေါ်မှာတော့ လူဦးရေ တိုးလာတာနဲ့အမျှ၊ လူနေမှု အဆင့် အတန်း မြင့်တက်လာတာနဲ့အမျှ အလုပ်ကို ဖိဖိစီးစီး လုပ်လာကြရပါ တယ်။ အလုပ်ကို အလုပ်နဲ့တူအောင် လုပ်တတ်ရင် နားနေမှုကိုလဲ ပြည့်ပြည့်ဝဝ နားနေနိုင်ခွင့်ရှိတယ်လို့ သဘောပေါက်လာကြရပါတယ်။ ဒါကြောင့် "ဝပ်ကာဟိုးလစ်" တို့လို အလုပ်ကို ခါးစည်းလုပ်ပြီး နားခွင့် ရတဲ့အခါမှာလဲ နားကြဖို့ ဖြစ်ပါတယ်။ တချို့ "ဝပ်ကာဟိုးလစ်"များက တော့ နားတယ်ရယ်လို့ မရှိဘဲ ငှက်တို့မည်သည် ပျံရင်းသေမယ်လို့ ပြောရိုး ရှိသလို မနားမနေ ဆက်တိုက်လုပ်ကြတော့ကာ အနားမရလို့ ပင်ပန်းလာ တာနဲ့အမျှ လုပ်တဲ့ အရည်အသွေးလဲ ကျလာပါတယ်။ ကျန်းမာရေးပါ

www.burmeseclassic.com



ချွတ်ယွင်းလာတဲ့အပြင် အောင်မြင်မှုနဲ့လဲ အလှမ်းဝေး သွားရပါသေးတယ်။ ဒါဟာ အလုပ်ကို ကြိုးစားလုပ်တယ်ဆိုပေမယ့် ယူအပ်တဲ့ သင်ခန်းစာပါပဲ။

အလုပ်လုပ်တယ်ဆိုတာ တွင်ကျယ်မှ ကောင်းပါတယ်။ အလုပ်တွင်ကျယ်ဖို့ဆိုရင် တစ်ယောက်ချင်းပဲလုပ်လုပ်၊ အဖွဲ့အစည်း အလုပ်အကိုင်ဌာနနဲ့ပဲလုပ်လုပ် စနစ်ဇယားနဲ့၊ စုစည်းမှုနဲ့ ကြိုတင်စီစဉ်မှု အစရှိတဲ့ လိုအပ်ချက်တွေကို ကြိုတင်စီမံရစမြဲပဲ ဖြစ်ပါတယ်။ မနေ့တစ်နေ့က ကမ္ဘာ့သတင်း အပတ်စဉ်ဂျာနယ်တစ်ခုထဲမှာတော့ ယခုခေတ်မှာ အလုပ်လုပ်ရင် ကွန်ပျူတာ အကူအညီဟာ နေရာတကာတိုင်းလိုလိုမှာ တွင်ကျယ်ဖို့ အထောက်အကူ ပြုနိုင်ပါတယ်လို့ ရေးသားထားပါတယ်။ ကွန်ပျူတာခေတ်ကို ဒစ်ဂျစ်တယ် (Digital) ခေတ်လို့ ဆိုကြတယ်မဟုတ်လား။ ကွန်ပျူတာလောက်ကို မသုံးနိုင်သေးရင်တောင် စီမံချက်ဇယားချပြီးလုပ်တာ ကောင်းတာပေါ့။ ဒီကိစ္စမှာတော့ စစ်ဆင်ရေး ပြုလုပ်သလို စီမံချက်ရေးပြီး လုပ်တာဟာ အကောင်းဆုံးပါပဲ။

မြန်မာတို့မှာ စီမံချက် အလေ့အထ တော်တော်ရနေပြီဆိုရင် မမှားပါဘူး။ ဒါပေမဲ့ တစ်ဦးချင်း တစ်ယောက်ချင်း လုပ်ရတဲ့ စာပေ အနုပညာ အလုပ်မျိုးကလွဲရင် ညှိနှိုင်းဆက်စပ်မှု၊ ပူးပေါင်းဆောင်ရွက်မှု ဆိုတဲ့ ကိုအော်ဒီနေးရှင်း (Coordination) လိုပါတယ်။ တချို့ ရုံးဌာနတွေမှာ ဒီစကားလုံးကိုပဲ အတိုကောက်ပြုပြီး ကိုအော့ဒ် (Co-ord) သုံးနှုန်းကြပါတယ်။ တစ်ပတ်တစ်ကြိမ်၊ နှစ်ပတ်တစ်ကြိမ်၊ တစ်လ တစ်ကြိမ် စသည်ဖြင့် ကိုအော့ဒ် အစည်းအဝေးတွေ ခေါ်ကြတယ်။ ဒါပေမဲ့ ရလဒ်ကိုလဲ မျှော်လင့်ချက် ကိုက်မကိုက် သတိထားမှ ဖြစ်ပါလိမ့်မယ်။ "ဝပ်ကာဟိုးလစ်" တို့မှာလဲ ထို့အတူပါပဲ။ ပူးပေါင်း ဆက်စပ်ပြီးမှ လုပ်ရမယ့်အလုပ်ကို တစ်ယောက်တည်း လုပ်နေလို့ဖြင့် ထောင့်မစေ့နိုင်ပါဘူး။

www.burmeseclassic.com



ပြောသာ ပြောရတယ်။ အများနဲ့ ပူးတွဲဆက်စပ်ပြီး လုပ်ရတဲ့အခါမှာ ပင်နီယံစက်သွားတွေလို အကြီးအသေး ချိန်ကိုက်ပြီး လည်ပတ်မှုနှုန်း တူညီမှ ကောင်းပါတယ်။ အဲဒီ အခက်အခဲမျိုးဟာ ကျွန်တော်တို့ဆီမှာ အလေ့အထ နည်းသေးတယ်လို့ ဆိုရမလား မသိပါဘူး။

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ပြောစရာရှိတာကတော့ အလုပ်ခွင်ကို ဗန်းပြပြီး လတ်လျားလတ်လျားလုပ်တာ၊ ယောင်သုံးဆယ်လုပ်တာ၊ ဟန်ပြလုပ်သားလုပ်တာ၊ အလုပ်ခွင် နောက်ကျတာ၊ မကြာမကြာ ခွင့်ယူလေ့ ရှိတာဆိုတဲ့ အခြေအနေများဟာ တိုင်းပြည်နိုင်ငံ ဖွံ့ဖြိုးရေးကိစ္စအထိ နှောင့်နှေးနိုင်ပါတယ်။ ပြောမယ်ဆိုရင်တော့ ဘယ်သူမှ တိုင်းပြည်နဲ့ချီပြီး စဉ်းစားနေတာ မဟုတ်ဘူးလို့ ဆိုချင်လဲ ဆိုနိုင်ပါတယ်။ တစ်ယောက်ကစ တစ်ရာ ဆိုသလို ချွတ်ယွင်း ပျက်ကွက်လာတဲ့အခါ ကိုယ့်ထိတော့မှ "သြော်... ဒါဟာ ဒါပါလား" ဆိုပြီး သဘောပေါက်ရပါလိမ့်မယ်။ တချို့များတော့ ဘဝတစ်သက်တာ အချိန်တွေသာ ကုန်သွားတယ်၊ အလုပ်ခွင်က အငြိမ်းစားယူတဲ့အထိပါပဲ။

အလုပ်နဲ့ပတ်သက်လို့ "လုပ်ပိုင်ခွင့်" ဆိုတဲ့ကိစ္စဟာလဲ တော်တော်စကားပြောပါတယ်။ ကိုယ်ထိုင်ရတဲ့ စားပွဲ၊ ကုလားထိုင်ကိုလိုက်ပြီး တာဝန်အကြီးအငယ်၊ လုပ်ပိုင်ခွင့် အကြီးအငယ်တွေရှိတဲ့အခါမှာ အလုပ်တာဝန်ထက် ကိုယ်ကျိုးစီးပွားဆီကို လမ်းခွဲထွက်လေ့ရှိပါတယ်။ "ဒါကတော့ အဆင်ပြေအောင် လုပ်ပေးရမှာပေါ့ဗျာ"၊ "ကျွန်တော့်ကလေးတွေတော့ မုန့်ဖိုးပေးရမယ်နော်"၊ "ဒါကတော့ လွယ်လွယ်နဲ့ မဖြစ်နိုင်ဘူးဗျ"၊ "အကြောင်းအပေါင်းသင့်အောင် အဆင်ပြေသလိုလုပ်မှဖြစ်မှာ" စသည်ဖြင့် ဆွယ်တရား၊ ခြောက်လုံးလိမ့်လုံးတွေနဲ့ "ရေ" ထွက်လာအောင် လုပ်ကြပါတယ်။ စီးပွားဖွံ့ဖြိုး တိုးတက်မှု အရှိန်ပြင်းထန်လာတဲ့ အာရှတိုက်မှာ ဒီလိုလုပ်ရပ်တွေ အတော်များတယ်လို့ သုံးသပ်ကြပါတယ်။

www.burmeseclassic.com



ဒါပေမဲ့ အမေရိကန်လိုနိုင်ငံမှာလဲ မထူးပါဘူး။ အိမ်ဖြူတော်ကို ဖိတ်ကြားပြီး ညအိပ်ညနေ လက်ခံပြီးတော့ ပါတီရန်ပုံငွေ ရှာကြပါသတဲ့။ လွှတ်တော် ဥက္ကဋ္ဌ ဆိုသူကလဲ မိမိပါတီအတွက် အခွင့်အာဏာအရ ဘက်လိုက်ခဲ့တာတွေ ရှိပါသတဲ့ စသဖြင့် စွပ်စွဲချက်တွေ ကြားရပါတယ်။

ဒါကြောင့် အလုပ်ဟူသမျှ ဂုဏ်ရှိစွ ဆိုပေမယ့် လုပ်တိုင်း နေရာကျတာ မဟုတ်ပါဘူး။ ဒါနဲ့ ဘယ်အလုပ်မျိုးမှ ကောင်းတယ်ဆိုတာ ပြောဖို့ မေ့သွားလား မသိပါဘူး။ မိမိအကျိုး၊ အများအကျိုးကို တရားသဖြင့် အားထုတ်ဆောင်ရွက်နိုင်တဲ့၊ အများလက်ခံနိုင်တဲ့ အသက်မွေးမှု အလုပ်၊ ဝါသနာအလုပ်၊ စေတနာ့ဝန်ထမ်းအလုပ် အဲဒါမျိုးတွေကို လုပ်နိုင်မှ ကောင်းတယ်ဆိုတာ လူတိုင်းသိပြီးသားပါ။ အခုဆိုရင် စီးပွားရေးလုပ်ငန်း နယ်ပယ်တွေမှာဝင်ပြီး အလုပ်လုပ်ကြတဲ့သူတွေဟာ လုပ်ခ လခ မက်မောစရာ ကောင်းသလို အားထုတ်လုပ်ကိုင်မှုကိုလဲ အထူးတလည် လုပ်ရပါတယ်။ ဒီလိုလုပ်ရင်းနဲ့ ဝပ်ကာဟိုးလစ် ဖြစ်ရတယ်ဆိုရင် ဖြစ်ထိုက်တယ်လို့ ဆိုပါရစေလား။

www.burmeseclassic.com

# ယဒ်စတစ် (YARDSTICK)

"ဘယ်ပေတံနဲ့ တိုင်းမလဲ" ဟူသော အသုံးအနှုန်းကို တစ်ခါတစ်ရံ အကြောင်းဆိုက်သလို အရပ်ထဲမှာ ပြောဆိုကြပါတယ်။ ကျွန်တော် ပြောချင်သည်မှာ "ယဒ်စတစ်" ဟာ ကိုက်တံ ဖြစ်ပါတယ်။ အင်္ဂလိပ် ဘာသာမှာ သုံးကြတော့ စကားအရာမှာ "ပေတံ" လို့ မသုံးဘဲ "ကိုက်တံ" လို့သုံးကြောင်း သတိထားမိပါတယ်။ ပေတံနဲ့ နီးနွယ်လို့တော့ ရူးလား (Ruler) ဆိုတဲ့ မျဉ်းတံ၊ ဖုတိတ်ဂျ် (Footage) ဆိုတဲ့ ပေတို ပေရှည် သဘောတို့ ရှိကြပါတယ်။

ရုပ်ရှင်ဖလင်ကားတို့၊ ဗီဒီယိုတိတ်ခွေတို့မှာ အရှည်အလျားကိုဖြစ်ဖြစ်၊ အဖြတ်အတောက်ကိုဖြစ်ဖြစ် ဖုတိတ်ဂျ်နဲ့ တိုင်းတာပြီး ပြောကြတာကို ကြားမိပါတယ်။ အဲဒီ အရှည်အလျား၊ အကျယ်အဝန်း၊ အလေးချိန်၊ ဝင်ဆံ့မှု၊ အနည်းအများ ပမာဏတို့ကို အတိုင်းအတာလို့ ခေါ်ကြပါတယ်။ မဲရှားမင့် (Measurement) ပေါ့။ အင်္ဂလိပ်ဘာသာ အဘိဓာန်မှာ ဒီခေါင်းစဉ်နဲ့ အကြောင်းရပ်ရှာရင် တွေ့နိုင်ပါတယ်။ မြန်မာလိုမှာတော့ အလျား အနံ ပမာဏ၊ အကျယ်အဝန်းတို့အပြင် ချင့်ဝန်၊ ချိန်ဝန် ဆိုတဲ့ စကားလုံးလှလှလေးတွေ ရှိပါတယ်။ ချင့်ဝန်မှာ တင်း၊ ပြည် စသည်တို့ရဲ့

အတိုင်းအတာမျိုးဖြစ်ပြီး ချိန်ဝန်ကတော့ ချိန်ခွင်မျိုးနဲ့ ချိန်ယူရတဲ့ ပိုလ်၊ ပိဿာ စတဲ့ အလေးချိန်အဆွဲများဖြစ်ပါတယ်။

မြန်မာတို့ အသုံးအနှုန်းမှာ တိုင်းတယ်၊ ထွာတယ် ဆိုတာလဲ ရှိပါတယ်။ (ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခုခုနဲ့ဖြစ်ဖြစ်၊ အဖြစ်အပျက် တစ်ခုခုနဲ့ဖြစ်ဖြစ် နှိုင်းပြီးပြောတာကို "တိုင်းထွာတယ်" ဆိုပြီး ဆဲရေးတဲ့အထိ အဓိပ္ပာယ်မျိုးနဲ့ သုံးကြတာကတော့ ဆင့်ပွားအဓိပ္ပာယ်ဖြစ်ပါတယ်။)

လူတွေမှာ အချင်းချင်း ဆက်ဆံပြောဆို ယဉ်ကျေးစကတည်းက အဓိပ္ပာယ်ပေါက်အောင် ပြောကြရာမှာ ဝေးတယ်ဆိုရင် ဘယ်လောက်ဝေးသလဲ၊ နီးတယ် ဆိုရင် ဘယ်လောက်နီးသလဲ၊ ကြာတယ် ဆိုရင် ဘယ်လောက်ကြာသလဲ၊ များတယ် ဆိုရင် ဘယ်လောက်များသလဲ၊ ရှည်တယ် ဆိုရင် ဘယ်လောက်ရှည်သလဲ ဆိုတဲ့အချက်တွေကို သိသာအောင် လုပ်ကြရပါတယ်။ ဒါတွေရဲ့ အတိုင်းအဆကို အတိအကျ မပြောနိုင်ခင်မှာ အဝေးကို တစ်ခေါ်လောက်၊ အနီးဆိုရင် တစ်အောင့်လောက်၊ ကြာတယ်ဆိုရင် ကွမ်းတစ်ယာညက်၊ ထမင်းအိုးတစ်လုံးချက်၊ များတယ် ဆိုရင် လက်တစ်ခုပ်၊ လက်တစ်ဆုပ်၊ တစ်ထမ်းတစ်ပိုး၊ ရှည်တယ်ဆိုရင် လက်တစ်ဖောင်၊ ဝါးတစ်ရိုက်လောက် စသည်ဖြင့် ကိုယ့်နီးနားဝန်းကျင်နဲ့ ခိုင်းနှိုင်းပြီး ပြောကြပါတယ်။ ခိုင်းနှိုင်းတာဟာ တိုင်းတာတဲ့ အဆင့်အထိ မရောက်သေးပါဘူး။ နှိုင်းရတဲ့သဘောက သီးခြားဖြစ်ပါတယ်။ သီးခြားဖြစ်တဲ့အပြင် ခေတ်သစ်သိပ္ပံသဘောမှာတောင် သွားပြီးအကြုံးဝင်ပါတယ်။ ဂျာမန်ပါမောက္ခ အိုင်းစတိုင်းရဲ့ ရီလေတစ်ဗီတီသီအိုရီ (Relativity Theory) ကို "နှိုင်းရသီအိုရီ"လို့ မြန်မာလို ပြန်ကြပါတယ်။

ယဒ်စတစ်ကတော့ အထက်က ပြောခဲ့တာတွေနဲ့ မတူပါဘူး။ အတတ်နိုင်ဆုံး စနစ်တကျဖြစ်တဲ့သဘောလို့ ပြောရမှာပါ။

တစ်ခါ ယဒ်စတစ်ရဲ့ အပြင်ဘက်က အသုံးအနှုန်းတွေလဲ ရှိပါသေးတယ်။ ချစ်တယ် ဆိုရင် ဘယ်လောက် ချစ်သလဲ၊ လွမ်းတယ် ဆိုရင် ဘယ်လောက် လွမ်းသလဲ၊ အောက်မေ့တယ်၊ သနားတယ် ဆိုရင် ဘယ်လောက်အောက်မေ့သလဲ၊ သနားသလဲ၊ ကြည်ညိုတယ်၊ လေးစားတယ် ဆိုရင် ဘယ်လောက် ကြည်ညို လေးစားသလဲ စသည်ဖြင့်ပေါ့။ ဒီကိစ္စမျိုးတွေမှာ တိတိကျကျ သိဖို့လိုတယ်လို့ မပြောသာပေမယ့် အတိုင်းအဆကိုသိမှ ခံစားမှု ပေါ်နိုင်ပါတယ်။ ဒီအတိုင်းအဆကို ပြောတဲ့အခါမှာတော့ မြင်းမိုရ်တောင်လောက် ချစ်တယ်၊ မနေတတ် မထိုင်တတ် လွမ်းတယ်၊ စေခိုင်းသမျှ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလို နှိမ့်ချစွာ လုပ်ကိုင်ပေးချင်အောင် ကြည်ညိုတယ်၊ ကမ္ဘာမကျေအောင် မုန်းတယ်၊ အသက်နဲ့ထပ်တူဖြစ်တယ် ဆိုတဲ့ ဖွဲ့ဆိုခိုင်းနှိုင်းတဲ့ အလင်္ကာသဘောတွေ ဝင်လာရပါတယ်။ တစ်ဖက်လူမှာ ခံစားမှု ရသ ပေါ်အောင်ပေါ့။ ဒါတွေကိုလဲ အကြမ်းအားဖြင့် ယဒ်စတစ် အတုတွေလို့ ဆိုချင်ရင် ဆိုနိုင်ပါတယ်။

အခုခေတ်မှာဆိုရင် သိပ္ပံပညာက ဟိုအရင်တုန်းက တိုင်းလို့မရဘူး ဆိုတဲ့ အတိုင်းအဆ ပမာဏတွေကို တိုင်းလို့ ရသလောက် ရှိပါပြီ။ ယဒ်စတစ် ကိုက်တံလို့တော့ မဆိုနိုင်ဘူးပေါ့။ အသေးဆုံး ဘယ်လောက်သေးတယ် ဆိုတာကို တိုင်းလို့ရပါပြီ။ အဝေးဆုံး ဘယ်လောက်ဝေးတယ် ဆိုတာကိုလဲ တိုင်းလို့ရပါပြီ။ အချိန်ဘယ်လောက်ကြာတယ်ဆိုတာရယ်၊ အပူအအေး ဘယ်လောက်ရှိတယ်ဆိုတာရယ်၊ ဖိအားဘယ်လောက်ပြင်းတယ် ဆိုတာရယ်၊ အလင်း ဘယ်လောက်တောက်ပတယ် ဆိုတာရယ်၊ အစိတ်အပိုင်း ဘယ်လောက်ပါတယ်ဆိုတာရယ် အစရှိသဖြင့် အနုစိတ်၊ အသေးစိတ် လေ့လာရမယ့်ကိစ္စကို ဒီဂရီနဲ့၊ မိုက်ခရိုမီတာနဲ့၊ နာနိုစက္ကန့်ဆိုတာနဲ့၊ စတုရန်း တစ်လက်မမှာ အလေးချိန်ဖိအား ဘယ်လောက်သက်ရောက်တယ် ဆိုတာနဲ့၊ လေဖိအားတိုင်း ကိရိယာနဲ့၊ အမှုန်အမွှား

www.burmeseclassic.com



သန့်စင်ခွဲခြားတဲ့ ကိရိယာနဲ့၊ ရုပ်ဝတ္ထု ကလပ်စည်းကလေးများကို ခွာတ်ခွဲခြင်းနဲ့၊ ရုပ်ဝတ္ထုကို ဆိုင်ကလိုထရွန်စက်ကြီးထဲထည့်၊ အရှိန်နဲ့မွှေ့ပြီး ဘယ်လိုဖွဲ့စည်းထားတယ် ဆိုတာနဲ့ စသည်ဖြင့် နည်းလမ်းမျိုးစုံကို တိုင်းတာနေကြပါပြီ။ နေရာ အကွာအဝေးကတော့ စက္ကန့်၊ နာရီ၊ ရက်၊ လတွေကို အားမရလို့ နှစ်နဲ့ချိပြီး သွားရတဲ့ခရီးကို အချိန်နဲ့တွက်ပြီးတော့ တိုင်းရပါတယ်။ "အလင်းနှစ်" ဆိုတာပေါ့။

အခုပြောတဲ့ ယဒ်စတစ်မှာ ပုဂ္ဂိုလ်ရေးအနေနဲ့ အခြားတိုင်းစရာတွေလဲ ရှိပါသေးတယ်။ လူမှုရေးမှာ ဒါက အရေးကြီးတာပါ။ ပုဂ္ဂိုလ်ရေးမှာ ရိုးသားမှု အတိုင်းအတာ၊ ကြိုးစားမှု အတိုင်းအတာ၊ မှန်ကန်မှု အတိုင်းအတာ၊ အောင်မြင်မှု အတိုင်းအတာတွေကို ယဒ်စတစ်နဲ့တိုင်းဖို့ သတိပြုသင့်ပါတယ်။ ဘဝအောင်မြင်ရေးအတွက်ပေါ့။ ဘာပြုလို့လဲဆိုရင် ရုပ်ဝတ္ထု အတိုင်းအတာတွေကို အပထား၊ စိတ်ပိုင်းဆိုင်ရာ အတိုင်းအတာတွေရဲ့ အရေးကြီးပုံကို သတိထားမိဖို့ ဖြစ်ပါတယ်။ လူရည်လူကဲကို ဖြတ်တဲ့အခါမှာလဲ ဒီယဒ်စတစ်နဲ့ တိုင်းတဲ့အခါမှာ အနီးစပ်ဆုံး မှန်ကန်မယ့်အကြောင်း ပြောချင်ပါတယ်။